လွန်ခဲ့သောနှစ်ပေါင်း(၇၀)ကျော်က
စာရေးဆရာမကြီးဒဂုန်ခင်ခင်လေး၏
သီးခြားကလောင်အမည်တစ်ခုဖြစ်သည့်

# ကိုကိုလေး

ဟူသောအမည်ဖြင့်
ရေးသားခဲ့သော



# မော်ဆရော မှတ်တမ်း

ပေါင်းချုပ် အမှတ်(၇)

ဒုတိယအကြိမ်

လွန်ခဲ့သော နှစ်ပေါင်း ၇၀ ကျော်က
စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေး၏
သီးခြားကလောင်အမည်တစ်ခုဖြစ်သည့်

# ကိုကိုလေး

ဟူသောအမည်ဖြင့် ရေးသားခဲ့သော

# မော်ဆရာမှတ်တမ်းပေါင်းချုပ်
# အမှတ်(၇)

**တစ်ပြည်လုံးဖြန့်ချိရေး**

တော်ဝင်မြို့မစာအုပ်တိုက် နှင့်

အမှတ်(၁၅၉)၊ ၃၉–လမ်း(အလယ်ဘလောက်)၊ကျောက်တံတားမြို့နယ်၊
ရန်ကုန်။ ဖုန်း – ၃၈၈၆၂၃၊ ၃၇၉၂၃၈၊ ၀၉ ၄၉၅၀၈၈၃၄

# ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေသူ** - ဒေါ်သင်းသင်းမွန် (မြ-၀၄၂၃၂)
အမှတ်- ၁၀၊ ရတနာမြိုင်လမ်း၊
(၁၂) ရပ်ကွက်၊ ကမာရွတ်မြို့နယ်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ** - ဦးလှိုင်ဝင်းမိုး (အဌာရသပုံနှိပ်တိုက်)
အမှတ်- ၁၅၉၊ ၃၉ လမ်း၊
ကျောက်တံတားမြို့နယ်။

**စာအုပ်ချုပ်** - ဝင်းပပ

**ထုတ်ဝေခြင်း** - ပထမအကြိမ်
ဗမာ့ခေတ်သတင်းစာတိုက်
၁၉၅၉ - ခုနှစ်တွင် ပုံနှိပ်သည်။
ဒုတိယအကြိမ်
တော်ဝင်မြို့မစာအုပ်တိုက်
၂၀၁၂ - ခုနှစ်၊ ဒီဇင်ဘာလ

**အုပ်ရေ** - ၅၀၀

**တန်ဖိုး** - ၁၅၀၀ ကျပ်

ကိုကိုလေး ၈၉၅. ၈၃

မော်ဆရာမှတ်တမ်း(ပေါင်းချုပ်)အမှတ်- ၇ / ကိုကိုလေး - ရန်ကုန်။
တော်ဝင်မြို့မစာပေ၊ ၂၀၁၂။

၁၅၈ စာ၊ ၁၀.၅ စင်တီ × ၇.၃ စင်တီ

(၁) မော်ဆရာမှတ်တမ်း(ပေါင်းချုပ်)အမှတ်- ၇

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဂဝံမ | ၅ |
| ၂။ | မှော်မျက်လုံး | ၃၄ |
| ၃။ | တလားခေါက်သံ | ၆၄ |
| ၄။ | ကြိုက်မရှက် | ၉၂ |
| ၅။ | တစ္ဆေ့ဗိမာန် | ၁၂၇ |


❖ ❖ ❖

# ဂဝံမ

## (၁၉၇၇-ခု၊ ဖေဖော်ဝါရီလတွင် ရေးသားခဲ့သည်။)

(ယခုအဖြစ်အပျက်တို့ကား ကျွန်တော်အထက်ရှမ်းပြည်နယ်သို့ တက်သွားစဉ်က၊ တွေ့ရှိခဲ့ရသော အတ္ထုပ္ပတ္တိများဖြစ်လေရာ ထိုအတ္ထုပ္ပတ္တိတွင် ပါဝင်သူတို့သားသမီး၊ ယခုတိုင် အမည်ထင်ရှားရှိကြသေးသည်ဖြစ်ပါသောကြောင့် ဝတ္ထုသဖွယ် အဆိုးအကောင်း၊ အကျိုးအကြောင်းများကို ဟုတ်မှန်ရာ ရေးသားရာ၌ ထိုသူတို့ ဂုဏ်ကို ထိခိုက်သကဲ့သို့ ရှိမည့်အရေး၊ မျှော်တွေးထောက်စာအားနာခြင်းဖြင့် မြို့ရွာနှင့် အမည်နာမများကို အနည်းငယ်လွှဲပြောင်းလျက် ဖတ်ရှုကောင်းအောင် ရေးသားရသည်ဖြစ်ပါကြောင်း။)

**ကိုကိုလေး**

ကျမိုင်းကလေးခွန်ချီသည် ကျယ်ဝန်းသော နောင်မွန်နယ်ကြီးကို အစိုးရသော ကွယ်လွန်သူ ခမည်းတော်စော်ဘွားကြီးစောခွန်ညီ၏ အရိပ်အရာကို မကြာမီက ခံယူရရှိထားသဖြင့် နန်းတက်စ စော်ဘွားကလေးတစ်ဦးဖြစ်လေရာ ရှမ်းစော်ဘွားတို့ထုံးစံမွေတာအတိုင်း၊ ဂုဏ်ရည်တူအမျိုးသမီးတစ်ဦးဦးကိုသာ၊ မဟာဒေဝီအရာထားလျက် လက်ထပ်နိုင်သည်ဖြစ်သော်လည်း စော်ဘွားကလေးခွန်ချီမှာ ငယ်ရွယ်စဉ်အခါက အောက်မြန်မာပြည် ရန်ကုန်မြို့

ကြီးသို့ ပညာသင်ကြားရန် လာရောက်နေထိုင်စဉ်အခါက ဘဝရေစက်ကြောင့် တစ်ဦးကိုတစ်ဦး အထူးချစ်ခင်မေတ္တာရည်ဝင်ခဲ့သည့် "ခင်ခင်ထား"ဆိုသော မြန်မာအပျိုချောကလေးကိုသာ ရွှေမေတ္တာတိမ်းမတ်၍ မပြတ်လွမ်းဆွတ်ကာ ခင်ခင်ထား၏ သနားစဖွယ် ဓာတ်ပုံကလေးကို အခါမပြတ်ကြည့်ပြီး အဆွေးကြီး ဆွေးနေရရှာလေ၏။

ရှမ်းစော်ဘွားတို့၏ နန်းစဉ်ထုံးစံအရလည်း လူမျိုးခြားကို မဟာဒေဝီမတင်ရ၊ ခင်ခင်ထားကလည်း ဆွေကြီးမျိုးကြီးထဲကဖြစ်၍ အငယ်အနှောင်း မခံနိုင်၊ ခံနိုင်သည့်တိုင်အောင်လည်း မိမိက မထားရက်၊ အခက်သုံးမျိုးစုပြီး ထုကြီးထယ်ကြီးချစ်ခဲ့ကြသော မေတ္တာပန္နက်သဲကလည်း ခိုင်ခဲ့လှသဖြင့် ခွန်ချီမှာ ကြံရာမရတိုင်း မှိုင်ပုံချသာ အချိန်ကုန်ရရှာလေရာ ကွယ်လွန်သူတော်ကြီးဘုရား လက်ထက်ကတည်းက နည်းပေးလမ်းပြ ဆုံးမသွန်သင်ခဲ့၍ ဆရာတစ်ပိုင်း မိဘတစ်ပိုင်းပမာဖြစ်ခဲ့သူ၊ အတွင်းဝန်ကြီးဘိုးခွန်ဦးမှာ စော်ဘွားကလေး၏ အကြောင်းအရာကို အနည်းငယ်ရိပ်မိဖြစ်သည့်အတိုင်း အခါမပြတ် အနီးသို့ကပ်၍ ငယ်ရွယ်သူ စော်ဘွားကလေးခွန်ချီ၊ ခြေလှမ်းမမှား ရအောင် တရားသဖြင့် သတိပေး၍ နေခဲ့ရပြီးလျှင် ခမည်းတော်စော်ဘွားကြီး ရည်ရွယ် မှန်းထား၊ မိန့်ကြားသွားသော စကားများကိုလည်း မည်သည့်နည်းနှင့်မျှ မဖယ်ရှားသင့်ကြောင်း ဖျောင်းဖျ၍ နှမတော်စောမြတ်နှစ်နှင့် စုလျားရစ်ပတ် လက်ထပ်ကာ မကြာမီ နန်းသိမ်းကန်တော့ခံရန် အကြံပေးလျက်ရှိလေသည်။

စောမြတ်နှစ်မှာ ခွန်ချီနှင့် အဖေတူမအေကွဲ၊ မောင်လည်း နှမလည်း ဖြစ်ပြီး ခွန်ချီမှာ အစ်မတော် မဟာဒေဝီကြီးက မွေးဖွား၍ စောမြတ်နှစ်မှာ ဒုတိယ ဆက်ခံသော မဟာဒေဝီသစ်မှ မွေးဖွားသူဖြစ်လေ၏။

ခွန်ချီမှာ အထိန်းတော်များနှင့်အတူ ရန်ကုန်ဟိုက်စကူးကျောင်းကြီးသို့ စာသင်ရန် လျှို့ဝှက်စွာ ပို့ထားခြင်းခံရသူဖြစ်လေ၏။ (ဟိုအခါက စော်ဘွားသားသမီးများကို အင်္ဂလန်သို့ ပို့ကြသောခေတ် မဟုတ်သေး။) ကွယ်လွန်သူစော်ဘွားကြီး၏ ရည်ရွယ်ချက်မှာ သားတော် ရန်ကုန်ကျောင်းပို့သည်ကိုပင် ခေတ်ပညာတတ်စေချင်၍သာ ပို့ရသည်။ စော်ဘွားသားဟူသော မာနနှင့် ပပ

လွှားလွှား ကြွားကြွားဝါဝါနှင့်နေက လူညာတွေဝိုင်းမြှောက်၍ အခြောက်တိုက် ပျက်စီးသွားမည်စိုးသောကြောင့် သားတော်နှင့် အထိန်းတော်များကို စော်ဘွား သားဟူ၍ မည်သူမျှ မသိစေရ၊ ခွန်ချီ၏အမည်ကိုပင် "မောင်မောင်"ဟု တွင် စေပြီး၊ မြို့တွင်းမှာပင် မနေစေရဘဲ မြို့အစွန်အဖျားတွင် ဝင်းခြံနှင့် အိမ်ကျယ် ကျယ်ငှားပေးထားလျက် သာမန်ကျောင်းသားများကဲ့သို့ပင် ကုတ်ကုတ်ကလေး ကျောင်းတက်နေခဲ့ရာမှ စော်ဘွားကြီး ကံကုန်ခါနီး ရုတ်တရက် နာမကျန်း ရှိလာသောအခါ လျင်မြန်စွာ သံကြိုးရိုက်ခေါ်၍ နန်းတော်ကို လွှဲအပ်လိုက် သဖြင့် ခွန်ချီမှာ ရန်ကုန်သို့ မပြန်ရရှာဘဲ နန်းတော်ထဲဝင် အချုပ်မိ၍ နေရှာ ပြီး ခြံနီးချင်း ရည်းစားခင်ခင်ထားကို လွမ်းအားပို၍ နေရာက စောမြတ်နှစ် နှင့် လက်ထပ်ရမည့်အရေးကြောင့် စိတ်လေး၍ နေရှာပြန်လေရာ တစ်ခါတစ်ရံ လည်းအမတ်ကြီးက လက်ထပ်နန်းသိမ်းပွဲပြုလုပ်ရန် နှိုးဆော်လိုက်လျှင်

"ကျုပ်မိန်းမ မလိုချင်သေးပါဘူး ဘဘကြီးရယ်၊ အေးအေးနေစမ်းပါ။ ဒီကိစ္စကို လာလာမပြောစမ်းပါနဲ့"

ဟု စိတ်ရှုပ်ရှုပ်နှင့် တိုတောင်းစွာ ငြင်းပယ်စကားပြောလိုက်မိလျှင်

"သခင်ကလေးကြပ်ကြပ်စဉ်းစားတော်မူပါ။ သခင်ကလေးမှာ ကိုယ့် ကိုယ်ကိုယ် ဒုက္ခရှာမယ့် အစွဲအလမ်းတစ်ခုရှိနေတယ်ဆိုတာ ကျွန်တော်မျိုး သိပါတယ်။ ခမည်းတော်ဘုရားမှာတော်မူခဲ့တဲ့စကားကို ပယ်တော်မူလို့ မသင့် တော်ဘူး။ သခင်ကလေးရဲ့ ခမည်းတော်အရိုက်အရာကို ဆက်ခံခဲ့တာလည်း ခြောက်လကျော် ခုနစ်လရှိလာပြီ။ ယခုထက်တိုင် နှမတော်နှင့် လက်ထပ်နန်း သိမ်းပွဲ မပြုသေးတဲ့အတွက် သခင့်နယ်ပယ်က ကျေးတော်မျိုး၊ ကျွန်တော်မျိုး များက မေးမြန်းစုံစမ်းကြလှပြီ၊ ဒီနယ်က ကျေးကျွန်များရဲ့ အကြောင်းလည်း သိတော်မူတဲ့အတိုင်းပဲ မဟုတ်မခံနဲ့ အင်မတန်ခေါင်းမာတဲ့ လူမျိုးတွေပါ"

ဟု ချော့တစ်လှည့်ခြောက်တစ်ခါ ပြောစေကာမူ -

"အို စိတ်ရှုပ်ပါတယ် ဘဘကြီးရယ်၊ ဒီနယ်မှာ စော်ဘွားမလုပ်ရလို့ နန်းကဆင်းရချင်ဆင်းရပါစေ။ ကျုပ်ထားခဲ့တဲ့ ကတိသစ္စာကိုဖျက်ပြီး မရက်စက် နိုင်ဘူး"

ဟု အတင်းခံ၍ ငြင်းဆန်ကာ မိမိက ကတိုက်ကရိုက် နှုတ်ဆက်၍ ထွက်လာခဲ့ရာတွင်

"ကတိသစ္စာတည်ကြည်ပါမောင်ရယ်။ ထားထားစိတ်ချယုံကြည်ပြီး နေပါရစေနော်။ မောင်ပြန်လာမယ့် ရက်ကို ထားထားဆက်ဆက်မျှော်နေပါ့မယ်"

ဟု မဲ့မဲ့ကလေးမှာကြားနေစဉ် ၎င်း၏ ဖခင်ကြီးနှင့် ပက်ပင်းပါမိသွားသောကြောင့် မချိမဆန့်အရိုက်အနှက်ခံရ၍ ကျန်ရစ်ရရှာသူ ခင်ခင်ထားအား သနား၍ မဆုံးနိုင်တိုင်း တမှိုင်မှိုင်ဖြစ်နေကာ ခင်ခင်ထားနှင့် ပေါင်းရရန် ဘယ်နည်းဘယ်ပုံ ကြံဖန်ရမည်ဟု အတွေးထုတ်လျက်ရှိနေစဉ် အမတ်ကြီး ဘိုးခွန်ဦးမှာ စော်ဘွားကလေး၊ မိမိစကားနားမထောင်သည့်အတွက် အကြံရခက်သဖြင့် မသက်မသာစိုးရိမ်ကြီးနေရှာလေတော့၏။

***

"သခင်မကြီး မာတော်မူပါစဘုရား"

"အလိုအမတ်ကြီး ဘိုးခွန်ဦးပါကလား၊ သခင်မကြီးအဆောင်တော်ကို မပေါ်လာစဖူးလာတာ၊ တစ်စုံတစ်ရာအကြောင်းထူးလို့ပဲ"

"မှန်ပါအကြောင်းလည်း ထူးပါသည်ဘုရား"

"ပြောစမ်းပါဦး ဘိုးခွန်ဦးရယ် သမီးတော်သားတော်များအကြောင်း ထင်ပ့ါ။ ဘယ်လိုများအကြောင်းထူးပါသလဲ။ သမီးတော်စောမြတ်နှစ်ကိုသားတော်က လက်ထပ်နန်းသိမ်းပွဲခံဖို့ ရက်ချိန်းကန့်သတ်ပြီးလို့ မိထွေးတော်သိဖို့ လျှောက်ခိုင်းလိုက်တာလား"

"မှန်ပါကိစ္စပါပဲ၊ သို့သော်လည်း သခင်မကြီးထင်သလို မဟုတ်ပါ၊ သားတော်မှာ အောက်ပြည်အောက်ရွာက အစွဲအလမ်းကြီးတစ်ခုပါလာလို့ နှမတော် စောမြတ်နှစ်ကို မဟာဒေဝီမြှောက်တင်ဖို့ အင်တင်တင်ဖြစ်ပြီး၊ နန်းသိမ်း၊ ဟော်သိမ်းပွဲကိုပင် ရက်ချိန်းမကန့်သတ်နိုင်သေးအောင် ရှိနေပါတော့တယ်။ ကျွန်တော်မျိုးလဲ နည်းနည်းရိပ်မိတာနဲ့ နှစ်ကိုယ်ကြားကြိတ်ပြီး သတိပေးရကြောင်း မရေတွက်နိုင်ပါ။ သခင်ကလေးမှာ ကျွန်တော်မျိုးရဲ့ စကားကို နားမထောင်တဲ့အပြင်

ကြာလေတင်းလေတင်းပြီး နန်းကဆင်းမလိုလိုတောင်အကြံယူနေပါတယ်။ သို့ အတွက် ဒီကိစ္စဟာ လွယ်လွယ်နဲ့မပြီးဘဲ၊ အခက်အခဲဖြစ်ကြဖို့မြင်နေလို့ သခင် မကြီးကို အကြံအစည်တောင်းလိုတာနဲ့ လာခဲ့တာပါဘုရား"

"ဩော်. . . ဒီလိုလား ခွန်ချိ ခွန်ချိဖြစ်မှဖြစ်ရလေတယ်" ဟု ညည်း ကာ၊ မဟာဒေဝီကြီးမှာ မျက်နှာညှို၍သွားလေ၏။ သို့နှင့်မျက်နှာထားကို ပြင်၍ ခပ်ရွှင်ရွှင်ထားပြီးလျှင်-

"ကောင်းပြီ ကောင်းပြီ၊ ဘိုးခွန်ဦးလျှောက်သည့်အတိုင်း ကျုပ်ကလဲ အကြံအစည်ပေးနိုင်သလောက်ပေးရတာပေါ့၊ နို့ ဒါထက် အမတ်ကြီးသဘော ကတော့ ဘယ်လိုများစိမံချင်တဲ့ဆန္ဒရှိသတုံး"

"ကျွန်တော်မျိုးတော့ အထူးမတင်တတ်တော့ပါ၊ နှမတော်နှင့် လက် ထပ်၍ ဟော်သိမ်းမင်္ဂလာကိစ္စမြန်မြန်ပြီးစီးစေချင်တာပါပဲ၊ ကွယ်လွန်သူတော် ဘုရားရဲ့ အလိုကျဖြစ်စေချင်တာတစ်ကြောင်း မဟုတ်တဲ့အစွဲအလမ်းရှိနေတဲ့ သခင်ကလေးလဲ စိတ်ပြောင်းလဲသွားပြီး ကျေးဇူး ရင် သားသမီးများဟော်နန်း ကြီးအလယ်မှာ တင့်တယ်ပျော်ရွှင်စွာစံစားတော်မူ ကြတာမြင်ချင်ပါတယ်"

"အင်း ဘိုးခွန်ဦးဟာ ကျေးဇူးသစ္စာကို အလွန်တရာစောင့်သိတဲ့ကျွန် တော်မျိုးကြီးပါပေပဲ၊ သာဓု. . . သာဓု ကောင်းပြီလေ၊ သားတော်မောင်လမ်း မလွဲရအောင် ကျုပ်တတ်စွမ်းသမျှ ကြံဆောင်ပေးတာပ"

ဟု ပြောဆိုထိုင်နေကြသောအချိန်တွင် သမီးတော် စောမြတ်နှစ်မှာ ဟော်ဦးဘုရားခန်းတွင် တစ်ကိုယ်တည်းကမ္မဋ္ဌာန်းဝင်၍နေလေ၏။ စောမြတ် နှစ်မှာ လောကီ စည်းစိမ်ကိုမြိန်ရှက်စွာ ခံစားနိုင်သောစော်ဘွားကြီးတစ်ဦး၏ သမီးတော်တစ်ပါးဖြစ်ပါလျက် ဝတ်စားတန်ဆာလှပစွာ ဆင်လိုသောဆန္ဒမျှမရှိ ခဲ့ဘဲ လက်ဝဲလက်ယာတို့တွင် တရားပေစာတို့ကို အဖော်ပြုကာခြံရံထားလျက် အဘိဓမ္မာသင်္ဂြိုလ်စသည့်တို့ကို ကျက်မှတ်ကာကြီးပြင်းလာခဲ့သော ပါရမီထူး ကလေးဖြစ်၍ လောကီဓမ္မတာ အိမ်ယာထောင်ရေးကို တွေးလေတိုင်းစက်ဆုတ် ၍တစ်နေ့သည် သီလရှင်လုပ်ဖို့အရေးကိုသာလျှင် တွေးတောမျှော်လင့်ဇနရှာ သူဖြစ်လေရာ ကွယ်လွန်သူ ခမည်းတော်မိန့်မှာချက်အရ၊ မောင်တော်နှင့်

လက်ထပ်ပြီး ဟော်နန်းသိမ်း မင်္ဂလာကြီးပြုရမည်ဟု သိရကတည်းက စိတ်မချမ်းမသာဖြစ်၍ နေရှာလေ၏။

စော်ဘွားကလေးခွန်ချီမှာလည်း လွတ်လပ်စွာနေရသည့်အခါတိုင်း ချစ်သူရည်းစားခင်ခင်ထားကိုလွမ်းအားပိုမိပြီးလျှင် မိမိပြန်လာဦးမည်အထင်နှင့် မျှော်ချင်တိုင်း မျှော်နေရှာမည့်အရေးကို တတွေးတွေးသနား၍နေခဲ့ရာမှ မိမိမှာ နဂိုကပင်စော်ဘွားသားဖြစ်ကြောင်း အသိမပေးခဲ့သဖြင့် ခမည်းတော်အရိုက် အရာကို ဆက်ခံသိမ်းပိုက်ထား၍ ရုတ်တရက်မလာနိုင်ကြောင်းကို ထုတ်ဖော်၍ စာမရေးသာသဖြင့် "မောင်မောင်" ဆိုသော အမည်နှင့်လိုက်အောင် တခြားအကြောင်းတစ်ခုကို ရမယ်ရှာ၍ ခင်ခင်ထားထံသို့ ရုတ်တရက်ပြန်မလာ နိုင်သေးကြောင်းလောက်သာ၊ စာအားဖြင့် အကြောင်းကြားထားရသည်မှာပင် ကာလအတန်ကြာပြီဖြစ်၍ ခင်ခင်ထားမှာ မိမိသစ္စာဖောက်ဖျက်သွားပြီဟု အထင်မှားကာ စိတ်မချမ်းမသာဖြစ်နေရှာတော့မည်ဟု စိုးရိမ်မကင်း ပူပန်ခြင်း ဖြစ်လျက်၊ တစ်ရက်ရက်တွင် ရန်ကုန်သို့ ဆင်းရန် ကြံစည်လျက်ရှိလေ၏။ ရန်ကုန်မြို့တွင် ကျန်ရစ်ရှာသူ ခင်ခင်ထားမှာလည်း အမျိုးအမည်မထင်ရှားသည့် "မောင်မောင်"ဆိုသော ကျောင်းသားကလေး၏ ချစ်မေတ္တာကို လက်ခံထားလိုက်ခဲ့ရာမှ အစ တစ်နေ့မျှ စိတ်မအေးရသည့်အပြင် နောက်ဆုံးတွင် ဖခင်ကြီး သိရှိရိပ်မိသွား၍ ဆူပူကြိမ်းဝါးရိုက်လား နှက်လား လုပ်ရုံမျှမက မိခင်ဖြစ်သူအား . . .

"နင့်သမီး ယခုလို အလေနတောလူနဲ့ ကြိုက်နေတာ ငါမခံနိုင်ဘူး။ ကြာရင် ဒီထက်ပျက်စီးသွားလိမ့်မယ်။ ငါ့တူစာရေးကြီး မောင်ဘအုံးနှင့် ပေးစားမယ်"

ဟုပြောကာ ခင်ခင်ထားအား မောင်ဘအုံးနှင့် အမြန်ပေးစားရန် စီမံလျက်ရှိရာ ခင်ခင်ထားမှာ တစ်ပူပေါ်နှစ်ပူဆင့်၍ ရင်ပွင့်မလောက် ဒုက္ခမီး တောက်ရရှာတော့၏။ မောင်မောင်ပြန်လာမည်အထင်နှင့် မောင်မောင်တို့ ခြံကြီးဘက်သို့ နေ့စဉ်ရက်ဆက်ကြည့်မျှော်ရသော်လည်း အိမ်ကြီးမှာ အချည်းနှီး

တံခါးတွေ ပိတ်၍ တိတ်ဆိတ်နေသဖြင့် မျှော်လင့်ချက်ဝေးပြီး အဆွေးကြီးဆွေးနေရစဉ် ဖခင်ကလည်း သူ့အကြံကို အရေးတကြီး စိမံလျက် ရှိသောကြောင့် အခက်ကြီးကြုံလျက်ရှိခဲ့ရာ ကံအားလျော်စွာ လွမ်းဖျားလွမ်းနာကျ၍ အိပ်ရာထဲက မထနိုင်အောင် မကျန်းမာလာသဖြင့် မင်္ဂလာကိစ္စကို ရပ်ဆိုင်းထားပြီး၊ ခင်ခင်ထား၏ ဝေဒနာကို အရေးတကြီး ဆေးကုနေကြရလေ၏။ သို့နှင့် ခင်ခင်ထားမှာ ချစ်သူထံမှ မည်သည့်သတင်းမှ မကြားရဘဲ လူလည်းမလာ စာလည်းမရောက်သဖြင့် ယောကျ်ားပီပီသစွာဖောက်၍ မေ့လျော့လေပြီဟု မျက်ရည်နှင့်မျက်ခွက် ဝမ်းနည်းပက်လက်ဖြစ်နေစဉ် မောင်မောင်ထံမှ ရုတ်တရက် ပြန်မလာနိုင်သေးကြောင်း ထားထားကို တစ်နေ့မျှ မမေ့ကြောင်း၊ အကြောင်း မညီညွတ်၍ ရုတ်တရက်မလာသော်လည်း မည်သည့်အခါမျှ သစ္စာပျက်မည်မဟုတ်ဘဲ လောကကြီးထဲတွင် ထားထားတစ်ယောက်ကိုသာ ကြည်ဖြူစွာ မေတ္တာကိုအပ်နှင်းမည်ဖြစ်ကြောင်းများ၊ ရေးသားသောစာကလေးတစ်စောင်ရောက်လာမှ ခင်ခင်ထားမှာ စိတ်သက်သာရာရပြီး၊ မိမိထံမှလည်း အကျိုးအကြောင်းစုံလင်စွာ စာပြန်ပေးမည်ဟု အကြံပြုသော်လည်း မောင်မောင်ထံသို့ စာရေးရန် လိပ်မပါသဖြင့် တအားလျော့ရပြန်တော့ကာ "နောင်မွန်"ဟု ရိုက်ထားသော စာတိုက်တံဆိပ်မှတစ်ပါး ဘာမှထူးခြားစွာ မပါခြင်းအတွက် စာပြန်ရန်ခက်၍ နေခဲ့လေ၏။

***

ခွန်ချိုသည် ခင်ခင်ထားအတွက် တအုံနွေးနွေး၊ စိတ်မအေးနိုင်ခဲ့ရာတွင် ပော်သိမ်းလက်ထပ်မှုအတွက်က တစ်မျိုးတာဝန်တက်၍ အခက်ကြီးကျကာ မင်္ဂလာပွဲကို ရက်ဆွဲနိုင်သမျှ ဆွဲရွှေ့လာရင်းပင် ညညတွင် အိပ်စက်၍မျှ မပျော်နိုင်အောင် ရှိခဲ့လေ၏။ သို့နှင့် တစ်ညဉ့်သောအခါ ခွန်ချိုသည်အခါတိုင်းကဲ့သို့ပင် အပူအဆွေးကြောင့် တစ်ရေးမျှအိပ်စက်မရနိုင်သေးသဖြင့် ပြတင်းမှ ထွက်ပြီး ညဉ့်နက်၍ အရှေ့ဘက်တောင်ရိုးမှ ထွက်ပြူလာသည့် ပပဝင်းဝင်းရွှေလမင်းကိုကြည့်ကာ ရန်ကုန်မှာနေစဉ်က ယခုကဲ့သို့ ကြည်နူးဖွယ်ရာပေါ်ထွက်လာတတ်သည့် သန်းခေါင်လကလေးသာသာ မြတ်လေးရုံကြီး

အောက်မှာ အချိန်းအချက်ကြောင့် အိပ်ပျော်နေသော မိဘများအလစ်တွင် ထွက်လာရှာသော ခင်ခင်ထားနှင့် ပါးချင်းအပ် ရင်ချင်းကပ်၍ ထူးမြတ်သော အချစ်ဘောဇဉ်ကို နှစ်ကိုယ်ယှဉ်သုံးပျော်မဆုံးအောင် တပြုံးပြုံးတွေ့ခဲ့ရသည်တို့ကို မမေ့နိုင်အောင် စမြုံ့ပြန်လျက် လွမ်းလက်စ ဖော်နေမိစဉ် မိမိနောက်ပါးမှ ဖြတ်ခနဲကူးသွားသော လူရိပ်တစ်ခုကို မြင်လိုက်ရသဖြင့် စော်ဘွားကလေး ခွန်ချိမှာ ရန်သူလာသည်ဟု အထင်ရောက်ရကား ရုတ်တရက် လက်သုံးတော်ဓားကို ကောက်၍ ကိုင်မိလေ၏။

ထိုအတွင်း လူရိပ်လူရောင်သည် တောင်မှမြောက်သို့ ဖြတ်ကူးကာ ခွန်ချိ၏ မျက်နှာစာရှေ့တည့်တည့်တွင် ရပ်နေသဖြင့် ခွန်ချိမှာ မိမိရှေ့တွင် မြင်ရသည့် ထူးခြားသော ပုံသဏ္ဌာန်ကို ကြည့်ပြီး ကြက်သီးတဖျင်းဖျင်းထ မတတ်ရှိတော့ကာ လက်တွင် မြဲမြဲစွာကိုင်ထားသော လက်သုံးတော်ဓားကို ညင်သာစွာ ပြန်ချထားလိုက်ပြီးလျှင် မိမိရှေ့တွင် မြင်ရသော အာရုံကို မတုန်မလှုပ်ကျောက်ရုပ်လို ငေးကြည့်နေမိလေ၏။

ထိုအာရုံကား အလွန့်အလွန်မှ ထူးခြားလှလေ၏။ ဒေဝစ္ဆရာ မိုးသူဇာမျှ မူယာကျော့ရှင်း ခြောက်ပြစ်ကင်းသည့် ယမင်းသိင်္ဂီ လှဒေဝီကလေးသည် ကေသီကို ဖြေဖြန့်လျက် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် အုပ်ကာ အဝတ်အစားမပါ ဗလာကိုယ်ကျင်းပြီး ရှက်ကြောက်ခြင်း ကင်းစွာ ဝင်းဝင်းဝါဝါသော အသားဆိုင်တို့ကို ဖော်ပြကာ ကျနစွာ ဆောင့်ဆောင့်ထိုင်နေသဖြင့် အာသဝေါကင်းပြီးသော ရဟန္တာမဟုတ်သည့် စော်ဘွားကလေးခွန်ချိမှာ အံ့အားသင့်ခြင်းနှင့် စူးစိုက်ကာ ကြည့်နေရာမှ အချိုးအဆစ်ကျန၍ လှပလွန်းသော မိန်းမပျိုဗလာမယ်ကလေးအား ရုတ်တရက် ဖွတ်ပွေ့၍ လွတ်မွေ့လိုက်ချင်သည့် သဘာဝမွေ့၊ ကာမဇောနှင့် ရာဂကြောသန်ပြီး၊ ယောကျ်ားတည်းဟူသော မာန်စွယ်သည် အလမ္ပာယ်၏ ပခြုပ်မှ၊ တလှုပ်လှုပ် ခေါင်းထောင်သော မြွေဟောက်ပမာ အသေပေါက်စရာ အချက်ကြည့်၍ အကွက်မိအောင် ချောင်းနေသည့် အတွင်းဗလာကျင်းသည့် ကညာယမင်းမှာလည်း ဝါဝင်းသော မျက်နှာကို လက်ကာရာမှ မော့ပြပြီး ရှေ့ဘုရားဆိုသော လက္ခဏာ၊ မက်စရာတစ်မျိုး

ဆွယ်လိုက်လျှင် စိတ်ကိုးဆယ်၊ တစ်ခုရုပ်မှာ သော့ပေးကာလှုပ်သလို မိန်းမပျို ကို အရမ်းပွေ့ရအောင် တအားကုန်လှမ်းအပွေ့ ကွေ့ခနဲ ရှောင်ရှားလျက် ရုတ်တရက် ထွက်ပြေးလေရာ ခွန်ချိမှာ မုန်ယစ်သော ဆင်အလား တရှူးရှူး တရှားရှားနှင့် အားမလို အားမရဖြစ်ကာ ဗလာမယ်ကွေ့ရှောင်ပြေးသွားရာသို့ တအားလိုက်ကာ ဖမ်းလေရာ သုံးတောင်ပြည့်ခန်းသာလယ် သီချင်းလို အဆောင်တွင်းတွင် ပြေးသူနှင့်ဖမ်းသူ သူမနိုင် ငါမနိုင်ဖြစ်၍ နေလေ၏။

ခွန်ချိလည်း အာသာတင်းင်းနှင့် မောဟိုက်ပင်ပန်းလာသည့်တိုင် အောင် ဗလာမယ်ကို တွယ်တာသည့် စိတ်ဇောနှင့် ကသောကမျောဖြစ်နေတော့ ကာ ထိုအချိန်အခါတွင် ခင်ခင်ထားသော ဘာသော၊ တစိုးတစိမျှ စိတ်မစော နိုင်ဘဲ ကျားရဲသတ္တဝါတမျှ စားမာန်ထ၍ မရမကသာ လိုက်ဖမ်းခဲ့ရာ ဗလာမယ် သည်လည်း ပြုံးတစ်လှည့် နွဲ့တစ်ခါ အခရာပိုမိုမျက်နှာထားချိုချိုနှင့် ခွန်ချိကို လက်ကလေး ယပ်ကာ ယပ်ကာခေါ်ရင်း အဆောင်တွင်းမှ ထွက်မှန်းမသိ ထွက်ပြေးရာ ခွန်ချိမှာလည်း တစ်စုံတစ်ရာ သတိမရတော့ဘဲ ဗလာမယ်ကို စွဲလမ်းခြင်းဖြင့် လက်ကိုဆန့်တန်းကာ ၎င်း၏ နောက်မှ တကောက်ကောက်ပါ သွားလေ၏။

ကျယ်ဝန်းသော ဟော်ကြီးမှာ အဆောင်အခန်းခန်းနှင့် ဝဲလဲမ်း ယာလမ်းရှိလေသည့်အနက် ညဥ့်နက်၍ လူခြေတိတ်သည့်အခါတွင် ဗလာမယ် သည် ထိုမှ ဤမှ မူယာစုံဖမ်းပြလျက်၊ အဆက်မပြတ်ရအောင် သွေးဆောင်လာ ခဲ့ပြီး နောက်ဆုံးတွင် တစ်ခုသော အဆောင်ထဲသို့ ပြေးဝင်ကာ နောက်မှလိုက် ပါလာသော စော်ဘွားကလေးခွန်ချိအား ကျီစားပြောင်ချော်၊ လက်ယပ်၍ ခေါ်နေသည်တွင် ခွန်ချိလည်း ရှေ့လောတကြီး အဆိုပါအဆောင်အတွင်းသို့ ဖွတ်အတင်းပြေးဝင်သွားမိလေ၏။ ဗလာမယ်လည်း ခွန်ချိ၏ လက်များကို ပင် ဆွဲငင်တော့ မယောင်ယောင် တောက်ပြောင်သော မျက်လုံး၊ ရွှင်ပြုံးသော မျက်နှာနှင့် နောက်ဆုပ် နောက်ဆုပ် ရွေ့သွားခဲ့ရာ ခွန်ချိမှာလည်း ယခုလို နီးနီးကပ်ကပ်တွေ့ရသောအခါ လောဘရမက်ဇောကြွတက်သဖြင့် လက်နှင့် တအားဖမ်းပွေ့လိုက်မိသည့် တစ်ခဏ၌ ဗလာမယ်မှာ ဖြတ်ခနဲ ကွယ်ပျောက်

လျက် သလွန်တစ်ခုပေါ်တွင် မှောက်ရက်လဲကျသွားလေရာ သလွန်ပေါ်တွင် တစောင်းကလေးကွေး၍ ပုတီးစိပ်နေသော စောမြတ်နှစ်မှာ အချိန်မဲ့ ညဉ့်အခါတွင် အလန့်တကြား ရောက်လာသော မောင်တော်ခွန်ချီကို ထိတ်လန့်စွာ ကြည့်လျက်-

"အလို မောင်တော်ပါကလား"

ဟု အလန့်တကြား ထထိုင်ကာ ထိတ်လန့်တုန်လှုပ်၍ နေရှာလေ၏။ ခွန်ချီလည်း စောမြတ်နှစ်အား ဗလာမယ်ပင်ဟု အထင်ရောက်ကာ အာလျှမပြေ တောင်းတနေသော မျက်လုံးကြီးများနှင့် စားတော့ဝါးတော့မည့်အလား၊ တရှူးရှူးနှင့် အမူးအရူးစိုက်ကြည့်နေလျှင် စောမြတ်နှစ်တွင် အကြောက်နှင့်အရှက် နှစ်ပါးစုံရောစွက်ပြီး လက်ယှက်ကာ ရှိခိုးရင်း စိတ်တွင်းက ဘုရားကို တ,ကာ မောင်တော်၏ မျက်နှာကို ဝမ်းနည်းစွာ ကြည့်လျက် -

"မောင်တော် မောင်တော် သတိထားတော်မူပါ၊ ယခု မောင်တော် ကျူးကျော်ရောက်လာသည်မှာ၊ နှမတော်စောမြတ် နှစ်၏ အဆောင်တော်ပါ ဘုရား"

ဟု ကြောက်ရွံ့အားငယ်စွာ လျှောက်တင်လေလျှင် စော်ဘွားကလေး ခွန်ချီမှာ မိမိမြင်ရသည်မှာ ဟုတ်ပါ၏လားဟု မျက်လုံးများကို သေချာစွာ ပွတ်သပ်ကြည့်ရှုပြီး သတိဝင်လာမှ -

"ဟင် ဒီဟာ နှမတော်စောမြတ်နှစ်အဆောင်တော်လား၊ မောင်တော် ဘယ်လိုအကြောင်းနဲ့ ရောက်လာရပါလိမ့်မလဲ"

ဟုပြောကာ ခဏမျှ တွေဝေငေးစိုက်စဉ်းစားလိုက်ရာတွင် ဗလာမယ် ကို စဉ်းစားမိပြီး -

"အို နှမတော် မောင်တော်သတိရပြီ။ ဒီအဆောင်ထဲကို မိန်းမကလေး တစ်ယောက်ဝင်သွားတာမြင်လို့ မသင်္ကာတာနှင့် မောင်တော်ဝင်လိုက်လာ တယ်။ နှမတော်မမြင်လိုက်ဘူးလား"

ဟု မေးသည့်တိုင်အောင် စောမြတ်နှစ်မှာ မောင်တော်ကို မသင်္ကာ သလို ကြည့်လျက်-

"နှမတော်မျက်စိနှင့်ဖြင့် ဘယ်သူမျှ ဝင်လာသည်ကို မမြင်ရပါ။ မောင်တော်တစ်ပါးတည်းသာ သလွန်တော်ပေါ်သို့ ဟပ်ထိုးလဲ၍ ဖြုံးခနဲ ရောက်လာပါသည်ဘုရား"

ဟု လျှောက်တင်သောအခါ စော်ဘွားကလေးခွန်ချီတွင် မိမိဖြစ်အင်ကို မတွေးဆနိုင်အောင်ရှိရုံမျှမက တွေ့မြင်လိုက်ရသော ဗလာမယ်ကို တာတွယ်စွဲလမ်းလျက် မျက်စိထဲတွင် တရေးရေးမြင်နေကာ နှမတော်စောမြတ်နှစ်အဆောင်တော်မှ ထွက်ခွာလာခဲ့လေ၏။

စောမြတ်နှစ်မှာ အချိန်မဲ့ညအခါတွင် မောင်တော်ခွန်ချီ မိမိအဆောင်သို့ မတူတယူဝင်လာသည့်အတွက် အတွေးခက်၍ နေရှာလေ၏။ ခမည်းတော်အမိန့်အရ မကြာမီ မိမိနှင့် ဟော်သိမ်းလက်ထပ်သဘင်ဆင်ယင်ရတော့မည်ဖြစ်လျက် မည့်သည့်အတွက်ကြောင့် ဤကဲ့သို့ ကလိန်းကလက် ပြုမူချက်ဆန်းရသည်တို့ကို တွေးခန်းထုတ်မရနိုင်ရှိရုံမက ဝင်လာစက လျှပ်ပေါ်လော်လီသော မျက်နှာကို တွေ့မြင်ရပြီး မိမိက ဆီး၍ နှမတော်စောမြတ်နှစ်ဖြစ်ကြောင်း လျှောက်တင်လိုက်လျှင် ချက်ချင်းပင် မျက်နှာပြောင်း၍ ပကတိလူ ကောင်းဖြစ်သွားကာ မောင်တော်ကြီးတို့ရှိအပ်သော ဣန္ဒြေသိက္ခာနှင့်ပင် ပြန်လည်ထွက်ကြွသွားသဖြင့်လည်း တစ်နည်းအားဖြင့် အထင်မှားဖွယ်ဖြစ်လာတော့ကာ၊ အလော်မာညာဏ်နှင့် ဝင်လာသည်မှန်ကလည်း သူ၏ လက်ခုပ်ထဲက ရေကဲ့သို့ဖြစ်နေပါလျက် လက်ဖျားနှင့်မျှ မထိမပါး ရိုးသားတည်တံ့စွာ ပြန်ကြွသွားခြင်းကြောင့် စောမြတ်နှစ်တွင် မောင်တော်ကိုပင် ကျေးဇူးတင်၍ မဆုံးနိုင်ရှိလေတော့၏။

သို့နှင့်လည်း နောက်တစ်ညဥ့်တွင် အထက်ပါနည်းအတိုင်း မောင်တော်ခွန်ချီသလွန်ပေါ်သို့ ဖြုံးခနဲလဲကျရောက်လာပြီး ယမန်နေ့ညက နည်းအတိုင်း ကိလေသာမျက်လုံးကြီးနှင့် ကြည့်ရာက စောမြတ်နှစ်က သတိရပြီး ယမန်နေ့ကနည်းအတိုင်း ရိုးသားစွာ ထွက်သွားခြင်းကြောင့် သက်သာရာရခဲ့ပြန်လေ၏။ သို့နှင့် နောက်ညများတွင်လည်း အထက်နည်းအတိုင်း ခွန်ချီ

ရောက်လာ၍ အထက်နည်းအတိုင်းပင် ထွက်သွားလေရာ စောမြတ်နှစ်မှာ နောက်ညများအဖို့ တွင် မောင်တော်ဝင်လာဦးမည်စိုးသဖြင့် အဆောင်တံခါးကို လုံခြုံစွာ ပိတ်ဆို့ ထားလေ၏။ သို့နှင့်လည်း အချိန်ကျက မည်သူက တံခါးထဖွင့် ပေးသည်မသိ၊ ခွန်ချိမှာအခါတိုင်းကဲ့သို့ပင် ဝင်လာတတ်ပြန်ရာ စောမြတ်နှစ်မှာ နောက်ဆုံးတွင် ကြံရာမရနိုင်တော့ဘဲ မယ်တော်မဟာဒေဝီကြီးအား အကျိုးအကြောင်းကို တိုင်ကြားလေတော့၏။

မဟာဒေဝီကြီးလည်း သမီးတော်လျှောက်သော စကားကို ကြားရလျှင် မိမိအကြံအောင်လေပြီဟု နှလုံးကြည်လင်ပြုံးရွှင်ရယ်မောကာ -

"သားတော် သားတော် လမ်းလွဲရောက်မှာစိုးတဲ့အတွက် ဒီကမိထွေးတော်ကြီး တစ်မျိုးကြံစည်တော်မူလိုက်တာ၊ အတော်နေရာကျလုပြီပေါ့နော်။ ကိုင်း ကိုင်း သမီးတော်ရဲ့ လက်မောင်းသွေးကလေး၊ မယ်တော့်ကို နည်းနည်းပေးရလိမ့်မယ်"

ဟုဆိုလျှင် စောမြတ်နှစ်မှာ မယ်တော်ကို အံ့ဩစွာ မော့ကြည့်မိလေ၏။

"မယ်တော်ဘုရား သမီးတော်လက်မောင်းသွေးနဲ့ ဘာဆေးများ စီရင်တော်မူမလို့လဲ မပေးပါရစေနဲ့"

"ဩော် တယ်မိုက်တဲ့ သမီးတော်ပါကလား၊ မောင်တော်ကို အမှောင့်ပယောဂဖမ်းထားတယ်။ ဒါကြောင့် မြန်မြန်ပျောက်ကင်းအောင် ကုပေးမလို့၊ ကဲ ကဲ မနာပါဘူး၊ စိန်အပ်ကလေးနဲ့ တဖြည်းဖြည်း ဖောက်ယူလိုက်မယ်။ သမီးတော်ကြောက်တတ်ရင် ဒီဘက်မလှည့်နဲ့"

ဟုပြောကာ စောမြတ်နှစ်၏ လက်မောင်းမှ သွေးအနည်းငယ်ကို ဖောက်ယူလိုက်လေ၏။ စောမြတ်နှစ်မှာလည်း မောင်တော့်ဝေဒနာအတွက်ဟု ဆိုသဖြင့် သွေးသားချင်းမို့ ကရုဏာမကင်းသည်နှင့် ပျောက်စေလိုသော စေတနာနှင့်ပင် မိမိ၏ လက်မောင်းသွေးကို ကြည်ဖြူစွာ ပေးလိုက်ပြီး နောက်တစ်နေ့တွင် မယ်တော်မဟာဒေဝီမှာ သေးငယ်သော ဆေးထုပ်ကလေးတစ်ခုကို သမီးတော်စောမြတ်နှစ်လက်သို့ ပေးပြီးလျှင် -

"သမီးတော် နောက်တစ်ခါ မောင်တော်ခွန်ချိလာလျှင် ဟောဒီဆေးကို ရေထဲမှာ ထည့်ပြီး မောင်တော်တွေ့ချင်တဲ့ လူကို အလိုရှိပါလျှင် သည်ရေမန်းကို သောက်တော်မူပါလို့ ဆက်ရမယ်။ ဒီအထုပ်ကိုလည်း သမီးတော်ရဲ့ ခေါင်းအုံးအောက်မှာ ထားပြီး အိပ်ပါလေ။ မောင်တော်၏ ဝေဒနာပျောက်စေလိမ့်မယ်"

ဟုပြောကာ မိမိအိပ်ရာအောက်သို့ မည်သည့်နေ့ရက်က ရောက်နေမှန်းမသိရသော လက်တစ်ဆုပ်စာမျှရှိသော အထုပ်ငယ်တစ်ခုကို ထုတ်ယူပေးအပ်ခဲ့သဖြင့် စောမြတ်နှစ်လည်း အစပထမ၌ ရိုးရိုးသားသားပင်ဟုထင်၍ မယ်တော်ခိုင်းသည့်အတိုင်း ပြုလုပ်မည်ဟု ကြံစည်သော်လည်း ထိုပစ္စည်းများကို မိမိလက်ထဲသို့ ကိုင်တွယ်မိသော တစ်ခဏ၌ ကြက်သီးများ ဖျင်းခနဲ ထလာသဖြင့် သင်္ကာမကင်းချင်သလိုလို ရှိသောကြောင့် မယ်တော်သွားမှ အထုပ်ငယ်ကိုဖြေ၍ ကြည့်မိလျှင် ဆံပင်ဖားလျား အဝတ်အစား အလျှင်းမရှိသော မိန်းမတစ်ယောက်မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်၍ ဆောင့်ဆောင့်ထိုင်နေသည့် အရုပ်ငယ်ဖြစ်နေသည်ကို တွေ့ရသောအခါ စောမြနှစ်မှာ ထိုအရုပ်နှင့် ထိုဆေးအား မိမိလက်တွင် ကိုင်ထားရသည်ပင် စက်ဆုပ်ရွံရှာ မသိုးမသန့်ဖြစ်လာမိသောကြောင့် မယ်တော်မဟာဒေဝီ၏ စကားကို ဖယ်ရှားကာ အမှာအတိုင်း မပြုလုပ်တော့ဘဲ တော်ရာတွင် ဖယ်ရှားထားလိုက်လေတော့သတည်း။

စော်ဘွားကလေးခွန်ချိမှာ အကာလညအခါတွင် မိမိကို အမြဲလာရောက်သွေးဆောင်သူ ဗလာမယ်အား များစွာစွဲလမ်းတမ်းတခြင်းဖြင့်၊ နေမထိထိုင်မသာ၊ အလွမ်းနာကျသည်ထက်ကျပြီး၊ ယခင်က အစွဲအလမ်းကြီးခဲ့သော ခင်ခင်ထားအား လုံးလုံးလျားလျား မေ့လျော့သွားပြီးလျှင် ယခင်ကနေ့စဉ်နှင့်အမျှ သတိရ၍ ခဏခဏကြည့်မိသော ခင်ခင်ထား၏ ဓာတ်ပုံကလေးကို မြင်သည်တိုင်အောင် မမှတ်မိဘဲရှိတော့ရုံမက တစ်ခါမျှမတွေ့ရဖူးသော သူစိမ်းများလိုအကြောင်းသား ကြည့်နေမိခြင်းမှတစ်ပါး ထူးထူးခြားခြားမရှိတော့ရာ ခွန်ချိ၏ စိတ်များမှာ ကိုယ့်ကိုယ်ကိုယ် အစိုးမရဘဲ၊ ဗလာမယ်ကိုစွဲမိကတည်းက

ကမောက်ကမအမျိုးမျိုးဖြစ်၍ နေလေတော့၏။ နှမတော် စောမြတ်နှစ်အဆောင်သို့လည်း ညတိုင်း ညတိုင်းပင် ဗလာမယ်အတွက်နှင့် ရုတ်တရက်ဝင်ရောက်ခဲ့သည်တို့ကိုမျှ သတိမရ တစ်စတစ်စနှင့် ကြာလေသဲလေဖြစ်နေခဲ့ရာ စောမြတ်နှစ်မှာလည်း နောက်ဆုံးတွင်ကြံရာမရတော့ဘဲ ဤအရုပ်နှင့် ဤဆေးထုပ်ရှိ၍သာ မောင်တော် ခွန်ချို မိမိအခန်းသို့လာရသည်ဟု ဟော်နှင့် မနီးမဝေးတောစပ်ကလေးတစ်ခုအတွင်း မြေကြီးကို ကျင်းငယ်ယက်ကာ လျှို့ဝှက်စွာ မြှုပ်နှံထားလိုက်မှ နောက်ညများတွင် မိမိအဆောင်ထဲသို့ မောင်တော်ခွန်ချို မလာရောက်တော့ဘဲ မိမိတွင်လည်း ဘဝင်အသည်းအေးရလေတော့၏။

သို့ရာတွင် စော်ဘွားကလေး ခွန်ချိုထံသို့ကား ဗလာမယ်သည် ညစဉ်ညတိုင်းပေါ်လာမြဲပေါ်လာလျက် အထက်အခါများကဲ့သို့ စောမြတ်နှစ်အဆောင်တော်ထဲသို့ ဝင်မပြေးဘဲ ဟော်တော်နှင့် မလှမ်းမကမ်းရှိ တောတန်းကလေးအနီးသို့ သွေးဆောင်သွားကာ ထိုနေရာတွင်ပင် ပျောက်ကွယ်သွားတတ်သဖြင့် လောဘဇောကြီးစွာလိုက်ပါလာခဲ့သော ခွန်ချိုလည်း တိုတောတန်းအနီးတွင် ဗလာမယ်၏ ချယ်လှယ်ချင်တိုင်း ချယ်လှယ်နေသည်ကိုခံရပြီး အဆုံး၌ မောဟိုက်ပင်ပန်းကာ ထိုတောဝမှာပင် အိပ်ပျော်ခြင်းသို့ ရောက်လျက် နံနက်လင်းအားကြီးမှ လန့်နိုးကာ ကပျာကယာ ဟော်ဆီသို့ ပြန်လာရမြဲဖြစ်လေတော့၏။

စောမြတ်နှစ်သည် မောင်တော် ခွန်ချိုအား ရိုးသားစွာ ချစ်ခင်ကြည်ညိုလာသူဖြစ်သည့်အတိုင်း မောင်အကြီးအား နှမငယ်လေးစားဘိသကဲ့သို့ မောင်တော်မှာ မည်သို့သော အနှောင့်အယှက်များရှိနေသနည်း။ မောင်တော့်အမူအရာ ထူးခြားဖောက်ပြန်ခြင်းသည် မယ်တော် မဟာဒေဝီ၏ ကောက်ကြံခြင်းများဖြစ်ပေသလောဟု တွေးတောပူပန်ကာ မောင်တော်ခွန်ချို၏ အသက်အန္တရာယ်ကို စိုးရိမ်မိသဖြင့် မကြာမကြာ မောင်တော်ခွန်ချို၏ အရိပ်အကဲကို ခတ်လျက် သတိလက်မလွတ်ရအောင် တစိုးတစိမ့် ချောင်းမြောင်းကြည့်ရှုမိသောအခါ မိမိ မကြာမီ မြှုပ်ထားသော အရုပ်နှင့် ဆေးထုပ်ရှိသည့်တောအုပ်

နေရာတွင် သက်နှစ်ဖက် ဆန့်တန်းကာ သူ့ရှုးပမာ လှုံးလာတဲ့ခါက် အပြန်အလှန် လျှောက်နေသည်ကို တွေ့ရသောကြောင့် မောင်တော်မှာ ဤအရုပ်ကို စွဲလမ်းနေခြင်းသာဖြစ်မည်။ ဤအရုပ်သည် အဘယ်သို့သော အရုပ်ပေနည်းဟု အမျိုးမျိုးတွေးကာ သည့်ထက်ဝေးသည့်နေရာသို့ အစအဆုံးဖျောက်ပစ်မည် ကြံမိလေ၏။ သို့နှင့် ဤအရုပ်ကို ယခုထက်ဝေးသောနေရာသို့ပို့လိုက်လျှင် မောင်တော်လည်း ဝေးလံသောအရုပ်သို့ ညစဉ် ဤကဲ့သို့ လိုက်နေပါက လူဆိုးသူခိုးတို့လက်ချက်ဖြင့် မတော်တဆ အသက်အန္တရာယ် ငြိတွယ်မည်စိုးရိမ်ကာ ထိုနေရာမှာပင် ထားမြဲထားလျက် မောင်တော်ကို မျက်ခြည်မပြတ်ရအောင် မိမိအဆောင်မှနေကာ စောင့်ရှောက်ကြည့်ရှုနေရှာလေ၏။

***

"အမတ်ကြီး ဘိုးခွန်ဦး အကြောင်းများထူးပလား"

"မထူးသေးပါဘူး သခင်မကြီးဘုရား။ သို့သော်လဲ သခင်ကလေးဟာ အရင်ကလို ဒေါကလေးမာန်ကလေးနှင့် ဖျိုးဖျိုးဖျတ်ဖျတ်မလုပ်တော့ဘဲ မလှုပ်တလှုပ်နဲ့ ဘိန်းစားရုပ်ပေါ်ပြီး ခေါ်လို့မကြား ပြောလို့မကြား ကြောင်တောင်တောင် ဖြစ်သွားပါတယ်"

"ဟော်သိမ်းဖို့ကိစ္စကို လျှောက်မကြည့်ဘူးလား"

"နေ့စဉ် လျှောက်ပါတယ်။ လျှောက်ပေတဲ့ မကြားသလို ငိုင်တိုင်တိုင် ငေးတေးတေးနဲ့ ဘာတစ်ခုမှ စကားပြန်မရတဲ့အတွက် ကျွန်တော်မျိုးဖြင့် အတော် အသက်ရှူခက်နေပါတယ်"

"အင်း . . . ကျုပ်လဲ ကြံရက်ပါပဲ၊ သမီးတော်ကလဲ အမတ်ကြီးသိတဲ့အတိုင်းပဲ၊ သူ့ခမည်းတော် တော်ဘုရားကြီးရှိတော်မူတုန်းကတည်းက လူ့ဘောင်ငြိုးငွေ့လို့ တရားနဲ့ပျော်မွေ့ပါရစေဆိုတာ ခွင့်တောင်းနေခဲ့တာကလား။ ဒီတော့ ကျုပ်ကလဲ သူ့ကို ရဲရဲမတိုက်တွန်းဝံ့ဘူး။ ခမည်းတော် မိန့်တော်မူခဲ့တဲ့ စကားဆက်နဲ့မို့သာ ယခုလောက် စီမံကြရတာ၊ ကိုင်း . . . ကိုင်း ကျုပ်စုံစမ်းပါဦးမယ်"

ဟုဆိုကာ သခင်မကြီးသည် သမီးတော် စောမြတ်နှစ်အဆောင်သို့ ကူးလာလေ၏။

"သမီးတော်ရဲ့ မယ်တော်ပြောတဲ့အတိုင်း မောင်တော်ကို ဆေးတိုက်ရဲ့လား"

"တိုက်ပါတယ်ဘုရား"

ဟု မုသားစိုက်ရလေတော့၏။

"နို့ ဆေးတိုက်ပြီးမှ မောင်တော်လာသေးသလား"

"လာတဲ့အခါလဲ လာပါတယ်၊ မလာတဲ့အခါလဲ မလာပါ"

ဟု စကားနှစ်ခွလုပ်ကာ ပြောလိုက်လျှင် မဟာဒေဝီကြီးတွင် လိုအင်မကျသကဲ့သို့ဖြစ်သွားကာ-

"အင်း . . . လာတဲ့အခါ ဘာများအကြောင်းထူးပြောသလဲ"

"မပြောပါ၊ နှမတော် စောမြတ်နှစ် အဆောင်ပါကလားဆိုပြီး ပြန်ထွက်သွားပါတယ်"

ဟု ပြောလိုက်ခြင်းမှာ မဟာဒေဝီကြီးတွင် ပိုမိုစိတ်တိုင်းမကျဘိအလား အံသွားများကြိတ်ကာ "ဒီအရုပ်ဟာ ဒီတစ်ခါ ဘာများဖြစ်နေပါလိမ့်မလဲ"ဟု စိတ်ထဲတွင် မသိုဝှက်နိုင်ဘဲ ရုတ်ခနဲ နှုတ်မှဖွင့်ဟလိုက်မိလေတော့၏။ စောမြတ်နှစ်လည်း မယ်တော်၏ အကြံကိုသိရစိမ့်သောငှာ-

"မယ်တော်ဘုရားရယ် ခုတလော မောင်တော် ဘယ်လိုဖြစ်နေတာလဲ၊ ကြာရင် ရူးသွားမှာစိုးရိမ်ပါဘိတယ်"

ဟု ပြောလေရာ မဟာဒေဝီကြီးလဲ သမီးတော်ကို စေ့စေ့ကြည့်ကာ-

"ခွန်ချီဟာ အောက်ပြည်အောက်ရွာက အစွဲအလမ်းတစ်ခုပါလာတယ်။ ခမည်းတော် တော်ဘုရားကြီးရဲ့ အမိန့်တော်က နှမတော် စောမြတ်နှစ်နဲ့ လက်ထပ်ပြီး ဟော်နန်းကိုသိမ်းပိုက်ရမယ် အဆိုရှိရက်သားနဲ့ တော်ဘုရားအမိန့်ကို မနာခံရုံမက စော်ဘွားအရာကိုတောင် မဆက်ခံဘဲ အောက်ပြည်ကို ပြန်ဆင်းမယ်ကြံနေတယ်၊ ဒါကြောင့်မို့ မယ်တော်နဲ့ အမတ်ကြီး ဘိုးခွန်ဦးတို့မှာ

စိတ်မချမ်းမသာဖြစ်ပြီး တစ်နည်းနည်းနဲ့ သူ့အစွဲအလမ်းပျောက်ပြီး တော်ကြီး ဘုရားမှာခဲ့တဲ့အတိုင်း သမီးတော်နဲ့ ပော်သိမ်းလက်ထပ်ပွဲကြီး ကျင်းပရအောင် ကြံစည်နေကြတယ်"

ဟု ဟုတ်သလောက် ဖွင့်ပြောလျှင် စောမြတ်နှစ်တွင် အတန်ကြာ စဉ်းစားနေရာမှ-

"နို့ . . . မယ်တော်ဘုရားရယ် မောင်တော် နှစ်သက်ရာကို မဟာ ဒေဝီကြီးတင်ပြီး ပော်သိမ်းမင်္ဂလာကြီးပြုပါစေတော့လား။ သမီးတော်လဲ စိတ် ရှိလက်ရှိ တရားအားထုတ်ရအောင် စစ်ကိုင်းတောင်ကူးပြီး ထူးမြတ်တဲ့ သီလ ရှင်အဝတ်လဲပါရစေ"

ဟု ပြောလျှင် မဟာဒေဝီကြီးတွင် စိတ်တိုင်းမကျ မျက်မာန်ရှသလို သမီးတော်ကိုကြည့်လျက်-

"ခွန်ချို နှစ်သက်နေတာက အောက်ပြည်က မိန်းမကိုပဲ နှစ်သက်နေ တာကလား၊ စော်ဘွားတို့ထုံးစံကိုဖျက်ပြီး သူနှစ်သက်တိုင်း မချီးမြှင့်နိုင်လို့ပေါ့၊ သို့မဟုတ် မယ်တော်တို့ခေါင်းပေါ် ခွနေတာကြာလှရော့မယ်"

ဟု ပြောကာ မဟာဒေဝီကြီးမှာ ကြံစရာ ဖန်စရာကိစ္စများသေးသည့် အလား မိမိအဆောင်သို့ ရုတ်တရက် ပြန်သွားလေ၏။

မည်သူမည်သို့ကြံကြံ စော်ဘွားကလေး ခွန်ချိုမှာ အချိန်မှန်မှန်သာ ဗလာမယ်ကိုမျှော်မိလျက် ညဥ့်နက်သည်နှင့်တစ်ချက်တည်း ဗလာမယ်က လည်း အချီးနှီး ဗလာကျင်းသော ကိုယ်နှင့်ပင်ပေါ်လာကာ တောအုပ်ရှိရာသို့ သွေးဆောင်ခေါ်ယူလာခဲ့ပြီး အထက်ကနည်းများအတိုင်း စော်ဘွားကလေး ခွန်ချို၏ အလိုရမ္မက်ကို တသက်သက်နှိုးဆွလျက် မောဟိုက်နွမ်းလျ အိပ်မော ကျသွားရသည့်ဘဝရောက်မှ သက်သာရာရခဲ့မြဲအတိုင်း တစ်နေ့သောအခါ လည်း စော်ဘွားကလေးခွန်ချိုမှာ အထက်ပါနည်းအတိုင်း ဗလာမယ်နောက်သို့ ကောက်ကောက်ပါလိုက်ခဲ့ရာက နောက်ဆုံး ကမူတစ်ခုကို ခလုတ်တိုက်လဲကျ ပြီး တစ်ခါတည်း မထနိုင်တော့ဘဲ အိပ်အပျော်ကြီးပျော်သွားရာမှ အချိန်မည်မျှ

ကြာသည်မသိ မိမိကိုယ်ကို တစ်စုံတစ်ယောက်က လှုပ်နှိုးမှ မိမိအား ပွေ့ပိုက်လျက် စိုးရိမ်ကြီးစွာကြည့်နေရှာသော မိန်းမတစ်ယောက်အား တစ်ကြိမ်တစ်ခါမျှ မမြင်ဖူးသည့်အလား မျက်လုံးကြီးအပြူးသားနှင့် စူးစူးဝါးဝါးစိုက်ကြည့်နေလေရာ မိန်းမပျိုမှာ ခွန်ချို၏ ထူးခြားသောမျက်နှာကို ဝမ်းနည်းစွာပြန်ကြည့်လျက်

"မောင်မောင် . . . ထားထားလေ၊ ထားထား မောင့်အတွက် သစ္စာမပျက်ချင်လို့ မောင့်နောက်ကို အရမ်းစွန့်စားပြီးလိုက်ခဲ့ရတယ်။ အကျိုးအကြောင်းတွေ စာရေးပေးစရာလဲ မောင့်စာထဲမှာ စာပြန်ဖို့လိပ်မပါလို့ စာတိုက်တံဆိပ်ကိုကြည့်ပြီး နောင်မွန်အထိ လိုက်လာခဲ့တာပဲမောင်ရဲ့။ ထားထား ဒီမြို့ရောက်တာ ကြာလှပြီ၊ မောင်မောင်ကိုလိုက်ရှာရတာလဲ နှံ့ပေါ့။ တည်းခိုတဲ့အိမ်ရှင်များကလဲ သနားသဖြင့် လိုက်လံစုံစမ်းပေးရှာကြပါရဲ့။ ဒါပေတဲ့ မောင်မောင်ဆိုတဲ့လူကို သူတို့တွေ့အောင်မေးလိုက်တာ တစ်မြို့လုံး အိမ်တွေစေ့ပါပြီ၊ ဘယ်ဆီမှာမှ သတင်းမကြားရဘူးဆိုတာနဲ့ ထားထားမှာ တအားနွဲ့ပြီး ဒုက္ခကြီးရောက်နေရပါတယ်၊ ဒီနေ့လဲ တစ်ညလုံး အိပ်မပျော်တာနဲ့ နံနက်စောစောကြီးထပြီး ဒီအနီးအနားမှာ လမ်းလျှောက်ရင်း စုံစမ်းဖို့ထွက်လာခဲ့တာကံအားလျော်စွာ ဒီအနားမှာ မောင်မောင်လဲနေတာ တွေ့ရတာပါပဲ။ ထားထားဖြင့် မောင့်ကိုတွေ့ရတာ ဘယ်လိုအားတက်လာမှန်း မသိတော့ဘူး။ ထား ဖေဖေကလဲ နေ့ရှိသမျှ ညှဉ်းဆဲပြီး နောက်ဆုံး သူ့တူ စာရေးကြီးနဲ့ အတင်းလျှောင် ပိတ်ပေးစားမယ်လုပ်တဲ့အတွက် အသက်စွန့်ပြီး ဖြစ်ချင်ရာဖြစ်ပေစေ မောင်မောင်နဲ့တွေ့လဲတွေ့၊ မတွေ့လို့ ကျားစာ ဆင်စာဖြစ်ပြီး သေချင်လဲသေဆိုပြီး အစွန့်ကြီးစွန့်ထွက်လာခဲ့တာပဲ မောင်ရဲ့"

ဟု ခရားရေလွှတ်သလို တတွတ်တွတ်နှင့် ဝမ်းသာအားရ စကားစအတန်းရှည်ကြီးပြောနေရာ ခွန်ချိုမှာ ခင်ခင်ထား ပြောနေသော စကားတို့ကို တစ်လုံးမျှ နားမလည်ဘိအလား မျက်လုံးကြီးအပြူးသားနှင့် စိုက်ကာနားထောင်နေပြီး ခင်ခင်ထား ပြောနေသော စကားဆုံးသည်နှင့်တစ်ပြိုင်နက်-

"ဟား . . . ဟား . . . ဟား . . . နင် ဘာတွေလာပြောနေတာလဲ၊ နင်ပြောတာ ငါနားမလည်၊ နင့်ကိုလဲ ငါမသိပါကလား၊ ဟား ဟား ဟား ကောင်မကလေး၊ နင်ဘယ်ကလဲ၊ နင်လဲ ဟိုကောင်မကလေးလိုလှတာပဲဟယ်"

ဟု ရယ်မလိုလို ပြုံးဖြီးဖြီးကြီးလုပ်ကာ ပြောလိုက်လျှင် ခင်ခင်ထား၏ ရင်ဝတွင် မီးစနှင့်ထိုးသလို မချိတင်ကဲ ဝမ်းနည်းသွားပြီး-

"မောင်မောင် သတိမရတော့ဘူးလား၊ ထားထားလေ မောင်ရဲ့၊ မောင် ချစ်တယ်ဆိုတဲ့ ရန်ကုန်က ထားထား၊ မောင်နေတဲ့ခြံနဲ့ ကပ်ရက်အိမ်ကြီးမှာနေ တဲ့ထားထား၊ မောင်နဲ့နှစ်ယောက်တည်း မြတ်လေးရုံကြီးအောက်မှာ မကြာမကြာ တွေ့ရတဲ့ ထားထားပါ။ စဉ်းစားပါဦး၊ မောင်တို့ရပ်ရွာကို စွန့်စားပြီးလိုက်လာ ခဲ့ရတဲ့ ဒုက္ခသည်ကို ထယ်ထယ်ဝါဝါ စိမ်းစိမ်းကားကား လုပ်တော့တာလား မောင်ရဲ့"

ဟု ငိုမဲ့မဲ့နှင့်ပြောရာလျှင် ခွန်ချီမှာ ခင်ထားကဲ့သို့ပင် ရောယောင်မဲ့ လာတော့ကာ-

"အဟုတ် ငါမသိပါဘူး၊ ထားထားဆိုတဲ့ ကောင်မကလေးရယ်၊ ငါ့ နာမည်လဲ မောင်မောင်မဟုတ်ဘူး ခွန်ချီတဲ့၊ ငါဟာ ဒီနယ်ကိုပိုင်တဲ့ နောင်မွန် စော်ဘွားပါ၊ ငါချစ်နေတဲ့ ကောင်မလေးဟာ ဒီနေရာမှာ ပျောက်ပျောက်သွား တယ် ထားထားဆိုတဲ့ ကောင်မလေးရယ်၊ နင်လာတော့ ဒီနေရာမှာ အဝတ်အ စားမပါတဲ့ ချောချောလှလှ ကောင်မလေးတစ်ယောက်ကို မတွေ့ဘူးလား"

ဟု မေးနေပြန်သဖြင့် ခင်ခင်ထားမှာ မတွေးတတ်နိုင်အောင်ရှိရှာ တော့၏။ ရုပ်ရော သဏ္ဌာန်ရော ဟန်အမူအရာရော အသံတူချင်းပါရော၍ မိမိချစ်သူ မောင်မောင်ဖြစ်ကြောင်း အတပ်သိရစေကာမူ ကာယကံရှင်ကိုယ် ၌က မောင်မောင်မဟုတ်၊ နောင်မွန်စော်ဘွား ခွန်ချီဟု အတိအလင်း ထုတ် ပြောနေသောကြောင့် မောင်မောင်ပါဟု စွပ်စွဲရန်ခဲယဉ်းနေသည့်အပြင် မောင် မောင်စင်စစ်ဖြစ်ပါကလည်း ယခုလောက် စိမ်းကား ရက်စက်စွာပြောမည်မထင် သဖြင့် မိမိပင် လူမှားနေပြီဟု စဉ်းစားမိကာ တအားငယ်၍သွားရှာလေတော့၏။

ထိုသို့ရှိနေစဉ်တွင် မိမိအဆောင်တံခါးမှ အမှတ်မထင်ကြည့်နေသော စောမြတ်နှစ်မှာ ခွန်ချိုနှင့် မိန်းကလေးတစ်ယောက် စကားပြောနေသည်ကို မြင်ရသဖြင့် ရုတ်တရက် အနီးသို့ရောက်လာသောအခါ စော်ဘွားကလေး ခွန်ချိုသည် စောမြတ်နှစ်ကို စူးစိုက်တွေ ဝေကြည့်နေရာမှ -

"အလို နှမတော်ပါကလား၊ ကြည့်စမ်းပါဦး နှမတော်ရယ် ဟောဒီ ထားထားဆိုတဲ့ သူငယ်မလေးက မောင်တော်ကို သူ့အသိပါဆိုပြီး ငိုကြီးချက်မ နဲ့ ရန်တွေ့နေတယ်၊ နှမတော်ကြည့်ပြောလိုက်ပါ၊ မောင်တော် ဟော်ကိုပြန် တော့မယ်"

လို့ပြောကာ ဟော်ရှိရာသို့ လျှင်မြန်စွာထွက်သွားလေ၏။

စောမြတ်နှစ်လည်း ခင်ခင်ထားကိုသနားကြင်နာစွာ ကြည့်ရှုစုံစမ်း မေးမြန်းလျှင် ခင်ခင်ထားလည်း မိမိအဖြစ်အပျက်များကို တစ်လုံးတစ်ပါဒမ ကျန် ဇာတ်လှန်ပြောပြီး မိမိရည်းစားမောင်မောင်နှင့်တူလွန်း၍ လူမှားနေရ ကြောင်း ပြောပြလေရာ စောမြတ်နှစ်မှာ အတန်ကြာစဉ်းစားနေရာမှ ခမည်း တော်စော်ဘွားကြီးက သားတော်အား မောင်မောင်ဟူသောအမည်နှင့် ပညာ သင်စေလွှတ်ထားသည်ကိုတွေးပြီးလျှင် ယခုအခါ မောင်တော်ခွန်ချိုမှာ ကိုယ့် စိတ်ကိုယ်မပိုင်သလို ဖြစ်နေရှာသဖြင့် ခင်ခင်ထားကို မမှတ်မိရှာသည်ကို သနားလာသောကြောင့် ဝမ်းနည်းအားငယ်စွာ ငိုနေရှာသော ခင်ခင်ထား၏ ပခုံးကလေးဖက်ကာ -

"အားမငယ်ပါနဲ့ ညီမလေးရယ်၊ အခုတွေ့တာလဲ ညီမလေးရည်းစား ဆိုတဲ့ မောင်မောင်ပါပဲ၊ သို့သော်လည်း သူခမျာ ကိုယ့်စိတ်ကိုယ် အစိုးမရရှာ တဲ့ အခိုက်အတန့်မို့ ညီမလေးကိုမေ့နေတာဖြစ်ပါလိမ့်မယ်။ သူ့ခမျာ ညီမလေး ကို အများကြီးစွဲလမ်းနေရှာပါတယ် ခုမှသာ"

ဟု အဖြစ်သနစ်များကို ဇာတ်စုံခင်းလိုက်ရှာတော့၏။ ခင်ခင်ထား လည်း စောမြတ်နှစ်ထံမှ အကြောင်းမျိုးစုံ ကြားရသောအခါ မိမိချစ်သူမှာ သာမန်လူစားမဟုတ်ဘဲ ရှမ်းစော်ဘွားကလေးတစ်ပါးဖြစ်ကြောင်းသိရ၍

ဝမ်းမြောက်ဖွယ်ရှိသော်လည်း၊ ဆင်းရဲသားချင်းလောက်မှ လွယ်ကူစွာ ပေါင်းသင်းနိုင်ခွင့်မရသောအဖြစ်များကို တွေးတောပူပန်တော့သည့်အပြင် အနှောင့်အယှက်၊ အဖျက်အဆီးတွေကလည်း ကြောက်ခမန်းလိလိရှိကြ၍ သဘောကြီးလှသော စောမြတ်နှစ်ကိုသာ အားထားရရှာလေ၏။ စောမြတ်နှစ် လည်း ခင်ခင်ထားအတွက် အနှောင့်အယှက်ဘေးအန္တရာယ် မငြိတွယ်စေခြင်း ငှာ ရှမ်းအပျိုတော်မကလေးအသွင် ဝတ်ဆင်ပေးပြီး မိမိအဆောင်တော်ထဲတွင် ထားလျက် မောင်တော်နှင့် နဖူးစာဆက်ရအောင် ကြံဆောင်ပေးပါမည်ဟု အားပေး စကားပြောကာ ဟော်တော်ရှိရာသို့ ခေါ်ဆောင်လာခဲ့လေသတည်း။

* * *

မဟာဒေဝီကြီးမှာ မိမိအကြံအစည် မပြီးမြောက်သဖြင့် ဒေါသမီး တောက်၍ နေလေရာ မိမိအတွက် လက်ကတုံး တောင်ဝှေးပမာ အမြဲလက် သပ်မွေးလာသော ရှမ်းဆရာကြီးအား အဆောင်ထဲသို့ခေါ်ကာ -

"ဘယ့်နှယ်လဲဆရာရဲ့ ဒီတစ်ခါဆရာပေးတဲ့အရုပ်ဟာ ဘာမှမစွမ်း ပါကလား၊ ဆရာ့မှာစကားအတိုင်း စောမြတ်နှစ်အိပ်ရာအောက်မှာ ထားစေပြီး ဆရာ့နည်းလမ်းအတိုင်း ဆေးတစ်ခွက်လဲ ခွန်ချိုကိုတိုက်ပြီးပြီ၊ ခုထက်ထိဟော် သိမ်းရတဲ့ စခန်းဆီမရောက်ပါကလား။ ဒီလိုသာဖြင့် ဆရာ့ကို ကိုးကွယ်ထား ရတာ အလကားပေါ့"

ဟု အားလျော့လျော့နှင့် မြည်တွန်တောက်တီးလေရာ ရှမ်းဆရာကြီး မှာလည်း အပွဲပွဲနွှဲခဲ့လေသမျှ ဤတစ်ကြိမ်မှ နှပ်ပစ်ခံရလေခြင်းဟု မခံချိမခံသာ ဖြစ်ရကား-

"ဆရာ့ပညာဘယ်လောက် စွမ်းတယ်ဆိုတာသခင်မကြီး လက်ထက် က ဘယ်လောက်သိသာခဲ့သလဲ။ ခုတစ်ပွဲကျမှ ထင်တိုင်းမစွဲရတာ တစ်ခုခုချို့ ယွင်းနေလို့ပါ သခင်မကြီးရဲ့"

"မချို့ယွင်းပါဘူး၊ ဆရာမှာတဲ့အတိုင်း လုပ်တာပါ၊ စွမ်းကိုမစွမ်းလို့ ခုလောက်အချိန်ကြာနေတာပေါ့"

"သခင်မကြီးမငြင်းပါနဲ့ မုချချို့ယွင်းရမယ်၊ သခင်ကလေးကိုတိုက်ရမယ့်ဆေးကို သမီးတော်မတိုက်ဘူးထင်တယ်၊ ဘယ်နည်းနဲ့မဆို အဲဒီဆေးကို တိုက်ထားတဲ့နောက် မနေနိုင်ဘူး၊ အရုပ်ကဖြားယောင်းဆွဲခေါ်လို့ အဆောင်ထဲရောက်တဲ့အခါ သမီးတော်ကို အရုပ်အမှတ်နဲ့ မြင်ရပြီး တစ်ခါတည်းအရသိမ်းပိုက်ပစ်ရမယ်။ ခုတော့ ဆေးမဝင်လို့သာ နှမတော် အဆောင်ပါလားဆိုဆိုပြီး ပြန်ထွက်သွားတာသခင်မကြီးရဲ့ သမီးတော်ကလဲ ဆရာတို့ဘက်သားမဟုတ်ဘူး၊ ဘုရား၊ တရားနဲ့၊ သခင်မကြီးက ဆေးတိုက်ခိုင်းပေတဲ့ လုပ်ချင်မှလုပ်မှာ။ ကေန္တ မလုပ်လို့သာ အကြောင်းမထူးတာပေါ့၊ သမီးတော်ဆီက လက်မောင်းသွေးကို နောက်တစ်ကြိမ်သာ တောင်းပေးပါ။ ဒီနည်းနဲ့ မအောင်မြင်လို့ရှိမှ နောက်တစ်နည်းနဲ့ဖြစ်မြောက်အောင် လုပ်ပေးပါ့မယ်" ဟုပြောလျှင်-

"ဆရာပြောတဲ့အတိုင်း စောမြတ်နှစ်ရဲ့ လက်မောင်းသွေးယူပေးဖို့က လဲ အတော်ခက်သေးတယ်၊ ကောင်မကလေးက အစစ်အမေးအင်မတန်ထူတယ်။ ကဲ လေ ဒီဟာ ကျုပ်တာထားရစေမယ်၊ ရတဲ့အခါ ဆရာကနေ့ချင်းညချင်းဆိုသလို ကိုယ့်အလိုပါအောင်လုပ်ပေတော့"

ဟု တိုင်ပင်ပြောဆိုနေသော စကားများကိုအမှတ်မဲ့ ချောင်းနားထောင်နေသော စောမြတ်နှစ်ကြားလေလျှင် မိခင်ဖြစ်၍လည်း ဖွင့်၍အပြစ်မတင်သာဘဲ မိမိလက်မောင်းသွေးကို လာတောင်းသောအခါ ကိုယ်တိုင်ဖောက်၍ ပေးပါမည်ဟု လိမ်လည်လှည့်ဖြားပြီး အဆင်သင့် ရှာဖွေခိုင်းထားသော ဆိတ်သွေးအနည်းငယ်ကို ပေးလိုက်ခြင်းဖြင့် မဟာဒေဝီကြီးမှာ ယုံကြည်ကျေနပ်စွာ ယူသွားလေတော့၏။

အဆောင်တွင် ရောက်နေသော ခင်ခင်ထားအားလည်း ရှမ်းမကလေးအသွင် ဝတ်ဆင်လျက် လျှို့ဝှက်နိုင်သမျှ လူမြင်မခံစေဘဲ လျှို့ဝှက်ထားလေ၏။ မဟာဒေဝီကြီးမှာ ထိုအကြောင်းကို သိလျှင်ကား ခင်ခင်ထားကို အရှင်မထားဘဲ ရှမ်းဆရာကြီးလက်ထဲသို့ ဝကွက်၍ အသက်ကိုအပ်မည်အမှန်ဖြစ်လေရာ မောင်တော်ခွန်ချိမှာလည်း ပင်ကိုစိတ်လွင့်စဉ်နေဆဲဖြစ်သောကြောင့် ကယ်နိုင်

မည်မဟုတ်၍ ကြာသော် ယခုထက်ဒုက္ခရောက်ကြတော့မည်ဟု တွေးပြီး အပူမအေးနိုင်ရှိခဲ့လေရာ နောက်ဆုံးတွင် စောမြတ်နှစ်အဆောင်သို့ လပြည့်လကွယ် ရှစ်ရက်သီတင်း ဥပုသ်နေ့တိုင်း သီလပေးကြွလာနေကျဖြစ်သော ဘုန်းတော်ကြီး ဦးဝေပုလ္လအား လျှို့ဝှက်စွာ လျှောက်ထားအကြံညာဏ်တောင်းသည်တွင် ရှမ်းဆရာ၏ စက်တွင်းမှ စော်ဘွားကလေး ခွန်ချိုလွတ်ကင်းရန်မှာ အထက်လမ်းဆရာ ကောင်းကောင်းနှင့် ခုခံကာကွယ်မှသာ ဖြစ်ချိမ့်မည်ဟု အမိန့်ရှိရာ စောမြတ်နှစ်မှာ -

"တပည့်တော်မမှာ လူငယ်လည်းဖြစ်ပါသည်။ အဆောင်တော်ထဲက ထွက်ရသူမဟုတ်သောကြောင့်တစ်ကြောင်း မယ်တော်ကြီးစိုးနေသည့်အခါတွင် တစ်စင်ပြိုင်၍ အထင်အလျား တစ်ဖက်တစ်လမ်းလုပ်ရန်လည်း မသင့်လျော်သောကြောင့် မောင်တော်မိမွေးတိုင်း၊ ဖမွေးတိုင်း သတိရလောက်ရုံဖြစ်စေ အထက်လမ်းဆရာကောင်းတစ်ယောက်ကို တိတ်တဆိတ်ရှာဖွေပေးပါရန်"

လျှောက်ထားသဖြင့် ဆရာတကာ ဖြစ်နေသော ဘုန်းတော်ကြီး ဦးဝေပုလ္လလည်း မကြာမီက နမ်းခမားရွာဦးကျောင်းဘုန်းတော်ကြီး ဦးဝိမလထံတွင် အာဂန္တုအဖြစ်နှင့် တည်းခိုစဉ်က သိကျွမ်းခဲ့သော အထက်လမ်းဆရာကြီးနှင့်တပည့် ကိုကိုလေးတို့အား သတိရကာ အရေးကိစ္စနှင့် အမြန်လာရောက်ပါရန် ဦးဝိမလထံသို့ စာရေး၍ လှည်းနှင့်တကွ ဆရာများကို အကြိုလွှတ်လိုက်ရာ ကျေးဇူးရှင်ဆရာကြီးအမိန့်အရ နောက်တစ်နေ့မှာပင် နောင်မွန်သို့ ကိုကိုလေး (ကျွန်တော်)ရောက်လာလေတော့၏။

ဘုန်းတော်ကြီး ဦးဝေပုလ္လလည်း ကျွန်တော့်အား ၎င်းကျောင်းမှာပင် ဝှက်ထားပြီး မဟာဒေဝီကြီးအကြံနှင့် စော်ဘွားကလေးခွန်ချို၏ ဖြစ်ပုံ၊ စောမြတ်နှစ်၏ စိတ်သဘော၊ ခင်ခင်ထား၏ အကြောင်းစသည်များကို အကျဉ်းချုပ်အားဖြင့် မိန့်ကြားကာ စောမြတ်နှစ်ထံသို့လည်း ကျွန်တော်ရောက်လာကြောင်း အကြောင်းကြားပြီးလျှင် စောမြတ်နှစ်အမှာအတိုင်း စော်ဘွားကလေးအား လွတ်လပ်စွာ တွေ့ဆုံရန်နှင့် စော်ဘွားကလေး၏ ဖြစ်ပျက်ပုံတို့ကို တွေ့မြင်

စေရန် ဟော်အနီးတောတန်းကလေးသို့ ညဉ့်လူခြေတိတ်ချိန်တွင် ဆုံကြရန် ချိန်းချက်လိုက်သဖြင့် ကျွန်တော်နှင့် ဘုန်းတော်ကြီး ဦးဝေပုလ္လတို့လည်း ထိုည အတွက် ညဉ့်နက်၍ လထွက်သည်တိုင်အောင် စကားတပြောပြောနှင့် အဆိုပါ တောစပ်ကလေးတွင် ထိုင်စောင့်နေကြလေ၏။

သက်ကြီးခေါင်းချ ကြက်များတွန်ကြသံကြားရပြီးနောက် လရောင် အောက်တွင် မည်းမည်းနှင့် တောအုပ်ဆီသို့ လျှောက်လာကြသော လူနှစ် ယောက်၏ သဏ္ဌာန်ကိုတွေ့ရလေ၏။ ထိုသူတို့လည်း အနီးသို့ရောက်မှ တောင် မြောက်လေးပါး ကြည့်ရှုရှာဖွေနေမှ စောမြတ်နှစ်နှင့် ရှမ်းမကလေးအသွင် ဝတ်ဆင်ထားသော ခင်ခင်ထားတို့မှန်း သိရ၍ ပုန်းကွယ်ရာက ထွက်လာပြီး အသီးသီးနှုတ်ခွန်းဆက်ကြရာ စောမြတ်နှစ်မှာ ကျွန်တော့်အား သူ၏ မောင်တော် သတိရ၍ ပကတိလူကောင်းဖြစ်လာရန် အမြန်ကုမပေးစေလိုကြောင်း၊ မောင် တော်သတိရလျှင် မိမိတို့သုံးဦးသားတိုင်ပင်၍ အလိုဆန္ဒရှိရာ အထမြောက်ရန် အမြန် တိုင်ပင်လုပ်ကိုင်ကြရမည်ဖြစ်ကြောင်း၊ ယခုလိုရင်းအချက်မှာ မောင် တော် ပကတိအတိုင်း သတိရလာစေရန် ဖြစ်ကြောင်းများ မှာထားပြောဆိုကာ မောင်တော်လာချိန်နီးပြီဟု အသီးသီးတိတ်ဆိတ်စွာ စောင့်ဆိုင်းနေကြလေ၏။

ကောင်းကင်ဝမှ ဖိုးလမင်းကြီးသည်လည်း တစ်ဆင့်တစ်ဆင့်နှင့် မြင့် ၍ တက်လာလေ၏။ ဖွေးဖွေးဖြူသော မြူနှင်းတို့ကို ဖောက်ထွင်းကာ မပှုံတမှုံ သာသော လရောင်ကလေးမှာ အေးမြသာယာကြည်လင်စွာ တောက်ပလျက်ရှိ လေ၏။ ကျွန်တော်တို့လည်း စော်ဘွားကလေးခွန်ချိုကို မျှော်၍ နေခဲ့ရာမှ နောက်ဆုံးအချိန်တွင် အဝေးမှ မြူးခုန်ပြေးလွှားလာသော အဝတ်အလျဉ်းမပါ ဆံပင်ကို တံခွန်ကဲ့သို့ လေထဲတွင် ဝဲပျံစေလျက် အချို့တစ်ဝက်ကို ကိုယ်ထက် ၌ ဖုံးလွှမ်းရစ်လိမ်ထားသည့် လူလား နတ်လား မခွဲခြားနိုင်သော မိန်းမတစ် ယောက်နှင့် ထိုမိန်းမနောက်မှ မိခင်နောက်သို့ တကောက်ကောက်လိုက်ပါ တမ်းတနေဘိသော ကလေးငယ်အလား စော်ဘွားကလေးခွန်ချိုမှာ လက် နှစ်ဖက်ကို ဆန့်တန်းကာ တညည်းတွားတွားလိုက်လာသည်ကို တွေ့ရလေ၏။

အဝတ်မပါဗလာကိုယ်တည်း ဖြစ်သောမိန်းမလည်း ကျွန်တော်တို့အနီးသို့ ရောက်သည့်တိုင်အောင် မှောင်ထဲက ပုန်းလျှိုးနေကြ၍ မမြင်ရလေသလား မသိ။ တစိုးတစိမျှ ရှက်ကြောက်ခြင်းမရှိဘဲ ကိန္နရီပျံ့ဝဲသလို လက်နှစ်ဖက်ကို လေထဲတွင် ဝှေ့ကာ ရမ်းကာ ကစားလျက် ခွန်ချီအား အမျိုးမျိုးကျီစယ်ရင်း ပြက်ရယ်ပြုလျက် ရှိလေ၏။ စောမြတ်နှစ်လည်း -

"ဆရာ ဆရာ ဒီဟာ လူလားနတ်လား နာနာဘာဝလားမသိဘူး။ အင်မတန်ထူးဆန်းပါတယ်။ သူ အခုကနေတဲ့နေရာအောက်တည့်တည့်မှာ ကျွန်မ မြှုပ်ထားတဲ့ အရုပ်ကလေးရှိပါတယ်။ မောင်တော်လည်း ဒီအရုပ်ကို စွဲလမ်းပြီး အရူးကြီးဖြစ်မှန်းမသိဖြစ်နေရှာတယ်။ ဆရာလေးရဲ့ မြန်မြန်ကယ်ပါ"

ဟု ပြောလိုက်လျှင် ကျွန်တော့်အိတ်ထဲက ဆေးကျော့ကွင်းကို ထုတ်ယူကာ မြင်ရသော မိန်းမရှိရာသို့ ပစ်ဖမ်းလိုက်သည်နှင့် တစ်ပြိုင်နက် ဘိုင်းခနဲလဲပြီး ငုတ်တုတ်ဆောင့်ဆောင့်ကြီး ထိုင်လျက် မျက်နှာကို လက်ဝါးနှစ်ဖက်နှင့် အုပ်ကာ ရုတ်တရက်မလှုပ်မယှက်ငြိမ်ပြီး တဖြည်းဖြည်းသေးငယ်လျက် လက်တွင်တစ်ဆုပ်စာမျှသော အရုပ်ငယ်ကလေးဖြစ်သွားလျှင် စော်ဘွားကလေးခွန်ချီမှာ ရုတ်ခနဲ ပျောက်သွားသော ဗလာမယ်ကို ဘယ်ညာတောင်မြောက် ဒေါင်းတောက်အောင် ရှာဖွေလျက်ရှိလေရာ စောမြတ်နှစ်မှာ မနေသာတော့ဘဲ မောင်တော်ကို ဖမ်းဆွဲထားရလေတော့၏။ ကျွန်တော်လည်း အနီးသို့သွားကာ ဂါထာရွတ်မန်း ရေစင်ဖျန်းခြင်းများပြုလျက် အနန္တငါးပါးနှင့် အထက်နတ်ကြီးများ ဆရာ့ဆရာများ၏ အမိန့်တော်ကိုပြန်ကာ ပယောဂအစွဲ ချွတ်လွှဲသော ဆေးများတိုက်ကျွေး၍ လက်ဖွဲ့များ ချည်နှောင်ပေးပြီးသည့် ခဏ၌ စော်ဘွားကလေးမှာ ပကတိလူကောင်းဖြစ်လာပြီး ရှေးဦးစွာ 'ထားထား၊ ထားထား'ဟု မြည်တမ်းပြီး အိပ်ရာထဲက လန့်နိုးသူအလား မိမိရောက်နေသော နေရာများကို အံ့ဩစွာ ကြည့်နေမိလေ၏။ ရှမ်းမကလေးအသွင် ဝတ်ဆင်ထားသော ခင်ခင်ထားမှာလည်း မိမိအမည်ကို တမ်းတသံကြားရလျှင် တအားတက်ကာ-

"မောင်မောင် ထားထား ရောက်နေပြီမောင်"

ဟုပြောလျက် ခွန်ချီကို ပြေး၍ဖက်ပြီး၊ မျက်နှာကလေးကို မော့၍ ပြလိုက်သောအခါ ခွန်ချီမှာ အံ့ဩခြင်း ဝမ်းသာခြင်းဖြင့် ရင်တွင်းတွင်တဒိုင်းဒိုင်း မြည်နေဘိအလား လျှာဖျားမှ စကားမပြွက်နိုင်ဘဲ၊ မျက်နှာချင်းကပ်ထားပြီး ပျောက်သွားမှာစိုးရိမ်မိသည့်အလား၊ ထားထား ထားထားနှင့်ပင် ပါးစပ်ဖျား ကလေး လှုပ်ရှုံမျှ ခေါ်နေလေတော့၏။ သို့နှင့် အတန်ကြာမှ ခင်ခင်ထားက မိမိလိုက်လာခဲ့ရသောအကြောင်းများနှင့်တကွ ဟော်နန်းအတွင်းက အရှုပ် အထွေးများကို လုံးစေ့ပတ်စေ့ပြောပြီး အစ်မတော်စောမြတ်နှစ်၏ ကျေးဇူးကြီးပုံ များကို ပြောကြားပြီးဆုံးမှ စော်ဘွားကလေးသတိလစ်၍ အရူးတစ်ပိုင်းဖြစ်ရ သည့်တို့ကို ကျွန်တော် ယခုချက်ချင်း ချွတ်လွှဲကုသလိုက်သဖြင့် တစ်ထိုင်တည်း လူကောင်းပကတိ ဖြစ်ရကြောင်းများ၊ ထားထားကတစ်လှည့် စောမြတ်နှစ်က တစ်လှည့် ဘုန်းတော်ကြီးနှင့် ကျွန်တော်ကတစ်လှည့် ပြောပြကြသည်တွင်မှ စော်ဘွားကလေးမှာ ကျွန်တော့်အား များစွာကျေးဇူးတင်ကြောင်း နှမတော် စောမြတ်နှစ်၏ လိုအင်ဆန္ဒကိုလည်း ဖြည့်စွမ်းကူညီမည်ဖြစ်ကြောင်း ရှေ့အဖို့ မဟာဒေဝီကြီး ရန်မရှာနိုင်ရန် မည်သို့မည်ပုံ ကြံဖန်စီစဉ်ရမည်ဟု ထိုနေရာ တွင်ပင် ငါးဦးသား ခေါင်းချင်းယှဉ်ကာ တိုင်ပင်လျက် ရှိကြလေရာ နောက်ဆုံး တွင် ဘုန်းတော်ကြီး ဦးဝေပုလ္လအား အကြံဉာဏ်တောင်းကြရာတွင်-

"ဒကာတော်စော်ဘွားကလေး ခမည်းတော်မှာသွားတဲ့စကားလည်း တည်လေအောင် မဟာဒေဝီကြီးနဲ့တကွ၊ အမတ်ကြီးများလည်း ကျေနပ်လေ အောင် ပထမစောမြတ်နှစ်နှင့် လက်ထပ်ပြီး ဟော်နန်းကိုသိမ်းရမယ်။ သိမ်းပြီး တဲ့နေ့မှာပဲ ပရိသတ်ရှေ့တွင် နှမတော်စောမြတ်နှစ်က သီလရှင်လုပ်လိုကြောင်း ခွင့်တောင်းရမယ်။ ခွင့်တောင်းတဲ့အခါ စော်ဘွားကလေးကလည်း ကြည်ဖြူစွာ ခွင့်ပေးရမယ်၊ စောမြတ်နှစ်အခွင့်ရလို့ အဝတ်လဲပြီးတဲ့အခါ အဆင်သင့် ဝှက်ထားတဲ့ ဒကာမ ထားထားကို စောမြတ်နှစ်က ရှမ်းမကလေးသဏ္ဍာန် ဆင်ပြီးလျှင် မောင်တော်အတွက်ဟော်နန်းမှာ မဟာဒေဝီတင်စရာ ညီမတော်

ဆက်သခဲ့ပါတယ်ဆိုပြီး ဆက်ခဲ့ရမယ်။ နောက်မှ ရှမ်းအစစ်မဟုတ်လို့ မဟာဒေဝီ မတင်ရဘူးဆိုလဲ ဘယ်သူ့ကိုမှ မတင်ဘဲ ထားထားကိုပင် ကိုယ့်စိတ်ထဲတွင် မဟာဒေဝီတင်လိုက်ပေတော့"

ဟု အကြံပေးသဖြင့် အားလုံးသဘောတူညီကြကာ ဟော်ရှိရာသို့ ပြန်လာကြလျှင် ဘုန်းတော်ကြီးမှာ ကျောင်းသို့ပြန်ကြွသော်လည်း ကျွန်တော့်မှာကား စော်ဘွားလေးကခေါ်သဖြင့် ဟော်သို့ လိုက်ခဲ့ရလေ၏။

နောက်တစ်နေ့နံနက်လင်းလျှင်ပင် စော်ဘွားကလေးခွန်ချီလည်း အမတ်ကြီးကိုခေါ်ကာ ဟော်သိမ်းမင်္ဂလာနှင့် လက်ထပ်ပွဲကျင်းပရန် အပူတပြင်း အစီအမံခိုင်းလေရာ အမတ်ကြီးမှာ အလွန်တရာသဘောကျဘိအလား၊ ကွမ်းတွေအပြည့်စားထားရာက သွားကြီးများ ပေါ်အောင်ပြုံးလျက် အတွင်းဆောင်မှ အမြန်ထွက်သွားပြီး မဟာဒေဝီကြီးကို ထိုအကြောင်းပြောကြားသောအခါ မဟာဒေဝီကြီးမှာလည်း မိမိလက်သုံးဆရာကြီးအစွမ်းကြောင့် စော်ဘွားကလေး ငန်းငန်းတက်ဖြစ်လာရပေသည်ဟု ရောမဝမ်းသာလုံးကြီးဆို့၍ နေလေတော့၏။

သို့သော် ဟော်သိမ်းမင်္ဂလာလက်ထပ်ပွဲကြီး ပြီးစီးသွားသောအခါ အချိန်းအချက်လုပ်ထားသည့်အတိုင်း နှမတော် စောမြတ်နှစ်ကခွင့်တောင်း၍ သီလရှင်ဘဝသို့ ခဏချင်းကူးလိုက်ပြီးလျှင် ခင်ခင်ထားကို ကိုယ်စားသွင်းသွားသောအခါ မဟာဒေဝီကြီးမှာ မိမိတို့ကို မလိမ့်တပတ်လုပ်ရကား မခံချိမခံသာဖြစ်လျက် ရှမ်းဆရာကြီးအား ကြိမ်းမောင်းဆူပွက်လေရာ ရှမ်းဆရာကြီးမှာ ရှက်ရမ်းရမ်းလျက် ခပ်ကြမ်းကြမ်းပြုစားလိုက်သလားမသိ၊ နောက်တစ်နေ့တွင် မဟာဒေဝီသခင်မကြီးမှာ လည်ပင်းတွင်ညှိသောလက်ရာကြီးနှင့် အိပ်ရာထဲတွင် သေဆုံးနေရှာသည်ကိုတွေ့ကြရလေလျှင် အားလုံးပင် ဝမ်းနည်းစွာ သင်္ဂြိုဟ်လိုက်ရလေ၏။

သို့နှင့် ကိုယ်စီ ကိုယ်စီ စိတ်အလို ကိုယ်၏ဆန္ဒပြည့်စုံသွားကြသောသူများအနက် စော်ဘွားကလေးခွန်ချီနှင့် ခင်ခင်ထားတို့ကား လောကီသားတို့

ဘာဝ ပျော်မဆုံး တပြုံးပြုံးရှိနေကြလေတော့၏။ ကျွန်တော်လည်း စော်ဘွားက လေးက သုံးလေးရက်မျှနေသွားရန် အတန်တန်တားထား၍နေရာမှ တစ်နေ့ သောအခါတွင် စော်ဘွားကလေးခွန်ချီသည် ကျွန်တော်ရှိရာသို့ရောက်လာပြီး-

"ဒါထက် ဆရာလေးရယ်၊ ဟိုအရုပ်ကလေးဟာ ရှိသေးသလား"

ဟု မေးလျှင် ကျွန်တော်လည်း ရှိသေးကြောင်းပြောပြမှ-

"ဒီအရုပ်ဟာ တော်တော်ထူးဆန်းတာပဲနော်၊ ဒါ ဘာအရုပ်ခေါ်သလဲ ဆရာလေးရဲ့"

ဟု လေးလေးတွဲ့တွဲ့မေးနေပြန်သဖြင့်-

"ဒီဟာ "ဂဝံရုပ်" ခေါ်တယ် တော်ကလေးရဲ့၊ ဂဝံသားပိုက်၊ ဂဝံ မျက်နှာဖုံးတဲ့၊ နှစ်မျိုးရှိတဲ့အနက်က ဒီအရုပ်က "ဂဝံမျက်နှာဖုံး" ခေါ်တယ်။ ပီယဘက်ကတော့ သွက်သွက်ခါအောင်ကောင်းတာကလား၊ ငရဲမကြောက်တဲ့ အောက်လမ်းဆရာများမှ သုံးဝံ့တယ် တော်ကလေးရဲ့"

ဟု ပြောလျှင် စော်ဘွားကလေးတွင် အတန်ကြာ အရုပ်ကိုကြည့် နေပြီး-

"ဂဝံရုပ်မှန်ရင် ခုလိုစွမ်းတာချည်းပဲလား ဆရာရဲ့"

ဟု တစ်ဆင့်တက်မေးသောအခါ-

"အရုပ်တိုင်းမစွမ်းပါဘူး၊ လုပ်ရာကိုင်ရာမှာ ကွာသေးတာကလား၊ ဂါထာတစ်လက် အင်းတစ်ကွက်တဲ့။ ကျကျနနလုပ်မိရင် ဘာမဆိုစွမ်းတာ ကလား၊ တချို့ ဂဝံရုပ်တွေလဲ စစ်ဘုရင်ခုံကအရုပ်လို ဘာမှအသုံးမကျ၊ ဒုံး အကြီးတွေပဲ။ တချို့ ဂဝံရုပ်များတော့လဲ အစီအမံနဲ့ အသက်သွင်းကောင်း တော့ အရုပ်က ရေငုတ်ခိုင်းရင်ငုတ်တယ်၊ အလှုပ်ခိုင်းရင်လှုပ်တယ်၊ ပီယနဲ့ ပတ်သက်ပြီး စေခိုင်းရင် တ,တိုင်းပြီးတဲ့ အသက်သွင်းနည်းကလဲ အမျိုးမျိုး ရှိတယ်။

အရုပ်လုပ်ရင်း ရွတ်ရတဲ့ဂါထာကတော့ မကြားဝံ့မနာသာတွေမို့ သေ သေချာချာမပြောပါရစေနဲ့၊ အဲဒီကပြီးမှ နတ်ရဲသစ်ပင်မှာ ယုတ်မာညစ်ပတ်တဲ့

ဂါထာစုတ်ရင်း အရုပ်အပြီးသတ်အောင်အချောကိုင်၊ နောက်ဆုံး အရုပ်ကို ပန်းခုနစ်မယ်ထည့်ပြီး နတ်ရဲသစ်ပင်မှာ ပုခက်သဖွယ် ယောင်ကြိုးကာ အသက်သွင်းဂါထာနဲ့ အရုပ်ကို အသက်သွင်းတယ်။

ဆရာလေးလဲ နည်းနည်းပါးပါးသိရအောင် စုံစမ်းမေးမြန်းထားလို့ သိရတာပဲ။ ဒီအောက်လမ်းအလုပ်တွေဟာ လုပ်မိရင် အင်မတန်အပြစ်လေးပြီး ငရဲဘေးကြီးသင့်လို့မဆုံးနိုင်တဲ့အတွက် သူတော်ကောင်းများ အလွန်တရာစက်ဆုပ်တယ် တော်ဘုရားကလေး၊ ဟောဒီအရုပ်ဟာလဲ ဂဝံမှာဖြင့် ဗိုလ်ဆွဲအောင် စွမ်းတဲ့အရုပ်နဲ့တူရဲ့၊ ကိုင်း ကိုင်း မိုက်မဲတဲ့လူများ မဆင်ခြင် မစဉ်းစားဘဲသုံးမိရင် ခများများ သံသရာဝန်လေးရှာ့မယ်၊ မီးထဲထည့်ပြီး ဖျောက်ဖျက်ပစ်လိုက်ပါတော့"

ဟု ပြောလိုက်သောအခါ စော်ဘွားကလေးလည်း တစ်ခါတည်း အရုပ်ကို ထက်ခြမ်းခွဲ၍ လှုံနေသောမီးဖိုထဲသို့ ထည့်လိုက်သဖြင့် ကျွန်တော်လည်း တဖြိုးဖြိုးတဖျတ်ဖျတ်တောက်လောင်ရာမှ တစ်စတစ်စ ပြာကျသွားသော အရုပ်ကိုကြည့်ပြီး အနိစ္စတရားကို ထင်မြင်မိလိုက်လေတော့သတည်း။

✦ ✦ ✦

# မှော်မျက်လုံး

## (၁၉၃၇-ခု၊ ဖေဖော်ဝါရီလတွင် ရေးသားသည်။)

ရှမ်းပြည်နယ်မြောက်ပိုင်း မီးရထားလမ်းတစ်လျှောက်ရှိ အရောင်းအဝယ်စည်ကား လူနေများသော မြို့ကြီး၊ မြို့ကလေးများတွင် ကျွန်တော်တို့ရောက်ရှိ စဉ်အခါက အတော်ထူးခြားသော သတင်းတစ်ရပ်ကြောင့် သမီးရှင်သားရှင်များမှာ အထိတ်တလန့် ကြီးလန့်စာစားဖြစ်နေရှာကြသည်ကို တွေ့ရလေ၏။

ထိုသတင်းကား အခြားမဟုတ်။ လက်ဝတ်လက်စား ပုတီး နားတောင်းဆွဲကြိုး ခြေချင်းစသည်တို့ကို ဝတ်စားထားသော ကလေး လူမမယ်ကလေးများနှင့် စိန်၊ ကျောက်၊ ပတ္တမြားစသော လက်ဝတ်လက်စားစသည်တို့ဖြင့် ဝတ်စားဆင်ယင်လေ့ရှိသော မိန်းမပျိုကလေးများမှာ လူကြီးမိဘအလစ်တွင် မကြာခဏပျောက်ကွယ်သွားလျက် လက်ဝတ်လက်စား ရွှေတိုငွေစများကို တစ်စုံတစ်ဦးက ချွတ်ယူလိုက်ကာ ကြိတိကြောင်တောင်နှင့် လူလုံးကြီးသာပြန်လာတတ်ကြသည့်အတွက် သားရှင်၊ သမီးရှင်များတွင် လက်သည်မပေါ်ဘဲ ပစ္စည်းဆုံးကြရသည့်အပြင် ပျောက်သွားရာက အလိုအလျောက်ပြန်ရောက်လာကြသော ကလေးများမှာလည်း အာစေးထည့်ထားဘိအလား မည်သူကခေါ်သွားပြီး ပစ္စည်းကို မည်သူက ချွတ်ယူလိုက်သည်ဟု ကျနစွာမပြောနိုင်၊ လူကြီးမိဘတို့က မေးမြန်းစုံစမ်းသောအခါမှာလည်း နယီးနယား ဝေ့လည်ကြောင်ပတ်နှင့် မည်ကဲ့

သို့ဖြစ်ခဲ့ပျက်သည်ဟု တတ်အပ်သေချာ မပြောနိုင်ဘဲရှိကြပြီးလျှင် ပြန်ရောက်လာသည့်နေ့ကစပြီး အမူအရာ တစ်မျိုးကြီးဖြစ်လုက် ကြောင်တက်တက်နှင့် မှိုင်းငွေ့မိသူအလား အထူးခြားနားနေတော့ကြောင်းများ ကြားရခြင်းဖြစ်ပေ၏။

တစ်မြို့လုံးတွင် သုံးလေးဦး ဆက်ကာဆက်ကာ အထိခံလိုက်ရပြီးနောက် နောက်တစ်မြို့သို့ရောက်လာပြန်ပြီး ထိုမြို့တွင်လည်း လေးငါးဦး အထိခံရပြီးမှ အခြားမြို့သို့ရောက်လာပြန်လျက် အဆိုပါ မီးရထားမြို့ကြီးများအစွန်ဆုံးဖြစ်သော လားရှိုးတွင် အဆိုပါအန္တရာယ်သင့်နေကြဆဲ ကျွန်တော်သည် ဘွားခနဲ ထိုသတင်း ကိုဝင်၍တိုးမိခြင်းဖြစ်လေ၏။ ကျေးဇူးရှင်ဆရာကြီးကား သိန္နီမြို့ တောရကျောင်း ဘုန်းကြီးဦးဂါယာမထံတွင် တပည့်ငယ်တစ်ယောက်နှင့် နေရစ်၍ ကျွန်တော်အား လားရှိုးမြို့သို့ ကိစ္စတစ်ခုဖြင့် စေလွှတ်လိုက်ခြင်းဖြစ်လေရာ တပည့်ငယ်တစ်ယောက်နှင့်အတူ ကုန်တိုက်စာရေးကြီး ဦးလာဘဆိုသူ၏နေအိမ်တွင် တည်းခိုနေထိုင်လျက်ရှိသဖြင့် ထိုသတင်းများကို တစ်နေ့လျှင် တစ်ကြိမ်၊ နှစ်ကြိမ်မျှ သုံးလေးရက်ဆက်၍ ကြားသိရလေရာ ကျွန်တော်လည်း အဘယ်ကဲ့သို့သောနည်းများပါလဲဟု စဉ်းစားခန်းဝင်ဆဲရှိပေ၏။

ကျွန်တော် တည်းခိုနေထိုင်သော ဦးလာဘ၏အိမ်မှာလည်း ဦးလာဘ၏သမီးကလေး၊ သားကလေးများ ငါးယောက်မျှရှိပြီး သမီးအကြီးကလေးနှင့် သားအကြီးကလေးမှာ လူပျိုပေါက် အပျိုပေါက် အရွယ်ကလေးများဖြစ်၍ အငယ်ဆုံးသုံးယောက်မှာ ဘုစုခရုကလေးများဖြစ်ကြလေရာ စာရေးကြီးကတော် ဒေါ်အုံးခင်မှာ မြို့ပေါ်တွင်ဖြစ်ပေါ်နေသော သတင်းများအရ သားသမီးများကို အထူးစိတ်မချသဖြင့် အိမ်ထဲက အိမ့်ပြင်ကိုပင်မထွက်ရအောင် ဂရုတစိုက် ထိန်းသိမ်းစောင့်ရှောက်နေပြီးလျှင် လက်ဝတ်လက်စားဆို၍လည်း ရွှေတစ်ပဲသားမျှ ဆွဲဆင်ပေးထားခြင်းမရှိသဖြင့် ကလေးများအတွက် စိုးရိမ်ရန်မရှိသကဲ့သို့ ဖြစ်သော်လည်း ဒေါ်အုံးခင်မှာ စိုးရိမ်ကြောက်လန့်တတ်သော မိန်းမကြီးတစ်ယောက်ဖြစ်သောကြောင့် သားသမီးများကို မျက်စိအောက်က အပျောက်ခံသူမဟုတ်ပေ။

သို့နှင့်လည်း ဒေါ်အုံးခင်မှာ ၎င်း၏ရင်သွေးများအတွက်သာ စိုးရိမ်ကြီးစွာ ကာကွယ်နေသည်မဟုတ်ဘဲ သူတစ်ထူး၏သားသမီးများအတွက်ကိုလည်း စိုးရိမ်ကြောင့်ကြကြီးတတ်သူဖြစ်သောကြောင့် သတိပေးခြင်း၊ မေးမြန်းစုံစမ်းခြင်းပြုနေတတ်လျက် ထိုသတင်းကိုပင် နားစွင့်နေသူဖြစ်လေရာ တစ်နေ့တွင်-

"ကိုလာဘရေ . . . တောင်ရပ်ထဲက ကိုဘိုးမြရဲ့ သမီးကလေးတစ်ယောက် ပျောက်သွားပြန်ပြီတဲ့၊ ရွှေနားသံသီးကလေးနဲ့ ရွှေလက်ကောက်ကလေးတစ်ရန်၊ ကျောက်နီလက်စွပ်ကလေးတစ်ကွင်းလဲ ပါသွားတယ်ဆိုပဲ"

ဟူ၍လည်းကောင်း-

"ဈေးနားက ကိုညွှန့်၊ မလှကြည်တို့သမီးကလေး ပျောက်သွားတာလဲ မနေ့ကမှ နားယောင်၊ ပါးလည်နှင့် ပြန်ရောက်လာပြီး လက်ဝတ်လက်စားတွေတော့ မပါလာဘူးတဲ့။ မေးလိုက်ရင်လဲ ဘယ်သူခေါ်သွားပြီး ဘယ်လိုဖြုတ်ယူလိုက်သလဲ မေးတာလဲ မပြောနိုင်ဘူးတဲ့"

ဟုလည်းကောင်း-

"ကျောင်းဒကာ ဦးရေချမ်းရဲ့သားကလေး မောင်စောမောင်ဆိုတာလဲ စာတိုက်ကို ငွေငါးရာ မန်နီအော်ဒါလွှဲဖို့လွှတ်လိုက်တဲ့ဟာ နှစ်ရက်လုံးလုံးအိမ်ပြန်မလာဘူးဆိုပဲ။ ကျောင်းဒကာ ဦးရေချမ်းတော့ ဒီသားကလေးတစ်ယောက်အားကိုးလက်ရုံးပြုမယ်ကြံကာရှိသေးလို့ စိတ်မအေးရှာဘူးတဲ့။ ဒီသူငယ်လဲ ကေန္တ ဟိုရန်သူရဲ့လက်ချက်ပဲထင်တယ်၊ ကောင်လေးက မဟုတ်မခံမို့ တခြားကလေးလို အေးအေးနဲ့ ပြန်မလွှတ်ဘဲ သတ်ပြုပစ်မှာ စိုးရိမ်စရာကောင်းတယ်တဲ့"

ဟုလည်းကောင်း၊ ကြားသမျှအကြောင်းတို့ကို ဇစ်ဆင့်ဖောက်သည်ချကာ သူ၏သားသမီးများကိုလည်း-

"ဟဲ့ မောင်ထွေး . . . အပြင်ကိစ္စရှိလို့သွားရင် အဖော်ခေါ်သွားနော်၊ ပိုက်ဆံဆိုလို့လဲ အိတ်ထဲ ကြေးပြားတစ်ပြားမှ ထည့်မသွားလေနဲ့၊ ကြည်ကြည်

တို့ လှလှတို့လဲ ကျောင်းသွားရင် မုန့်ဖိုးမယူရဘူးနော်၊ အိမ်က ဖလပ်ရှုနဲ့ ကော်ဖီဖျော်ထည့်ပေးလိုက်တာကို သောက်ကြရမယ်၊ ဟိုမှာ မုန့်ဝယ်စားမယ့်အစား ပေါင်မုန့်ထောပတ်သုတ်နဲ့ ငှက်ပျောသီးတို့၊ ချောကလက်တို့ မေမေထည့်ပေးလိုက်မယ်၊ ကျောင်းဆင်းချိန်လဲ ကျောင်းထဲက အပြင်ကိုမထွက်ကြနဲ့နော်၊ တော်တော်ကြာ ငါ့သား၊ ငါ့သမီးများ လူဆိုးဖမ်းသွားလိမ့်မယ်။ ကလေးတွေကို ချော့ဖမ်းနေတဲ့ လူဆိုးကြီးဆိုတာ မေမေတို့မြို့ရောက်လာပြီ။ ဒါကြောင့် ခုတလော ကလေး နှစ်ယောက်သုံးယောက် မြို့ပေါ်မှာ နေ့စဉ်ပျောက်နေတာနဲ့ တစ်မြို့လုံး ကြွက်ကြွက်ဆူနေပြီ၊ မင်းတို့လဲ သတိထား၊ အမှတ်တမဲ့မနေကြနဲ့၊ ဘယ်သူက ခေါ်ခေါ် လိုက်မသွားနဲ့နော်"

ဟူသော စကားများကိုသာ ကြားနေရသဖြင့် ကွန်တော်ပင် ထိုလူဆိုးကြီးဆိုသူကို ကြောက်ချင်သလိုလိုဖြစ်လာမိမလောက်ရှိခဲ့လေရာ ငယ်ရွယ်သူကလေးသူငယ်တို့မှာမူ အသည်းငယ်တတ်သော အချိန်အရွယ်တွင်ရှိကြသေးသဖြင့် ဒေါ်အုန်းခင်ထံမှ နေ့စဉ်နှင့်အမျှ ကြားသိရသော သတင်းများကြောင့် အစားပျက်၊ အအိပ်ပျက်ဖြစ်အောင်ပင် ကြောက်ရွံ့ရှာကြသည်ကို တွေ့ရပြီးလျှင် တစ်မြို့လုံးတွင်လည်း ထိုလူဆိုးကြီးအကြောင်းကိုသာ ပြောနေကြပြီး အလန့်ကြီးလန့်ထိတ်၍ နေဝင်လျှင် တံခါးပိတ်ကြသောကြောင့် တစ်မြို့လုံး တိတ်ဆိတ်ခြောက်ကပ်နေတော့သည်ကို တွေ့ရပါ၏။ ညညတွင် စောင့်ရှောက်လှည့်မြဲဖြစ်သော ညဥ့်ပတ်တရောင်များမှာလည်း အဆိုပါလူဆိုးကြီးကို ကာကွယ်ရန် စန် ဒရီလုပ်ကာ နံပါတ်တုတ်တကိုင်ကိုင်နှင့် လမ်းတကာတွင် လှည့်ပတ်စောင့်ကြပ်နေရုံမက နောက်ဖေးလမ်းကြား ခြံကြိုခြံကြားများကိုလည်း အထူးစောင့်ရှောက်နေကြရလေ၏။

မြောက်ပိုင်း ရှမ်းပြည်နယ် မီးရထားလမ်းတစ်လျှောက်တွင် ကလေးတွေ ပျောက်သောဂဲ့စွနှင့်စပ်လျဉ်း၍ လျှို့ဝှက်သော လူဆိုးကြီးတစ်ဦးသောင်းကျန်းနေခြင်းမှာ အတော်ပင် ဆူပူတုန်လှုပ်လာသောကြောင့် မြို့ခံ ရွာခံ ပုလိပ်တို့ မှာ တကြိတ်ကြိတ်စုံစမ်းထောက်လှမ်းခဲ့ကြသော်လည်း အဆိုပါလူဆိုးကြီး၏ အရိပ်အယောင် သဲလွန်စကလေးကိုမှ မရခဲ့ကြသည့်အပြင် လက်ဝတ်လက်

စားများချွတ်ယူပြီး ပြန်လွှတ်လိုက်ခြင်းခံရသော ကလေးများကို ကြိုးကြိုးစားစား မေးမြန်းစိစစ်၍လည်းမရ။ ကလေးများကလည်း သေချာဂဏမပြောနိုင်။ လူဆိုးကြီးလက်က ပြန်လာသမျှ ကလေးတို့မှာ အာစေးထည့်ထားဘိအလား အခြားနေရာတကာတို့၌ လူသွက်၊ စကားသွက် လုပ်နိုင်လေသမျှ လူဆိုးကြီး အကြောင်း စုံစမ်းလိုက်သောခဏ၌ ဆွံ့အထိုင်းမှိုင်းသွားတော့ကာ ငိုက်မျဉ်း တွေဝေ၍သာနေရှာကြသည်ကို တွေ့ရသောကြောင့် စုံထောက်နှင့် ပုလိပ်များ မှာ အဆိုပါလူဆိုးကြီးအား အဘယ်ကဲ့သို့ ဖမ်းမိအောင် ကြိုးစားရမည်ကို တွေးရုံမျှမတွေးနိုင်သေးဘဲ လူဆိုးကြီး ဘယ်သူဖြစ်၍ ဘယ်အရပ်တွင်နေထိုင် ပြီး ပုံပန်းသဏ္ဌာန် အဘယ်နည်းဟူ၍မျှ လူပုံစံထုတ်မရဘဲရှိကြလေ၏။

ကလေးပျောက်များမှာ နေ့စဉ်နှင့်အမျှ တစ်နေ့လျှင် တစ်ကြိမ် နှစ်ကြိမ် သုံးကြိမ်အထိ ကြားခဲ့ရာ ပျောက်သမျှသောကလေးတို့မှာ တစ်ရက် ကြာလျှင် အလိုအလျောက် အိမ်ပြန်လာတတ်လျက် အလွန်ဆုံး အချို့ကလေး များမှာ နှစ်ရက်သာကြာပြီး ပြန်ရောက်လာတတ်ခဲ့ကြရာ ကျောင်းဒကာ ဦးရေချမ်း၏သား ငွေငါးရာနှင့်ပျောက်သွားသော မောင်စောမောင်မှာ ငါးရက် ကြာသည့်တိုင်အောင် မပေါ်လာဘဲနေသဖြင့် ကျောင်းဒကာ ဦးရေချမ်းမှာ အားကိုးရတော့မည့် အညွန့်အညှောက်ဖြစ်သော သားလူပျိုပေါက်ကလေး အတွက် သောကမအေး ပူဆွေးစိုးရိမ်ကာ တပည့်လက်သားများကို မြို့ထဲ၊ အရပ်ထဲနှင့် မြို့စွန်မြို့ဖျား ရထားလမ်းတစ်လျှောက်မကျန် အရေးတကြီး ပြောင်းဆန်အောင် ရှာဖွေရန်စေလွှတ်ထားပြီး ပုလိပ်နှင့် စုံထောက်များကိုလည်း တိုင်တန်း၍ အထူးစုံစမ်းစေလျက်ရှိလေရာ ကျွန်တော်တည်းခိုသော အိမ်ရှင် စာရေးကြီးကိုလာဘမှာလည်း ကျောင်းဒကာကြီး ဦးရေချမ်းနှင့် မနိုင်ရည်ငံ ချစ်ခင်ကြရုံမျှမက ၎င်း၏သမီးအကြီးကလေး ကြည်ကြည်နှင့်ပင် ပျောက်ဆုံး သွားသော ကျောင်းသားကလေး မောင်စောမောင်နှင့် လက်ဆက်ပေးစားရန် လူကြီးချင်း ကတိခံပြီးသူများဖြစ်ကြောင်းသိရကား ကျွန်တော့်ကိုပါ ခေါ်သွားလျက် ကျောင်းဒကာ ဦးရေချမ်းထံသို့ မေးမြန်းစုံစမ်းရန် ရောက်လာခဲ့သောအခါ ဦးရေချမ်းမှာ သားကလေးအတွက် ရတက်မအေးတိုင်း မျက်နှာအိုအိုရှိရှာ တော့လျက်-

"ခက်တာပဲ ကိုလာဘရယ်၊ ကျုပ်သားကလေး အသက်နဲ့ကိုယ်နဲ့မှ မြပါဦးမလား၊ မတော်တဆ သားကလဲ မဟုတ်မခံ ဉာဏ်မျက်စိကလေးနည်းနည်း ပွင့်တော့ သူ့ကိုဖမ်းသွားတဲ့ လူဆိုးနဲ့ တစ်ခုခုဖြစ်ပြီး လက်လွန်ခံရလို့သာ ပြန်မရောက်တာပဲလို့ ထင်တယ်ဗျာ။ သူကိုစာတိုက်ခိုင်းမိတာ ကျုပ်သိပ်မှားတာပဲ"

ဟု ညည်းညူခြင်းကြောင့် ဦးလာဘကလည်း -

"ဟုတ်တယ်ဗျ ကျောင်းဒကာ၊ သူ့ကို ခိုင်းလိုက်လို့သာ ဒီလူဆိုးနဲ့ တွေ့သွားတာပဲ"

ဟု ထောက်ခံလိုက်ပြန်ရာ ဦးရေချမ်းမှာ သာ၍မှိုင်ကျသွားလျက်-

"ကျုပ်လဲ ဒီလူဆိုး၊ ဒီမြို့ရောက်ပြီး ကလေးတွေ ပျောက်နေတဲ့ သတင်းကြားလို့ ခိုင်းခါနီးတုန်းက နည်းနည်းတော့ စဉ်းစားလိုက်မိသားပဲ သို့ပေမယ့် လူကလေးက လူပျို လူရွယ်ကလေးဖြစ်လာလို့ ကလေးမှမဟုတ်ဘဲလေ၊ ကိစ္စမရှိပါဘူးလို့ စဉ်းစားပြီးမှ ခိုင်းလိုက်မိတာ ကျုပ်ဆီမှာလဲ လူကလေးတစ်ယောက်သာ အင်္ဂလိပ်စာတတ်လေတော့ စာတိုက်ကငွေပို့၊ ငွေယူ ကိစ္စများ၊ သူ့ကိုပဲခိုင်းနေရတာလားကိုလာဘရယ်၊ ခုတော့ ဒုက္ခပေါ့"

ဟု ပြောပြီးသက်ပြင်းကြီးရှုကာ မှိုင်နေသောကြောင့် ဦးလာဘနှင့် ကျွန်တော်တို့လည်း ဦးရေချမ်းအား အပူမှသက်သာစေခြင်းငှာ၊ အားပေးစကားများပြောကြားပြီးလျှင် အတန်ကြာမှ နေအိမ်သို့ပြန်လာခဲ့ကြရာ ဒေါ်အုန်းခင်မှာလည်း "အိမ်ရှေ့ပူ၊ အိမ်နောက်မချမ်းသာ" ဆိုဘိအလား အကျိုးအကြောင်းများ ဆီးကြိုမေးမြန်းလျက်နေလေရာ ကြည်ကြည်မှာလည်း အပျိုပေါက်ကလေးပင် ဖြစ်လင့်ကစား လူကြီးများစီမံထားသော ကိစ္စကိုသိရှိလျက် မိမိတို့ချင်းနှစ်သက်ကျေနပ်နေဘိအလား၊ မျက်နှာထားများ မကောင်းရှာဘဲ စာကျက်သောစားပွဲတွင် ခပ်မှိုင်မှိုင်ကလေးမှိုင်နေသည်ကို တွေ့ရလေ၏။

ဦးလာဘနှင့် ဦးရေချမ်းတို့မှာ ထိုအရပ်ဇာတိများဖြစ်ကြလျက် နှစ်ဦးနှစ်ဖက်လုံးမှာပင် မြန်မာစစ်လည်းမဟုတ်၊ ရှမ်းစစ်စစ်လည်းမဟုတ်ကြဘဲ၊ မြန်မာနှင့်ရှမ်းကပြားများသာဖြစ်ကြပြီးလျှင် မိဘဘိုးဘွားအငုတ်အရင်းများ

ကြောင့် ပစ္စည်း၊ ဥစ္စာ၊ လယ်ယာ၊ ခြံမြေ၊ ရွှေ၊ ငွေ၊ စိန်၊ ကျောက်တို့ဖြင့် ပြည့်မောက်ချမ်းသာကြသော သူများဖြစ်ကြသည်ကိုတွေ့ရှိရပြီးလျှင် အထူးသဖြင့် ဦးရေချမ်းမှာ တစ်ယောက်တည်းသောသားအတွက် ရပ်တည်ရာမရအောင်ရှိရသလောက် ဦးလာဘတို့မှာလည်း နှမြောတသ၍မပြီးနိုင်ရှိလေ၏။

သို့နှင့် နောက်ဆုံးစုံစမ်းရရှိသောသတင်းမှာ စာတိုက်မှ ငွေလွှဲဘက်ဆိုင်ရာ မန်နီအော်ဒါစာရေးထံမှ၊ ထိုနေ့က မောင်စောမောင် ငွေပို့ရန်လာကြောင်း၊ မန်နီအော်ဒါပုံစံတွင် ပို့လိုသော ငွေငါးရာကို လိပ်စာနှင့်တကွ ရေးနေစဉ် သူ၏ အနီးသို့ ကုလားဘုန်းကြီးလိုလို၊ ယောဂီသွေးဝတ်ရုံ၍ ထွေးတွန့်လိမ်ရာက ချပ်ပြားကြီးတမျှ ဖြစ်နေသော ဆံပင်မုတ်ဆိတ်တို့ဖြင့် မျက်နှာတွင်ပြာတွေ လူးထားသူတစ်ယောက် ရောက်လာပြီး မောင်စောမောင်ကို ကုလားဘာသာနှင့်စကားတစ်ခွန်းနှစ်ခွန်း ပြောလိုက်သည်ကို မလှမ်းမကမ်းမှ မြင်လိုက်ရကြောင်း၊ မောင်စောမောင်ကလည်း ထိုကုလားယောဂီလိုလို ကုလားဘုန်းကြီးလိုလိုလူအား စကားတစ်ခွန်း နှစ်ခွန်းပြန်ပြောသည်ကို မြင်ရကြောင်း။ ထို့နောက် ကုလားဘုန်းကြီးထွက်သွားပြီး မောင်စောမောင်လည်း သူရေးထားသော မန်နီအော်ဒါစာရွက်ကို ပျဉ်တန်းကလေးပေါ်တွင် ချထားခဲ့လျက် ကသုတ်ကသက် အရေးတကြီးထွက်သွားသည်ကို တွေ့လိုက်ရကြောင်းနှင့် ကြားရပြီးလျှင် ၎င်းစာတိုက်စာရေးကလေးမှာလည်း မောင်စောမောင်နှင့် များစွာ ခင်မင်ရင်းနှီးစွာ မပေါင်းဖူးသည်တိုင်အောင် ငွေပို့ငွေယူ အလုပ်များနှင့် ပတ်သက်၍ နေ့စဉ်လိုလို တွေ့မြင်ဆက်ဆံနေရသူဖြစ်ခြင်းကြောင့် တစ်ယောက်နှင့်တစ်ယောက် အတော်ပင် မျက်မှန်းတန်းမိနေသူဖြစ်ကြောင်း၊ သိရှိရသောကြောင့် ပုလိပ်နှင့်စုံထောက်တို့လည်း မောင်စောမောင်ပျောက်ဆုံးနေခြင်းမှာ အဆိုပါကုလားဘုန်းကြီးနှင့် ဆက်သွယ်မည်အထင်ရှိရုံမျှမက ယခုတလော ခေတ်ထသောင်းကျန်းနေသော လူဆိုးကြီးမှာ တိုကုလားဘုန်းကြီးပင်ဖြစ်လေမည်လားဟု ယုံမှားသံသယမကင်းဖြစ်လာကြကာ အနှံ့အပြား လိုက်လံရှာဖွေကြပြန်လေ၏။

ယင်းသို့ အပူတပြင်း အရေးတကြီး ရှာဖွေနေသော်လည်း အဆိုပါ ဘုန်းကြီး၏ အရိပ်အစကိုမျှ မတွေ့ကြရတော့သည့်အပြင် စျေးအနီးမှပင် ကလေးနှစ်ယောက် ထပ်၍ ပျောက်ပြန်လေရာ ကုလားဘုန်းကြီး မရှိတော့ဘဲ ကလေးပျောက်သည်မှာ ထိုကုလားဘုန်းကြီးအပေါ် တွင်လည်း တစ်ထစ်ချမစွပ် စွဲနိုင်သကဲ့သို့ရှိပြန်လေတော့၏။ ကျွန်တော်လည်း ထိုကိစ္စနှင့် ပတ်သက်၍ စုန်း၊ နတ်၊ တစ္ဆေ၊ ကဝေ၊ မှော်စသည်တို့နှင့် အနည်းငယ် အကျုံးမဝင် လူဆိုး လူမိုက်၊ သူခိုးကြီးများ တစ်နည်းတစ်လမ်းအားဖြင့် စီးပွားရှာကြသည်ဟူ၍သာ အမှတ်မဲ့ ပေ့ါပေ့ါဆဆနေမိခဲ့ပြီးလျှင် အိမ်ရှင်ဦးလာဘကလည်း လူဆိုး၊ သူခိုး တို့နည်းအတိုင်းသာ ထင်ခဲ့ခြင်းကြောင့် အမှတ်မဲ့အချိန်ကုန်ခဲ့ရာက နောက် တစ်နေ့တွင် ကျောင်းဒကာဦးရေချမ်းအိမ်မှ လူတစ်ယောက် ကပျာကယာ ပြေးလာပြီး ဝမ်းသာအားရနှင့် . . .

"စာရေးကြီးခင်ဗျာ ကျောင်းဒကာကြီးက အခေါ် လွှတ်လိုက်ပါ တယ်။ မောင်စောမောင်ပြန်ရောက်လာပြီခင်ဗျ"

ဟု အူယားဖားယားပြောလိုက်သဖြင့် ဦးလာဘလည်း ဝမ်းမြောက်ဝမ်း သာနှင့်ပင် -

"ဩော် အခု မောင်စောမောင် ပြန်ရောက်လာပြီလား၊ ဝမ်းသာလိုက် တာကွယ်၊ တို့တော့ အသက်ရှိတော့ဘူး ထင်နေတာကလား"

ဟု ပြောပြီးလျှင် ကျွန်တော့်ကိုလည်း အတူလိုက်ရန် ခေါ်သည်နှင့် ဦးလာဘနှင့်အတူ ကျောင်းဒကာဦးရေချမ်းထံသို့ နောက်တစ်ကြိမ် လိုက်ရ ပြန်လေ၏။

ကျွန်တော်လည်း ဦးလာဘနှင့်အတူ အိမ်တွင်းသို့ ဝင်မိလျှင်ပင် ဦးရေချမ်းမှာ ရောက်လာသော သားအတွက် ဝမ်းမြောက်ဝမ်းသာ ပြာလောင် ခပ်နေရှာသည်ကို တွေ့ရလေ၏။

"ကိုလာဘရေ မောင်စောတစ်ယောက် သူ့ဘာသာသူပြန်ရောက်လာ တယ်"

ဟု ပြောလိုက်သဖြင့် ဦးလာဘလည်း မောင်စောမောင်အနီးသို့ ဝင်ထိုင်ကာ -

"ဩော် ငါ့တူကြီး ပြန်ရောက်လာပြီလား၊ ဦးတို့ဖြင့် စိတ်ပူလိုက်တာကွယ်၊ ခုလို ချောချောမောမောပြန်လာတာ တွေ့ရတဲ့အတွက် သိပ်ဝမ်းသာမိတယ်"

ဟု ကျောသပ်ခေါင်းသပ်နှင့် ပြောလေလျှင် မောင်စောမောင်လည်း ဦးလာဘကို ပြုံးပြုံးကြီးပြန်ကြည့်လျက် ရှိရာက နှုတ်သွက်လျှာသွက်နှင့်ပင်

"ဒေါ်ဒေါ်နှင့် ကြည်ကြည်တို့ကော မပါဘူးလား ဦးရဲ့။ ဒီကအစ်ကိုကတော့ ဦးနဲ့ ဘာတော်ပါလိမ့်။ အရင်က ဒီမြို့မှာ မမြင်ဖူးပါလား ခင်ဗျာ။ တစ်မြို့ကလာတာထင်ပါရဲ့"

ဟု လေဖော့ဖော့နှင့် ပြောလိုက်သဖြင့် ဦးလာဘကလည်း

"အေး မင်းဒေါ်ဒေါ်နဲ့ ကြည်ကြည်လည်း မင်းပြန်ရောက်လာပြီကြားရလို့ ဝမ်းသာအားရဖြစ်နေကြတယ်။ လိုက်လာမလို့ပဲကွဲ့၊ အိမ်မှာ ကလေးတွေ ချည်းမို့ စိတ်မချတာနဲ့ နေရစ်ခဲ့ကြတယ်။ ဟောဒါက ဦးတို့နယ်မှာ ကြွရောက်လာတဲ့ အထက်လမ်းဆရာကြီးရဲ့ တပည့်ကြီး ဦးကိုကိုလေးဆိုတာပေါ့ကွယ်။ ဟိုတလောက နောင်မွန်စော်ဘွားကလေးစောခွန်ချီကို ပယောဂဖမ်းစားစဉ်က ကယ်ဆယ်လိုက်တဲ့ ကျေးဇူးရှင်များပေါ့"

ဟုပြောလေရာ မောင်စောမောင်မှာ သွက်လက်ချက်ချာလှသော သူငယ်ကလေးတစ်ဦးဖြစ်သည့်အားလျော်စွာ ကျွန်တော့်အနီးသို့ တိုးလာပြီးလျှင်

"ဩော် တွေ့ရတာ ဝမ်းသာလိုက်တာခင်ဗျာ၊ ကျွန်တော်လည်း တော်ဘုရားလေးကိစ္စတုန်းက ကြားဖူးတာနဲ့ အင်မတန်တွေ့ချင်နေတာ ခုလို အဆင်သင့်လာတွေ့ရတော့ သိပ်ဝမ်းသာတာပဲ ဆရာရယ်"

ဟု အားရပါးရ ပြောရင်းပင် အိမ်တွင်းသို့ လှည့်ကာ

"အမေရေ အို အမေ၊ ဒီကဆရာတို့စားစရာများ ပြန်ကျွေးပါဦး အမေရဲ့"

ဟု ဖော်ဖော်ရွေရွေပြုကာ စီးကရက်ဘူးများကိုလည်း ပျာယီးပျာယာနှင့် ကိုယ်တိုင်ထယူပြီး ဝတ္တရားကျေပြွန်စွာ ဧည့်ခံလေရာ ကျွန်တော်ကလည်း

"နေပါစေ နေပါစေ၊ ဒုက္ခမရှာပါနှင့် ငါ့ညီရယ်၊ စကားပြောမှာသာ ဖြောင့်ဖြောင့်ပြောပါ။ ဆရာ့အတွက် ဘာမှ အပူမရှာပါနဲ့"

ဟု တားမြစ်သည့်တိုင်အောင်

"ဟာ မဟုတ်တာပဲဆရာရယ်။ ကြုံကြိုက်လို့ လာလည်တဲ့အခါကလေး ပြုစုရတာ ဒုက္ခမဟုတ်ပါဘူး"

စသည်ဖြင့် ပြုငှာလောကဝတ်ကျေစွာ ဧည့်ခံလျက်ရှိလေရာ ဦးရေချမ်းနှင့် ဦးလာဘတို့မှာ မောင်စောမောင် လောကွတ်ကျေနေသည်ကို နှစ်သက်အားရသဘောကျ၍ တပြုံးပြုံးကြည့်နေကြရာက ဦးလာဘကပင် စတင်၍

"ဩော် ဒါနဲ့မောင်စောမောင်ရေ ပြောစမ်းပါဦးကွယ်။ မင်းဘယ်အထိရောက်ခဲ့ပြီး ဘယ်ခရီးက ပြန်လာတယ်ဆိုတာ၊ နို့ပြီး ငွေငါးရာကော ဘယ်မှာလဲ။ မင်းကို ဘယ်လိုလူက ဖမ်းခေါ်သွားတာလဲကွဲ့"

ဟု စတင်မေးမြန်းလိုက်သောအခါ လူသွက်လျှာသွက်ကြီး လုပ်ခဲ့သော မောင်စောမောင်မှာ ပါးစပ်ဟောင်းလောင်းသားနှင့် ရုတ်တရက်အံ့အားသင့်သလို ငေးနေပြီး ဦးလာဘကိုပင် ပြူးကြောင်ကြောင်ကြီး ကြည့်နေသောကြောင့် ဦးရေချမ်းကပါဝင်ပြီး

"သားရဲ့ ဘာငေးနေတာလဲ။ မင်းဦးမေးနေတာပြောလေ။ အဖေလည်း မင်းဘယ်လိုဖြစ်တယ်ဆိုတာ ဝမ်းသာတာနဲ့ မမေးရသေးဘူး"

ဟုပြော၍ ကျွန်တော်ကလည်း

"ဆရာလည်း ကြားစမ်းပါရစေဦး မောင်စောမောင်ရဲ့ ဖြစ်ပျက်ခဲ့တာတွေ ပြောပြစမ်းပါ"

ဟု ထောက်ခံကာ ဦးလာဘကိုယ်တိုင်ကလည်း နောက်ထပ်ပြီး

"ကဲ ပြောစမ်းပါ မင်းကို ဘယ်လူက ခေါ်သွားသလဲ၊ ဘယ်ရောက်ခဲ့သလဲ။ ခုပြန်တာကော လူဆိုးကြီးက ပြန်လွှတ်လိုက်တာလား၊ မင်းသဘောနဲ့ မင်းပြန်ခဲ့တာလား ငွေငါးရာကကော ဘယ်တုန်းက လုယူတာလဲ"

ဟုမေးလျှင် မောင်စောမောင်မှာ ခေါင်းကို တွင်တွင်ခါလျက် ဖြည်းလေးနှေးကန်စွာနှင့်ပင်

"ဟင့်အင်း ကျွန်တော်ဘယ်သွားလို့ ဘယ်လူနဲ့ တွေ့ရမှာလဲ။ ကျွန်တော်ဒီအိမ်ထဲမှာ နေတာပဲ။ ဘယ်လူကမှလည်း မခေါ်ပါလား"

ဟု အထစ်ထစ်နှင့်ပြောနေရာ ဦးလာဘမှ မရိုးမရွဖြစ်လာဘိအလား

"မဟုတ်ဘူးလေ၊ မောင်စောမောင် ဒီနေ့ဘယ်ကပြန်လာသလဲ"

စော ။ ။ "ကျွန် ကျွန်တော် ဟိုနားကပေါ့၊ ဒီမှာထိုင်နေတာပဲ"

ဘ ။ ။ "ဘယ်ဟိုနားကလည်းကွဲ့၊ မင်းဘယ်ကပြန်တာလဲ"

စော ။ ။ "ဟိုက ဟိုအဝေးကြီး"

ဘ ။ ။ "ခက်ပါပြီ။ နို့ဘယ်သူက ခေါ်သွားလို့လဲ"

စော ။ ။ "ကျွန်တော်က ခေါ်သွားတာလေ"

ဘ ။ ။ "အင်း ကျွန်တော်က ဘယ်သူ့ကို ခေါ်သွားသလဲ"

စော ။ ။ "ကျွန်တော့်ကိုလေ"

ဘ ။ ။ "ဟာ မဟုတ်သေးပါဘူး။ ဘယ်ကိုသွားပြီး ဘာလုပ်သလဲ"

စော ။ ။ "ဘယ်မှမသွားဘူး၊ ဘာမှလည်း မလုပ်ဘူး"

ဘ ။ ။ "ခက်လိုက်တာနော်၊ ငွေငါးရာကောစာတိုက်ပို့ဖို့ ယူသွားတဲ့ ငါးရာလေ"

စော ။ ။ "ဟို သေတ္တာထဲမှာ ငွေငါးရာမကဘူး၊ ငါးသောင်းလောက်ရှိတယ်"

ဘ ။ ။ "ဟို သေတ္တာထဲကဟာ မေးတာမဟုတ်ဘူး၊ မင်းယူသွားတဲ့ ငွေငါးရာကို မေးတာ"

စော ။ ။ "ဩော် ဒါလား"

ဘ ။ ။ "အေး အဲဒီငွေငါးရာဘယ်မှာလဲ"

စော ။ ။ "မသိဘူး"

ဘ ။ ။ "တယ်ခက်နေပါပြီ၊ နို့ မင်းဘယ်သူနဲ့ တွေ့ခဲ့သလဲ"

စော ။ ။ "လူတွေနဲ့ တွေ့ခဲ့တာပေါ့ဦးရ၊ လူတွေမှ အများကြီး"

ဘ ။ ။ "ကဲ ကဲ ဦးတစ်ခွန်းတည်းမေးမယ်။ မင်းလက်ထဲက ငွေငါးရာကို ဘယ်သူက ယူသွားသလဲ၊ ဟိုကုလားဘုန်းကြီးလိုလို ယူသွားသလား"

စော ။ ။ "ကုလားဘုန်းကြီးဟုတ်လား၊ ဘယ်ကုလားဘုန်းကြီးတုံး၊ ကျွန်တော့် လက်ထဲမှာလည်း ငွေငါးရာမရှိပါကလားဦးရဲ့၊ ဦးကျွန်တော့်ကို ဘာတွေလာမေးနေတာလဲ"

ဟု စိတ်ပျက်စွာ ပြောလေ၏။ ဦးလာဘလည်း သက်ပြင်းကြီးချကာ အတော်စိတ်ပျက်လာလေ၏။

"သိပ်ခက်နေပါပြီ၊ ဘယ့်နှယ်လဲ ကျောင်းဒကာ"

ဟုပြောလိုက်ရာ ကျောင်းဒကာ ဦးရေချမ်းလည်း တွေတွေကြီး သားဖြစ်သူကို စိုက်ကြည့်နေတော့၏။ မောင်စောမောင်၏ မျက်နှာကား အိပ်ရာမှ ဘွားခနဲ လန့်နိုးလာသလို မှိုင်းမှုံတွေဝေပြီး ပါးစပ်တွင်လည်း ပြောလိုသော စကားများ ဖြောင့်ဖြောင့်တန်းတန်းထွက်မလာ၊ လွန်စွာ စဉ်းစားနေဟန်ရှိသော ကြောင့် ဦးလာဘလည်း နောက်ဆုံးတွင် လက်လျှော့လိုက်ကာ . . .

"ဟာ မဖြစ်ပါဘူး။ ဟိုအရင်ပျောက်သွားတဲ့ ကလေးတွေနည်း အတိုင်း ဘာမှမေးမရတဲ့အဖြစ်မျိုး ဖြစ်လာတာပဲ၊ ဟိုကလေးတွေလည်း ဒီလိုပဲ တခြားနေရာမှာ စကားပြောအာသွက်သလောက် ဒီကိစ္စနဲ့ ပတ်သက်လာရင် မေးမရ စမ်းမရ ဆွံ့အကုန်ကြရော၊ ကဲ ကဲ မောင်စော ဒီပြင်စကားတွေသာ မင်းလေဖောသလောက်ပြောပေရော့၊ ဦးတော့ မမေးပါဘူးကွာ"

ဟု အလျှော့ပေးလိုက်ရပြီး နားငြီးလာအောင် ပြောနေသော မောင်စောမောင်၏ အခြားစကားများကို နားထောင်ပြီး အတော်ကြီး ညဉ့်နက်မှ ပြန်လာခဲ့ကြလေ၏။

ကျွန်တော်လည်း ကိစ္စမပြီးသေးသဖြင့် ဆရာကြီးထံသို့ မပြန်ရသေးဘဲ ဆိုင်းငံ့နေခဲ့ရသူဖြစ်သည့်အတိုင်း ယမန်နေ့က တွေ့ခဲ့ရသော မောင်စော မောင်၏ မျက်လုံးကြည့်ပုံများနှင့် ဦးလာဘက စုံစမ်းမေးမြန်းသည့်အခါ တစ်စုံ တစ်ခုသော အချုပ်အချယ်ကြောင့် ဆွံ့အအဖြစ်နေပုံများကို အနည်းငယ် ထူးခြားသဖြင့် သွေးရိုးသားရိုးမဟုတ်တန်ရာဟု အနည်းငယ်မသင်္ကာစပြုနေစဉ် မှာပင် နောက်တစ်နေ့ နံနက်စောစော၌ ကျောင်းဒကာကြီး ဦးရေချမ်းကိုယ်တိုင် ရေးကြီးသုတ်ပျာနှင့် အိမ်ကိုပေါက်လာပြီးလျှင် . . .

"ကိုလာဘရေ ညကလင်းအားကြီးလောက် စောမောင်ပျောက်သွားပြန်ပြီ၊ ကျုပ်အလုပ်စားပွဲ အံဆွဲထဲမှာ သော့ခပ်ပြီး ထည့်ထားတဲ့ ငွေသားသုံးထောင်လည်း မရှိတော့ဘူး။ ဒီကောင်ကလေး ဘယ်လိုများဖြစ်တယ်မသိဘူး။ နောက်နောက်က ငွေကြေးနဲ့ ပတ်သက်ရင် ကျုပ်မသိအောင် တစ်ပြားမှ မယူခဲ့တာ၊ ခုဘယ့်နှယ်ကြောင့် ငွေသုံးထောင်ယူပြီး ထွက်သွားသလဲ မသိရဘူး။ သူလိုချင်ရင် သုံးထောင်မကပါဘူးဗျာ။ သုံးသောင်းဖြစ်ဖြစ် ပေးမှာပါပဲ။ ခုလို တိတ်တိတ်ယူထွက်သွားရမလား"

ဟု ရှူးရှူးရှားရှား ဒေါပွကာ ပြောသောကြောင့် ဦးလာဘနှင့် ကျွန်တော်တို့လည်း အံ့အားကြီးသင့်ကာ -

"ဩော် ဖြစ်မှဖြစ်ရလေခင်ဗျာ"

ဟုသံပြိုင်ညီညာပြောမိလျက် ရှိစဉ် ဦးရေချမ်း၏ တပည့်တစ်ယောက် ပြေးလာပြီး

"ကျောင်းဒကာကြီးသား မြို့တောင်ဘက်ဇရပ်ပျက်နားမှာ ထိုင်ရက်ကြီး အိပ်ပျော်နေတာ တွေ့ခဲ့တယ်။ ကျွန်တော်လည်း သူ့ကို မနှိုးဘဲ တွေ့တွေ့ချင်း အိမ်ပြောရအောင် ပြေးလာခဲ့တာ အိမ်က ဒီကိုသွားတယ်ဆိုလို့ ပြေးလိုက်လာခဲ့တယ်ခင်ဗျ၊ မြန်မြန်ကြွပါ၊ ကြာရင် နိုးပြီးသူသွားချင်ရာ သွားလိမ့်ဦးမယ်"

ဟုပြောသောကြောင့် ဦးရေချမ်းလည်း

"အေး ဟုတ်ကဲ့လား၊ ဒါဖြင့် မြန်မြန်လိုက်မှ ဦးလာဘနဲ့ ဆရာလေးတို့လည်း လိုက်ခဲ့ကြပါဦး"

ဟု ခေါ်ခေါ်ပြောပြော ရှေ့ကသွားနှင့်သဖြင့် ကျွန်တော်နှင့် ဦးလာဘတို့လည်း ဦးရေချမ်းနောက်သို့ ကမန်းကတန်းလိုက်ခဲ့ကြရလေ၏။

သို့နှင့် ဇရပ်ပျက်ကလေးသို့ ရောက်ကြသောအခါ မောင်စောမောင်မှာ တိုင်တစ်ခုတွင်မှီထိုင်ရင်း ငုတ်တုတ်အိပ်ပျော်နေသည်ကို တွေ့ရသောကြောင့် ဦးရေချမ်းကပင် ကိုယ်ကို လှုပ်ကိုင်နှိုးယူရလေရာ စောမောင်မှာ ရုတ်တရက်နိုးလာပြီး အိပ်မှုံစုံမွှားကြီးနှင့် ကျွန်တော်တို့ကို ပြူးကြောင်စွာ ကြည့်နေလေ၏။

"ဟော့ စောမောင်၊ မင်းဘယ်လိုလုပ်တာလဲ၊ ငွေသုံးထောင်ယူပြီး ဒီနေရာလာအိပ်တာက ဘာကြောင့်လဲဟင်၊ မင်းတယ်တော်ပါကလား၊ ငါ့သား ကလေးလိမ္မာတယ်၊ လိမ္မာတယ် ချီးမွမ်းနေကာမှ ယောက်မမြင်းစီးပြတာပေါ့ နော်"

ဟုပြောလျှင် မောင်စောမောင်မှာ အဓိပ္ပာယ်ကို နားမလည်သလို တွေတွေကြီးနားထောင်နေရာက ဦးရေချမ်းလဲ ဆက်ကာ ဆက်ကာ မြည်တွန် တောက်တီးနေသောကြောင့် ဦးလာဘမှာ မနေသာတော့ဘဲ

"ကွဲ့ငါ့တူရဲ့ မင်းအဖေမေးနေတာပြောလေ၊ မင်းယူသွားတဲ့ ငွေတွေ ကော"

ဟုပြောသောအခါ

"ကျွန်တော်ဘာမှမသိဘူးဦးရဲ့၊ ဘယ်ကငွေလည်း အို မသိပါဘူး သိပ်ခက်တာပဲ"

ဟု ညည်းညည်းတွားတွားပြောလျှင် ဦးရေချမ်းမှာ သားကို စိတ်ဆိုးရ မှာလည်း အခက်ဖြစ်နေကာ စိတ်ပျက်လေးလံစွာနှင့်ပင်၊ အိမ်သို့ တွဲခေါ်လာ ကြရလေ၏။

အိမ်သို့ ရောက်သောအခါလည်း ဦးလာဘနှင့်တကွ စုံထောက်များ ပုလိပ်များက ကြိုးစားနိုင်သလောက် ကြိုးစား၍ ကုတ်ကုတ်ကပ်ကပ် မေးမြန်း ကြသည့်တိုင်အောင်လည်း ဘူးတစ်လုံးဆောင်၍ ပြောင်ပြောင်ကြီးငြင်းနေသော ကြောင့် နောက်ဆုံးတွင် လက်လျှော့ထားလိုက်ရပြန်လေ၏။ ကျွန်တော်လည်း တဲအိမ်သို့ ပြန်လာပြီးနောက် အထက်က မသင်္ကာချက်ရှိခဲ့သည်များမှာ တိုးသည် ထက် တိုးပွားလာကာ မောင်စောမောင်၏ အမူအရာကို များစွာ စဉ်းစားခန်း ဝင်မိလေတော့သတည်း။

နောက်တစ်နေ့နံနက်တွင်လည်း ဦးရေချမ်းကြီး ပျာယီးပျာယာ ရောက်လာပြန်ပြီး ညဉ့်က မောင်စောမောင် ငွေနှစ်ထောင်ယူသွားပြန်ကြောင်း ပြော၍ ယခင်ဇရပ်သို့ လိုက်ကြပြန်ရာ ယမန်နေ့ကကဲ့သို့ပင် မောင်စောမောင် ဇရပ်တိုင်မှီပြီး အိပ်ပျော်နေသည်ကို တွေ့ရလျက် နှိုး၍ မေးမြန်းရာတွင်လည်း

မနေ့က နည်းအတိုင်း ဘူးတစ်လုံးဆောင်နေပြန်ရာက နောက်သုံးရက်ဆက်ပြီး ငွေခြောက်ထောင်ကျော် ပျောက်ဆုံးလျက် ထိုဇရပ်ပျက်တွင်ပင်လာ၍ မောင်စောမောင်ကို တွေ့ရကာ စုံစမ်းရာမှာလည်း ဘူးတစ်လုံးဆောင်၍သာ နေသောကြောင့် ဦးရေချမ်းမှာ စိတ်မရှည်နိုင် ဖြစ်လာလေ၏။

"မင်းတယ်ခက်တဲ့သားပါလား။ သုံးချင်ရင်တောင်းပါလားကွ။ ငါပေးပါ့မယ်။ မင်းဘယ်သူ့ကို ဒါလောက်ပံ့ပိုးနေရတာလဲ"

ဟု စိတ်ဆိုး မာန်ဆိုးမေးသော်လည်း ကြောင်တောင်ကြည့်ကာ ငေးလျက် . . .

"မသိဘူး မယူဘူး"

ဟုသာ ခံပြောနေလေရာ ဦးရေချမ်းလည်း အလွန်တရာ စိတ်ဆိုးဒေါပွ၍ လာတော့၏။ ဦးလာဘကလည်း မကင်းရာသော ဝတ္တရားကလေးရှိသူဖြစ်သည်အတိုင်း . . .

"ဒါဖြင့် မောင်စောကို အိမ်ခဏခေါ်ပြီး ထိန်းသိမ်းထားဦးမယ်လေ။ သူစိတ်ပြေစိတ်ပြောင်းပြီး လူကောင်းတစ်ယောက်ဖြစ်လာမှ ပြန်ပို့မယ်"

ဟုဆိုကာဦးလာဘအိမ်သို့ မောင်စောမောင်ကို ခေါ်လာပြန်လေ၏။ စောမောင်မှာ ခေါ်လာသော နေ့တစ်နေ့လုံးလုံး ပြုံးကာရယ်ကာ စကားဖောင်လောင်အောင်ပြောပြီး ဒေါ်အုန်းခင်နှင့်တစ်လှည့်၊ ကြည်ကြည်နှင့်တစ်လှည့်၊ ကလေးများနှင့်တစ်လှည့် ပျော်ပျော်ပါးပါးစကားလက်ဆုံဝင်လျက်ရှိလေ၏။ သို့ရာတွင် ပစ္စည်းပျောက်ကြောင်းနှင့် ပတ်သက်၍ကား ဘိတ်ဘိတ်သားမေးမြန်းမရ၊ မေးမြန်းလိုက်သည်နှင့်တစ်ချက်တည်း လူဆွံ့၊ လူအကြီးဖြစ်ဖြစ်သွားရှာလေရာ ဦးလာဘတို့ အိမ်သားတစ်စုမှာ မောင်စောမောင်အတွက် အတော်ကလေး စိတ်မကောင်းဖြစ်နေရှာတော့၏။

ယင်းသို့နှင့်ပင် ထိုညအဖို့၌ မောင်စောမောင်လည်း ဒေါ်အုန်းခင်ပြင်ဆင်ပေးသော ခေါက်ခုတင်ကလေးပေါ်တွင် ခပ်စောစောဝင်အိပ်နေသည်ကို တွေ့ရပေ၏။ ကျွန်တော်တို့လည်း အိမ်ရှေ့တွင် ဝိုင်းဖွဲ့စကားပြောနေကြရာက ညဉ့်နက်မှပင် စကားပြတ်စဲလူစုခွဲ၍ ကိုယ့်အိပ်ရာတွင် ကိုယ်လှဲမိကြပြီးလျှင်

တစ်အိမ်သားလုံး အိပ်ပျော်သွားကြသည်တိုင်အောင်လည်း ကျွန်တော့်တွင်ကား ဝတ္တရားအတိုင်း အမျှဝေရခြင်း၊ မေတ္တာပို့ရခြင်း၊ ကိစ္စတို့ကြောင့် ရုတ်တရက် မအိပ်ရသေးရှိချေ၏။ ထိုသို့အားဖြင့် တစ်အိမ်လုံး တိတ်ဆိတ်လျက်ရှိနေစဉ် ကလေးများ အိပ်ကြသော အတွင်းခန်းဆီမှ တရှုပ်ရှုပ်နှင့် နင်းသောခြေသံများ ကို တစ်ချက်တစ်ချက်ကြားမိလေရာ ကျွန်တော်လည်း အနည်းငယ်နားစွင့်မိ ပြီးမှ အိပ်ပျော်နေသူများ တရေးနိုးရေထသောက်ခြင်း၊ နောက်ဖေးနောက်ဖီ ထွက်ကြခြင်း ဖြစ်လိမ့်မည်ဟု အထင်ရောက်သောကြောင့် စိတ်အေးသွားရာက အမိဌာန်ပုတီးစိပ်မည်ဟု ပုတီးကို ကိုင်လိုက်မိသည့်ခဏ၌ပင် အခန်းတွင်းမှ ဦးလာဘ၏ သမီးအကြီးကလေး ကြည်ကြည်က ငယ်သံပါအောင် အော်လိုက် သည်ကို ကြားရ၍ ကျွန်တော်လည်း ကပျာကယာထကာ -

"ဟဲ့ ကြည်ကြည်၊ ဘာဖြစ်တာလဲ"

ဟု ပြောပြောဆိုဆိုပင် ၎င်းတို့အခန်းဝသို့ ရောက်သွားလေရာ မောင်စောမောင်သည် ကြည်ကြည်ကို ဓားမြောင်ကြီးတစ်ခုနှင့် ချိန်ရွယ်လျက် ကြည်ကြည်မှာ နေ့ခင်းက ပွဲထိုင်တစ်ခုပြန်လာရာတွင် ဝတ်ဆင်ထားသော လက်ဝတ်လက်စားများကို မချွတ်မိဘဲ အိပ်နေသူဖြစ်သောကြောင့် ထိုလက် ဝတ်လက်စားပစ္စည်းများကို ခက်ထန်သော မျက်နှာထားကြီးနှင့် ဓားပြ၍ အချွတ်ခိုင်းနေရကား၊ ကြည်ကြည်မှာ တစ်ချက်မျှ လန့်အော်လိုက်ပြီး ဓားကြီး ကို ကြောက်သဖြင့် လက်ကောက်၊ ပုတီးတို့ကို ဝမ်းနည်းစွာ ချွတ်ပေးရရှာသည် ထက် ချစ်သူ၏ ရက်စက်စွာ ပြုမူခြင်းခံရသည်ကို ယူကျုံးမရသော မျက်နှာဖြင့် ဝမ်းနည်းရှိုက်ငင်ကာ ငိုကြွေးနေရှာသည်ကို တွေ့ရလေ၏။

ကျွန်တော်လည်း ၎င်းတို့ဖြစ်အင်ကို အံ့အားသင့်စွာ ကြည့်နေမိရာက ယခင်ကြည်ကြည်လန့်အော်လိုက်သော အသံကြောင့် ဦးလာဘနှင့် ဒေါ်အုန်း ခင်တို့လည်း ရောက်လာကြပြန်ကာ ၎င်းတို့မှာလည်း ကျွန်တော်၏ နည်းတူ ရုတ်တရက်လန့်၍ အံ့အားသင့်ကြည့်နေမိလေ၏။ ပြီးမှ ဦးလာဘနှင့် ကျွန် တော်လည်း မောင်စောမောင်အနီးသို့ ခြေသံမကြားရအောင် တိုးသွားလျှင် ၎င်းလက်ကဓားကို ဖျတ်ခနဲ လုထားလိုက်ကာ . . .

"ဟော့ မောင်စော၊ မင်းဘယ့်နှယ်လုပ်တာလဲ"

ဟု ဦးလာဘက မေးသော်လည်း မောင်စောမောင်သည် သတိလစ်သူ အလား တွေတွေကြီးကြည့်နေရာ ဦးလာဘမှ မောင်စောမောင်၏ ပခုံးကို လှုပ်ပြီး . . .

"မောင်စော မောင်စော"

ဟု အထပ်ထပ်ခေါ်မှ မောင်စောမောင်မှာ အိပ်ရာက ယောင်ယမ်း ထလာသူအလား၊ တွေဝေရာက ဘွားခနဲ ခေါင်းမော်ပြီး

"ခင်ဗျာ ဦးလား၊ ဘာလဲ"

ဟု ကယောင်ကတမ်းပြောလေ၏။

"ဟော့ မောင်စောရဲ့ မင်းဒီမှာလာပြီး ဘာလုပ်တာလဲ၊ မင်းလက်ထဲ လည်း ဓားကြီးနဲ့ ဟော . . အင်္ကျီအိတ်ထဲမှာလည်း ငွေစက္ကူတွေပါကလား"

မောင်စောမောင်သည် အကြောင်းသားငေးပြီး စိတ်ရှုပ်ထွေးစွာနှင့် ခေါင်းခါရင်း

"ကျွန်တော်မသိဘူး။ ဒါတွေဘယ်သူ့ပစ္စည်းလဲ ဦးတို့ငွေလား"

ဦးလာဘမှာ များစွာ စိတ်ရှုပ်လေတော့၏။ ငွေများကို သိမ်းဆည်းကာ

"ကဲ လာ လာ မင်းခုတလော အများကြီးသတိလစ်နေတယ်"

ဟုပြော၍ မောင်စောမောင်၏ ပခုံးကိုကိုင်ပြီး၊ သူ့အိပ်ရာထဲ အရောက်ခေါ်သွားကာ နေရာတကျ သိပ်ထားခဲ့ပြီးနောက် ကြည်ကြည်ရှိရာ သို့ ပြန်ရောက်လာလေ၏။

ကျွန်တော်နှင့် ဒေါ်အုန်းခင်တို့လည်း ကြည်ကြည်ကို အကျိုးအကြောင်း မေးမြန်းနေရာ ကြည်ကြည် ဘာမှပြောသေးဘဲ တရှိုက်ရှိုက်ငို၍သာနေသေး သောကြောင့် ဦးလာဘရောက်လာမှ

"သမီးရဲ့ ပြောစမ်းပါဦး၊ မောင်စောက ဘာပြုလို့ ဓားနဲ့ရွယ်ပြီး၊ လက်ဝတ်လက်စားတွေ ချွတ်ခိုင်းနေတာလဲ"

ဟု မေးမြန်းသည်တွင်မှ ငိုရှိုက်နေသော ကြည်ကြည်လည်း . . .

“ကြည် စိတ်မကောင်းဘူး ကိုကိုစောကြည်တို့ကို ဒီလို ရက်ရက်စက်စက် လုပ်လိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ဘူး ခုတော့”

ဟုဆိုကာ ငိုနေပြန်လေ၏။

“ဟဲ့ မောင်စောဟာ ခုတလော ဟိုကပြန်လာပြီး စိတ်အပြောင်းကြီး ပြောင်းနေတယ်။ အဖေတို့လည်းဒါကို ဒါကို အမြဲမေးမြန်းထောက်လှမ်းနေတုန်း ပဲ။ ကဲကဲ ဆက်ပြောစမ်းပါ သမီး အခန်းကို သူဘယ်လိုလုပ်ဝင်လာသလဲ”

“ဖေဖေ့အလုပ်ခန်းထဲက လူသံကြားတာနဲ့ ကြည်အိပ်ရာကထပြီး ချောင်းကြည့်တော့ ကိုကိုစောဟာ ဖေဖေ့အလုပ်စားပွဲထဲက သော့ကိုယူပြီး မီးအာမခံသေတ္တာကြီးကို ဖွင့်နေတာတွေ့ရတယ်။ ကိုကိုစောဟာ လူရိုးလူ ကောင်းမှန်ရဲ့သားနဲ့ မကြံအပ်တဲ့ ကြည်တို့ အပေါ် ဒီလိုလုပ်လေခြင်းဆိုပြီး ကြည့်နေမိတုန်း သူလည်း သေတ္တာထဲက ငွေစက္ကူတွေကို အထပ်လိုက် လိုချင် သလောက်နှိုက်ယူပြီး သူ့ရှေ့တည့်တည့်ကို ခပ်မော့မော့ ကြောက်ရွံ့သလို ကြည့် နေတာမြင်ရလို့ သူဘာကြည့်ပါလိမ့်မလဲဆိုတာ သိချင်တာနဲ့ ကြည့်လိုက်တာ။ ဆန်ကောလောက်ရှိတဲ့ မျက်လုံးကြီးတစ်လုံးဟာ မျက်တောင်မခတ်ဘဲနဲ့ ရဲရဲ တောက်တဲ့ အခိုးတွေနဲ့ ကိုကိုစောကို စိုက်ကြည့်နေတာတွေ့ရလို့ ကြည်ကြည့် မနေရဲတာနဲ့ အခန်းထဲ ပြန်ပြေးလာခဲ့တယ်။ ခဏကြာတော့ ကိုကိုစောကြည် ကြည့်အခန်းထဲ ရောက်ပြန်ပြီး ဓားကြီးနဲ့ ရွယ်ပြီး လက်ဝတ်လက်စားတွေ ချွတ် ခိုင်းတာနဲ့ ကြည်လန့်အော်လိုက်မိတယ်။ သူ့မျက်နှာထားကြီးဟာ တကယ်ပဲ ရက်ရက်စက်စက်လုပ်တော့မှာပဲဆိုတာ ရိပ်မိလို့ ကြည်ကြည်လည်း နောက်ထပ် မအော်ဝံ့ဘဲ လက်ကောက်တွေ ချွတ်ပေးနေတုန်း ဖေဖေနဲ့ ဆရာ ရောက်လာ တာပါပဲ”

ဟုပြောကာ မျက်ရည်များကို သုတ်လျက် တရှုပ်ရှုပ်ငိုလေ၏။ ကျွန် တော်လည်း ကလေးမပြောသောစကားကို နားထောင်လျက်ရှိရာက “ဆန်ကော လောက်ရှိတဲ့ အရောင်တောက်သော မျက်လုံးကြီးတစ်လုံး”ဟူသော စကားကို သွား၍ တွေးမိကာ စိတ်ရှုပ်နေသော ဦးလာဘအား . . .

"ဦးရဲ့ ဒီကိစ္စကို ကျွန်တော်အစ အမှတ်တမဲ့ နေမိတယ်။ ယခုမှ မောင်စောမောင်ရဲ့ ထူးခြားပုံဟာ ရိုးရိုးသားသားမဟုတ်ကြောင်း စဉ်းစားမိလာတဲ့အပြင် ခုနက ကလေးမပြောတဲ့ စကားထဲမှာလည်း အရောင်တောက်တဲ့ မျက်လုံးကြီးတစ်ခုကို မောင်စောမောင်က ကြောက်ရွံ့တဲ့ပုံနှင့် ကြည့်နေတယ်ဆိုတော့ ဒီကိစ္စဟာ ကျွန်တော်နဲ့လာပြီး ဆိုင်နေပြီဦးရဲ့"

ဟု ပြောလျှင် ဦးလာဘမှာလည်း စိတ်အားထက်သန်လာပြီး . . .

"အဲ ဟုတ်မှာပါပဲ။ ဦးလည်း မောင်စောမောင်ဟာ တစ်သက်လုံး ရိုးသားတည်ကြည်တဲ့ သူငယ်ကလေးဖြစ်ရက်နဲ့ ဘယ်ပုံဘယ်နည်းဖြစ်လာတယ်ဆိုတာ ယူကျုံးမရအောင်ရှိခဲ့တာပဲ ဆရာလေးရယ်။ ဆရာလေးနဲ့ ဆိုင်လာတယ်ဆိုရင်လဲ တဆိတ်တတ်နိုင်သလောက် စောင့်ရှောက်ကယ်ဆယ်ခဲ့ပါဦး"

ဟု ပြော၍ မောင်စောမောင်အတွက် စိတ်ပျက်ဝမ်းနည်းဖြစ်နေကြသော ဒေါ်အုံးခင်နှင့် ကြည်ကြည်တို့ကိုလည်း ဝမ်းနည်းပူဆွေးမဖြစ်ကြရန်နှင့် မောင်စောမောင်မှာ မကြာမီ မိမွေးတိုင်း ဖမွေးတိုင်း လူကောင်းပကတိပြန်ဖြစ်လာနိုင်ရန် ကြိုးစားစောင့်ရှောက်ပေးမည်ဖြစ်ကြောင်းများကို အားပေးစကားပြောကြားကာ အိပ်ရာသို့ပြန်ဝင်ကြရာ၌ မောင်စောမောင်လည်း ခုတင်ကလေးပေါ်တွင် ကောင်းစွာ အိပ်ပျော်နေသည်ကို တွေ့ရလေ၏။

ကြည်ကြည်ကား ရုတ်တရက် အိပ်မပျော်သေးဘဲ သူ၏မိခင်နှင့် စကားပြောနေရာက -

"မေမေရယ် ကိုကိုစောဟာ ဘာပြုလို့ သတိလစ်နေတာတဲ့လဲ။ သူ သတိလစ်ပြီး လုပ်ချင်ရာလုပ်နေတာတွေကို မသိလို့ပေါ့နော်၊ သိများသိရင် အခုဖြစ်ပုံမျိုးကို သူသိပ်ရှက်မှာပဲ၊ ကိုယ့်အိမ်က ပစ္စည်းတင်မကဘူး၊ ကြည်ကြည်တို့အိမ်က ပစ္စည်းတွေကိုပါ သူခိုးစိတ် ဓားပြစိတ်နဲ့ယူတာများ နောက်ကစိတ်ကူးလို့မှ ကြည့်ဖူးမှာမဟုတ်ပါကလားမေမေရဲ့။ ကိုကိုစော ဒီလိုဖြစ်နေရင် ခက်တော့မယ်။ ရှက်လဲရှက်စရာကြီး၊ သူဌေးသားရင့်မာကြီးက သူခိုး ဓားပြဖြစ်မှန်းမသိ ဖြစ်သွားတယ်လို့ မသိတဲ့လူတွေက ထင်ကုန်တော့မှာပဲ မေမေရဲ့"

ဟု ပြောသည်များကိုလည်း ကြားရသောကြောင့် ကျွန်တော့်မှာ ချစ်သူအတွက် စိုးရိမ်သောကဖက်နေရှာသော ကလေးမ ကြည်ကြည်ကို သနားကရုဏာသက်မိပြီး သူတစ်ထူး၏ပိုက်ကွန်တွင်းတွင် မိနေရှာသော မောင်စောမောင်အတွက်လည်း တစ်ဖက်က သနား၍နေမိလေ၏။

သို့နှင့် နောက်တစ်နေ့ နံနက်သို့ရောက်လျှင် ဦးလာဘနှင့် ကျွန်တော်လည်း ကျောင်းဒကာကြီး ဦးရေချမ်းထံသို့ရောက်လာကြပြန်ကာ ညက ဖြစ်ပျက်တွေ့ကြုံရသော အကြောင်းများကိုပြောလျှင် ဦးရေချမ်းမှာ သားဖြစ်သူအားများစွာစိတ်ဆိုးပြီး . . .

"ဒီအကောင် တစ်သက်လုံး လူလိမ္မာ လူရိုးလုပ်ခဲ့သမျှ ခုမှ သူခိုးဓားပြဖြစ်နေမှန်းသိရပါကလား၊ ခုကြည့်စမ်းပါဦး၊ ကျုပ်ပစ္စည်းကိုယူရုံနဲ့ အားမရသေးလို့ ကိုလာဘအိမ်က ပစ္စည်းများ ခိုးယူသတဲ့၊ တော်လဲတော်တဲ့သားပါပဲ"

ဟု ရှူးရှူးရဲရဲနှင့် မြည်တွန်တောက်တီးလေရာ ကျောင်းအမ ဒေါ်အေးမှာလည်း သားအတွက် ရှက်လည်းရှက်လှသဖြင့် မျက်ရည်များကျ၍နေလေတော့၏။ ဦးလာဘလည်း စိတ်ဆိုး၍နေသော ဦးရေချမ်းကို ဖျောင်းဖျောင်းဖျဖျနှင့်ပင်-

"စိတ်ဆိုး အရင်မလိုပါနဲ့ဦး ကျောင်းဒကာရဲ့၊ မောင်စောမောင်ယခုလိုဖြစ်ရတာဟာ သွေးရိုးသားရိုးနဲ့ သူ့စိတ်ရင်းအတိုင်းလုပ်တာမဟုတ်ဘူးလို့ ဟောဒီက ဆရာလေးကပြောနေတယ်၊ ဒါကြောင့် အတပ်သိရအောင် မောင်စောမောင် အမူအရာကိုချောင်းဖို့ ကျုပ်တို့တိုင်ပင်ရအောင်လာတာပါ။ ကျောင်းဒကာကလဲ သိပ်ပြီးစိတ်ဆိုးမြန်တာကိုးဗျ"

ဟုပြောမှ ဦးရေချမ်းကလည်း တွေတွေကြီးဖြစ်သွားကာ-

"ဟင် ဟုတ်ကဲ့လား၊ အင်း ကျုပ်လဲ ဒီကောင်တစ်သက်လုံး မရိုးမဖြောင့်တဲ့အလုပ်ကို မလုပ်ဖူးပါဘူးလို့ အတွေးမိသား ဆရာလေးရဲ့။ ကဲ ကဲ ဘယ့်နှယ် စီမံမယ်ဆိုတာ အမိန့်ရှိစမ်းပါဦးဗျ၊ ကျုပ်တော့ ဒီသားတစ်ယောက်အတွက် စိတ်ကတောက်ကတက်ဖြစ်နေပါပြီ"

ကျွန်တော် ။ ။ "ကျွန်တော်လဲ အစကတော့ ရိုးရိုးထင်မိတာနဲ့ တယ်ဂရုမစိုက်မိဘူး၊ ယခုမှ ကျွန်တော့်အလုပ်နဲ့ဆိုင်တဲ့ကိစ္စကြောင့် ရိုးတိုးရိပ်တိပ်သိလာရလို့ အစအဆုံးသိရအောင်ထပ်ပြီး အကဲခတ်စမ်းမယ် စိတ်ကူးပါတယ်"

ဦးရေချမ်း ။ ။ "ကောင်းပါပြီ ဆရာလေးရယ်၊ ဘယ်လိုစီမံတယ်ဆိုတာ သာသိပါရစေ၊ ရွှေဆိုရွှေ ငွေဆိုငွေ လိုလေသေးမရှိစေရပါဘူး၊ အလိုရှိသလို အသင့်ဖြစ်ပါရစေမယ်"

ကျွန်တော် ။ ။ "ကျွန်တော် မောင်စောမောင်ကို အိမ်ပြန်ခေါ်လာမယ်၊ သူနေတဲ့အခန်းမှာပဲ နေရိုးနေစဉ်အတိုင်းနေပါစေ၊ ဦးရဲ့ ပစ္စည်း အဖိုးတန်ဆိုလို့ ရွှေတိုငွေစကလေး တဖွဲ့တရွဲ့မှ အပြင်မှာမထားဘဲ အားလုံးသေတ္တာနဲ့ထည့်ပြီး လုံခြုံတဲ့ နေရာတစ်ခုမှာ ဝှက်ထားပါ။ ကျွန်တော်နဲ့ ဦးလာဘက ညတိုင်း ညတိုင်း မောင်စောမောင်ကို ချောင်းနေကြဖို့ သူ့အခန်းနဲ့ ကပ်ရက်အခန်းတစ်ခုကို ကျွန်တော့်အတွက် ပေးထားစေချင်ပါတယ်"

ဦးရေချမ်း ။ ။ "အို ရပေါ့မောင်ရယ်၊ ရပါစေမယ်၊ ဒီနေ့ အလိုရှိသလား၊ ဟဲ့ မယ်အေးလာဦး"

ကျွန်တော် ။ ။ "ကျွန်တော်ကလဲ ကြာကြာမနေနိုင်တော့ ဒီနေ့ပဲစပြီး အလုပ်လုပ်ရရင် ကောင်းပါတယ်"

ဦးရေချမ်း ။ ။ "အို စိတ်ချပေတော့ ဆရာလေး၊ အားလုံးအသင့်ဖြစ်အောင် စီမံပါမယ်"

ကျွန်တော် ။ ။ "ကောင်းပါပြီ၊ ဒါဖြင့် မောင်စောမောင်ကို ဦးလိုက်ပြီး ခေါ်ရင်ကောင်းမယ်"

ဟု ပြောရာ ဦးရေချမ်းလည်း . . .

"ခေါ်တာပေါ့ ဆရာလေးရယ်"

ဟုပြောကာ ကျွန်တော်တို့နှင့်အတူ ဦးလာဘနေအိမ်သို့ လိုက်လာလေ၏။ အိမ်သို့ရောက်သောအခါ မောင်စောမောင်မှာ အိပ်ရာကနိုးနှင့်နေပြီးလျှင် ဒေါ်အုန်းခင်တို့နှင့်အတူ ခါတိုင်းကဲ့သို့ ရယ်မောပြုံးရွှင်စွာဖြင့် လက်ဖက်ရည်သောက်နေသည်ကို တွေ့ရသဖြင့် ကျွန်တော်တို့လည်း ၎င်းတို့နှင့်ရောနှောထိုင်ကြရာက စကားပြော ရယ်မောနေကြရင်း ဦးလာဘ၏သားငယ်ကလေးလည်း ကလေးဘာဝ သူ့လက်ဝါးကလေးကိုဖြန့်ပြီး ကျွန်တော့်အနီးတိုးလာလျက်

"ဆရာ ဆရာ ကျွန်တော့်လက္ခဏာ ကြည့်ပေးစမ်းပါဆရာ၊ ကျောင်းကိုလာတဲ့ ဗေဒင်ဟော ကုလားကြီးက ကျွန်တော့်လက္ခဏာကြည့်ပြီး မိန်းမသုံးယောက်ရလိမ့်မယ်လို့ ဟောသွားတယ်ဆရာရဲ့၊ ကျွန်တော်က မိန်းမအများကြီး မယူချင်ဘူး၊ သူပြောတာ မဟုတ်ပါစေနဲ့၊ ဆရာသိရင် ကြည့်ပေးစမ်းပါခင်ဗျာ"

ဟုပြောလျက် လက်ဝါးကလေး ကျွန်တော့်အနားထိုးပေးသောကြောင့် ကိုင်ကြည့်ရပြီး . . .

"အို ငါ့ညီလေးလက္ခဏာက တယ်ကောင်းပါလား။ ကြီးရင် သိပ်ချမ်းသာမဲ့လူပဲ၊ မှန်း . . . မှန်း ဟောဒီမှာ အရေးသုံးခုတောင်ရှိတာကိုးကွယ့်၊ ဒါကြောင့် မိန်းမသုံးယောက်ရမယ်ပြောတာ၊ အေးကွယ် ရတော့ယူလိုက်တာပေါ့၊ ငါ့ညီက ချမ်းသာတော့ မယားများပေတဲ့ ကိစ္စမရှိဘူးထင်ပါရဲ့"

ဟု ပြောစဉ် မောင်စောမောင်ကလည်း ဝင်တဲ့ကာ . . .

"ဩော် . . . ဆရာ လက္ခဏာလဲကြည့်တတ်သကိုး၊ ဒါဖြင့် ကျွန်တော့်လက္ခဏာလဲ ကြည့်စမ်းပါဦးဆရာရယ်"

ဟု ပြောကာ သူ၏လက်ဝါးကိုဖြန့်ပြ၍ ကျွန်တော်လည်း တတ်သလောက် မှတ်သလောက်ကြည့်ဟောရင်းပင် မောင်စောမောင်၏ လက်ဖဝါးအလယ်၌ လတ်လတ်ဆတ်ဆတ် ဟသ်ာပြဒါးအနီစက်တစ်စက်ကို တွေ့ရသောကြောင့်-

"ဩော် . . . မောင်စောမောင်၊ လက်ဝါးမှာ ဆေးထိုးထားသကိုး၊ အမယ် ဒီဆေးထိုးတာ တယ်မကြာသေးဘူးထင်တယ်"

ဟု မေးလိုက်ရာ မောင်စောမောင်မှာ ခေါင်းခါပြီး -

"ဟင် . . . ကျွန်တော် ဘယ်တုန်းက ဆေးထိုးလို့လဲ ဆရာရဲ့"

ဟု ပြောလျက် သူ့လက်ဝါးကို သူပြန်ကြည့်နေမှ ကျောင်းဒကာကြီးလည်း အံ့အားသင့်ကာ -

"ဒီဟာ စုတ်နဲ့ ဆေးထိုးထားတာပဲ၊ အရင်ကမရှိဘူး ဆရာလေးရဲ့၊ သူ့ကို ဘယ်သူကများ ထိုးပေးလိုက်ပါလိမ့်မလဲ"

ဟု ဝင်ပြောပြန်ရာ ကျွန်တော်လည်း မောင်စောမောင်၏ အခြားလက်တစ်ဖက်ကိုပါ ယူကြည့်လိုက်လျှင် လက်ဝါးနှစ်ဖက်လုံးမှာပင် နီရဲသော ဆေးစက်တစ်စက်စီထိုးထားသည်ကို တွေ့မြင်လေ၏။

ထို့နောက် တခြားတစ်နေရာများတွင် ရှိဦးမည်လားဟု ထပ်မံရှာဖွေပြန်ရာ ၎င်း၏လျှာဖျားတွင်လည်း နီရဲသောစုတ်ချက်နှင့် ဟသ်ာပြဒါးဆေးစက်တစ်စက်တွေ့ရမှ ကျေးဇူးရှင်ဆရာကြီး ပြသသင်ကြားသောနည်းအတိုင်း အတတ်နှင့်စုံစမ်းကြည့်သောအခါ လက်ဝါးနှစ်ဖက်ကဆေးမှာ စောရသိဒ္ဓိအင်းကိုပြာချ၍ စီရင်သောဆေးမျိုးဖြစ်၍ ထိုဆေးထိုးမိသူမှာ လူခြေတိတ်ချိန်ကျတိုင်း ခိုးချင် ဝှက်ချင်စိတ်ဖြစ်လာစေတတ်ပြီး မခိုးမဝှက်ရလျှင် မနေနိုင် မထိုင်နိုင်ဖြစ်ရသည့် ဆေးမျိုးဖြစ်ကြောင်းသိရလျက် လျှာဖျားကဆေးစက်မှာ တစ်စုံတစ်ယောက်က အာစေးထည့် နှုတ်ပိတ်အဖြစ် လုံခြုံအောင် ထိုးပေးလိုက်သောဆေးဖြစ်၍ မောင်စောမောင်မှာ ထိုကိစ္စနှင့်ပတ်သက်တိုင်း မေးမရ စမ်းမရ ဆွံ့အနေခြင်းဖြစ်ကြောင်း သိရလေတော့၏။

သို့နှင့် ကျွန်တော်လည်း ဦးရေချမ်းနှင့် ဦးလာဘကို တစ်နေရာသို့ လက်တို့ခေါ်သွားပြီးလျှင် . . .

"သဲလွန်စတော့ရပြီ ဦးရဲ့၊ သူ့ကို တစ်ဦးတစ်ယောက်ကခေါ်သွားပြီး ပစ္စည်းယူလိုက်တဲ့အပြင် ဦးတို့ထံမှာ ပစ္စည်းတွေရှိတာသိလို့ နောက်ထပ်လိုချင်တာနဲ့ မောင်စော လက်ဝါးမှာ ခိုးချင် ဝှက်ချင်စိတ်ဖြစ်တတ်တဲ့ဆေး ထိုးပေးလိုက်တာပဲ၊ ဒါကြောင့် ညည ပစ္စည်းတွေ ထခိုးတာကလား။ လျှာဖျားကဆေးက

တော့ ဘာမှမပြောနိုင်အောင် နှုတ်ပိတ်အာစေးထည့်ထားတဲ့ ဆေးမျိုးထိုးလွှတ်လိုက်လို့ ဘာမေးမေး ပစ္စည်းယူတဲ့အကြောင်း မပြောနိုင်တာ ဦးရဲ့၊ ဒီတော့ မောင်စောဟာ လူခြေတိတ်ချိန်မှာ ပစ္စည်းထခိုးပြီး ဘယ်သူ့ကိုသွားပေးတယ်ဆိုတာ လိုက်ချောင်းကြည့်မယ်။ ကဲ ဦးသားခေါ်သွား၊ နို့ပြီးတော့ ငွေတစ်ထောင်လောက်ကိုလဲ ပစ္စည်းထားနေကျ သေတ္တာကြီးထဲမှာထည့်ထားပါ။ ဒီည ကျွန်တော်ရယ် ဦးရယ် ချောင်းဖမ်းကြရအောင်၊ သူ့ကိုမေးလို့တော့ အာစေးတန်ခိုးကြောင့် ဘာမှပြောနိုင်တော့မယ်မဟုတ်ဘူး"

ဟု တီးတိုးပြောသည်တွင် ယခုမှ အရေလည်အောင် သိကြရသဖြင့် ကျွန်တော့်အား များစွာကျေးဇူးတင်ကြောင်း ပြောကြပြီးလျှင် အခန်းထဲသို့ပြန်ဝင်လာကာ ဟန်မပျက် စကားဆက်လက်ပြောကြပြီးနောက် ဦးရေချမ်းလည်း သားဖြစ်သူ မောင်စောမောင်အား -

"ကဲ ငါ့သား၊ ဒီမှာ ဧည့်သည်တစ်ဖက် ဘာတစ်ဖက်နဲ့ အားနာစရာကောင်းပါတယ်ကွယ်။ အိမ်မှာပဲ ပြန်အိပ်ပါတော့"

ဟုပြောကာ ပြန်ခေါ်သွားလေရာ မောင်စောမောင်လည်း ဦးရေချမ်းနှင့်အတူ ပြန်ပါသွားလေ၏။

ထိုညအဖို့၌ ကျွန်တော်နှင့် ဦးလာဘတို့လည်း ညဥ့်ဆယ်နာရီခွဲလောက်ရှိမှ ဦးရေချမ်းအိမ်သို့လာကြရာ ဦးရေချမ်းလည်း အဆင်သင့် ဆီးကြိုလျက်-

"ဩော် . . . ဆရာနဲ့ ဦးလာဘတို့လာကြပြီလား၊ ကျုပ်တော့ ဆရာလေးမှာတဲ့အတိုင်း အားလုံးစီမံထားပြီးပါပြီ၊ မောင်စောလဲ ကိုးနာရီလောက်ကတည်းက သူ့အိပ်ရာမှာဝင်အိပ်ပျော်သွားပြီ"

ဟု ပြောသောကြောင့် ကျွန်တော်တို့လည်း အပြင်တွင် လက်ဖက်ရည်ကြမ်းသောက်ရင်း နာရီဝက်ခန့်ထိုင်၍ စကားစမြည်ပြောနေကြပြီး အိမ်သားတွေအားလုံး အိပ်ပျော်ကုန်ကြသောအခါကျမှ ကျွန်တော်နှင့် ဦးလာဘ၊ ဦးရေချမ်း သုံးဦးသား အသင့်စီမံထားသော မောင်စောမောင်အခန်းနှင့် ကပ်

လျက် အခန်းကလေးထဲသို့ ခြေဖျားထောက်ဝင်ရောက်နေကြကာ မောင်စောမောင်၏ အမူအရာကို တိတ်တဆိတ်စောင့်ကြည့်နေကြလေ၏။

အချိန်မှာ တစ်စ တစ်စ ညဦးနက်၍ သန်းခေါင်ကြက်များပင်တွန်စပြုလေ၏။ ကျွန်တော်တို့လည်း တိတ်တဆိတ်ငြိမ်သက်စွာ မှောင်ခန်းထဲမှ စောင့်ကြည့်နေကြစဉ် တစ်ခဏမျှ ကြာသောအခါ မောင်စောမောင်အိပ်ရာခေါင်းရင်းတွင် ကြီးမားသော မျက်လုံးကြီးနှစ်လုံးပေါ်လာသည်ကို တွေ့မြင်ရလေ၏။ ဦးလာဘနှင့် ဦးရေချမ်းတို့မှာ မျက်လုံးကြီးကိုကြောင်တောင်ကြည့်လျက် ကြက်သီးတဖျန်းဖျန်း ထနေကြသည်ကိုတွေ့ရပေ၏။ ထို့နောက် မျက်လုံးကြီးသည် မျက်တောင်သုံးချက်ခပ်ပြီး မျက်လုံးထဲမှ စိမ်းလဲ့လဲ့အရောင်ရှိသော အခိုးအငွေ့များကို မောင်စောမောင်ကိုယ်ပေါ်သို့ ဖြန့်ဖြူးလိုက်သောအခါ အိပ်ပျော်နေ သောမောင်စောမောင်သည် ဖြည်းညင်းစွာထ၍ထိုင်ပြီး မျက်လုံးကြီးများ၏ အမိန့်ကို နာခံ၍နေသည်ကို တွေ့မြင်ရပြီးနောက် မျက်လုံးကြီးလည်း ဖြတ်ခနဲပျောက်ကွယ်၍ သွားလေ၏။

မောင်စောမောင်သည် မိမိလက်ဝါးနှစ်ဖက်ကို အချင်းချင်းပွတ်၍ ပွတ်၍ နေပြီး ထိုင်ရာမှထကာ ဖြည်းညင်းစွာ အခန်းအပြင်သို့ ထွက်လာလျက် သူ့ခိုး မျက်စိနှင့် တောင်မြောက်လေးပါးကြည့်ကာ တစ်အိမ်လုံးအိပ်နေကြသည်ကို သိရမှ စိတ်ချလက်ချနှင့် မီးခံသေတ္တာကြီးရှိရာသို့ ရှေ့ရှုသွားပြီး စားပွဲအံဆွဲထဲ ကသော့ကို ဖွင့်ယူကာ သေတ္တာကြီးကို အသာတရ ဖွင့်လေ၏။ ကျွန်တော်တို့လည်း အချင်းချင်းလက်ကုတ်ကာ ကြည့်မြဲကြည့်နေကြရာ မောင်စောမောင်သည် သေတ္တာတွင်းမှ ငွေစက္ကူခေါက်များကိုယူ၍ ၎င်း၏ အိတ်ထဲသို့ထည့်ပြီး သေတ္တာကြီးကို နေရာတကျပြန်ပိတ်၍ သော့ကိုမူလနေရာပြန်ထားကာ အိမ်ပေါ်မှ ဖြည်းညင်းစွာ ဆင်းသွားလေရာ ကျွန်တော်တို့သုံးယောက်လည်း မောင်စောမောင်သွားရာနောက်သို့ မှောင်ရိပ်မှခိုလျက် မျက်ခြည်မပြတ်အောင် လိုက်ကြလေ၏။

သို့နှင့် တဖြည်းဖြည်း မနီးမဝေးမှနောက်ယောင်ခံ၍ လိုက်လာကြရာ မောင်စောမောင်လည်း စိုက်စိုက် စိုက်စိုက်နှင့်ရှေ့ကသွားနေရာမှ နောက်ဆုံးတွင် ယခင်က ရောက်နေကျနေရာဖြစ်သော ဇရပ်ပျက်ကလေးသို့ရောက်လျှင် ရုတ်တရက်ရပ်တန့်ကာ တစ်စုံတစ်ယောက်ကိုစောင့်ရဘိသကဲ့သို့ ဇရပ်ပျက်တိုင်ငုတ်တစ်ခုကိုမှီပြီး နေလေလျှင် ကျွန်တော်တို့လည်း မနီးမဝေး ဇရပ်အကွယ်တစ်ဖက်မှ အရိပ်အဆင်ကို စောင့်ကြည့်နေကြလေ၏။ ထိုသို့စောင့်ကြည့်နေရာက တစ်ခဏကြာလျှင် မောင်စောမောင်မှာ တိုင်ကိုမှီရင်း မလှုပ်မယှက် ငြိမ်သက်စွာ အိပ်ပျော်သွားသည်ကိုတွေ့ရပြီးနောက် တစ်ဖက်သောတောစဆီမှ ဝင်းခနဲ ထိုးလိုက်သော လက်နှိပ်ဓာတ်မီးရောင်တစ်ခုကိုမြင်ရသဖြင့် ကျွန်တော်တို့လည်း ငြိမ်ဝပ်စွာဝပ်၍ နေလိုက်ရပြန်လေ၏။ လက်နှိပ်ဓာတ်မီးရောင်လည်း ဝင်းတစ်ချီ၊ မှိတ်တစ်ခါနှင့် ကျွန်တော်တို့ရှိရာသို့ တဖြည်းဖြည်းနီးကပ်လာခဲ့ရာ နောက်ဆုံးတွင် စောမောင်အနီးသို့ လူမည်းမည်းကြီးတစ်ယောက်ပေါ်လာပြီး အိတ်ထဲကငွေစက္ကူများကို ကုန်း၍နှိုက်ယူနေသည်ကိုတွေ့ရလျှင် ကျွန်တော်လည်း အသင့်ဇွက်၍ ယူဆောင်လာသော ဆေးကြိမ်လုံးကို မြဲမြံစွာစွဲကိုင်လျက် အထက်နတ်များ အမိန့်ပြန်ကာ၊ လူမည်းကြီးရှိရာသို့အမြန်သွားပြီးလျှင် ၎င်း၏ ကျောကြီးကို ဆေးကြိမ်ဖြင့် တစ်ချက်ရိုက်လိုက်သည့်တစ်ခဏ၌ လူမည်းကြီးမှာ ပြင်းပြစွာဟစ်အော်ပြီး၊ မြေကြီးပေါ်သို့လဲကျလျက် ဆန့်ငင်ဆန့်ငင်နှင့် တက်သလိုဖြစ်နေလေ၏။

ဦးလာဘနှင့်ဦးရေချမ်းတို့လည်း ကျွန်တော့်အနီးသို့ အပြေးရောက်လာကြသည်နှင့် လူမည်းကြီးလက်တွင် အသင့်ပါလာသော လက်နှိပ်ဓာတ်မီးဖြင့် ကောက်ယူထိုးကြည့်လိုက်သောအခါ ထိုလူမည်းကြီးမှာ ချပ်ပြားတမျှ ရှုပ်ပွပွယောင်းသော ဆံ၊ မုတ်ဆိတ်များနှင့် ကုလားဘုန်းကြီးလိုလို၊ ဇော်ဂျီလိုလိုကြီးဖြစ်နေသည်ကိုတွေ့မြင်ရပြီးလျှင် ၎င်း၏ ပခုံးထက်တွင် လွယ်ထားသော သားရေလွယ်အိတ်ကြီးကို ဆွဲယူကြည့်ရှုသောအခါ များစွာသော ငွေသားနှင့် ငွေစက္ကူများအပြင် နောက်နောက်က ပျောက်ဆုံးခံခဲ့ကြရသော ကလေးရှင်

များ၏ ရွှေတို၊ ငွေစ လက်ကောက်၊ ပုတီး စသည်များကို တွေ့မြင်ရမှ မီးရထား လမ်းတစ်လျှောက်တွင် ဆိုးသွမ်းနေသော လူဆိုးကြီးဖြစ်ကြောင်း သိရလေ၏။

ကျွန်တော်လည်း ထိုသတ္တဝါကြီးမှာ ကုလားဘုန်းကြီးဟုတ်, မဟုတ် သိလိုသောကြောင့် ၎င်း၏ မုတ်ဆိတ်ကျင်စွယ်ကြီးများနှင့် ခေါင်းကဆံပင်ချပ် ပြားကြီးကို ဆွဲယူကြည့်လိုက်ရာ အငှားတပ်ဆင်ထားသောကြောင့် ကျွန်တော်၏ လက်တွင်းသို့ ကျွတ်ပါလာပြီး၊ သျှောင်တစောင်းကြီးနှင့် ဘိုးသီးဆိုသော အောက်လမ်းမှော်နှင့်ပဥ္စလက်ဆရာကြီးဖြစ်ကြောင်းသိရသဖြင့် ဦးလာဘအား ဘိုးသီးလက်နှစ်ဖက်ကို ပဝါနှင့်ချည်တုပ်စေပြီး မောင်စောမောင်နှင့်အတူ ကျောင်းဒကာကြီးဦးရေချမ်း အိမ်သို့ခေါ် ဆောင်လာခဲ့ရာ ဘိုးသီးမှာ ကြောက်ရွံ့စွာ လိုက်ပါလာရင်းပင် ပါးစပ်မှ တဖျစ်တောက်တောက်နှင့်-

"ချမ်းသာပေးပါဆရာရယ်၊ ကျွန်တော်နောက်မလုပ်တော့ပါဘူး၊ ဒီပစ္စည်းတွေလဲပြန်အပ်ပါ့မယ်၊ ချမ်းသာပေးရင် ဒီက ခုချက်ချင်းပြေးပါရစေ တော့"

ဟု ထပ်တလဲလဲတောင်းပန်ရင်းနှင့်ပင် အိမ်သို့ရောက်လာလေ၏။

"ဘိုးသီး မင်းဘာကြောင့် လူကောင်းကလေးတစ်ယောက်ကို သူခိုး စိတ်ပေါက်အောင် ဆေးထိုးပေးလိုက်ရတာလဲ"

ဟုမေးရာ . . .

"ချမ်းသာပေးပါဆရာရယ်၊ နောက်မလုပ်ပါဘူး၊ ဒီကျောင်းဒကာမှာ ချမ်းသာတယ်ဆိုလို့ လောဘတက်မိတာနဲ့ သူ့သားကိုဆေးထိုးပြီး အခိုးခိုင်းမိတာ ပါ၊ တခြားကလေးတွေကိုတော့ ခိုးတတ်တဲ့ဆေးထိုးမပေးပါဘူး၊ ကျွန်တော်ရဲ့ မှော်မျက်လုံးနဲ့ စေ့စေ့ကြည့်ရုံနဲ့ ကျွန်တော့်နောက်ကောက်ကောက်ပါအောင် လိုက်လာလေတော့ လူပြတ်ရာခေါ် သွားပြီး ပါတဲ့လက်ဝတ်လက်စားများ ချွတ် ယူပြီး အာစေးထည့်လွှတ်လိုက်တာပါပဲ၊ ဒီသူငယ်ကျမှ လောဘကသိပ်တက်မိ သွားလို့ ဒီလိုလုပ်မိပါတယ်၊ ချမ်းသာပေးပါ၊ ကျွန်တော်ပြေးပါရစေ"

"မင်းဟာ ရထားလမ်းတစ်လျှောက်မှာ သိပ်ဒုက္ခပေးနေတဲ့သူပဲ၊ ပုလိပ် တွေ စုံထောက်တွေကလဲ မင်းကိုထောင်ချဖို့ တကဲကဲစောင့်နေကြတယ်။

သို့သော်လဲငါ့လက်ထဲမိလာတဲ့အတွက် ပုလိပ်လက်တော့မအပ်ပါဘူး၊ ဒီသူငယ်ကို ထိုးပေးတဲ့ဆေးများတန်ခိုးပြယ်အောင် ပြန်ဖြေပေးရင် သစ္စာရေတိုက်ပြီး အဝေးသို့နှင်လိုက်မယ် သဘောကျရဲ့လား"

"ကျေးဇူးပါပဲဆရာရယ်၊ ချမ်းသာပေးတော်မူပါတော့၊ ဒီသူငယ်ကို ထိုးပေးတဲ့ဆေးများ ဖြေပေးပါတော့မယ်"

"ကိုင်း ဒါဖြင့် မိမွေးတိုင်း၊ ဖမွေးတိုင်း ဖြစ်အောင် ဖြေပေတော့"

ဟု ပြောကာ မှင်သက်မိသလို ငေးကြည့်နေသော မောင်စောမောင်ကို ရှေ့သို့ ထိုးပေးလိုက်လျှင် ဘိုးသီးလည်း အောက်လမ်းပညာသည်တို့နည်းအတိုင်း မောင်စောမောင်တွင်ထိုးထားသောဆေးများကို တန်ခိုးပြယ်အောင်မန်းမှုတ်ရွတ်ဖတ်ကာ၊ ၎င်း၏ ပါးစပ်ကြီးဖြင့် မောင်စောမောင်၏ လျှာဖျားနှင့် လက်ဝါးနှစ်ဖက်ကဆေးစက်များကို စုတ်၍ယူလေရာ မောင်စောမောင်၏ မှိုင်းခိုးမိနေသည်နှင့်တူသောမျက်နှာထားသည် ရာဟုခံတွင်းကလွတ်ကင်းသော လဝန်းကဲ့သို့ ရွှင်လန်းကြည်လင်နဂိုပကတိတိုင်း သတိနှင့်အသိဉာဏ်တွေဝင်လာလျက် မျက်နှာတွင် သွေးနုရောင်များလျှမ်းတက်လာသည်ကို တွေ့မြင်ရလေ၏။

ဦးရေချမ်းနှင့် ဦးလာဘတို့လည်း ဘိုးသီးကိုမုန်းတီးစက်ဆုပ်လှသော မျက်နှာများနှင့်ကြည့်ကာ-

"ဆရာလေး ဒီအကောင်ကိုမလွှတ်ပါနဲ့၊ ဂါတ်ကို ပို့လိုက်ပါ၊ သူတစ်ပါးသားသမီးတွေဒုက္ခကြီးရောက်အောင် ရွာစဉ် မြို့စဉ်၊ လှောက်ပြီးနှိပ်စက်နေတဲ့ အယုတ်တမာကောင်ကြီးကို ချမ်းသာပေးလိုက်ရင် အဆိပ်ပင်ရေလောင်းသလို နေပါလိမ့်မယ်"

ဟု ပြောကြသော်လည်း-

"သည်းခံပါဦးရယ်၊ သူလဲနောင်တရပါပြီ၊ မောင်စောလဲအကောင်းပြန်ဖြစ်လာပါပြီ၊ ဦးတို့ပစ္စည်းတွေပါမက တခြားသူများဆုံးရှုံးထားကြတဲ့ ပစ္စည်းများပါပြန်ရပြီဖြစ်တဲ့အတွက် နောက်နောင်ဒီလိုမပြုလုပ်တော့ပါဘူးဆိုသာ သစ္စာရေတိုက်ပြီးလွှတ်လိုက်ပါရစေတော့"

ဟု တောင်းပန်သဖြင့် ကျွန်တော့်ဩဇာကိုနာခံသောအနေနှင့် အဘိုးကြီးတွေလည်း ကျွန်တော့်သဘောကို လိုက်လျောရှာကြလေရာ၊ ကျွန်တော်လည်း ဘိုးသီးအား နောက်နောင် ဤအမှုမျိုးကိုမပြုပါဟု အာမခံသစ္စာရေသောက်စေပြီး ဆေးအချုပ်မှဖြေလွှတ်လိုက်ရာ ဘိုးသီးမှာ ကျွန်တော့်အားပေါက်ဆိန်ပေါက် ဦးများချပြီး မိုးမလင်းမီ တစ်ခါတည်းထွက်ပြေးလေ၏။

အဖြစ်အပျက်တွေကို ဦးလာဘပြောကြားချက်ဖြင့် အစ အဆုံးသိရသော မောင်စောမောင်မှာ လူရိုးလူကောင်းကလေးဖြစ်ရှာသည့်အတိုင်း မဖွယ်မရာသော အပြုအမူများကို ဆေးကခိုင်းတိုင်းပြုနေရသူဖြစ်ကြောင်းသိရကာ မိမိဘ၀မဆုံးရှုံးရတော့ဘဲ ပကတိအခြေအနေသို့ပြန်ရောက်ရသည့်အတွက် ကျွန်တော့်ကိုကျေးဇူးတင်၍ မဆုံးနိုင်ရှာသဖြင့် အခါခါကန်တော့၍သာနေတော့ရာ ဦးလာဘနှင့် ဦးရေချမ်းတို့ လင်မယားသားသမီးတစ်စုကလည်း ကျွန်တော်၏ ကျေးဇူးကြီးကြောင့် ကျေးဇူးတင်၍မဆုံးနိုင်ကြောင်း အဆုံးအစမရှိ ပြော၍ချည်းနေကြသောကြောင့် ကျွန်တော်လည်း နားငြီး၍ပင်လာတော့သဖြင့် ဦးရေချမ်းပျောက်ဆုံးသော ငွေများကို အတိအကျပြန်ရစေပြီး အခြားပစ္စည်းများကိုလည်း ပျောက်ဆုံးသော ဥစ္စာရှင်များကိုစုံစမ်းကာ မှန်ကန်တိကျစွာ ပြန်လည်ပေးအပ်စေလိုကြောင်း မှာကြားခဲ့ပြီး ကျေးဇူးရှင်ဆရာကြီး စေခိုင်းသောအမှုကိစ္စတို့လည်း ပြီးဆုံးခြင်းသို့ ရောက်ပြီသောကြောင့် နောက်တစ်ရက်တွင် ကျေးဇူးရှင်ဆရာကြီးရှိရာ သိန္နီမြို့သို့ နောက်ပါတပည့်ငယ်နှင့်အတူ ပြန်လာခဲ့ပါတော့သတည်း။

✦ ✦ ✦

# တလားခေါက်သံ

(၁၉၃၈-ခု၊ နိုဝင်ဘာလတွင် ရေးသားခဲ့သည်။)

လကွယ်အဖိတ်နေ့တစ်နေ့ဖြစ်သောကြောင့် မိုးကောင်းကင်တစ်ပြင်လုံးပိတ်ဖုံးမည်းမှောင်လရောင်မရှိ ပကတိအမိုက်တိုက်ကြီးဖြစ်လေ၏။ မိုးရာသီဖြစ်၍ မိုးပွားကလေးများ တသဲသဲတဖွဲဖွဲနှင့် မစဲအောင်ရွာသွန်းလျက် တောင်ကတစ်ချက်၊ မြောက်ကတစ်သွယ် တရှဲရှဲတိုက်ခတ်သော လေပြင်းဒဏ်ကြောင့် မြစ်ကျိုးရွာကလေးပေါ်တွင် အုပ်ဆိုင်းညို့မှိုင်းနေသော အုန်းပင်၊ ထန်းပင်၊ ကွမ်းသီးပင်အိုကြီးများမှာ သရက်ပင်အုပ်ကြီးများအထက်သို့ မားမားမတ်မတ်သူတို့၏ ရှည်လျားသော အရပ်ကြီးများကို ထုတ်ဖော်ပြသကာ လေထဲတွင် ယိမ်းယိုင်လှုပ်ရှားပြီး တသဲသဲပျော်ပါးနေသကဲ့သို့ရှိလေ၏။

အချိန်မှာ ညဉ့်ဆယ့်တစ်နာရီလောက်ရှိပြီဖြစ်သောကြောင့် တောရွာကလေးများ၏ ထုံးစံအတိုင်း တိတ်ဆိတ်ငြိမ်သက်လျက် တစ်ချက်တစ်ချက်ရွာပြင်တောစဆီမှ ထိုးအူလိုက်သောတောခွေးအတို့၏ အသံကြောင့် ငြီးငွေ့ထိတ်လန့်စဖွယ် ဖြစ်နေရာတွင် အသံသေးအသံကြောင်ကလေးများနှင့် လယ်ကန်သင်းနှင့် ထုံးအိုင်တို့အတွင်းမှ တစ်သုတ် တစ်သုတ် အုတ်အုတ်ကျက်ကျက်ဆူပူလျက်ရှိသော ဖားလတက်သံကလေးများသာလျှင် ည၏တိတ်ဆိတ်ခြင်းကို အသက်သွင်း၍ ပေးနေသကဲ့သို့ရှိလေ၏။ မြစ်ကျိုး

ရွာကလေးတစ်ရွာလုံးကာ မှောင်မိုက်သော လောကကြီးအောက်တွင် မလှုပ်မယှက်အသက်မရှိသော အဝိညာဏက သတ္တဝါတစ်ဦးပမာ၊ မှောင်မည်းမည်းတွင် ငြိမ်သက်ပြီး မနီးမဝေးမှဆူညံသော ဖားသံတို့ကို မကြားဟန်ပြု၍ နေသည်တိုင်အောင် ညို့ညို့မှိုင်းမှိုင်းအုပ်ဆိုင်း ပျပ်ဝပ်လျက်ရှိသော ၎င်း၏ အတ္တဘောကြီးမှာ တစ်စုံတစ်ရာ ယောင်ယမ်း ဟစ်အော်လိုက်ဘိအလား စူးဝါးနက်ကျယ်သော အသံကြီးများနှင့် ဝမ်းနည်းကြေကွဲစွာ ကောက်ခါငင်ခါ အူလိုက်သည့် ရွာခွေးကြီးတစ်ကောင်၏ အသံသည် ညို့မှိုင်းသောသစ်ပင်အုပ်များပေါ်တွင် မ၊ ဖို ယှဉ်တွဲ၊ ရွှေလည်နွဲ၍ ပျော်ပွဲ ဆင်ကာ အိပ်တန်းဝင်နေရှာကြသော ကျေးငှက်သတ္တဝါကလေးများအား အလန့်တကြားဖြစ်စေလေ၏။

မြစ်ကျိုးရွာကလေးမှာ တောင်တန်းတောအုပ်တို့အလယ်တွင် လွင်တီးခေါင်နှင့် လယ်ကွက်အချို့ကိုအမှီပြုလျက်ရှိပြီးလျှင် ရွာ၏ အနောက်မြောက်ဘက်တွင်ကား ရွာသူရွာသားများသေဆုံးသောအခါ မြှုပ်နှံသဂြိုဟ်ရာဖြစ်သော လုပ်တိုင်းသင်္ချိုင်းတစ်ခုရှိလျက် ထိုသင်္ချိုင်းမှာလည်း အုပ်ဆိုင်းသော သစ်ပင်ကြီးတွေလွှမ်းမိုးထားပြီး ထိုသစ်ပင်ကြီးများပေါ်တွင် ငေါငေါထောင်ထွက်နေသော ကျွန်းပင်စောက်ကြီး လေးငါးခြောက်ပင်မှာ အထက်ခွကြားများအပေါ်တွင် လင့်စင်ကြီးများကဲ့သို့ တစ်စုံတစ်ခုဖုဖုလုံးလုံးကြီးတွေ တင်ထားဘိအလား၊ အခက်၊ အရွက်တွေမှာ အထူးစည်ပင်နေသည်ကိုတွေ့ရလေ၏။

ထိုရွာကလေးမှာ ရွာနီးချုပ်စပ်များနှင့်လည်း အတော်ပင်အလှမ်းကွာဝေးလျက်ရှိရုံမက အခြားရွာများမှ အကူးအသန်းအသွားအလာများလည်း များစွာမရှိလှဘဲ နေ့ရောညပါ အမြဲသော့ခြောက်လျက်ရှိလေရာ ရှေးအခါက တစ်ရွာလုံးတွင် လူနေအိမ်ခြေပေါင်း ခြောက်ရာ၊ ခုနစ်ရာမျှရှိခဲ့ဖူးသော်လည်း လွန်ခဲ့သော ငါးနှစ်ကျော်အချိန်ကစ၍ တစ်နှစ်လျှင် တစ်ကြိမ်မှန်မှန် ယခုလိုမိုးတွင်းအခါဖြစ်သည့် ဝါဆို၊ ဝါခေါင် တောင်လေတဝုန်းဝုန်းတိုက်တတ်သော ရာသီများတွင် ဝမ်းရောဂါအထူးဖြစ်ပေါ်လာတတ်လျက် ထိုကူးစက်တတ်သော ဝမ်းရောဂါကြောင့်ပင်လျှင် တစ်နေ့တစ်နေ့အဖို့တွင် ရွာမှကလေး၊ လူကြီး၊ ယောက်ျား၊

မိန်းမပေါင်း ဆယ်လောင်း၊ ဆယ့်နှစ်လောင်း၊ အမြဲထုတ်ယူသဂြိုဟ်ခဲ့ရပြီး ရောဂါငြိမ်သက်သောအခါမူကား စုစုပေါင်း သေဆုံးသူအလောင်းပေါင်း ကိုးဆယ်၊ တစ်ရာနီးပါးရှိသွားတတ်သောကြောင့် ကြာသော်ရွာရှိလူဦးရေမှာ အတိုးနှင့်အဆုတ်၊ အဆုတ်ကများရကား-

ရှေးအခါက အလွန်တရာစည်ကားခဲ့သော ရွာကြီးမှာတဖြည်းဖြည်းလူဦးရေလျော့ပါးလာတော့လျက် ယခုအခါတွင်ကား ရှေးကအခြေထက် အိမ်ခြေထက်ဝက်မျှသာကျန်ရှိပြီးလျှင် ကျန်လူများမှာလည်း သရက်သီးပေါ်ချိန်မိုးတစွတ်စွတ် လေတဟူးဟူး ဖြစ်သော ဝါဆို၊ ဝါခေါင်လများ၌ ဝမ်းရောဂါဖြစ်တော့မည်အရိပ်အခြေပေါ်ပေါက်လာသည့်နှင့်တစ်ပြိုင်နက်၊ အိုးအိမ်နေရာထိုင်ရာတို့ကို စွန့်ပစ်ကာ ခေတ္တခဏမိမိတို့နှင့်နီးစပ်ရာဆွေမျိုးမိတ်ဆွေတို့ထံသို့ပြေးရှောင်ကြပြီး၊ ရောဂါဘယကင်းရှင်းချိန်ကျမှ ပြန်ရောက်လာလျက် မိမိတို့လုပ်ခင်းဆောင်တာကလေးများကို ဆက်လက်လုပ်ကိုင်ကြရရှာလေ၏။

ထို့ကြောင့် အဆိုပါရွာကလေးတွင် မိမိတို့လုပ်ငန်းဆောင်တာကိုပစ်မပြေးနိုင်၍ ကြောက်ကြောက်ရွံ့ရွံ့နှင့်စွန့်စားကြ၍ နေရစ်ရရှာသော ရွာသူ၊ ရွာသား အနည်းငယ်မျှသာ ရှိပြန်သောကြောင့် ထိုအချိန် ထိုအခါတွင် လူဦးရေအထူးသဖြင့် လျော့ပါးစဉ်ဖြစ်လေ၏။

အချို့အထင်ကား တောင်ကျချောင်းလောင်သင်းရေများကိုသောက်ရသဖြင့် အထက်အညာမှ မသန့်မရှင်းသောရေကြောင့်တစ်ကြောင်း၊ မိုးရေစွတ်စိုစိုတွင် အမှည့်လွန်သော သရက်သီးများကိုစားကြ၍ ပြင်းထန်သောတောင်လေတဟုန်းဟုန်းနှင့်တွေ့သွားသောကြောင့်သာ ဝမ်းဖော ဝမ်းယောင်ဖြစ်ကြရ၍ ထိုဝမ်းဖော ဝမ်းယောင်မှ အညွန့်ပေါက်၊ အညှောက်ထိုးကာ ကာလဝမ်းရောဂါသို့တစ်ဆင့်တက်လာသည်ဟု စဉ်းစားကြ၍ အချို့ကား ထိုရွာတွင်းသို့ ဘီလူး၊ တစ္ဆေ၊ သရဲစသော မကောင်းဆိုးဝါးများဝင်စားသဖြင့် လူအများသေကျေပျက်စီးရသည်။ နာနာဘာဝမကောင်းသူ၊ မကောင်းသားများ မဝင်နိုင်စေခြင်းငှာ၊ ဂါထာ၊ မန္တန်၊ အင်း၊ အိုင်၊ လက်ဖွဲ့ စသည်တို့ကို၊ အရေးတကြီးပြုပြင်စီရင်တတ်ကြ၍ အချို့မှာလည်း ရွာထဲတွင် ပိုက်ဆံကြေးငွေကလေးများ စုဆောင်း

ကောက်ခံကာ၊ ရဟန်းတော်များပင့်ပြီး ပရိတ်နာ၊ ကမ္မဝါဖတ်နှင့် ရှပ်ယှက်ခပ်၍ နေကြမြဲဖြစ်လေ၏။

အချို့ကား ဤရွာမှာ ရှေးနှစ်ပေါင်းများစွာက ထိုကပ်ရောဂါမျိုးမကျရောက်ဘဲ ယခုလွန်ခဲ့သော ဆယ်နှစ်ကျော်လောက်ကမှအစပြု၍ ပေါ်ပေါက်လာသည်ဖြစ်ရာ ရွာသို့ လွန်ခဲ့သည့်နှစ်ပေါင်း နှစ်ဆယ်ကျော်လောက်က ရောက်လာနေထိုင်နေကြသည့် ဒေါ်ဖဲကြီးကို အတပ်စွဲကြလေ၏။ ထို့ကြောင့် ပင်အချို့ အဒေါ်အိုကြီးများမှာ အချင်းချင်းလက်တို့ခြေတို့နှင့်-

"ကြည့်ပါလားအေ့၊ တို့ရွာမှာ တို့နေလာတာ အသက်ခြောက်ဆယ်ကျော်လို့ ခုနစ်ဆယ်ရှိလာကြပြီ၊ ဒီရောဂါမျိုး၊ ဒီကပ်မျိုး ဘယ်တုန်းကပေါ်ဖူးသလဲ၊ တို့ရွာထဲသေကြသမျှ လူတွေဟာ ရိုးရိုးသားသားဖျားနာပြီး နာတာရှည်ကြီးဖြစ်သေရတယ်၊ ယခုလိုဝမ်းရောဂါမဆိုထားနှင့် ဝမ်းကိုက်ရောဂါနှင့်တောင်မသေဖူးပေါင်တော်၊ ရှင်တို့ပြောင်းလာကြမှပဲ ထူးထူးကဲကဲဖြစ်ရလေတယ်"

ဟု တီးတိုးပြောကြ၍ ၎င်းတို့အနီးအပါးမှ အသက်ငယ်ရွယ်သူများက ကြားသောအခါမှု ထိုအပြောမျိုး၏ အဓိပ္ပာယ်ကိုမရှင်းလင်းသေးဘဲအလား . .

"အဘွားရဲ့ ဒေါ်ဖဲကြီးတို့ ပြောင်းလာတာနဲ့ ဒီရောဂါရတယ်ဆိုတာ ဘယ်လို သဘောတုံး အဘွားရဲ့၊ ဒေါ်ဖဲကြီးတို့က ဒီရောဂါမျိုးဖြစ်အောင် လုပ်တတ်သလား"

ဟု မေးမြန်းကြသည်တွင် စိတ်တိုသော အဘွားအိုကြီးများမှာ မိမိတို့၏ မြေးသားများအား . . .

"အိုအေ ညည်းတို့ကလည်း အစစအရာရာသိချင်တတ်လိုက်ကြတာ၊ ကောင်းကောင်းမှတ်ထား၊ သူများလည်း သွားပြီး မပြောကြနဲ့ဦး၊ အဲ ဒီမဖဲကြီးက စုန်းမကြီးတဲ့တော့၊ စုန်းမမှ ဆယ့်နှစ်ကြိုးစီးနိုင်တဲ့ တကယ့်ဇော်ဂနီမကြီးတဲ့တော့၊ ဟုတ်မှာပါပဲ။ သူ့ပုံကြီးကိုက မည်းမည်းကြုတ်ကြုတ် ကုပ်တိုကြီးနဲ့ မျက်ထောင့်ကြီးကလည်း နီလို့၊ ကြည့်ပုံရှုပုံကြီးလည်း ကြောက်စရာ၊ ပြီးတော့ စုန်းကဝေဆိုတာ ရိုးရိုးလူနဲ့ ဘယ်တော့မှ မျက်လုံးချင်းဆိုင်ပြီး မကြည့်ရဲဘူးတဲ့။ ကြည့်လို့ရှိရင် သူတို့မျက်စိသူငယ်အိမ်ထဲမှာ လူရိပ်ကို ဇောက်ထိုးပေါ်နေတာ၊

အတိုင်းသားမြင်ရတယ်တဲ့။ ဒါကြောင့် တို့နဲ့ တွေ့တဲ့အခါတိုင်း မဖဲကြီးဟာ ဘယ်တော့မျှ မျက်နှာဆိုင်ကြည့်သလဲ။ မျက်နှာလွှဲလွှဲသွားတာချည်းပဲ။ မေးလို့စကားပြောတဲ့အခါမျိုးလည်း မျက်နှာကြည့် မပြောဘူး။ ဘေးတိုက်ဖြစ်ဖြစ်၊ နောက်ပေးဖြစ်ဖြစ်၊ ပြောတာချည်းတွေ့ရတယ်။ နောက်ပြီး ပညာသည်ဆိုရင် စကားပြောလည်း ဘယ်တော့မှ မချောင်ဘူး။ ပညာမာန်နဲ့ မာနလေး တက်နေတော့ ပြောတဲ့လေသံကြီးဟာလည်း မာဆပ်ဆပ် တိုနံ့နံ့နဲ့ ပြောသတဲ့၊ မိဖဲကြီးလည်း ဒါတွေနဲ့ တစ်သဝေမလွဲကိုက်ညီနေတာပဲတော့"

ဟု ကရွတ်ကင်းလျှောက်၊ စုန်းတရားများ ဟောတတ်သဖြင့်

"နေပါဦးအဘွားရဲ့၊ ဒေါ်ဖဲကြီးစုန်းတတ်တာ ထားပါဦး၊ စုန်းတတ်တော့ ကျွန်မတို့ရွာကို ရောဂါဖြစ်အောင် လုပ်နိုင်ရောတဲ့လား၊ လူတွေ ဝမ်းသွားသေအောင် သူ့စုန်းက ပြုစားနိုင်သလား အဘွားရဲ့"

ဟု အညွှန့်တက်ကြပြန်သောကြောင့်

"ဟဲ့ စုန်းကတော့ ဝမ်းသွားအောင် ဘယ်လုပ်နိုင်လိမ့်မလဲ။ ဒါပေတဲ့ စုန်းဆိုတော့ တစ္ဆေသရဲတွေနဲ့ နီးစပ်ပြီး ရွာကို ကပ်ဆိုက်အောင် မွေးနိုင်တာပေါ့"

ဟု မဖဲကြီးခေါ် အမယ်ကြီးအားစုန်းမကြီးဟု အတပ်စွဲထားသော အယူဝါဒကို ရွာက ကလေးသူငယ်တို့အား သွတ်သွင်းထားလိုက်တတ်လေ၏။ ထို့ကြောင့်လည်း တစ်ရွာလုံးကပင် ကလေးလူကြီးမကျန် ဒေါ်ဖဲကြီးဟာ စုန်းမကြီးဟူသော စွပ်စွဲချက်မှာ တစ်ဖက်သတ်အတည်ဖြစ်၍ သွားခဲ့လေသတည်း။

ဒေါ်ဖဲကြီးဆိုလျှင် လူတိုင်းက ရွံကြောက်ကြီး ကြောက်နေကြတော့၏။ မိမိတို့က မခေါ် မပြော မဆက်ဆံဘဲ ကြဉ်ထားစေကာမူ ဒေါ်ဖဲကြီးက လာခေါ်လျှင်ကား မနေဝံ့ကြပေ။ ပျာပျာသလဲ ပြန်လှန်စကားပြောကြရပြီးလျှင် မိမိတို့က ရှောင်ကြဉ်နေသည်ဟူ၍လည်း ဒေါ်ဖဲကြီးနားကို တစ်စွန်းတစ်စမှ မပေါက်ကြားခဲ့ဘဲရှိလေ၏။ ဒေါ်ဖဲကြီးက ဆန်ချေးလျှင် ကပျာကယာ ထုတ်ပေးကြလျက် ပြန်တောင်းရန်လည်း မရဲဘဲနေကြရာ နောက်တစ်ခါ ဆီချေးလာပြန်လျှင်လည်း အရင်ဆန်ချေးမဆပ်သေးဘဲ နောက်ထပ်မချေးနိုင်သေးဟု စိတ်ထဲက

သာ တွေးမိလျက် မျက်နှာမူကား မပျက်ဝံ့ဘဲ အရင်ဆန်ချေးမရခင် နောက် တစ်ဖန်ဆီချေးလိုက်ရပြန်ပြီး နောက်တစ်ခါပင် ပိုက်ဆံချေးလာပြန်လျှင်လည်း ရှိသလောက်မှ ဖဲ့ရွှဲချေးလိုက်ရပြန်တော့ကာ ချေးငှားရပေါင်း အကြိမ်တွေ များ သော်လည်း ဒေါ်ဖဲကြီးကလည်း ဘယ်ခါမှ ပြန်မပေး၊ တောင်းလည်း မတောင်းဝံ့။ နောက်အကြိမ်ကြိမ် လာချေးတိုင်းလည်း မဆိုင်းမတွ ထုတ်ပေးကြရခဲ့ခြင်းတို့ ကြောင့်ပင် ကြာသော် ဒေါ်ဖဲကြီးမှာ ထိုရွာတွင် မိုက်ကြေးခွဲစားနေသော လူမိုက် တစ်ဦးကဲ့သို့ ဖြစ်နေခဲ့တော့လေ၏။

***

လှအောင်နှင့် သိန်းနုတို့ကား စစ်ကိုင်းမြို့မှ ထွက်ပြေးလာကြသော ညားခါစ လင်မယားကလေးဖြစ်လေ၏။ နှစ်ဦးနှစ်ဖက် မိဘများက တရားဖက်၊ ရန်ဖက်၊ အစဉ်အဆက်က အငြိုးကြီးခဲ့ကြသောကြောင့် ကလေးနှစ်ယောက် အား ချစ်ကြိုက်နေကြသည်ကို ရိပ်မိ၍ အနည်းငယ်မျှ သဘောမတူသဖြင့် နှစ်ဖက်စလုံးက မိမိတို့သားသမီးများကို အသီးသီးကျပ်တည်းစွာ သတိနှင့် ထိန်းသိမ်းထားခဲ့ကြရာမှ လှအောင်နှင့် သိန်းနုမှာ အချစ်ကြီးသော သမီးရည်းစား များဖြစ်ကြသည့်အားလျော်စွာ ဓားတစ်ပြက် တုတ်တစ်ပြက်ထဲကပင် စွန့်စွန့် စားစား အသက်ဆံဖျား ကြံဖန်ထွက်ပြေးလာကြရရှာသူများဖြစ်လေရာ အချစ်အတွက် ကြီးစွာသော အခက်အခဲကြောင့် ဒုက္ခကြီးနှင့် ရင်းနှီးခဲ့ရသည့် အချစ် ဖြစ်ခဲ့ကြသည့်အလျောက် အချစ်၏ လေးနက်သော အရသာကို သူတစ်ထူးထက် ထူးကဲလေးနက်သည်ဟု အယူရှိကြပြီး အယူရှိကြသလောက် လည်း အချစ်ကြီး ချစ်နေရှာကြသူများဖြစ်ကြလေရာ တားဆီးနှောင့်ယှက်၊ ခွဲခြားဖျက်ဆီးမည့် မိဘများနှင့် ဝေးရာ ၎င်းတို့မလိုက်နိုင်ရာအရပ်သို့ ခြေရာ ဖျောက်ထွက်ပြေးလာကြသဖြင့် အဆိုပါ မြစ်ကျိုးရွာကလေးဝှင် လာရောက် ပုန်းလျှိုးနေရှာကြလေ၏။

မိဘနှစ်ဖက်စလုံး ဖမ်းမိတွေ့ရှိသည်နှင့် တစ်ပြိုင်နက် ရက်စက်စွာ ခွဲထားကြတော့မည့် မိမိတို့၏ ဘေးအန္တရာယ်ကို တင်ကြိုတွေးမိခဲ့ကြသူများ ဖြစ်သည့်အားလျော်စွာ အဝေးဆုံး ခြေရာပျောက်အရပ်တွင် တစ်နှစ်မျိုး၊

ခြောက်လမျိုးဆိုသလို နေထိုင်စားသောက်နိုင်လောက်အောင် နှစ်ယောက်စလုံး ငွေကြေးကလေးများ ခိုးယူလာခဲ့ကြသောကြောင့် မြစ်ကျိုးရွာသို့ ရောက်လာပြီး လူမနေသော အိမ်ငယ်တစ်ခုကို တောရွာပြီပြီဈေးပေါပေါနှင့် ငှားရမ်းနေထိုင်ကြသည်မှာ သုံးလေးလရာသီတိုင်ရောက်လာစေကာမူ ရွာ၏ အကြောင်းကို ကောင်းစွာ မစုံစမ်းမိဘဲရှိခဲ့လေ၏။ အချို့ရွာက ကလေးငယ်တို့ထံမှကား ဒေါ်ဖဲကြီးစုန်းတတ်ကြောင်း နားစွန်နားဖျားကြားခဲ့ဖူး၏။ သို့ရာတွင် ရွာမှန်လျှင် စုန်းရှိရမည်။ ရှေးအခါကပင် "ခုနစ်အိမ် တစ်အိမ်စုန်း" ဟုဆိုသော စကားရှိခဲ့သည့်အားလျော်စွာ များစွာအရေးမယူခဲ့ဘဲ ဒေါ်ဖဲကြီးဟာ ပညာသည်ဟူ၍ကား အသိအမှတ်ပြု၍ ထားခဲ့လေ၏။

သို့နှင့် လှအောင်နှင့်သိန်းနုတို့မှာ ဘာအကြောင်းမှ မသိရှာကြသည့်အားလျော်စွာ ညားကာစလင်မယားဖြစ်သည့်အတိုင်း ပျော်ရွှင်ကြည်နူး၊ အချစ်စည်းစိမ်ယစ်မူးလျက်ရှိခဲ့ရာတွင် မကြာမီ ဆယ့်လေးငါးရက်ခန့်ကမူ ခွေးအူသံတွေ ကျီးပြိုသံတွေ ကြားရပြီး ရွာသူရွာသားတွေ တစ်စုံတစ်ခုသော ဘေးဥပါဒ်နှင့် ရင်ဆိုင်တိုးရတော့မည်ကဲ့သို့ မျက်စိပျက်ပျက် မျက်နှာပျက်ပျက်နှင့် ဖြစ်နေကြသည်ကို တွေ့ရသောကြောင့် လှအောင်နှင့် သိန်းနုတို့မှာလည်း ပျော်ရွှင်စွာနေကြရာမှ သတိပြု၍ ကြည့်ရှုအကဲခတ်၍ နေမိကြလေ၏။

လှအောင်နှင့် သိန်းနုတို့ ဂရုစိုက်၍ ကြည့်ရှုအကဲခတ်မိမှပင် ရွာကလူတွေမှာ မျက်စိမျက်နှာပျက်လျက် အမူအရာလည်း ထူးခြားသည်ထက် ထူးခြားလာပြီး အကာလညအခါမှာလည်း နေဝင်သည်ကအစ တိတ်ဆိတ်ငြိမ်သက်လာသော ရွာကလေးမှာ ညစဉ်လိုပင် ခွေးတွေအူ၊ ကျီးတွေပြိုနှင့် အကြောင်းမဲ့ ထိတ်လန့်စဖွယ် အာရုံတွေ ထင်မြင်လာလျက် ကြက်သီးမွေးညှင်းများလည်း တဖျင်းဖျင်းထလာမိကြပြီး ညညတွင် တထိတ်ထိတ်နှင့် အိပ်၍ပင် မပျော်နိုင်ရှိကြလေ၏။

ဝါဆို၊ ဝါခေါင် မိုးရေကတဖောင်ဖောင် တောင်လေက တဟူးဟူးဖြစ်နေသောကြောင့် ခွေးအူသံ၊ ကျီးပြိုသံတွေနှင့် ပြိုးပြွမ်းနေသော ညအချိန်မှာ

ဝုံးခနဲ၊ ဒိုင်းခနဲ၊ သဲခနဲ၊ ရုတ်ခနဲ၊ ဝှေ့ရမ်းလာသော လေကျသံကြီးများမှာ ကြောက်အားကို ပိုမိုလေးနက်လာစေတော့၏။

"ကိုလှအောင်၊ နုတော့ သိပ်ကြောက်တာပဲ ကိုလှအောင်ရယ်။ ခွေးတွေကလည်း အူလိုက်တာ မနားတော့ဘူး။ ကျီးတွေကလည်း ပြိုလိုက်တာ ခဏခဏပဲ။ တစ်ခါတစ်ခါ အလန့်တကြား ဝှေ့တိုက်လိုက်တဲ့ လေသံကြီးကလည်း ပြင်းတာပဲနော်"

"ခွေးအူတာပဲကွယ် ကြောက်စရာလိုက်လို့ တို့မြို့မှာ နေတုန်းကလည်း ဒီလိုပဲ ခွေးအူတာတွေ ကြားရသားနဲ့ ဘာကြောက်ရမှာလဲ နုရဲ့"

"ခွေးအူသံက မြို့ကအူတာနဲ့မှ မတူဘဲ ကိုလှအောင်၊ နုတော့ ဒီအသံတွေ ကြားရတိုင်း ကျောထဲက စိမ့်တက်လာတာပဲ"

"မကြောက်ပါနဲ့ နုရယ်၊ မြို့ကခွေးနဲ့ တောကခွေးနဲ့ အတူတူပါပဲ။ အဲလေ တစ်ခုတော့ရှိသပေါ့။ မြို့မှာတော့ ဆူဆူညံညံ လင်းလင်းခြင်းခြင်းရှိနေလို့ ခွေးအူသံကြားရလို့ မကြောက်ခဲ့ပေမယ့် ဒီမှာတော့ တောရွာကလေးဖြစ်နေလို့ တိတ်ဆိတ်မည်းမှောင်နေတာနဲ့ ကြောက်ဖို့ကောင်းနေတာပါ။ တောကြားတောင်ကြားတွေထဲမှာ ရွာတည်ထားတော့ လေတိုက်ရင်လည်း မြို့ထက်ကဲတယ်။ သစ်ပင်တွေကများတော့ လေသံဟာလည်း ပိုပြီး မြည်တာပေါ့။ ကျီးပြိုတာလည်း ကြောက်စရာမဟုတ်ပါဘူး နုရဲ့၊ ကျီးတွေ၊ ငှက်တွေဟာ သစ်ပင်သစ်ကိုင်းတွေပေါ်မှာ အိပ်မောကျနေတုန်း ဖြုံးခနဲ လေကတိုက်လိုက်တော့ သစ်ကိုင်းတွေ သွက်သွက်ခါအောင် လှုပ်ရှားသွားတာနဲ့ အိပ်ရာက လန့်ဖျပ်နိုးပြီး အော်ကြပျံကြတာပဲနုရဲ့၊ လေတိုက်တိုင်း ကျီးတွေ ခဏခဏလန့်တာများ [illegible]ရေးလုပ်ကြောက်နေရင် ခက်ရရောပေါ့"

[illegible] လှအောင်မှာ သိန်းနုအားငယ်နေမည်စိုးသဖြင့် အားပေးစကား ပြောရစေကာမူ မိမိပြောနေသော စကားများက မိမိကိုယ်တိုင်အတွက်ပင် အရေးမပါ[illegible]ရှိပြီး ကျောထဲက မကြာခဏ စိမ့်တက်မိလေတော့၏။ သိန်းနုကား [illegible]ဖြစ်သူ၏ ပြောစကားအရနှင့် လှအောင်ကို အားကိုးအားထားပြုမိခြင်းများကြောင့်လည်း တစ်နည်းအားဖြင့် အားတက်လာသကဲ့သို့ ရှိလေ၏။

သို့ရာတွင် နောက်နေ့များ၌ ရွာသူရွာသားများ၏ အမူအရာကို ကြည့်ရသည်မှာ ပိုမိုစိတ်မကောင်းစရာတွေ တွေ့မြင်လာရပြန်လေ၏။ အချို့လည်း စားအိုးစားခွက်၊ အိမ်ထောင်ပစ္စည်းကလေးများကို စုဆောင်းသိမ်းကောက်ကာ နေကြလျက်၊ အချို့လည်း ထုပ်ပိုးပြီးပစ္စည်းများကို သယ်ပိုးယူဆောင်ကာ အိမ်လုံးကျွတ်ခရီးထွက်သွားကြသည်ကို တွေ့ရ၍၊ အချို့မှာလည်း အိမ်တွင်ပင် ထိတ်လန့်တုန်လှုပ်သော မျက်နှာနှင့် နေမြဲတိုင်းနေရှာကြသည်ကို တွေ့မြင်ရပြီး အချို့ခရီးထွက်မည့်ဆဲဆဲ လူများကလည်း

"ဘယ်သူရေ ညည်းတို့ကော မသွားကြဘူးလား ဟေ့"

ဟုမေး၍

"အေး အေးတို့တော့ ကမ္ဘာသကာပဲ၊ အိမ်လည်း ပစ်ထားလို့မဖြစ်၊ နွားတွေလည်း ခေါ်မသွားနိုင်၊ ဒီမှာလုပ်စရာတွေက တပြုံကြီးနဲ့သွားလို့ မဖြစ်ဘူး။ ကြောက်ကြောက်နဲ့ပဲ နေရစ်ရတော့မယ်အေ့"

ဟု ပြန်ပြောသူကပြောကြသည်ကို ကြားသိတွေ့မြင်ရလေ၏။ အချို့ကလည်း ခွက်တစ်ခုနှင့် ပိုက်ဆံလည်ခံပြီး ခရီးမထွက် သူများအတွက် အန္တရာယ်ကင်းစေရန်ဟု အန္တရာယ်ကင်းပရိတ်နာ၊ ကမ္ဘဝါဖတ်၊ လူရှိသော အိမ်တိုင်း အိမ်တိုင်းတွင်လည်း ပရိတ်ချည်၊ ပရိတ်ပန်း များနှင့် မိမိတို့အိမ်များကို ကာရံစည်းချထားသည်ကို တွေ့မြင်ကြပြန်လေ၏။

"ဟေ့ မြို့သား လင်မယားကလေး၊ မင်းတို့လည်း အန္တရာယ်ကင်း ပရိတ်နာရအောင်လာကြကွယ်"

ဟုခေါ်ကြ၍ လှအောင်နှင့် သိန်းနုတို့မှာ ပရိတ်များ ဝင်နာရပြီး မိမိတို့ အိမ်အတွက်လည်း ပရိတ်ချည် ပရိတ်ပန်းများကို ဝေစုရခဲ့ကြသော ကြောင့် လှအောင်မှာ ထိုရွာသူ ရွာသားများ၏ ထူးခြားချက်ကို သိချင်သော စိတ်များက တားမရ ဆီးမရအောင် တိုက်တွန်းနှိုးဆွနေတော့သဖြင့် အဘိုးကြီး တစ်ယောက်အပါးသို့ တိုးကပ်၍ သွားကာ . . .

"ဒါထက်ဘကြီးရယ်၊ ဘကြီးတို့ရွာက တချို့လူတွေဟာ ဘယ်သွားကြတာလဲ။ သူတို့မျက်စိမျက်နှာတွေလည်း မကောင်းလှဘူးဘကြီးရဲ့၊ ရွာမှာ ရှိတဲ့

လူတွေရဲ့ မျက်နှာမှာလည်း တစ်ခုခုကို တွေးကြောက်နေသလိုချည်းပဲ။ ကျွန်တော် မသိရဘူးလားဘကြီးရဲ့၊ အကျိုးအကြောင်းကလေးများ ပြောစမ်းပါဦး"

ဟု မေးမြန်းသောအခါ အဘိုးကြီးမှာ ကောင်းစွာ မပြောချင်သော အသံဖြင့် . . .

"ကွာ တခြားဟုတ်ရိုးလား၊ ဒီရွာမှာ နှစ်တိုင်းနှစ်တိုင်း ဒီအခါ ဒီရာသီရောက်ရင် နည်းနည်းပါးပါး ရောဂါဥပါဒ်များတတ်တာနဲ့ ပရိတ်နာကြ၊ တခြားရွှေ့ကြ၊ လုပ်ကြတာပါ။ ဘကြီးတို့တော့ကွာ၊ နေ့စေ့ရင် သေရမှာပဲဆိုပြီး ကမ္မသကာထားပြီး နေလိုက်တာပဲကွဲ့"

ဟူသော အဖြေကို ရသဖြင့် လှအောင်လည်း ကြောက်ရွံ့စိုးရိမ်စိတ်များ ဖြစ်ပေါ်မိသည့်တိုင်အောင် ရွာကလူများလောက် မကြောက်လှတော့ဘဲ ဒေါကလူတွေက သည်းကိုသည်းလွန်းပါတယ်။ ကြောက်စရာရှိရင်လည်း ဖြစ်ကြောက်ခံရသလို ကြောက်တတ်တာပဲ၊ အံ့သြစရာရှိလည်း သူများတကာထက် ပိုကိုဟဲရမှုဟု စိတ်ထဲကြိတ်၍ ကဲ့ရဲ့မိကာ၊ အထက်မြို့ဆီမှာ တစ်နှစ်တစ်ခါ ပုလိပ်ရောဂါကြောက်ရသလောက် ကြောက်ပုံမျိုးမျှသာ ကြောက်လန့်မိတော့သဖြင့် အတော်ကလေးနေသော ထိုင်သာရှိသွားကာ သိန်းနုကိုလည်း ပိုပိုမိုမိုကြီး အားပေးထားလိုက်ရပြန်ပြီး လင်မယားနှစ်ယောက် မေ့မေ့ပျောက်ပျောက် ပျော်ပျော်ရွှင်ရွှင်ကြီး နေမြဲနေလိုက်ကြပြန်လေသတည်း။

***

ရွာကလေးတွင်ကား တစ်နေ့ထက်တစ်နေ့ အိမ်တံခါးများပိတ်၍ ပြောင်းရွှေ့သွားကြသူတွေ များပြားလာသောကြောင့် နောက်ဆုံးတွင်ရွာရှိ အိမ်ခြေထက်ဝက်ကျော်ကျော်မှာ လူမရှိတော့ဘဲ အိမ်တံခါးပိတ်များသာ တွေ့ရ၍ ကျန်ရစ်သော လူနည်းစုကလေးမှာလည်း ထိတ်လန့်ကြောက်ရွံ့စွာ မျက်စိသူငယ်နှင့်ဖြစ်နေရှာကြသည်ကို တွေ့ရပျက် ခွေးအူသံကြီးများနှင့် ကျီးပြိုသံများ တစ်နေ့တခြားသည်း၍လာပြန်လေ၏။ လှအောင်တို့ လင်မယားကား ညဉ့်နက် သန်းခေါင်ကျော်လောက်တွင်၊ ခွေးအူသံ၊ ကျီးပြိုသံတို့ကြောင့် အိပ်မပျော်နိုင်တော့ချေ။

သိန်းနုကား လှအောင်ကို ကြောက်အားနှင့် နင်းကန်ဖက်ထားရလေတော့၏။ ထိုအတွင်း ခွေးအူသံနှင့် ကျီးပြုံသံတွေကြားထဲတွင် ဗုတ် ဗုတ် ဗုတ် ဗတ်ဗတ် ဗတ် ဗတ်နှင့် မြည်သော အမင်္ဂလာအသံကြီးတစ်ခုကလည်း ပျောက်ကြား ပျောက်ကြား ပေါ်၍ ပေါ်၍ လာတတ်ပြန်လေရာ ထိုအသံကြီးကို ကြားရသည်မှာလည်း ကြားရသူတွင် ခေါင်းနားပန်းကြီး၍ ကြက်သီးမွေးညှင်း တဖျင်းဖျင်းထလာကာ မျက်စိတွေ ပြာဝေသွားသကဲ့သို့ ထင်မှတ်ရရုံမက ထိုအသံကြီးထဲမှာပင် မကောင်းဆိုးဝါးကောင်ကြီး ဝင်နေသကဲ့သို့ မှတ်ထင်ရလေ၏။

လှအောင်မှာ ယောက်ျားဖြစ်၍ အားတင်းနိုင်သေးသော်လည်း သိန်းနုတွင်ကား နုနယ်လှပသော မိန်းမသားကလေးတစ်ယောက်ဖြစ်၍ နဂိုကလည်း အသည်းငယ်တတ်သူကလေးဖြစ်ရာ ထိုအသံကြီးကို ကြားရသောအခါတိုင်း တက်တော့မလောက် ကြောက်လန့်ခြင်းဝေဒနာကို အသည်းတုန် အူတုန် ခံစားရရှာပြီး တစ်ခါတည်း ကြုံကြုံပါအောင် ရှိုက်ငိုမိရှာတော့၏။

"နုရယ်မငိုပါနဲ့ကွဲ့၊ ဘာကြောက်စရာရှိလဲ။ ကိုလှအောင် ဖက်ထားတယ်လေ။ ဘာမှမကြောက်နဲ့ ယာခင်းထဲက ယာခြောက်တဲ့ အသံထင်ပါရဲ့။ ဒီတောဆီမှာ ဒီလိုပဲနုရဲ့ ညည ယာခင်းထဲ မျောက်တွေဝင်၊ သမင်တွေဝင်၊ ဆင်တွေ ဝက်တွေဝင်ပြီး အသီးအနှံတွေ ဖျက်ဆီးစားသောက်တတ်ကြတယ်။ ဒါကြောင့် ဒီတိရစ္ဆာန်ကောင်တွေ ယာထဲဝင်ရင် ထွက်ပြေးအောင်လို့ တုံးတွေ တိုင်တွေ ခေါက်ပြီး ခြောက်လှန့်ပစ်ရတာပါနုရဲ့၊ မကြောက်ပါနဲ့"

ဟု အားပေးရရှာတော့၏။ သို့သော်လည်း လှအောင် ကိုယ်တိုင်ပင် ထိုအသံဆိုးကြီးကို မသင်္ကာနိုင်ပေ။ ထိုအသံဆိုးကြီးကို ကြားရသည်မှာ မိမိတို့အား တစ်စုံတစ်ရာသော အဟိတ်ဒုက္ခကို ရရှိခံစားစေရမည့် ကြမ္မာကောင်၏ အသံကြီးပင် ဖြစ်လေမည်လားဟု စွဲလမ်းစွာ ဥပါဒါန်ကပ်၍ သွားမိလေ၏။ မိဘများက အချစ်ကို ခွဲခြားဖျက်ဆီးမည်စိုးသဖြင့် စွတ်မိစွတ်ရာသို့ ၎င်းတို့ မလိုက်နိုင်အောင် ခြေရာပျောက်ထွက်လာခဲ့ပြီး ထိုရွာကလေးတွေ ပျော်ပျော်ရွှင်ရွှင်ကြီး နှစ်လကျော်သုံးလမျှ နေခဲ့ကြသော်လည်း ထိုအမင်္ဂလာအသံကြီး

ကို ကြားရပြီးသောအချိန်မှစ၍ လှအောင်၏ ရင်တွင်း၌ မလင်းနိုင်အောင် ဆို့ကျပ်၍ သွားလေ၏။ မိမိကိုယ်တိုင်လည်း ထိုအသံကြီးကို ဘယ်ကဲ့သို့ အသံမျိုးကြီးပေနည်းဟု မစဉ်းစားနိုင်၊ မိမိစိတ်မှာ ထိုအသံကြီးနှင့်အတူ အစွယ်ပြူးပြူးနှင့် ဘီလူးသဘက်ကောင်ကြီး လွင့်ပါလာသကဲ့သို့ ထင်မိလေ၏။ ထိုအသံကြီးမှာ မိမိတို့ကို တစ်စုံတစ်ခုသော ဘေးဥပါဒ်ရောက်စေရန် စီမံဖန်တီးတော့မှာပဲဟူ၍လည်း စိတ်ထဲတွင် အကြောင်းမဲ့စွဲလမ်းနေလေ၏။

သို့နှင့် နောက်ရက်များတွင် ရွာရှိ လူနည်းစုကလေးများအနက်မှ အချို့ရပ်ကွက်ရှိ အိမ်များမှာ လူဝင်လူထွက်တွေ၊ အဆင်းအတက်တွေ အတော်ရှုပ်နေသည်ကို မြင်ရလျက် အချို့အိမ်ဆီကမူ ဆူခနဲ ပွက်ခနဲ ငိုသံများကို တသ်ည်းကြားရလေ၏။ ရွာသူရွာသားများမှာလည်း ကျိုးလန့်စာစား၊ အသက်ဆံဖျား ကြောက်ရွံ့လှသောကြောင့် မျက်နှာဖြူဖပ်ဖြူရော်ဖြစ်ကာ ဗျာသင့်နေရှာကြသည်ကို မြင်ရလေ၏။

"ဘယ့်နှယ်လဲ၊ ဘယ်အိမ်မှာ ဘာဖြစ်တာလဲ"

ဟု စုံစမ်းနားထောင်တိုင်း-

"ဟိုဟာလေ ဟိုဟာရောက်ပြီး၊ ရောက်တာနဲ့တစ်ပြိုင်တည်းလဲ တယ်မကြာဘူး စီခနဲ ပွက်ခနဲ ကြားရတာ၊ ပြီးရောပြီးရော၊ ဒီနှစ်လဲ အနည်းဆုံး ငါးဆယ်ထက် လျော့မှာမဟုတ်ဘူးဟေ့"

ဟု အချင်းချင်းပြောကြပြီး အချို့ရွာသားများမှာလည်း ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် ရွာထဲရပ်ကွက်ထဲတွင် အတူဖြစ်နေ၍ ဝတ္တရားအတိုင်း တစ်အိမ်တစ်ယောက်ထွက်ကာ နီးရာအလောင်းများကို သုသာန်သို့ပို့၍ မြှုပ်နှံပေးကြရသဖြင့် လေးယောက်တစ်ဆိုင်း၊ ငါးယောက်တစ်ဆိုင်းဆိုသလို စု၍ထွက်သွားသူသည်များနှင့် ကိစ္စပြီးစီး၍ နှလုံးနောက်စွာ ပြန်လာကြသည်များကိုလည်းကောင်း-

လှအောင်တို့ အိမ်ကလေးရှေ့မှာ ဖျာယိုင်ပတ်၍ ထမ်းထုတ်သွားသောအလောင်းများကိုလည်း တစ်နေ့တည်းတွင် ၄/၅ ခါမျှ တွေ့မြင်နေရပြီးလျှင် ရွာသားများမှာလည်း အလွန်တရာ ကြောက်လန့်တုန်လှုပ်နေပုံမျိုးတွေနှင့် ရွာ

ကိစ္စမို့ မလွှဲသာလွှဲသာလိုက်ပို့ရခြင်းဖြစ်ရာ ကြောက်ကြောက်ရွံ့ရွံ့နှင့်ပင် လူသေကို လုံခြုံအောင် ထုပ်ပိုးစည်းနှောင်ခြင်းမပြုနိုင်ဘဲ မလုံမလဲ ထမ်းပိုးလျှို၍ ဆွဲထမ်းလာရသည့်အလောင်းတို့မှာ ခေါင်းတွဲလဲ ခြေငေါ်လော ပိုသီဖတ်သီ တုန်တုန်ရီရီကြီးတွေကို တွေ့မြင်နေရခြင်းကြောင့်လည်း ကြောက်ရာတွင် နှလုံးမသန့်စရာက ထပ်လောင်းနေပြန်ပြီး မြင်လိုက်ပြီးသော ကိုးရိုးကားရား အလောင်းကြီးများကိုလည်း မျက်လုံးထဲကမထွက်အောင် ထင်မြင်နေတတ်တော့ရာ ကြာသော် လှအောင်မှာ သိန်းနု မမြင်အောင်ပင် ခုပ်လှမ်းလှမ်းမှ အလောင်းထုတ်လာသည်ကိုမြင်ရတိုင်း-

"နုရေ . . . လာလာ အိမ်ထဲဝင်နေ၊ အပြင်ကလေစိမ်းတိုက်တော့ မကောင်းဘူး"

ဟု ညာဖြန်းလှည့်ပတ်ခေါ်ထားလိုက်ရလေတော့၏။

ညတွင် တဗုတ်ဗုတ် တဗတ်ဗတ်အသံကြီးက သည်းသည်ထက်သည်း ကဲသည်ထက်ကဲခဲ့သလောက် နေ့နေ့တွင်လည်း တဖျောက်ဖျောက် အတုန်းအရုန်းသေဆုံးကြသော သူများမှာလည်း သုသာန်ထုတ်၍ မြှုပ်နှံရသော သူများမှာ မနားရအောင်ရှိလေ၏။ ဝမ်းရောဂါရောက်၍ တဖျောက်ဖျောက်သေကြသည့် အချိန်ကစ၍လည်း လူသံဆို၍ စီခနဲ ညံခနဲ ငိုလိုက်ကြသည့် အဖေရဲ့၊ အမေရဲ့၊ အစ်ကိုရဲ့၊ သားရဲ့၊ သမီးရဲ့ဆိုသောအသံမှတစ်ပါး အလျဉ်းမကြားရဘဲ ညရော နေ့ရောပင် တသောသောပြုသောကျီးသံ၊ တစီစီအူသော ခွေးသံတို့ဖြင့် ဆူညံစည်ကား၍နေပြီးလျှင် ညဘက်တွင်မူကား ထိုကြောက်ဖွယ် အသံမျိုးတွေကြားထဲတွင် တဂစ်ဂစ် တဂဲဂဲ မြည်သော ငှက်ဆိုးသံများနှင့် ရွာပြင် တောစဆီမှလာသော တဗုတ်ဗုတ်အသံဆိုးကြီးများကို ခါတိုင်းနေ့များထက် ပိုမိုကြားနေရသဖြင့် လှအောင်တို့ လင်မယားမှာ ဇောချွေးကြီးများပြန်လာသည်အထိ ကြောက်လန့်တုန်လှုပ်၍နေရှာလေ၏။

သေပြီး သေဆဲ သေလတ္တံ့ ရောဂါဖမ်းနေသူများအတွက် ၎င်းတို့ဆိုင်ရာဆိုင်ရာ ဆွေမျိုးသားချင်းများက နာမည် နာမကိုတပ်ပြီး ဟစ်အော်ငိုကြွေးလိုက်တိုင်း အကြောက်ကြီးကြောက်လန့်နေရှာသူ သိန်းနုမှာ လှုပ်ရှားသွားလာ

နေသော သွေးသားများ ရုတ်တရက် ရပ်ဆိုင်းသွားသည်ကဲ့သို့ ရှိလေ၏။ 'ဥပါဒါန်ကြောင့် ဥပါဒ်ရောက်'ဆိုသည့်စကားအတိုင်း သိန်းနု၏ ကြောက်လန့်တုန်လှုပ်ခြင်းမှာ ငါ့ကိုပင် ဤရောဂါမျိုး ကူးစက်လာလေမည်လားဟု တုန်လှုပ်ချောက်ချားလာခြင်းတို့ကြောင့် ထိုင်ရင်း နေရင်းကပင် မိမိတွင် တစ်စုံတစ်ခုသော ရောဂါ၏ အရိပ်နိမိတ်တစ်စွန်းတစ်စ ထင်ပေါ်လာပြီဟူ၍သာ ထင်မြင်နေခဲ့ လေတော့၏။

ထို့ကြောင့်ပင်လျှင် များမကြာမီ သိန်းနုမှာ ကြောက်ဖျားလန့်ဖျားဖျား၍ လာလေ၏။ လှအောင်ကား မကောင်းဆိုးဝါးအသံကြီးကို ကြားရစဉ်ကပင် တစ်နေ့၌ မိမိတို့အား ထိုမကောင်းဆိုးဝါး အမင်္ဂလာအသံကြီး၏ မကောင်းကျိုးဒုက္ခပေးမှုကို ခံစားတွေ့ကြုံရတော့မည်ဟု ဥပါဒါန်စွဲကပ်ရောက်လာခဲ့သူဖြစ်သည့်အားလျော်စွာ ယခုကဲ့သို့ သိန်းနု ရုတ်တရက် ကောက်ကာငင်ကာ ကြောက်ဖျားဖျားလာသောအခါမူ နှလုံးသွေးပွက်ပွက်ဆူလာသဖြင့် သိန်းနုအား ကျပ်တည်းစွာပွေ့ဖက်၍ထားပြီး အားမငယ်ရန် အတန်တန်ကြိုးစားလျက်ရှိလေ၏။ သို့ရာတွင် ညဉ့်အချိန်ရောက်သောအခါတွင်ကား သိန်းနုမှာ အသံဆိုးကြီးကို ကြားရသည်နှင့်တစ်ပြိုင်နက် တဟီးဟီးအဖျားတက်နေရာမှ ထိတ်လန့်စွာ ကယောင်ကတမ်းဖြင့်-

"အမယ်လေး လာပါပြီရှင်၊ လာပါပြီ"

ဟု အဝေးသို့လှမ်းပြောသကဲ့သို့ ခပ်အုပ်အုပ်ကလေး ဟစ်အော်ပြောလိုက်ကာ လှအောင် ပိုက်ဖက်ထားသော လက်ထဲမှ တွန်းထိုးရုန်းထွက်လျက်ရှိလေ၏။ လှအောင်ကား ဤတွင်မှသာ၍ သွေးပူသွားတော့၏။ သိန်းနုကို မလွတ်ရအောင် ဖွတ်ဖက်၍ထားမိရှာ၏။ သိန်းနုကား အသံဆိုးကြီးပေါ်လာတိုင်း . . .

"လာပါပြီ၊ လာပါ့မယ်"

ဟု အတွင်သားအော်ဟစ်နေသောကြောင့် လှအောင်မှာ ထိုအသံကြီးအပေါ်တွင် ရှေးကထက်ပို၍ သင်္ကာမကင်းဖြစ်ချင်လာကာ ထိုအသံကြီးပေါ်မလာရန် ပြေး၍တားဆီးချေမှုန်းပစ်ချင်သကဲ့သို့ အံတကြိတ်ကြိတ်ဖြစ်နေလေတော့၏။

"အမယ်လေး . . . ရင်ထဲက ပူလှချည်ရဲ့၊ ကိုလှအောင် နုကို ပစ်မ ထားနဲ့နော်၊ နုကို ဟိုကခေါ်နေပြီ ကိုလှအောင်ရဲ့၊ နု ကြောက်တယ် ဖက်ထားပါ၊ နု သိပ်ကြောက်တယ်၊ ဟော . . . ဟော. . . မည်းမည်းကောင်ကြီးဟာလေ ဘာကြီးတီးမှန်းမသိ၊ တီးပြီး နုကို လက်ယပ်ခေါ်နေတယ် ကိုလှအောင်ရဲ့"

ဟု ကယောင်ကတမ်းနှင့် ငန်းဖမ်းသလိုပြောတိုင်း လှအောင်မှာ ချစ်ကာစကြင်စဦးမယားလေးအတွက် အသက်ပေး၍ စောင့်ရှောက်နိုင်သလောက် အပူအပင်ကြီးစွာဖြင့် သိန်းနု တစ်ကိုယ်လုံးကို ရင်ခွင်တွင်း၌ တင်းကျပ်စွာ ပိုက်ဖက်ပြီး ပါးချင်းဖိကပ်ထားကာ-

"နုရေ သတိထားပါကွယ်၊ ဘာမှမကြောက်နဲ့၊ ဘာမှမစဉ်းစားနဲ့၊ ကိုလှအောင် နုကိုဖက်ထားတယ်လေ၊ နု ဘာမှမဖြစ်ရဘူးနော်၊ နုစိတ်ထဲမှာ ဘာမှ တွေးပြီးကြောက်မနေပါနဲ့ကွယ်"

ဟု ပါးချင်းအပ်ကာအပ်ကာ ပြောသည့်တိုင်အောင် သိန်းနုမှာ တမှိန်းတည်း မှိန်းနေသဖြင့် မကြားတစ်ချက်ကြားတစ်ချက်နှင့် အင်းလိုက်သည့်အခါ လိုက်၊ လာပါပြီ လာပါ့မယ်၊ အမယ်လေး ကြောက်စရာကြီး၊ နု မလာဝံ့ဘူးစသော စကားများကို ဗလုံးဗထွေး ပြောဆိုဟစ်အော်နေရှာတော့၏။

လှအောင်ကား ငယ်ထိပ်မြွေပေါက်လိုက်သည်ထက် အခံရဆိုးလေ၏။

"နုနု ရေတိမ်တွင်နစ်တော့မှာလား နုရယ်"

ဟု မျက်ရည်လည်ရွဲနှင့် မိမိရင်ခွင်တွင် အပူတက်ကာ မှိန်းနေရှာသော မယားကလေး၏မျက်နှာကို စူးစိုက်ကြည့်ကာ စိတ်ထဲက ပြောမိရှာလေ၏။

"ငါမလွှတ်ဘူး၊ ငါ့မယားကလေး ရေတိမ်နစ်ရင် ငါလဲ နုနုနောက် လိုက်မှာပဲ၊ မနေရစ်ဘူး၊ နု မသေရဘူး"

ဟု သွေးရူးသွေးတန်း လက်သီးဆုပ်ကာ ပြောမိလျက် မိမိလက်က သိန်းနုအား တစ်စုံတစ်ယောက်က ဆွဲယူသွားမည်စိုးသည့်အလား တင်းကျပ်သည်ထက် တင်းကျပ်စွာ ဖက်ပွေ့ထားမိလေ၏။

အိမ်နားနီးချင်းတို့ထံမှ အကူအညီကိုယူကာ ရောဂါသက်သာရာရနိုင်မည့် ဆေးဝါးကလေးများကို တိုက်ကျွေးရသော်လည်း သဲထဲရေသွန်သကဲ့သို့ အချည်းနှီးဖြစ်ရလေ၏။ သိန်းနုကား နေ့ခင်းတွင် ဖျားလျက် ညဘက်တွင် ဝမ်းသွားလာခဲ့ရာ ညဥ့်သန်းခေါင်ကျော်လာသောအခါမူကား သိန်းနုမှာ ကြွက်သား ခဏခဏတက်ပြီး သတိဆို၍လည်း အပြီးအရှင်းမရတော့ဘဲ ရင်ခေါင်းတွင် ဟောဟဲလိုက်လျက် အရုပ်ကလေးလို ငြိမ်သက်၍ နေရှာတော့၏။

"ကြောက်တယ် ကိုလှအောင်ရဲ့၊ ဖက်ထားပါ ကိုလှအောင်ရဲ့"

ဆိုသော စကားကလေးများလည်း မထွက်လာနိုင်တော့ပေ။ လှအောင်ကား မကြည့်ရက်။ မိမိသာလျှင် အရင်ဦးအောင် သေပစ်လိုက်ချင်မိ၏။ သိန်းနု၏ ပဲကြီးရေပွလိုက်နေသော လက်ကလေးများကို မီးရောင်တွင် ထောင်၍ကြည့်မိသောအခါ အရိပ်အငွေ့မျှ မသန်းတော့ဘဲ ကျောက်ဖယောင်းတိုင်ကလေးများလို ဒိုးယိုပေါက် ဖြူဖွေးနေသည်ကို တွေ့မြင်ရသောအခါ လှအောင်မှာ မျှော်လင့်ချက်ကင်းမဲ့နေပြီတကားဟု တောက်တစ်ချက်ခေါက်လိုက်မိကာ အက်ကွဲလှိုက်လှဲသော ငိုသံကြီးပေါ်လာပြီး သိန်းနုကို ကျပ်တည်းစွာ ဖက်လိုက်ကာ-

"နုရေ မင်းဘယ့်နှယ်လုပ်တာလဲ၊ ကိုလှအောင်ကိုခွဲသွားတော့မယ်ပေါ့လေ၊ အို နု မင်းနဲ့ ငါနဲ့ မိဘများရဲ့ရန်ကဝေးအောင် ခြေရာပျောက်ပြေးခဲ့ကြလို့ မိဘများရဲ့ အခွဲကိုမခံရပေမယ့် သေမင်းကခွဲပေါ့ နုရဲ့၊ မိဘတွေရဲ့ရန်ကဝေးအောင် ခေါ်ပြေးနိုင်တဲ့ ကိုလှအောင်ဟာ သေမင်းရန်ကလွတ်အောင် နုကို ဘယ်မှခေါ်မပြေးနိုင်တော့ပါကလား နုရဲ့"

ဟု သတိအလျဉ်းမရသူအား နှုတ်ဖြင့် ဖွင့်လှစ်ပြောကြားကာ တားဆီးမရနိုင်သော မျက်ရည်တွေ အိုင်ထွန်းလာတော့၏။

"နုရေ နုမရှိရင် ကိုလှအောင် မနေဘူးကွယ်၊ ဒီရွာကိုမှ တမင်ရွေးချယ်ပြီးလာမိတာ နုသချိုင်းရှိရာ ခေါ်လာရသလိုပါပဲကလား။ မကောင်းဆိုးဝါးရောဂါပေါ်တတ်တဲ့ရွာကို လာမိတာ မှားပေါ့နုရေ။ ခုတော့ ခရီးလွန်ကုန်ပြီကွယ့်။ ပြုပြင်လို့ မရနိုင်တော့ဘူး၊ ကံဆိုးမလေး ကံဆိုးကြုံပေါ့နော်၊ ကိုလှအောင်သိ

တယ်။ ဟိုအသံဆိုးကြီးပေါ်လာကတည်းက ဒုက္ခပေးတော့မယ့်အသံကြီးထင်ခဲ့တာ၊ ခုတော့ မှန်နေပါပေါ့ကလား”

ဟု ရင်တွင်းက မချိမဆန့်ပူမိတိုင်း နှုတ်ကလည်း ကယောင်ချောက်ချားပြောမိကာ သိန်းနုကို မလွှတ်ဘဲ မြဲမြဲတင်းကျပ်စွာ ပိုက်ဖက်၍သာ ထားလေ၏။

သေခြင်းသဘောတရားကား မည်သူမျှ တား၍မရနိုင်သည့်အားလျော်စွာ သိန်းနုမှာ သေမင်းဝရမ်းဖြစ်သော ရောဂါဝေဒနာဖမ်းလျက်ရှိရှာလေ၏။ ထိုအတွင်း သန်းခေါင်ကျော် ပေါ်လာမြဲဖြစ်သော အမင်္ဂလာအသံကြီးမှာ ခွေးအူသံ ငှက်ဆိုးသံတို့နှင့် ရောပြွမ်းကာ ကြောက်လန့်စဖွယ် ခါတိုင်းထက်ကျယ်သည်ထင်ရသောအသံကြီးမှာ ပေါ်လာသည်နှင့်တစ်ပြိုင်နက် သိန်းနုလည်း သတိမရတော့သကဲ့သို့ရှိရာမှ ကိုယ်ကို တစ်ချက်လွန့်လိုက်ကာ -

“လာပါပြီ၊ လာပါပြီ၊ ကိုလှအောင်ရေ နုကိုခေါ်နေပြီ၊ သွားတော့မယ်နော်”ဟု တစ်ချက်တည်း လွှတ်ခနဲ အော်လိုက်ကာ အဆုံးစွန် ငြိမ်သက်သွားရှာလေ၏။

သိန်းနု ငြိမ်သက်သွားရှာသည်နှင့်တစ်ပြိုင်နက်တည်း အိမ်ခလောက်ဆွဲအောက်မှ ခွေးတစ်ကောင်က စူးဝါးကျယ်လောင်သောအသံနှင့် ဝမ်းနည်းကြေကွဲစွာ အသံတိုင်၍ အူလိုက်ရာ အနီးအပါးကခွေးများ သံယောင်လိုက်အူကြရာက တစ်ရွာလုံးက ခွေးဆိုသမျှသို့ ကူးစက်ဆက်သွယ်သွားလေရာ ခွေးအူသံတွေ ပွဲတင်ထပ် ဆူညံသွားလေတော့သတည်း။

လှအောင်ကား မိမိပါ နစ်မြောသွားသလို နှလုံးမချမ်းမြေ့စရာ ညွှန်အိုင်ကြီးအတွင်းသို့ ကျွံနင်းနစ်မြုပ်သွားလေတော့၏။ ကမ္ဘာလောကဓာတ်ကြီး တစ်ခုလုံးလည်း ဘယ်တော့မှ ပြန်၍မလင်းနိုင်မည့် အမိုက်မှောင်ကြီး ဖုံးအုပ်သွားသကဲ့သို့ ထင်မှတ်မိလေ၏။ သိန်းနုကိုကား မလွှတ်မပစ်ဘူး၊ ငါမစွန့်ပစ်နိုင်ဘူး၊ နုကို ဒီလိုပဲဖက်ထားရင်း ငါ့အသက်သေပေစေတော့၊ ဒီနေရာကလဲ မရွေ့ဘူး၊ နုကိုလဲ မလွှတ်ဘူးဟူသော ဇွဲမျိုးဖြင့် တင်းကျပ်ခိုင်မြဲစွာဖက်ထားလျက် ပါးစပ်ကမူကား အရူးပမာဟစ်အော်ကာ ပြောချင်ရာတွေကို လျှောက်

ပြောနေတော့၏။ သိန်းနုမှာ လှအောင်ပြောသော်လည်း အဖြေမပေးနိုင်၊ တောင့်တင်းအေးစက်သော ကိုယ်နှင့် လှအောင်ပြုပြင်သလိုသာ တုံ့ကျိုးဘော ခံနေရှာလေသတည်း။

လှအောင်ကား သိန်းနုထံမှ အဖြေမရလေ၊ သိန်းနု သေပြီဆိုသော အဓိပ္ပာယ်ပေါ်လေသည်နှင့်တစ်ပြိုင်နက် ပရိဒေဝမီး အပြင်းအထန်လောင်မြိုက်ခြင်းခံရရှာလေ၏။

ရွာကလူများလည်း ဝတ္တရားအတိုင်း ကူညီရန်ရောက်လာကြလေ၏။ လှအောင်ကား သိန်းနုကို မြဲမြံစွာဖက်ထားပြီး-

"ခင်ဗျားတို့ ကျွန်တော့်မိန်းမအလောင်းကို မယူကြပါနဲ့၊ ကျွန်တော် မပေးနိုင်ဘူး၊ မြေကြီးထဲမမြှုပ်ရက်ဘူး၊ ဒီလိုပဲ ဖက်ထားပါရစေ၊ ပြန်ကြပါတော့"

ဟုသာ ပြောနေလေတော့၏။ ရွာသားများလည်း အမျိုးမျိုးအဖုံဖုံ တရားပြသကာ ဤလို ရောဂါနှင့် သေဆုံးသော အလောင်းများကို ကျောပူအောင် မထားရကြောင်း၊ ယခုလိုထားလျှင် တစ်ရွာလုံး ကူးစက်ကုန်တော့မည်၊ ရွာကလူများက သည်းခံနိုင်ကြမည်မဟုတ်ကြောင်းများကို ချော့တစ်လှည့် ခြောက်တစ်ခါ အမျိုးမျိုးဝိုင်းပြောကြသည်တွင်မှ လှအောင်လည်း အသိတရားဝင်စားလာနိုင်လေတော့၏။

သို့သော် တစ်သက်မခွဲတော့ဘူးဟု အမူးအရူး အချစ်ဦး အချစ်ဖျားကလေး ဤသို့ တစ်ရပ်တစ်မြေတွင် ခွေးသေဝက်သေ အသေဆိုးနှင့် သေရှာရခြင်း၊ သေ၍မျှလည်း တင့်တောင့်တင့်တယ် မသင်္ဂြိုဟ်ရဘဲ ပရောပတိုက်ဆွဲချရသောအခါမျိုးတွင်မှ သေရလေခြင်းစသော ရင်ထုမနာနှင့် အသည်းနာမဆုံးအောင်ရှိတော့၏။

မ,ဖိုခေါ် ထူး ကြည်နူးနှစ်သက်၍ လည်ယှက်နွဲဆင် ဒေပျာ်ပွဲဝင်နေသော ကိန္နရီမောင်နှံအား မသနား မညှာသော မုဆိုးသည် ကိန္နရီမယ်နု ပုလဲဥကို ဓနုခဂ္ဂ မြားချက်ဒဏ်ချ၍ မရဏဘောင် သေမင်းဆောင်ရာတွင် ရင်ကွဲပက်လက် အသက်လွတ်မျှ ပူဆွေးကျန်ရစ်ရသော ကိန္နရာဖိုအလားပမာ လှအောင်

မှာလည်း ချစ်မဝရှုမငြီး ဇနီးချော ဇနီးလှကလေးမှာ မရဏသေမင်း၏ မြား ချက်ဖြင့် အသက်ဆုံးရရှာတော့ပြီဖြစ်၍ အရှူးပမာ ဗျာပါကဲဆင့် ရင်ပွင့်ကွဲ အောင် ပူဆွေးလောင်ကျွမ်းလျက်ရှိရာတော့၏။ နှစ်ယောက်အတူ ကြည်ဖြူရွှင် ပြုံး တအုံးအုံးချစ်ပွဲခံခဲ့သည်တို့ကို စဉ်းစားကာ ယခုမှာသော် မိမိတစ်ဦးတည်း ကျန်ရစ်ရတော့မည်၊ လာတုန်းက နှစ်ယောက်ဖြစ်၍ မိမိတစ်ယောက်တည်း ပြန်ရန်လည်း စိတ်မျှမကူး။ သိန်းနု အသက်ပျောက်ရာဌာနမှ တစ်နာရီမျှ မခွဲ နိုင်၊ သိန်းနု၏မြေပုံအနီးတွင် တရစ်ဝဲဝဲနေရင်းပင် သေနေ့ကိုစောင့်မျှော်တော့ မည်ဟု စိတ်ပိုင်းဖြတ်ထားလိုက်တော့၏။

သေပါစေ၊ ငါမြန်မြန်သေပါစေ၊ ဒါမှ နုရှိရာကို မြန်မြန်ရောက်နိုင် မယ်။ ဝမ်းရောဂါရေ ငါ့ကိုမြန်မြန်ကူးစမ်းပါ၊ ဖြစ်စမ်းပါဟု တောင့်တဖိတ်ခေါ် ကာ နေလေ၏။ သို့သော် အဆင်မပြေ အဝေမညီသောထိုရောဂါမှာ မိမိကဲ့သို့ မကြောက်မလန့် အမြန်ဆုံးသေလိုသူကိုမူ အဘယ်ကြောင့် ချက်ချင်းမကူးစက် နိုင်လေသနည်းဟု မကျေမနပ်ကြီးဖြစ်၍နေလေ၏။

အိပ်ရန် စားရန် သတိမရနိုင်၊ တမှိုင်မှိုင် တတွေတွေနှင့် သိန်းနု၏ မြေပုံအနီးတွင် မြှုပ်ပြီးသည့်အချိန်ကစ၍ ထိုင်နေမိလေ၏။ မြေပုံအနီးမှာထိုင် ပြီး-

"သိန်းသိန်းရေ . . . နုနုရေ . . . မသိန်းနုရေ . . . ကိုလှအောင် ကို လာခေါ်ပါဦး နုရဲ့၊ နုလုပ်ပုံကောင်းရဲ့လား၊ ကိုလှအောင်တစ်ယောက်တည်း ဘယ်လောက် ဒုက္ခဖြစ်ကျန်ရစ်ရသလဲ နုရဲ့၊ ထကြည့်စမ်းပါဦး၊ နုလုပ်ပုံ မတရား ဘူးကွယ်၊ ကိုလှအောင်ကိုခွဲပြီး နုတစ်ယောက်တည်း အေးရာအေးကြောင်းကြွ နေတာပဲနော်၊ ကိုလှအောင်တော့ တစ်ယောက်တည်းမပြန်ဘူး၊ မပြန်လို့ ဒီမှာနေ တော့လဲ နုက ကိုလှအောင်ကို အပေါင်းအသင်းမလုပ်ဘဲခွဲထားတယ်၊ ကိုလှ အောင်တော့ ဒုက္ခပဲနော်"

ဟု မြေပုံကို ပသယကြင်နာစွာပိုက်ဖက်ပြီး တရှိုက်မက်မက် ငိုကြွေး လျက်ရှိလေသတည်း။

ရွာမှာလည်း 'ကျီးလန့်စာစား'ဆိုသလို နေ့လား ညလားဟု အထိတ်တလန့်နှင့် သေမင်းဝရမ်းကို ကြောက်ရွံ့နေကြရသဖြင့်တစ်ကြောင်း၊ မမာသူတွေကို ပြုစုရ၊ သေသူတွေကို မြှုပ်နှံရနှင့် လူရှိသမျှလည်း ကိုယ့်သောကနှင့်ကိုယ် ဖြစ်နေကြသောကြောင့် လှအောင်ကို နောက်ထပ် မည်သူမျှ ဂရုမစိုက်နိုင်၊ လှအောင် ဘာဖြစ်နေသည်ဟုလည်း မည်သူကမှ သတိမထား၊ အားမပေးနိုင်ဖြစ်နေကြရာ လှအောင်မှာ မိမိပူဆွေးမှုကို တရားပြသ နားချမည့်သူမရှိတိုင်း ကျေကျေနပ်နပ် လွတ်လပ်စွာ ပူဆွေးနေရလေတော့၏။

နေ့ခင်း မြေမြှုပ်ပြီးအချိန်ကစ၍ မပြန်တော့ဘဲ တစ်ယောက်တည်း မြေပုံကို ပိုက်ကာ အမျိုးမျိုးပြောဆိုလျက် အရူးလက်သစ်တစ်ယောက်အဖြစ်နှင့်နေခဲ့ရင်း နေဝင်ချိန်ရောက်လာလေ၏။ နေဝင်ချိန်ရောက်၍လည်း ရွာထဲသို့ ပြန်ဝင်ရန် စိတ်မကူး၊ နေမဝင့်တဝင်အချိန်ကလေးလောက်ကပင် ကသုတ်ကသက်နှင့် ရွာကလူများ အလောင်းတစ်လောင်းကို လာမြှုပ်သွားကြသေးသော်လည်း ၎င်းတို့မှာ သောကနှင့်လူတွေဖြစ်၍ ဘီးစပ်ချုံကလေးတစ်ခုအကွယ်ရှိ မြေပုံပေါ်တွင် လွမ်းပင်စိုက်နေသူ လှအောင်ကို တွေ့မြင်မသွားကြသောကြောင့် ရွာကို မလိုက်ချင်၍ တမင်တွယ်နေသော လှအောင်မှာ စိတ်တိုင်းကျဖြစ်ပြီး မိမိတစ်ယောက်တည်း လွတ်လပ်စွာ ထင်တာပြောဆို ငိုကြွေးလျက်ရှိလေ၏။

သို့နှင့် အချိန်ကား နေဝင်မိုက်မှောင်လာသည်မှ တစ်စတစ်စ ညဉ့်နက်လာလေ၏။ ညဉ့်နက်၍ အမှောင်သည်းလေ သောသောရုတ်ရုတ်အသံတွေလည်း အမှောင်နှင့်အတူ ရောနှောနေဘိအလား သည်းသည်ထက်သည်း၍ လာလေ၏။ ရွာဆီမှ ကျီးပြိုသံ၊ ခွေးအူသံတွေလည်း တဆူတည်း ဆူညံသောင်းကျန်းလာကာ တစ်ခါတစ်ခါလည်း စီခနဲ၊ ညံခနဲ ငိုလိုက်သော ငိုသံတွေ၊ ရောထွေးပါ လာတတ်လေ၏။ ထိုအခိုက်အမှောင်တိုက်ထဲတွင် မီးစည်း၊ မီးတုတ်ကြီးများကိုင်ကာ အသက်ဆံဖျားကြောက်ရွံ့အားကြောင့် ပြူးကလူး၊ ပြာကလာ၊ မျက်နှာများနှင့် အလောင်းကြီးထမ်းချလာသော ရွာသားတို့ကို လှမ်းမြင်ရလေ၏။ ရွာသားတို့မှာလည်း သူပြီးငါတို့လာရမှာပဲ၊ ငါတို့အထဲက လူတွေကိုလဲ ငါတို့သယ်ပို့နေရတာများလှပြီဟု မလွှဲမကင်းသောအလုပ်ကို

ကြောက်ရွံ့စွာလုပ်ရသည့်အလား အလောင်းကိုကောင်းမွန်လုံခြုံအောင်ပင် မြှုပ်နှံမထားခဲ့နိုင်ဘဲ မြေကိုတော်စွာ၊ လျော်စွာ၊ ယက်ဖြဲ ဖုံးဖိထားပြီး ခပ်သုတ်သုတ်ပြန်သွားကြလေ၏။

မိမိရင်ထဲတွင် အမြဲပူလောင်ကာ သိန်းနု၏ အာရုံတစ်ခုသာလျှင် ထည့်သွင်းစဉ်းစားနေသော လှအောင်ပင်လျှင် သချိုင်းပတ်ဝန်းကျင်မှ နာနာဘာဝမြူးပျော်သံများပမာ၊ သဲသဲရုတ်ရုတ်၊ အုတ်အုတ်ကျက်ကျက် အသံတွေကြားနေရလေ၏။ ထိုအခိုက်ပင် မိုးတဖွဲဖွဲလေသံတသဲသဲကြောင့် သရဲတွေယိမ်းကနေသလို သရက်ပင်အုပ်ကြီးတွေနှင့် ကျွန်းပင်ကြီးများ လှုပ်ရှားယိုင်နဲ့၍ သစ်ရွက်သံတွေ တရှဲရှဲဖြစ်နေကြသည်မှာ ပိုမိုအားငယ်စရာကောင်းလေ၏။ သွေးပူနေသူလည်းဖြစ်ပြန် သေရန်ကိုလည်း တောင်းတနေသူဖြစ်သော လှအောင်ပင် အားငယ်ချင်စိတ်တွေပေါ်လာမိလေ၏။ ကြက်သီးဖျင်းခနဲ၊ ဖျင်းခနဲထမိ၏။ ခေါင်းနားပန်းကြီး၍ ကျောထဲတွင် ချမ်းနေသလိုဖြစ်မိ၏။ သို့သော် လှအောင်ကားဖွဲ့မလျှော့၊ ဤသို့ဖြစ်ရခြင်းပင် မိမိမြန်မြန်သေနိုင်မည့် အထောက်အပံ့တစ်မျိုးဟုထင်ကာ ကျေနပ်စွာ စိတ်လျှော့လိုက်လေ၏။ ထိုသို့ကြောက်ချင်လိုက်လျှင်ပင် ကြောက်ရွံ့ထိတ်လန့်၊ အားငယ်ဝမ်းနည်းစိတ်တွေ အမျိုးမျိုးရှုပ်ပွေလာလေရာ လှအောင်မှာ သိန်းနု၏ မြေပုံကလေးကိုလက်မလွှတ် လူကိုဖက်သကဲ့သို့ မြေပုံကို တင်းကျပ်စွာ ဖက်ထားလေတော့၏။

ရှဲခနဲ ရှပ်ခနဲ မိမိအနားမှ ဖြတ်သွားသော အသံတွေလိုလိုကြားတိုင်း ခေါင်းထောင်ကြည့်မိရာ အကောင်အထည် သဲကွဲအောင် မမြင်ရသည့် ဖြူဖြူရိပ်ကြီး၊ မည်းမည်းရိပ်ကြီးများ၊ လျင်မြန်သော အဟုန်နှင့် ဖြတ်သန်းသွားသည်ကို ရိပ်ခနဲ တွေ့မြင်လိုက်ရလေ၏။ သချိုင်းတစ်ခုလုံးကား မှောင်မည်းကာ မည်းမည်းငုတ်တုတ်ချုံပုတ်တွေနှင့် အလောင်းမြေပုံတွေ မှတ်တိုင်ထိုးထိုးထောင်ထောင်တွေသာ မသဲမကွဲမြင်ရလျက် ထိုမည်းမည်းငုတ်တုတ်ကြီးများပင် လှုပ်ရှားယိမ်းယိုင်နေသကဲ့သို့ ထင်ရပြန်သောအခါ ကြက်သီးတွေ ဖျန်းခနဲ ရိုက်လာပြန်၏။ စောစောက လောလောလတ်လတ်မြှုပ်ထားသော မလုံမလဲ အလောင်းများကိုလည်းကောင်း၊ မကြာမီရက်အတွင်းမှ တော်စွာလျော်စွာ

မြှုပ်ထားသော အလောင်းများမှာလည်း မိုးရေကြောင့် မြေကြီးတွေ အိဝင်ကာ မြေပေါ်သို့ ပေါ်လာသော ဥတုမာတက ဖောဖောယောင် အလောင်းပုပ်ပွကြီး တွေလည်း ကျီး၊ လင်းတနှင့် တောခွေးတို့၏ စားကျန်စားကြွင်းဘဝနှင့် ဗိုက် ပေါက်အူထွက်ကြီးများဖြင့် တစ်မျိုးပြူးထွက်နေသော မျက်လုံးကြီးများကို လည်း ကျီး၊ လင်းတတို့ ထိုးဆွစားသောက်ထားခြင်းဖြင့် မြင်မကောင်း၊ လျှာတွဲ လောင်းကြီးတွေနှင့်တစ်မျိုး ကိုးရိုးကားရားတွေကို မိမိပတ်ဝန်းကျင်တွင် မြင်ထားခဲ့ရာ ယခုကဲ့သို့ မှောင်ထဲမှာမူ ထိုအလောင်းကြီးတွေမှာ တဆွေ၊ မှင်စာ၊ သရဲ၊ သဘက်စသော နာနာဘာဝတို့ လက်ထဲတွင် ပွဲရုံအဖြစ်နှင့် အသုံးတော်ခံ ၍ နေလေမည်လားဟု မစဉ်းစားဘဲ မနေနိုင်အောင် ရှိလေ၏။

ထိုအတွင်း အလွန်ပြင်းထန်စူးရှသော အသံကြီး တစ်သံမှာ လှအောင်နှင့် အနီးဆုံးနေရာမှ ပေါ်လာလေ၏။ ထိုအသံကြီးကား လှအောင်မှာ အလွန်စက်ဆုပ်မုန်းတီးခဲ့သော အမင်္ဂလာမကောင်းဆိုးဝါးသံကြီးဖြစ်လေရာ စောစောကဇည်းက ငြိမ်ငြိမ်သက်သက်နှင့် မြေပုံကိုသာ အားပြု၍ ဖက်နေ သော လှအောင်လည်း ထိုအသံကြီးကို ကြားသည်နှင့်တစ်ပြိုင်နက် အထူး ချောက်ချားလာလေ၏။ အင်မတန် နိမိတ်ဆိုးသောအသံကြီး၊ ငါတို့အားကြီး စွာသော အနှောင့်အယှက်ကို ပေးခဲ့သည့် ရန်သူအသံကြီး၊ သိန်းနုကို သေမင်း ပြည်သို့ ဆွဲခေါ်ပို့လိုက်သော အသံကြီးပေတည်း။ ဤအသံကြီးကို ကြားတိုင်း ပင် သိန်းနုမှာ လာပါပြီ။ လာပါပြီဟု အော်ခဲ့ရရှာသည်ကို ပြေး၍ သတိရကာ ထိုအသံကြီးမှာ ကမ္ဘာတွင် အကြီးဆုံးသော မိမိရန်သူကြီးဖြစ်ပေ၏။ ၎င်းကို ကြောက်ရွံ့သည်ထက် စက်ဆုပ်၍၊ စက်ဆုပ်သည်ထက် ရွံမုန်းနှလုံးနာမိကာ ယခုကဲ့သို့ နီးကပ်စွာ တွေ့မြင်ရသောအခါမူကား ဤမျှဆိုးဝါးယုတ်မာလှစွာ သော အသံကြီးမှာ အဘယ်ကဲ့သို့ ဖြစ်ပေါ်လာသော အသံမျိုးကြီးပေနည်းဟု အရေးတကြီး သိချင်စိတ်ဖြစ်ပေါ်လာလေ၏။

အသံကြီးမှာ ပျဉ်ပြားတစ်ခုကို ရိုက်ခတ်သံနှင့် အနည်းငယ်ဆင်တူ သော်လည်း ထိုအထဲတွင် လိုဏ်သံပါနေပြန်ရာ ကုလားတက်သံများကဲ့သို့လည်း သာယာပေါ်လွင်သည်မဟုတ်၊ ဗုတ်ဗုတ်ဗတ်ဗတ်နှင့် မသာဆိုင်းက စည်တို လည်ပြတ်သံနှင့် ခပ်ဆင်ဆင်ရှိနေသည်ကို သိရလေ၏။

တစ်စုံတစ်ယောက်က တစ်ခုခုကို တီးခတ်၍ မြည်သည်ဟု အတပ် တွေးထင်မိသည်နှင့် တစ်ပြိုင်တည်း တီးသူကို ဖွတ်ဖွတ်ကျေအောင် လုပ်မည်။ တီးသူသည် မကောင်းဆိုးဝါးနာနာဘာဝကောင်မက၍ သဘက်ကြီးပင်ဖြစ်စေ၊ လုပ်ရင်းပင် မနိုင်လို့ သေသေ၊ သိန်းနုကို ခေါ်သွားတဲ့ အသံကြီးပေါ်ပေါက် အောင် တီးခတ်သူကို ကလဲ့စားမချေရလျှင် မနေတော့ဟု ဒေါသစိတ်များ ဆောင်ကာ လက်သီးကို မြဲမြံစွာဆုပ်လျက် အသံလာရာဘက်သို့ ခြေဖျား ထောက်ကာ ထွက်လာခဲ့လေ၏။

မှောင်မည်းနေသော မြေပေါ်သို့ ခြေကိုစမ်းတဝါးဝါးချကာ တစ်ခါ တစ်ခါ လင်းလိုက်သော လျှပ်ရောင်တွင် မြင်လိုက်ရသော လူသေကောင် ကိုးယိုးကန့်လန့်ကြီးများကို ကျော်လွှားကာ အသံနှင့်အနီးဆုံးသောနေရာသို့ မျှော်မှန်းရော်ရမ်း၍ လာခဲ့သည်တွင် လူခေါင်းခွံရိုးတစ်ခုကို ခလုတ်တိုက်၍ ဘေးစောင်းလဲနေသော လူသေကောင်၏ ဗိုက်ရွဲကြီးကို ငွိခနဲ တက်နင်းမိပြီး နောက် ဆူးရစ်ချုံကွယ်ကလေးတစ်ခု၏ နောက်သို့ ရောက်လာလေတော့၏။

လှအောင်လည်း ဆူးရစ်ချုံအနီးသို့ တိုးကပ်ကာ အသံလာရာကို မှန်း ပြီး ချုံပေါ်သို့ မျက်နှာကိုကျော်၍ ကြည့်လိုက်သောအခါမှုကာ မိမိတစ်သက် တွင် မတွေ့မြင်မကြုံကြိုက်ဖူးသော အထူးအဆန်းကြောက်ခမန်းတွေကို တွေ့ ရသောကြောင့် အံ့အားသင့်ခြင်း ကြက်သေသေခြင်းတို့နှင့် ရောပြွမ်းကာ ခဏ တာမျှ မိန်းမောသွားသကဲ့သို့ ရှိလေ၏။

လှအောင် တွေ့မြင်ရသော အရာတို့ကား ဆူးရစ်ချုံရှေ့နားမှာ လှုပ်လှုပ်ရွရွဖြစ်နေသော အရာများမှာ စောစောက ထင်မိသော မှတ်တိုင် များမဟုတ်၊ တမည်းမည်းနှင့် လှုပ်လှုပ်ရှားရှားဖြစ်နေသော မကောင်းဆိုးဝါး ကောင်ကြီးတွေဖြစ်နေလျက် တစ်ချက်တစ်ချက် အရောင်လက်သော လျှပ်စီး ရောင်ထဲမှာ ထိုသတ္တဝါတို့၏ အချိုးအစားဂိုက်ဆိုက်ကိုလည်း ကွင်းကွင်းကွက် ကွက်မြင်ရရုံမက ၎င်းတို့၏ခေါင်းဆောင်နှင့်တူသော မည်းမည်း အကောင်ကြီး တစ်ကောင်မှာ အုတ်ဂူပျက်ကြီးတစ်ခုအား မြင်းစီးသလို ခွစီးထားပြီး ဖျဉ်တလား ခေါင်းပျက်ကြီးတစ်ဖက်ကို လက်တစ်ဖက်တည်းနှင့် မြှောက်ကိုင်ထားလျက်

တစ်ဖက်သောလက်မှာ လူ၏ ဒူးခေါင်းရိုးကြီး တစ်ခုကိုကိုင်၍ မြှောက်ကိုင်ထားသော ပျဉ်တလားခေါင်းကြီးကို စည်တိုနှင့် နှက်သကဲ့သို့ တီးခေါက်လျက်ရှိသည်ကို လျှပ်ရောင်အောက်၌ ကွင်းကွင်းကွက်ကွက် တွေ့မြင်ရလေ၏။ ယခင်မိမိမုန်းလှသော အသံကြီးမှာ ဤခေါင်းတလားကြီးကိုခေါက်၍ မြည်သည့်အသံကြီးမှန်း သိရတော့၏။ ထိုအသံကြီးဖြစ်ပေါ် အောင် တီးခေါက်နေသူအားအစိမ်းလိုက်ဝါးစားချင်လေ၏။ ခေါင်းတလားခေါက်သံကို ဂရုမာဖုံးဖွင့်ဘိအလားနားစည်းစိမ်ခံပြီး ရှေ့တစ်ဝိုက်ရှိ လူသေ ကောင်တို့ကို အားရပါးရ ဝဝကြီးနှံကာဒင်းနားပါတီပေးနေကြသော သရဲ၊ သဘက်၊ မကောင်းဆိုးဝါးကောင်တွေလည်းမြင်မဆုံးအောင် ရှိလေ၏။ အချို့မှာ မည်းမည်းရှည်ရှည်အမွေးတွေ ငေါငေါထောင်လျက် ရှည်လျားနက်မှောင် သပိတ်ရောင်ထနေသော လက်ကြီးများနှင့်လူသေအလောင်း၏ ကောင်းပေ့ဆိုသော အသားဆိုင်၊ အသားခဲတို့ကို ပါးဖြနားဖြစားသောက်မှိုဝဲ၍နေကာ ၎င်းတို့အနီးအပါးတွင်လည်း စားကြွင်းစားကျန်ကို ကောက်ယူစားသောက်နေသည့် တောခွေးအကလေးတွေကလည်း မျက်စိကလေးတွေ တဝင်းဝင်းနှင့် မျှော်လင့်စောင့်ဆိုင်းနေကြသည်ကို တွေ့မြင်ရသောလှအောင်မှာ မကောင်းဆိုးဝါးကောင်တွေက လူသေအလောင်းကို မြိန်ရေရှက်ရေ စားနေသလို မိမိကလည်း တလားခေါက်သံပေးနေသော မည်းမည်းသတ္တဝါကြီးကို အစိမ်းလိုက်ကိုက် ဝါးစားမျိုပစ်ချင်နေလေ၏။ ကြောက်စိတ်လန့်စိတ်ဆို၍ တစ်စေ့မျှမရှိတော့ဘဲ မည်းမည်းကောင်ကြီးကို နိုင်သည့်နည်းနှင့် ချေမှုန်းပစ်လို၍သာနေတော့၏။

"ဒီအကောင်ကြီးကို ဘယ်လိုနည်းနဲ့ တွယ်ရမလဲ"ဟု စဉ်းစား၏။ ရိုက်သတ်ရမလား၊ သေကွင်းကို ရွေးပြီး ခဲကြီးကြီးနှင့် ပေါက်သတ်ရမလားဟု အမျိုးမျိုးစဉ်းစား၏။ ထိုမှတစ်ဖန် နာနာဘာဝမှန်က ဤနည်းမျိုးနှင့် ရိုက်သတ်သော်လည်း အချည်းနှီးသာဖြစ်မည်ဟု တွေးမိ၏။ ထိုအတွင်း တလားကိုအပြင်းခေါက်နေသော မည်းမည်းကောင်ကြီးကို အာရုံစူးစိုက်ကြည့်မိ၏။ အကောင်ကြီးမှာ တလားကို ခေါက်နေရုံမက ၎င်း၏ ပါးစပ်မှလည်း တီးတိုးတီးတိုးနှင့် ရေရွတ်ပြောဆိုနေသည်ကို မသဲမကွဲကြားသိရပြန်သောအခါ

အတော်အံ့အားသင့်လာလေ၏။ နာနာဘာဝဟာ လူများလို စကားမပြော ပါဘူး။ တယ်ထူးပါ ကလားဟု စဉ်းစားမိလေ၏။ ဒင်းဟာ နာနာဘာဝ ဟုတ်ချင်မှ ဟုတ်မယ်။ ဘယ်သူလဲ မသိဘူး လူတော့လူပဲ ဒီရွာက လူလား တခြားရွာက မလိုမုန်းတီးလို့လာပြီး မကောင်းကြံနေတဲ့ လူတစ်ဦးလားဟု တွေးတောစဉ်းစားမိလေ၏။

ဟယ် ဘာပဲဖြစ်ဖြစ်၊ မျက်နှာကိုမြင်ရအောင် ဂရုစိုက်ကြည့်ရင် သိမှာ ပဲဟု စိတ်ကူးမိကာ ဆူးရစ်ချုံကလေး၏ အစွန်းတစ်ဖက်သို့ ခေါင်းကို ငိုက်၍ မျက်စိကို အစွမ်းကုန်ဖြဲအကြည့်လိုက်တွင် အခန့်သင့်ပင် လျှပ်စီးတစ်ချက် အလင်းလိုက်နှင့် တိုက်ဆိုင်သွားရကာ ထိုသတ္တဝါကြီး၏ မျက်နှာကို ထင်ရှား ပြတ်သားစွာ မြင်လိုက်ရတော့မှ ဒုတိယအကြိမ် အံ့ဩချင်တိုင်း အံ့ဩသွားပြန် လေ၏။ အုတ်ဂူပျက်ကြီးကို ခွထိုင်ထားသော ထိုအကောင်ကြီးကား လှအောင် ထင်သလို နာနာဘာဝကောင်ကြီးမဟုတ်ဘဲ ရွာထဲက စုန်းမဒေါ်ဖဲကြီးဖြစ်နေ ပြီးလျှင် ဒေါ်ဖဲကြီးမှာ စောက်ထိုးထဘီရင်လျား ဆံပင်ဖားလျားကြီးနှင့် ခေါင်း တလားကြီးကို မြှောက်ကိုင်ပြီး လူသေဒူးခေါင်းရိုးကြီးနှင့် ဆူညံအောင် တီးခေါက် လျက်ရှိရင်း ပါးစပ်မှလည်း . . .

"လာဟဲ့ဘယ်သူ၊ လာဟဲ့ဘယ်ဝါ၊ လာဟဲ့ငါ့အမိန့် ဘယ်လောက်ဒုက္ခ များပြီး လူဦးရေ ဘယ်လောက်ပျက်စီးကူးဟဲ့ ငါ့အမိန့် နာဟဲ့ငါ့အမိန့်၊ သေဟဲ့ ငါ့အမိန့်၊ ရောက်လာဟဲ့ ငါ့ခြေရင်း၊ ရောက်လာဟဲ့ ငါ့မြေတွင်း" စသည်တို့ကို ဝေါက်ငန်းသံကြီးနှင့် ပြောဆိုလိုက်၊ ခေါင်းကြီးကို တဒေါက်ဒေါက်ခေါက်လိုက် နှင့် ဖြစ်နေပြီး နောက်တစ်ချက် လျှပ်စီးလက်လိုက်သောအခါတွင်ကား ဒေါ်ဖဲကြီး၏ မျက်နှာမှာ မိမိရှေ့မှောက်တွင် လူသေကောင်တွေကို ကိုက်ဖောက် စားသောက်နေသော နာနာဘာဝကောင်ကြီးများအား ပြုံးရွှင်ကျေနပ် ဖြစပ်စပ် ကြည့်နေသော မျက်နှာကြီးအဖြစ်နှင့် တွေ့ရသောကြောင့် လှအောင်မှာ ဤ အချိန်၌ ကြောက်စိတ်ဆို၍ တစ်ခွေးသားမျှ မရှိတော့ဘဲ သိန်းနုကို သေမင်းဆွဲ စေသည်မှာလည်း ဒီမိန်းမကြီးလက်ချက်ပင်ဟု အမှတ်စွဲလျက် ဒေါသမီးခဲ ကြီးရဲရဲတောက်လောင်လာလေတော့၏။

"ဒင်းညာဏ်၊ နုကိုလည်း ဒင်းခေါ်မှာပဲ။ နုအလောင်းကို ဒင်းလင် သရဲသဘက်တွေ ဆွဲစားရင် ဒီလိုပျော်ပျော်ကြီး ကြည့်နေမှာ နုသေသလို ဒင်းသေရစေမယ်။ ဒင်းစုန်းတတ်တော့ကော ငါက ကြောက်ရဦးမှာလား။ စုန်းဖြစ်ဖြစ်၊ ကဝေဖြစ်ဖြစ်၊ တစ္ဆေဖြစ်ဖြစ်၊ သရဲဖြစ်ဖြစ်မကြောက်ဘူး။ ငါသေလူပဲ သေရမယ့် အတူတူတော့ နုကိုသေအောင် သတ်တဲ့ ငါတို့ရဲ့ အချစ် ဇာတ်ကို ဖျက်ဆီးတဲ့ ကမ္ဘာ့ခလုတ်မိန်းမကြီးကို လူပြည်မှာ မထားဘူး။ ဒင်းလက်ချက်နဲ့ ဒီရွာကို ဒီလိုပဲ နှိပ်စက်လာခဲ့တာပဲထင်တယ်။

ရွာကလူတွေ တစ်နှစ်တစ်နှစ်မှာ ဒင်းကြောင့် လူဦးရေ ဘယ်လောက် ဆုံးပါးခဲ့ရသလဲ၊ ဒီမိန်းမကြီးရှိနေသ၍ ဒီရွာကလေးလဲ လူမကျန်အောင် သေကုန်တော့မှာပဲ၊ ဒီမိန်းမကြီးအကျင့်ကတော့ ဒီရွာမှာလူကုန်ရင် တခြားရွာ ဝင်ပြီး တိတ်တဆိတ်ဖျက်ဆီးဦးမယ့်မိန်းမကြီးပဲ၊ ကမ္ဘာ့ရန်သူ၊ တိုင်းပြည်ရန်သူ၊ အယုတ်တ မာမကြီးကိုမထားဘူး၊ မထားဘူး၊ ဓားနဲ့ဝင်ခုတ်မယ်" ဟု ကြိမ်းဝါး ကာ ဒေါ်ဖဲကြီးရှိရာသို့ထွက်လာတော့မည်ပြုလေ၏။ ထို့နောက်မှ မိမိလက်တွင် ဘာ လက်နက်မျှမပါသည်ကို တွေးမိသောကြောင့် ပိုင်လောက်မှအုပ်တော့မည် ဟု နောက်ကိုအသာဆုတ်ခဲ့၏။ သိန်းနု၏ အလောင်းမြှုပ်ရာမြေပုံကလေးကို ပူပူ နွေးနွေးအလှည့်မကျသေး၍ မစားသေးသည့်တိုင်အောင် တစ်နေ့စားမည်စိုး သဖြင့် ဘယ်သို့ပြုရမည် မသိအောင်ရှိလေ၏။

ထို့နောက်မှ အလောင်းမြေပုံကလေးကို လုံခြုံအောင် ထပ်မံမြှုပ်ရန် နှင့် ဒေါ်ဖဲကြီးကို စီရင်ရန်အတွက် ဓားလွယ်ထက်ထက်တစ်ချောင်းနှင့် တူရွင်း ကောင်းကောင်းတစ်ခုယူရန် ရွာတွင်းသို့ပြန်မှ ဖြစ်လိမ့်မည်ဟု အကြံပြုမိကာ သိန်းနုမြေပုံအနီးမှာပင် မိုးစင်စင်လင်းအောင် ထိုင်နေခဲ့လေ၏။ ဤသို့ညကြီး သန်းခေါင် မိုးမှောင်မိုက်မိုက်တွင် နာနာဘာဝတွေ သောင်းကျန်းနေသော သင်္ချိုင်းမြေတွင် လှအောင်တစ်ဦးတည်းနေသည့်တိုင်အောင် နာနာဘာဝ ကောင်တွေမှာ ပွဲတော်ကြီးကြုံကြိုက်နေရသောအခါဖြစ်၍လားမသိ၊ လှအောင် ကဲ့သို့ လူသားတစ်ယောက်ကို ခြောက်လှန့်နှောင့်ယှက်ရန် သတိမရဘိသကဲ့သို့ ချောင်ချိစွာနေနိုင်လာတော့သတည်း။

လှအောင်မှာလည်း မိုးစင်စင်လင်းလျှင် လင်းခြင်း ရွာတွင်းသို့ ပြန်လာခဲ့ပြီးလျှင် မိမိညကမြင်တွေ့ခဲ့ရသော အကြောင်းများကို ရွာသားတို့အား တစ်လုံးမကျန်ပြန်လည်ပြောကြားလျက် စုန်းမဒေါ်ဖဲကြီးကို အပြီးအပြတ်ဇာတ်သိမ်းလိုက်ရန် တိုင်ပင်လူစုလေတော့၏။ ရွာသားတို့ကား အချို့ကကြောက်လန့်သဖြင့် မပါဝင်လိုဘဲ ရှောင်လွှဲနေကြပြီး အချို့နာကြည်းနေသူများမှာ လှအောင်နှင့်အတူ လိုက်ရန်အာမခံကြ၏။

လှအောင်ကား အဖော်တွေ့ပါလျှင် မိမိအလုပ်ကို နှောင့်နှေးကြန့်ကြာမည်စိုးသဖြင့်

"ခင်ဗျားတို့က ဟိုမှာကြောက်ကြောက်နဲ့ ယောင်ပြုအော်လိုက်ရင် အကြံပျက်လိမ့်မယ်၊ ဒီတော့ရွာဝကသာ နားစွင့်ပြီး စောင့်နေကြပါ၊ မိန်းမကြီးကို သတ်ပြီးရင် အောင်ပြီ၊ အောင်ပြီလို့ အော်လိုက်မယ်။ ဒီအခါကျမှ ခင်ဗျားတို့လာကြပေတော့"

ဟု မှာထားပြီး ဓားလွယ်ကြီးကို ထက်မြက်အောင်သွေးနေလေ၏။ ရွာသားများလည်း လှအောင်မှာကြားသလို အရံသင့်ပြင်ဆင်ထားလေ၏။ စုန်းမဒေါ်ဖဲကြီးကား တစ်နေ့လုံးအိမ်ထဲကမထွက်ဘဲ အိပ်ရေးဝအောင် အိပ်စက်၍ ညလူခြေ တိတ်ဆိတ်လောက်မှ တိတ်တဆိတ်ရွာထဲမှ သချိုင်းရှိရာသို့ ကပျာကယာ ထွက်သွားသည်ကို တွေ့လိုက်ကြပေ၏။ လှအောင်ကား နေဝင်ရီတရော အချိန်ကပင် အမှတ်တမဲ့ကြိုတင်ထွက်ခွာသွားလေပြီး ရွာသားတို့လည်း ရွာဝမှာ စုရုံးထိုင်နေကြပြီး လှအောင်၏ အော်သံကိုသာ နားစွင့်နေကြလေ၏။

အချိန်ကားတစ်စ၊ တစ်စ ညဉ့်နက်လာလေ၏။ ခွေးအူသံတွေလည်း ဆူညံလျက်ရှိတော့၏။ ရွာသားတို့လည်း မီးစည်း၊ မီးတုတ်ကြီးများအသင့်ရရန်၊ စီစဉ်ထားကာ လှအောင်အသံ လာရာလမ်းသို့ တန်းမှန်းမျှော်လင့်နေကြလေသတည်း။ ထိုခဏ၌ပင် သချိုင်းဆီမှတလားခေါက်သံကြီးတစ်ချက် လေးနက်မြည်ဟီးကာထွက်ပေါ်လာလေ၏။ ပထမဖြစ်သော တလားခေါက်သံကြီးကြားပြီး၍ မကြာမီပင် -

"အမယ်လေးတော့"

ဟု ဒုတိယ ကျယ်လောင်နက်ကြောသောအသံကြီး တစ်ချက်ပေါ်လာပြီး ထိုအသံကြီးပျောက်သွားပြီးနောက် တတိယအကြိမ်မြောက်တွင်ကား စူးဝါးကျယ်လောင်သည့် -

"အောင်ပြီ အောင်ပြီ"

ဟူသော လှအောင်၏ အသံပေါ်လာကာ အသံမှာလည်း ပေါ်လာပြီးသည်နှင့် တစ်ပြိုင်နက် မီးရေနှင့် သတ်လိုက်ဘိအလား၊ ဖျပ်ခနဲ ရုတ်တရက်ပျောက် သွားလေ၏။

ရွာသားတွေလည်း မီးစည်း၊ မီးတုတ်များကို ကပျာကယာညှိထွန်းကာ ဓားတွေကိုယ်စီနှင့် သချိုင်းဆီသို့ပြေးကြလေရာ ပျဉ်တလားခေါင်းကြီးက တစ်ဖက် လူဒူးခေါင်းရိုးကြီးကတစ်ဖက်ကိုင်ပြီး အုတ်ဂူပျက်ကြီးတစ်ခု ပေါ်တွင်ကားယားကြီး ခေါင်းပြတ်သေနေသည့် စုန်းမ ဒေါ်ဖဲကြီးကိုတွေ့မြင်ရလျက် တစ်ဖက်တွင်ကား မြေပေါ်တွင် ပက်လက်ကြီး သွေးစွန်းနေသော ဓားကြီးကိုကိုင်ကာ တခွီးခွီးတက်နေသော လှအောင်ကိုလည်းကောင်း၊ လှအောင်၏ လက်မောင်းတစ်ဖက်ကို သွားထက်ထက်နှင့် နက်ဝင်နေအောင်ကိုက်ထားသော ဒေါ်ဖဲကြီး၏ ကိုယ်ပိုင်းမရှိသည့် ခေါင်းပြတ်ကြီးကိုလည်းကောင်း တွေ့ရလေ၏။

ရွာသားတွေမှာ နှစ်ရှည်ခါညောင်းနှိပ်စက်လာသော ရန်သူတစ်ယောက်ကို နှိမ်နင်းပေးသော လှအောင်အား အထူးကျေးဇူးတင်စွာနှင့် ကြည့်ရှုစုံစမ်းရာ လှအောင်မှာ အသက်မသေဘဲ နစ်မြောတက်ချက်နေသေးသည်ကို တွေ့ရသောကြောင့် စုန်းမ ဒေါ်ဖဲကြီး ခေါင်းကိုဖယ်ပစ်ပြီး လှအောင်ကို ရွာထဲသို့ ထမ်းယူလာကြလေ၏။

လှအောင်မှာ ရက်ပေါင်းအတော်ကြာ၍လည်း လူမှန်းမသိဘဲဖြစ်နေပြန်သည်နှင့် ရွာသားတွေမှာ ဆရာကောင်းရှာဖွေပြီး အရေးတကြီး ဂရုစိုက်ကြပြန်လေရာ နောက်ဆုံးတွင် ဆရာရှာသူများမှာ 'တစ်ယောက်ကစ ဟစ်ရာ"ဆိုသလို ဆရာကောင်းရှာနေသူဖြစ်သည့်အားလျော်စွာ ကျွန်တော်တို့ဆရာကြီးသတင်းကို ကြားသဖြင့် သတိလစ်နေသူလှအောင်အား ထမ်းစင်ဖြင့်တင်ယူကာ ဆရာကြီးရှေ့ ရောက်ပေါက်လာကြလေ၏။

ကျွန်တော်၏ ကျေးဇူးရှင်ဆရာကြီးလည်း ရောက်လာသောဒုက္ခသည်အား ထုံးစံဝတ္တရားအတိုင်း ချွတ်လှဲ့ ကုမ,ပေးလိုက်ရာတွင်မှ လှအောင်မှာ လူကောင်းပကတိကဲ့သို့ သတိဝင်လာရှာလေ၏။ သို့ရာတွင် လှအောင်ကား သိန်းနုကို လွမ်းစိတ်မကုန်နိုင်ရှာပေ။ စုန်းမ ဒေါ်ဖဲကြီးကို သေအောင်သတ်လိုက်ရသည့်အတွက်မှာ အတော်အားရပျော်ရွှင်နေပုံရ၏။ သို့ရာတွင် ဤဘဝ၌ မိမိအသက်တမျှချစ်မဝသော ဇနီးလှကလေးအတွက် တသက်သက်ဖြစ်နေသောကြောင့် တရားနှင့်ဖြေ၍ ကိုယ့်အသက်သေသည်အထိ မစွန့်စားသည်တိုင်အောင် ဝမ်းနည်းတသ ယူကျုံးမရသည့်စိတ်ထားနှင့်ပင် မျှားမကြာမီ သက်န်းစည်း၍သွားရှာလေတော့သတည်း။

✦ ✦ ✦

# ကြိုက်မရှက်

**(၁၉၃၈-ခု၊ ဒီဇင်ဘာလက ရေးသားခဲ့သည်။)**

၁၉၃၅-ခုနှစ်အထက်တွင် ဟင်္သာတဒိစတြိတ်ကြံခင်းမြို့၌ နေရှင်နယ် ကျောင်းအုပ်ကြီးအဖြစ်နှင့် အလုပ်ဝတ္တရားဆောင်ရွက်လုပ်ကိုင်နေသူမှာ ဆရာကြီး ဦးမောင်မောင်ကျော်ဖြစ်လေ၏။

ဦးမောင်မောင်ကျော်ကား ပညာဂုဏ်၊ အလုပ်အကိုင်ဂုဏ်တို့ကြောင့် ဦးတပ်၍ခေါ်ရစေကာမူ အသက်ကား မကြီးလှသေးပေ၊ သို့ အလုပ်အကိုင် ပညာဂုဏ်ဖြင့် ပြည့်စုံသော်လည်း လောကဖွယ်ရာ ချစ်သူဇနီးမရှိသေးသော ကြောင့် တစ်ကိုယ်ရေတစ်ကာယလူပျိုကြီးဘဝနှင့် အေးချမ်းပျော်ရွှင်စွာနေလာ သူဖြစ်လေ၏။

မောင်မောင်ကျော် ငှားရမ်းနေထိုင်သောအိမ်ကြီးမှာ ရှေးခေတ်သစ်၊ ဝါးများ အရမ်းပေါစဉ်က ဆောက်လုပ်ထားသည့် အိမ်ကြီးဖြစ်၍ အိမ်ဆောက်ပုံ၊ အခန်းဖွဲ့ပုံတို့မှာ ကာလမဆန်သော်လည်း အိမ်ကြီးမှာကောင်းသလောက် ခိုင်ခန့်ကျယ်ဝန်းသော အိမ်ကြီးတစ်အိမ်ဖြစ်၍ အိမ်သူဇနီးမရှိသေးသူ ကျောင်းအုပ် ဆရာကြီး ဦးမောင်မောင်ကျော်အဖို့မူ ကျယ်လွန်းမည်ထင်ရသော်လည်း လူပျို ကြီးအိမ်တွင် လူပျိုကြီးမိတ်ဆွေများ မကြာခဏဝင်ထွက်သွားလာ တည်းခိုရာ

တစ်ခုကဲ့သို့ ဖြစ်နေသည့်ပြင် ကျောင်းတွင် စာသင်ရန် လာရောက်နေထိုင်ကြသော ကျောင်းသား တပည့်လူပျိုကလေး လေး၊ ငါး၊ ခြောက်ယောက်ခန့်ရှိလျက် ဆရာကြီးအတွက် ထမင်း၊ ဟင်း ချက်ပြုတ်ကျွေးရသည့် အစေခံ သူငယ်ကလေးတစ်ယောက်ပါ စုစုရရအိမ်သားပေါင်း ခုနစ်ယောက်၊ ရှစ်ယောက်မျှရှိပြီး အဝေးဧည့်သည်များမှာလည်း ပြတ်သည်မရှိ။

မြို့ပေါ်ကလူပျိုအရာရှိဧည့်သည်များမှာလည်း အလုပ်အားချိန်တို့တွင် ဦးမောင်မောင်ကျော်၏ အိမ်ကြီးသို့လာစုကြကာ လွတ်လပ်သော လူပျိုကြီးတို့ သဘာဝအတိုင်း စားပွဲတွင် ဝိုင်းဖွဲ့ကာ စားကြ၊ သောက်ကြ၊ ပျော်ကြပါးကြနှင့် တဝါးဝါး တဟားဟား ဆူညံစည်ကားလျက်ရှိသောကြောင့် အိမ်ကြီးသလောက်လူများကာ တစ်နည်းအားဖြင့် ပျော်စရာလည်းကောင်းလေတော့၏။

ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်ကျော်မှာ လူကြီးလူကောင်း၊ လူပျိုကြီးတစ်ဦးဖြစ်ပြီး စိတ်သဘောကောင်းသူ (ဝါ) ဆိုရှယ်ဖြစ်သူတစ်ဦးဖြစ်ခြင်းကြောင့် အပေါင်းအသင်းမိတ်ဆွေ အထူးပေါများသလောက် မိတ်ဆွေများကလည်း ချစ်ခင်ကြလျက် လက်အောက်တပည့်ကျောင်းသားများကိုလည်း စိတ် ကောင်း၊ သဘောကောင်းနှင့် ဖျောင့်ဖျောင့်ဖျဖျ ဆုံးမသင်ကြားလေ့ရှိ၍ တပည့် များ၏ ချစ်ခင်လေးစားခြင်းကို အထူးခံယူရသူဖြစ်လေ၏။

သို့ကြောင့် တစ်နေ့သော အဖိတ်နေ့ကျောင်းပိတ်ရက်တွင် ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်ကျော်၏ လက်ဖက်ရည်စားပွဲ၌ အိမ်သားရော၊ ဧည့်သည်ရော၊ လူပေါင်းလေးငါးခြောက်ယောက်ဝိုင်းမိကြရာ ထိုလူစုတွင် ကြံခင်းမြို့ပိုင် ဦးတင်ဖေ၊ ကျောင်းကော်မတီလူကြီး ကိုဘကို၊ ပွဲစားကိုချစ်ဦး စသော လူပျိုမိတ်ဆွေများလည်း ပါဝင်လျက် လွတ်လပ်သော ယောကျ်ားများ ချည်းရှိသည့် အားလျော်စွာ အလုပ်အကြောင်း အပေါင်းအသင်း မြို့ရွာစသည်တို့နှင့် အခြားသော ရယ်စရာ၊ မောစရာတို့ကို ပြောဆိုရယ်မောမိနေကြရာမှ ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်ကျော် ငှားရမ်းနေထိုင်သော အိမ်ကြီးအကြောင်းကို စကားစပ်မိကြလေ၏။

ထိုအခိုက်တွင်ပင် ကြံခင်းမြို့သားဖြစ်သော ပွဲစားကိုချစ်ဦးက စတင်၍ -

"အော် ဒါနဲ့ ကိုမောင်မောင်ကျော် ခင်ဗျားဒီအိမ်ရောက်လာမှ ဘာများအကြောင်းထူးသလဲဗျို့"

ဟုမေးလိုက်သောအခါ ဦးမောင်မောင်ကျော်က အံ့အားသင့်ကြည့်နေမိပြီး -

"ခင်ဗျားကဘာကိုမေးလိုတာလဲ ကိုချစ်ဦးရဲ့"

ဦး "ဒီအိမ်ကြီးရဲ့ အကြောင်းပေါ့ဗျ၊ ဒီအိမ် အစက သရဲခြောက်တယ်လို့ သတင်းကြီးနေလို့"

ကျော် "ဟာ ကျွန်တော် ဒါတွေအယူမရှိပါဘူးဗျာ"

ဦး "အယူမရှိတာ ရှိတာနောက်ထားပါဦး၊ ဒီအိမ်နေမှ ဘာမှမထူးခြားဘူးလား"

ကျော် "ဘာမှမထူးခြားပါဘူးကိုချစ်ဦး၊ ခင်ဗျား ဒါတွေအယူမရှိစမ်းပါနဲ့ဗျာ၊ ဒီအိမ်ကိုကျွန်တော်ငှားမယ်လုပ်တုန်းကတည်းက ဟောဒီကျောင်းကော်မတီ ကိုဘကိုလဲ မငှားဖို့ရာ ဖျက်ဆီးလိုက်တာ မပြောပါနဲ့တော့ဗျာ။ ဒါပေမဲ့ ကျွန်တော်က အယူကိုမရှိဘူး။ လောကမှာ တစ္ဆေတို့ သရဲတို့ဆိုတာလဲ ရှိမှာမဟုတ်ပါဘူးဗျာ။ လူတွေက ထင်နေလို့ပါ။ အခုဒီအိမ်ဟာ သရဲရှိတယ်လို့ သတင်းကြီးနေတယ်၊ ဘယ်သူမှ မနေဝံ့ဘူးပြောတယ်၊ အခု ကျွန်တော်တက်နေတာ အတော်ကြာလာပြီ ဘာများဖြစ်သလဲ၊ ကျွန်တော်နဲ့အတူ အမြဲနေတဲ့ ကျောင်းသားကလေးတွေလဲ ရှိတာပဲ၊ ဘယ်သူမှဘာမှ မဖြစ်ဘူး"

ကိုဘကို "ကျွန်တော်လဲ ခင်ဗျားတို့ ဘာမှမဖြစ်ဘူးဆိုတော့ အတော်အံ့သြတာပဲ။

ဒီအိမ်မှာ အရင့်အရင်က ငှားနေသွားကြတဲ့သူတွေဖြင့်
ကျောကော့ ဆင်းပြေးတာချည့်ပဲ၊ ကျွန်တော့်မျက်မြင်ပြောရမှာဖြင့်
ဒီအိမ်လာငှားနေကြတဲ့ လင်မယား အိမ်ထောင်စုံ သုံးလေးစုံပါပဲဗျာ၊
လာငှားနေပြီး တစ်လ၊ နှစ်လရှိရင် မျက်စိပျက်ပျက် မျက်နှာပျက်
ပျက်နဲ့ ဆင်းပြေးတာချည့်ပဲ။ ဘာဖြစ်သလဲမေး သရဲခြောက်လို့
ချည့်ပြောကြတာပဲ၊ ဒါနဲ့ ဒီအိမ်ကြီးကို လူမနေဝံ့တာနဲ့ ပိတ်ထား
ရတာ တစ်နှစ်ကျော် လောက်ရှိလာပြီ၊ အခု ခင်ဗျားတက်နေတော့
မှ ဘာမှမကြားရတာပဲ”

မြို့ပိုင်ဦးတင်ဖေကား သူတို့အပြန်ပြန်ပြောဆိုကြသော စကားများ
ကို နားထောင်နေရာမှ -

ဖေ ။ ။ “နေစမ်းပါဦး၊ ကိုချစ်ဦးရဲ့ ဒီအိမ်ကြီးမှာ သရဲရှိတယ်ဆိုရအောင်
ဒီအိမ်မှာ အစိမ်းသေများ သေဖူးလို့လား”

ဟု မေးလိုက်သည်တွင် ကိုချစ်ဦးက ကော်မတီဝင် ကိုဘကိုဘက်သို့
လှည့်၍-

ဦး ။ ။ “ကဲ အိမ်ကြီးအကြောင်းကို ကျွန်တော့်ထက် ကိုဘကိုက သာပြီး
သိပါတယ်၊ ပြောလိုက်စမ်းပါဗျာ”

ကို ။ ။ “ဦးတင်ဖေသိချင်လဲ ပြောရတာပေါ့ဗျာ။ ကျွန်တော်ကတော့
မြို့ခံလူတွေဖြစ်နေလို့ မြို့ပေါ်က သတင်းဆိုရင် မကြားချင် မနေရ
အောင် ဖြစ်နေတာကိုး”

ကျော်။ ။ “ကဲဗျာ ပြောစမ်းပါဦး၊ ခင်ဗျားတို့အိမ်ရဲ့ ရာဇဝင်ကို၊ ကျွန်တော်လဲ
သရဲခြောက်တဲ့အကြောင်းလောက်ကပဲပြီး ဒီအိမ်အကြောင်း ဘာ
မှမသိပါဘူး”

ကို ။ ။ ဒီလိုဗျ၊ ဒီအိမ်ကြီးရဲ့ ပိုင်ရှင်များဟာ ဒီမြို့ပေါ်မှာ ပစ္စည်းဥစ္စာနဲ့
အတော်ပြည့်စုံတယ်။
သမီးအပျိုကလေးလဲ တစ်ယောက်ရှိတယ်။ အဲဒီသမီးဖျို ကလေး
ဟာ ရောဂါဖြစ်ပြီး ဆုံးသွားတယ်။ ပြောစရာကတော့ ဒါပဲ ပြော

စရာရှိတာပဲ။ ဒီအိမ်ပေါ်မှာ ဒီမိန်းကလေးတစ်ယောက်ပဲသေတယ်။ သေတာကလဲ ရိုးရိုးတန်းတန်းသေတာပဲ။ အစိမ်းသေတွေဘာတွေ မဟုတ်ပါဘူး၊ နောက်လဲ သူ့မိဘများက စိတ်မကောင်းတာနဲ့ "စိတ်ပြေလက်ပျောက်"ဆိုတာလို အိမ်ကြီးကို တံခါးပိတ်ထားခဲ့ပြီး အထက်အညာကို ဘုရားဖူးထွက်သွားကြတာ သုံးလေးလကြာတယ်။ ပြန်လာတော့လဲ ဒီအိမ်ကြီးကိုနေရမှာ သူတို့သမီးပျိုကလေးရဲ့ လက်ရာ ခြေရာတွေကိုမြင်နေရရင် စိတ်မကောင်းလို့ မနေချင်တော့ဘူးဆိုပြီး သူတို့ပိုင် တခြားအိမ်တစ်လုံးကို ပြောင်းသွားကြတယ်။ ဒီအိမ်ကိုတော့ တစ်နှစ်လောက် တံခါးပိတ်ထားရာက လူငှားရှိတဲ့အခါလဲ ဖွင့်ပြီး ငှားတာပဲ။ ဒီလိုနဲ့နေကြတာ တစ်နှစ်ကျော်လောက်ကြာတော့လဲ ဘာမှ အထူးမကြားရသေးပါဘူးဗျာ။ လာငှားနေကြတာလဲ အစိုးရအလုပ်နဲ့ အဝေးက ပြောင်းရွှေ့လာတဲ့လူတွေမို့ ကျွန်တော်တို့နဲ့လဲ ဖြုံးခနဲ အသိအကျွမ်းမဖြစ်ကြသေးတော့ ဘာမှမကြားရ၊ သူတို့ကလဲ ဒီအိမ်အကြောင်း မသိကြတော့ တကယ်လို့ နည်းနည်းပါးပါးခြောက်လဲ အမှတ်တမဲ့ နေချင်နေကြမှာပေါ့၊ အဲဒီလိုနဲ့ပဲ အရင်သေတဲ့ မိန်းကလေးလား တခြားကလားတော့ မပြောနိုင်ဘူးပေါ့လေ။ နောက်တစ်ကြိမ် အိမ်ငှားလာတဲ့ လင်မယားကိုတော့ ကျောကော့ဆင်းပြေးရအောင် ခြောက်လွှတ်လိုက်တာပဲ"

ကျော်။ ။ "အရင်လူတွေကျမခြောက်ဘဲနဲ့ လင်မယားကျမှ ဘာကြောင့်ခြောက်ရတာလဲဗျာ"

ကို ။ ။ "အရင်လူတွေ နှစ်ဦး၊ သုံးဦးတုန်းကတော့ လူကြီးတွေ။ လင်မယားဆိုပေတဲ့ အဘိုးကြီး အမယ်ကြီးတွေကိုဗျ၊ သိပ်ကြမ်းကြမ်းကြီး မခြောက်ဘူးထင်တယ်။ နောက်လာတဲ့ လင်မယားကတော့ ညားခါစ တစ်မြို့တစ်ရွာက အစိုးရအလုပ်နဲ့ ပြောင်းလဲခဲ့တာကိုး။ ဘယ်လောက်များခြောက်သလဲဆိုရင် သုံး၊ လေးခါ အခြောက်ခံရရုံနဲ့

အကြောက်ကြီးကြောက်ပြီး ဆင်းပြေးကြတာပဲ။ နောက်လဲ ခုလို ပဲဗျ၊ အရွယ်သင့်၊ အရွယ်တော် လင်စုံမယားဖက်တွေ လေးငါးဦးပဲ ဆက်ပြီးနေသွားကြတယ်။

အဲသူတို့ကလဲ သရဲခြောက်တယ်ဆိုပြီး နှစ်လစီ သုံးလစီနေပြီး ပြောင်းပြောင်းသွားကြလို့ နောက်ဆုံး ဒီအိမ်ကြီး သရဲခြောက်တယ် ဆိုတဲ့သတင်းကကြီးနေတော့ ဘယ်သူမှ ငှားမနေဝံ့တာနဲ့ အိမ်တံခါး ပိတ်ထားရတာကလား။ အခု ခင်ဗျားလာနေမှ ဒီအိမ်လူရှိတာပဲ"

ဦး ။ ။ "ကျွန်တော်လဲ ဒါလောက်ခြောက်လာခဲ့တဲ့အိမ်ဟာ ကိုမောင်မောင် ကျော်နေမှ အခြောက်မခံရဘူးပြောတော့ အတော့ကို အံ့သြနေ တာပဲဗျာ"

ကျော်။ ။ "ဘာမှမအံ့သြနဲ့ဗျ၊ သရဲဆိုတာရှိကိုမရှိဘူး၊မရှိလို့ မခြောက်တာပဲလို့ မှတ်ပေတော့"

ကို ။ ။ "နို့ အရင်လူတွေတုန်းက အခြောက်ခံရလို့ ကျောကော့ဆင်းပြေး ရတာတော့ ဘယ့်နှယ်လုပ်မလဲဆရာကြီးရဲ့"

ကျော်။ ။ "အဲဒါ သူတို့ကိုယ်၌ကမရှင်းလို့ စိတ်ငယ်ပြီး တစ်ခုခုဖြစ်လိုက်တဲ့ အခိုက်အတန့်ကလေးမျိုးကို သရဲခြောက်တယ် ထင်ကြတာပါ။ မြို့ပိုင်ကိုတင်ဖေကကောဗျာ၊ ဘယ်လိုသဘောရသလဲ၊ ပြောစမ်း ပါဦး"

ဖေ ။ ။ "ကျွန်တော်ဘာပြောနိုင်ဦးမလဲဗျာ၊ ကိုဘကိုနဲ့ ကိုချစ်ဦးက ဒီအိမ်မှာ သရဲရှိတယ်ပြောထားတာကြားရတာနဲ့ ကိုမောင်မောင်ကျော်က သူ့ကို အခြောက်မခံရဘူးပြောတာနှစ်ခုကို ကျွန်တော်လဲ ဘယ်လိုမှ မဆုံးဖြတ်နိုင်ဘူး"

ကျော်။ ။ "ကျွန်တော်ပြောတဲ့ အတိုင်းပါပဲဗျာ၊ သရဲဆိုတာ လောကကြီးမှာ မရှိလို့ မခြောက်တာပါ။ တကယ်သာ ရှိရိုးမှန်ရင် ကျွန်တော့် မခြောက်တောင် ကျွန်တော့်အိမ်ကကလေးတွေ လေးငါးယောက် ရှိသားပဲ သူတို့ကို ခြောက်မှာပေါ့"

မြို့ပိုင်ဦးတင်ဖေလည်း သူတို့အငြင်းအခုန်ကို ဘယ်ဘက်ကမှ ဆန္ဒမပေးနိုင်သေးဘဲ ကျွန်တော်ကလဲ -

"သူများတစ်ဆင့်ပြောနဲ့ မယုံချင်ဘူးဗျ၊ ဒိဋ္ဌကိုယ်တွေ့မှ မဟုတ်ဘူးဟုတ်တယ် ဆုံးဖြတ်ချင်တာ"

ဟုပြောလေရာ ကိုဘကိုနှင့်ကိုချစ်ဦးတို့ မကျေမချမ်း ငြင်းနေသလောက် မောင်မောင်ကျော်ကလည်း တစ်ယူသန်ကြီး ပြောလျက်ရှိရာမှ တဖြည်းဖြည်းပင် စကားပြတ်သွားကြပြီး ပိုကာဝိုင်းကြီးဖြစ်လာပြန်ကာ ယောက်ျားတွေချည့်စုနေသော အိမ်ဖြစ်သည်အားလျော်စွာ ပိုကာဒေါင်းရင်းဆူညံစွာရယ်မောပျော်ရွှင်လျက် ညဉ့်နက်မှ လူစုခွဲလိုက်ကြလေတော့၏။

အချိန်ကား အတော်ညဉ့်နက်၍နေလေ၏။ အိမ်ရှိ ကျောင်းသားကလေးများမှာ အိပ်သူအိပ်၍ စာကျက်သူကျက်လျက်ရှိသေး၏။ အစေခံကလေးများကား ဧည့်သည်များပြန်သွား၍ အိမ်ရှေ့တံခါးကိုပိတ်ပြီး စားပွဲအနီးအမှိုက်သရိုက်များကို ရှင်းလင်းသိမ်းဆည်းလျက်ရှိရာ ကျောင်းအုပ် ဦးမောင်မောင်ကျော်လည်း သန်းဝေရာမှ မိမိအိပ်ခန်းရှိရာ အပေါ်ထပ်သို့ တက်ခဲ့လေ၏။ အိမ်ရှေ့တွင် အိပ်သော ကျောင်းသားနှစ်ယောက်မှာ ဟောက်၍ပင်နေလေပြီ။ မိမိအိပ်ခန်းခုတင်ဆီသို့ လှမ်းကြည့်လိုက်သောအခါ ဇာခြင်ထောင်မှာ စန့်စန့်ရန့်ရန့်ချထားလျက် အတွင်းတွင် နှစ်လုံးဆင့်ထားသော ခေါင်းအုံးနှစ်ခုမှာ တစ်ခုစီယှဉ်ပြီး တစ်ဖက်တွင် စောင်ခြုံကာ ကွေးနေသော သဏ္ဌာန်တစ်ခုကို မီးရောင်နှင့် ထင်ရှားစွာတွေ့မြင်ရသောကြောင့် အတော်အံ့သြ၍သွားလေ၏။

မိမိအိပ်ရာသို့ ဘယ်သူမှဝင်၍ အိပ်ဝံ့မည်မဟုတ်။ အိမ်မှာ တပည့်ကျောင်းသားများရှိစေကာမူ ဆရာ့အိပ်ရာကို ယခုကဲ့သို့ ရဲရဲဝံ့ဝံ့နှင့် မအိပ်ဝံ့တန်ရာဟု မောင်မောင်ကျော်မှာ အံ့သြသလောက်လည်း ထူးဆန်း၍ နေလေတော့၏။ အိပ်ရာအနီးသို့တိုးကာ ခြင်ထောင်ကို ကပျာကယာ မ,ကြည့်လိုက်မှ ယခင်မြင်ရသော လူတစ်ယောက်အိပ်နေသည့်ပုံသဏ္ဌာန်မှာ ဂွမ်းစောင်ကြီးကို အသင့်ခြုံရန် အဆင်သင့် အလျားလိုက် ခေါက်ထားသည်ကိုတွေ့ရ၍ တစ်ယောက်တည်း ပြုံးမိလေ၏။

---

"တစ္ဆေသရဲဆိုတာ လူကသွေးလန့်ပြီးတွေးကြောက်နေကြတာပါ။ ကြည့်ပါလား ငါတောင်မှ ခုန ကိုချစ်ဦးတို့ပြောကြတဲ့အရှိန်နဲ့ စောင်ကြီးကို လူထင်ပြီး အံ့အားသင့်သွားမိသေးတယ်။ သူတို့တတွေအဲဒီလို အတွေးနဲ့ အထင်မှားကြတာကို သရဲခြောက်တယ်လို့ စွပ်စွဲကြတာနေမှာပဲ"

ဟု တစ်ယောက်တည်း ပြောမိလေ၏။

အိပ်ရာကို ထပ်မံစုံစမ်းသောအခါ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်မှစ၍ အားလုံးပြန့်ပြန့်ပြူးပြူး ခင်းထားပြီး ခြင်ထောင်ကလည်း အသင့်ဝင်အိပ်ရုံ အိပ်နိုင်ရန် ချထားလျက် စောင်ကိုလည်း ဘေးတွင် အလွယ်တကူယူ၍ ခြုံနိုင်ရန်ပြင်ဆင်ထားသောကြောင့် တပည့်အစေခံကလေး၏ လုံ့လဝီရိယကို စိတ်ထဲက ချီးမွမ်းမိစဉ် ခေါင်းရင်းဘက်ဆီမှ မွှေးသောရနံ့တစ်မျိုးကို ရှူရှိုက်မိရုံမက နှစ်လုံးထပ်ထားသော ခေါင်းအုံးမှာ မသိမသာပြိုအိပြီး နှစ်လုံးယှဉ်ထားသည် ကဲ့သို့ တွေ့ရသဖြင့် ဤအဓိပ္ပာယ်ကိုရှင်းလိုသဖြင့် အစေခံသူငယ်ကလေး ကိုခေါ်လိုက်ကာ အိပ်ရာကို မင်းပြင်ထားသလားဟု စုံစမ်းလေ၏။ အစေခံ သူငယ်လည်း -

"ကျွန်တော် နံနက်ကတော့ အိပ်ရာကိုပြင်ခင်း၊ ခြင်ထောင်လဲ မ,တင်ထားခဲ့တာပဲဆရာရဲ့"

ကျော် ။ ။ "နံနက်ဘက် အိပ်ရာခင်းတော့ ဒီခြင်ထောင်ကို မင်းပင့်ထား သလား"

သူငယ် ။ ။ "ပင့်ထားပါတယ်ခင်ဗျာ"

ကျော် ။ ။ " နို့ . . . အခုလို ခြင်ထောင်ချပြီး ပြန်ပြင်ထားတာရော မင်းပြင် သလား"

သူငယ် ။ ။ "ကျွန်တော်မပြင်မိပါဘူးခင်ဗျာ၊ နေ့တိုင်း ဆရာကျောင်းတက်မှ အိမ်ပေါ်တက်ပြီး ခြင်ထောင်ပင့် အိပ်ရာပြန်ခင်းတာ တစ်ကြိမ် ပါပဲ"

ကျော် ။ ။ "အေး . . ဟုတ်ပါတယ်၊ ညနေက ငါကျောင်းကပြန်လာလို့ အဝတ် တွေ ဘာတွေလဲတော့လဲ ခြင်ထောင်ပင့်ထားတာ ငါတွေ့သားပဲ။

အခု အိပ်ရာဝင်မှ ဟ နေဦး . . နေဦး . . ငါအခုမှ သတိထားမိတယ်၊ ငါအိပ်ရာဝင်တဲ့အချိန်တိုင်း ဒီခြင်ထောင်ဟာ ချထားရက်ချည့်ပဲ တွေ့ရတာကြာပြီ။ ဒီနေ့မှ ဟောဒီစောင်ပုံကြီးကို လူဝင်အိပ်နေတယ်ထင်တာကစပြီး ဂရုစိုက်မိတယ်၊ ငါကတော့ မင်း . . . လောကွတ် ကျေလို့ လုပ်ထားတယ်ထင်တာပဲ"

သူငယ် ။ ။ "ကျွန်တော်တော့ နေ့ခင်း တစ်ခါ တစ်ခါသာပြင်မိပါတယ်၊ ညဘက်တော့ အိမ်ပေါ်ကိုတောင် မတက်မိပါဘူးခင်ဗျာ"

ကျော် ။ ။ "အေး လက္ခာ၊ မင်းမပြင်လဲ ကောင်ကလေးတွေပြင်မှာပေါ့"

သူငယ် ။ ။ "ဟုတ်ကဲ့ . . . သူတို့လဲ အတူနေရတော့ ဆရာ့ဝေယျာဝစ္စ တစ်ယောက်ယောက်က လုပ်တယ်ထင်ပါရဲ့"

ကျော် ။ ။ "လုပ်တာတော့ ဟုတ်ပါရဲ့ကွာ၊ ငါလူပျို တစ်ကိုယ်တည်း အိပ်တဲ့ဥစ္စာ၊ ဘယ့်နှယ်ကြောင့် ဒီခေါင်းအုံးကို တစ်ဖက်တစ်ခုစီခွဲထားရတာလဲမသိဘူး"

ဟုဆိုလျက် အခန်းပြင်ဘက်သို့ ထွက်လာကာ -

"ဟေ့ ကောင်တွေ၊ မင်းတို့ထဲက ငါ့အိပ်ရာကို ဘယ်သူပြင်သလဲဟေ့"

ဟု မေးလျှင် အပြင်ခန်း၌ စာကျက်နေသော ကျောင်းသားနှစ်ယောက်မှာ ဆရာကြီးလုပ်သူကို အံ့အားသင့်စွာကြည့်ရင်း-

"ခင်ဗျာ . . . ကျွန်တော်တော့ မပြင်မိပါဘူး"

ဟု တစ်ယောက်ကပြောလျက် တစ်ယောက်ကလည်း -

"ကျွန်တော်လဲ မပြင်ပါဘူး ဆရာ"

ဟု ပြောသောကြောင့် . . .

"ကဲ ဟေ့ . . . အောက်ကအကောင်တွေ သွားမေးစမ်း"

ဟု ခိုင်းလိုက်သဖြင့် အစေခံသူငယ်လည်း အောက်ထပ်သို့ ဆင်းသွားကာ ခဏကြာလျှင် ပြန်တက်လာပြီး -

"သူတို့ကိုလဲ နှိုးမေးခဲ့ပြီ ဆရာ၊ ဘယ်သူမှမပြင်ဘူးတဲ့"

ဟု ပြောသဖြင့် မောင်မောင်ကျော်မှာ အတော်ကြာစဉ်းစားနေမိလေ၏။

အိပ်ရာနှင့် ခြင်ထောင်ကို သေသေချာချာကြည့်လျက်ရှိရာမှ ခုတင်ခေါင်းရင်က ဖွင့်ထားသော ပြတင်းပေါက်ကိုကြည့်မိ၏။ ပြတင်းပေါက်မှ လေညှင်းကလေးများက တဖြူးဖြူးတိုးဝင်နေသည်ကိုတွေ့ရ၏။ မောင်မောင်ကျော်လည်း ပြုံးမိ၏။

"အင်း ပြတင်းပေါက်ကလေတိုက်လို့ ခြင်ထောင်ဟာ အလိုလိုကျလာတာဖြစ်မှာပဲ၊ လေကလဲအဆက်မပြတ်တိုက်နေတော့ ကျမယ့်ကျရာ ပြေကျလာတဲ့ ဇာခြင်ထောင်ဟာ လေလှုပ်ရှားတာနဲ့ လှုပြုပြင်ထားသလို ဖြစ်နေမှာပဲ၊ ဟောဒါ တစ္ဆေသရဲယုံကြည်တဲ့လူသာဆိုရင် သရဲခြောက်တယ်ဆိုပြီး ဆင်းပြေးမှာပဲ"

ဟု ကိုယ့်ဟာကိုယ်ပြောသလို ပြောမိလေ၏။ ခေါင်းအုံးနှင့်စောင်ထူးခြားနေခြင်းမှာလည်း ပြတင်းပေါက်က လေတိုးသည်ဆိုသော အဖြေနှင့်ပင် အလိုလိုကျေနပ်ပြီး မေ့ပျောက်သွားကာ အိပ်ရာသို့ဝင်လေ၏။

သို့သော် နောက်တစ်နေ့တွင် သတိရပြန်ကာ ခေါင်းအုံးနှစ်လုံး ယှဉ်ထားသည့်အစီအစဉ်မှာ တပည့်ကျောင်းသားများက မိမိအား လှုပ်ပြီးကြီးဘဝကျွတ်စေချင်၍ တမင်နောက်ပြောင်ထားသည်ဟု အယူရှိပြီးလျှင် အိမ်တွင်နေသော ကျောင်းသားငါးယောက်အနက်မှ တစ်ယောက်ဉာဏ်ဖြစ်မည်၊ ဘယ်အကောင် ငါ့ကိုနောက်သလဲမသိ၊ အမိဖမ်းမည်ဟု တိတ်တဆိတ် ကြိတ်ကြံထားလေ၏။ မောင်မောင်ကျော်မှာ စိတ်သဘောကောင်းသူဖြစ်၍ သံသယရှင်းအောင် အမှတ်မဲ့ ချောင်းဖမ်းမည်ဟု အကြံပြုထားသည့်အတိုင်း ထိုနေ့ကျောင်းမှ ပြန်လာသောအခါ အိမ်အပေါ်ထပ်ရှိ မိမိအိပ်ခန်းသို့တက်၍ အဝတ်များလဲနေရာ အိပ်ရာများမှာ နံနက်က အစေခံသူငယ်ကလေး ပြင်ဆင်ထားသည့်အတိုင်းပင် ခြင်ထောင်မှာ မ,တင်ထားပြီး အိပ်ရာခင်းပြန့်ပြူးလျက် ခေါင်းရင်းဘက်တွင်လည်း ခေါင်းအုံးနှစ်လုံးထပ်ထားကာ ခြေရင်းဘက်မှာလည်း ဂွမ်းပေါက်ဖဲစောင်မှာ အခေါက်လိုက်ရှိသည်တို့ကို မှတ်ထား၏။ အောက်ထပ်သို့

ဆင်းကာ လာနေကျ လူပျို‌ဧည့်သည်များနှင့် စကားပြောခြင်း၊ ညစာထမင်းစားခြင်းစသည်တို့ကို ပြုလုပ်နေသော်လည်း မောင်မောင်ကျော်၏ မျက်စိကား မိမိအိမ်သားထဲက မည်သူ အိမ်ပေါ်တက်သည်ကို မသိမသာစောင့်ကြည့်လျက်ရှိလေ၏။

သို့သော် ထိုနေ့ညဉ့်ဦးယံအဖို့မှာ ကျောင်းသားငါးယောက်လုံး အိမ်ပေါ်သို့တစ်ယောက်မျှမတက်ဘဲ စားပွဲဝိုင်းတွင် စကျက်နေကြလျက် အတော်ညဉ့်နက်သောအခါ အောက်ထပ်တွင်အိပ်သူ သုံးယောက်မှာ အိပ်ရာသို့ဝင်ကြလျက် အပေါ်ထပ်တွင် အိပ်သော ကျောင်းသားနှစ်ယောက်မှာလည်း မိမိတို့အိပ်ရာရှိသည့် အပေါ်ထပ်သို့ တက်သွားသည်ကို တွေ့မြင်ရသဖြင့် ဧည့်သည်များနှင့် စကားဝိုင်းဖွဲ့ရာမှ အမှတ်မဲ့ထလာပြီး အပေါ်ထပ်တက်သွားသော ကျောင်းသားနှစ်ယောက်နောက်မှ မှောင်ခိုလိုက်လာလေ၏။

ကျောင်းသားနှစ်ယောက်ကား ရိုးရိုးသားသားပင် ကိုယ့်အိပ်ရာ ကိုယ်တိုးဝင်ကြရာ လှေကားထိပ်မှောင်ရိပ်မှ ခေါင်းပြူကာကြည့်နေသော ဆရာကြီးမှာ အချည်းနှီးဖြစ်ရလေ၏။

သို့နှင့် မိမိအိပ်ရာခန်းဘက်ဆီသို့ လှမ်းကြည့်လိုက်သောအခါမူ ဇာခြင်ထောင်မှာ ညနေကမြင်သကဲ့သို့မဟုတ်တော့ဘဲ စန့်နေအောင်ဖြန့်ချထားသည်ကို တွေ့ရလျက် ခေါင်းအုံးနှင့် စောင်မှာလည်း ပြောင်းလွဲခြားနားနေသည်ကို မြင်ရသောကြောင့် မောင်မောင်ကျော်မှာ အံ့ဩ၍ မဆုံးနိုင်ရှိလေ၏။ ထို့နောက် ခုတင်ဆီသို့ ခြေသံပေး၍သွားပြီး အနီးတွင် စုံရပ်ကာ ထပ်မံအကဲခပ်မိပြန်၏။

ထိုခဏ၌ပင် ခေါင်းရင်းပြတင်းပေါက်မှ လေတိုးဝင်လာပြီး နှာဝတွင်လည်း အမွှေးနံ့တစ်မျိုးပေါ်လာသောကြောင့် အယုံအကြည်မရှိသူဖြစ်လင့်ကစား ကျောများချမ်းလာမိလေ၏။

ပြီးပြီးပျောက်ပျောက် ကြောက်စိတ်မရှိသူ ဖြစ်သဖြင့်လည်း-

"ဟာ . . . အလကားပါ ငါ့အလစ်မှာ နောက်ဖေးလှေကားကတက်ပြီး ကောင်ကလေးတွေ တစ်ယောက်ယောက် နောက်ထားတာဖြစ်မှာပဲ" ဟု

ရှော် ပစ်လိုက်ကာ အောက်ထပ်သို့ဆင်းလာလျက် ဧည့်သည်များနှင့် မူမပျက် စကားပြောဆို၍ ပိုကာဝိုင်းစကြပြန်လေသတည်း။

နောက်တစ်နေ့ညနေလောက်ကစ၍ အပြင်သို့သွားမလိုဟန်လုပ် ထွက်လာပြီး အမှတ်တမဲ့ အိမ်ထဲပြန်ဝင်ကာ မိမိခုတင်ရှိသော အခန်းထောင့် တွင် ချောင်းမြောင်းစောင့်မျှော်နေလေ၏။ သို့ရာတွင် အိမ်သားများမှာ အပေါ် ထပ်သို့ တစ်ဦးမျှတက်မလာဘဲ ညခုနစ်နာရီခန့်ရှိလာ၍ အောက်ထပ်မှ အစေခံသူငယ်ကလေး ဓာတ်မီးများမိန်းလိုင်းခလုပ် ဖွင့်ပေးလိုက်သည်နှင့် အပေါ်ထပ်မှ အိမ်ခန်းရှိ ဓာတ်မီးပါလင်းထိန်လာတော့၏။

ထိုခဏ၌ ဇာခြင်ထောင်မှာ အနည်းငယ် မဖြစ်စေလောက်သော လေအရှိန်ကလေးတိုးရုံနှင့်ပင် တင်ထားရာမှ အောက်သို့ လျှောကျလာသည် ကို တွေ့ရလေ၏။

မပြောပလောက်သော လေပြေကလေးလည်း တစ်ချက်မျှ ပြတင်းဝမှ ဝှေ့ဝင်လာပြန်ရာ ကျလာသော ခြင်ထောင်မှာ စုရာကပြန့်ကားသွားပြီး လူပြု ပြင်ထားသကဲ့သို့ တွေ့ရပြန်ရာ မောင်မောင်ကျော်လည်း တစ်ဦးတည်းပြုံးမိ လေ၏။

“ငါထင်တဲ့အတိုင်းပါပဲ၊ ပြတင်းပေါက်ကလေဝင်လို့ပါ” ဟု ကိုယ့် ပြဿနာ ကိုယ်ဖြေလိုက်လေ၏။ သို့သော် စာေဒကတက်ချင်သေးသော စိတ်က လေးများ ပေါ်လာပြန်သေး၏။ လေတိုက်၍ ခြင်ထောင်ကျစေကာမူ လေမှာ ဇာခြင်ထောင်တစ်ခုလုံးကို ကျလာလောက်အောင် မပြင်းထန်ခြင်းဖြစ်၏။

သို့သော် အစေခံသူငယ် မ,ထားခဲ့စဉ်က အဖျားတွင် တဲတဲပင် တင်ခဲ့၍ဟုဆိုလျှင် ဆိုနိုင်လောက်သည်တိုင်အောင် လေတိုက်၍ ခြင်ထောင် ကျရသောအချိန်မှာ ညဘက်မှ ရွေးချယ်ကျရသလောဟု စောဒကတက်မိခြင်း ဖြင့် ခေါင်းအုံးနှင့် စောင်ရွေ့လျားခြင်းအတွက်ကလည်း ကျန်နေသေးရာ ဤ ကိစ္စ၌ အလုံးစုံ ပြတင်းပေါက်ကဝင်သော လေကို တာဝန်မချသာသေးဘဲရှိ ပြန်လေတော့၏။

ထိုကဲ့သို့ရှိစဉ် ကိုချစ်ဦးပြောသော သရဲအကြောင်းသွား၍ သတိရပြန်၏။ အင်း သရဲဆိုတာ တကယ်များရှိနေသလားဟု တွေးမိလိုက်ရာတွင် မိမိတစ်ယူသန်ကြီး ငြင်းဆိုခဲ့သည်တို့ကို သတိရကာ မိမိဝါဒကို မိမိခိုင်မြဲအောင် သရဲကို အယုံအကြည်မရှိစေခြင်းငှာ ဝိဝါဒကိုဖျောက်ပစ်လေ၏။ သို့သော် စိတ်တွင်ကား မိမိအိပ်ရာ၏ ထူးခြားခြင်းကို မကျေနပ်နိုင်၊ သံသယမကင်းနိုင်နှင့်ပင် အောက်ထပ်သို့ ပြန်ဆင်းလျက် မြို့ပိုင်ဦးတင်ဖေ၊ ကျောင်းကော်မတီ ကိုဘကို၊ ပွဲစားကိုချစ်ဦးတို့နှင့်ပင် ဆက်လက်၍ ပိုကာကစားကာ ကိုချစ်ဦးနှင့် ကိုဘကိုတို့နင်းလိုက်လာမည်စိုးသည်နှင့် မိမိ၏ ဝိဝါဒကို ဖွင့်ပြပြောဆိုခြင်း မပြုဘဲ မြုံနေလိုက်မိလေ၏။

ဧည့်သည်များကား မောင်မောင်ကျော်၏ ထူးခြားခြင်းကို အနည်းငယ်မျှ မရိပ်မိကြသည့်အလား ခါတိုင်းကဲ့သို့ပင် ရယ်လား၊ မောလားနှင့်စကားတွေ တောင်စဉ်ရေမရပြောကြပြီး ပျော်ပျော်ကြီး ပိုကာဆွဲလျက် အတော်ညဉ့်နက်မှ လူစုခွဲကြလေ၏။

***

ရက်အတန်ကြာသောအခါ ညတွင် မောင်မောင်ကျော်အိမ်၌ ခါတိုင်းရောက်နေကျဖြစ်သော မိတ်ဆွေများ စုရုံးဝိုင်းဖွဲ့ကာ စကားကောင်းနေကြပြန်၏။ ရယ်စရာပြောသူကပြော၊ ပိုကာဒေါင်းဖို့ပူသူပူ၊ စားစရာတောင်းသူကတောင်းနှင့် ဆူညံစည်ကားမြဲအတိုင်းရှိစဉ် မောင်မောင်ကျော်က ရုတ်တရက်ကောက်ကာငင်ကာနှင့် -

"ဒါနဲ့ စကားမစပ် ကိုချစ်ဦးပြောတဲ့ သရဲဟာ ဒီအိမ်ငှားနေတဲ့လူတွေကို ဘယ်လိုခြောက်သတဲ့လဲဗျ"

ဟု မေးလိုက်သည် ကိုဘကိုနှင့် ကိုချစ်ဦးမှာ -

"အလဲ့ ကိုယ့်လူထိပြီထင်တယ်"

ဟူသော အထိမ်းအမှတ်ဖြင့် တစ်ယောက်မျက်နှာတစ်ယောက်လှမ်းကြည့်ပြီး ပြုံးမိကြလေ၏။

ဦး ။ ။ "ဘယ့်နှယ်တုံးဆရာကြီးရဲ့ ထိနေလို့လား"

ကျော် ။ ။ "မပြောတတ်သေးပါဘူးလေ၊ ဒါကြောင့် သိချင်လို့ မေးတာပဲ၊ အရင် လူတွေ ဘယ်လိုအခြောက်ခံရတဲ့လဲ၊ ကျွန်တော်တော့ မယုံလှသေး ပါဘူး၊ ဒါပေမဲ့ ထူးခြားတာကလေးတစ်ခုတော့ရှိလို့"

ဦး ။ ။ "ခင်ဗျားက စကားလွန်နေလို့လားမသိဘူး၊ တယ်ဟန်ကောင်းတာ ကိုးဗျ၊ ဖြစ်ရင်ဖြစ်တာကိုပြောပါ၊ ခင်ဗျားမျက်နှာကို ကြည့်ရတာ တော့ တယ်မဟန်ဘူးဗျို့၊ ဦးတင်ဖေ ခင်ဗျားလူကြည့်ပါဦး၊ မျက်စိမျက်နှာ အတော်ပျက်နေပုံရတယ်"

ကျော် ။ ။ "အေးလေ၊ ကြောက်သင့်လဲ ကြောက်ရအောင်လို့ မေးတာပါ၊ ပြောပဲ ပြောစမ်းပါဦး၊ ခင်ဗျားကလဲ"

ဦး ။ ။ "ဒီလိုဗျ၊ အရင်လင်မယားတွေတုန်းက မည်းမည်းကြီး မတ်ရပ် ပြတဲ့အခါ ပြသတဲ့၊ အမွေးစုတ်ဖွားနဲ့ အကောင်ကြီးလိုလို၊ ရိပ်ခနဲ ကူးဖြတ် သွားတဲ့အခါ မြင်ရတဲ့အခါလဲမြင်ရတယ်တဲ့၊ အိပ်ပျော်နေ တဲ့အခါ ခြေနှစ်ချောင်း ဆွဲခါလဲ ခါသွားရောတဲ့ဗျ၊ တစ်ခါတစ်ခါ လဲ လူခြေတိတ်ရင် လူမရှိတဲ့ အခန်းမှ အရမ်းကျနေတာပဲတဲ့ဗျာ၊ သေတ္တာတွေ ပြုံးပြုံး ဒိုင်းဒိုင်းနဲ့ ရွှေပစ်၊ ပြတင်းပေါက်တွေများ ချောခနဲဖွင့် ထွီဆို တံတွေးထွေးချတဲ့၊ လှေကားများ အမှတ်မဲ့ဆင်း ရင် နောက်ကနေပြီး တွန်းချလိုက်တာ မှောက်ထိုးလဲတာပဲတဲ့၊ အတော်ကြမ်းတယ်ဆိုပဲ၊ ဒါကြောင့် ထွက်ပြေးကြရတာပေါ့"

ကျော် ။ ။ "ဟင် . . . ဒီလိုတော့ မဟုတ်ဘူးဗျို့၊ ကျုပ်တွေ့ရတာကတော့ နုနုယဉ်ယဉ်ပဲ"

ဦး ။ ။ "ဆိုစမ်းပါဦး"

ကျော် ။ ။ "ကျွန်တော်လဲမယုံပါဘူး၊ ဒါပေမဲ့ မသင်္ကာစရာတွေ့ရတာကများ တော့ တဖြည်းဖြည်း ယုံချင်သလိုဖြစ်လာတယ်ခင်ဗျာ"

ဖေ ။ ။ "ခင်ဗျားလို တစ်ဖက်သတ်အယူသန်တဲ့ လူတောင် ယုံချင်လာ ပြီဆိုရင် အတော်နားထောင်ကောင်းမှာပဲ"

ကျော် ။ ။ "ကျွန်တော်ပြောမယ်ဗျ၊ ညတိုင်း ကျွန်တော့်အိပ်ရာမှာ ခြင်ထောင် ချထားနှင့်တာရယ်၊ ခေါင်းအုံးတွေ၊ စောင်တွေ အခြေပျက်နေတာရယ်၊ အမွှေးနံ့တစ်မျိုး နံနေတာရယ်။ အဲဒါတွေဖြစ်တာတော့ ကြာပါပြီလေ။ ကျွန်တော်ကလဲ မယုံတဲ့လူဆိုတော့ အမှတ်တမဲ့ပဲ။ နို့ပြီးတော့လဲ ကောင်ကလေး နောက်ထားတယ်ထင်တာကိုး။ ဒီလိုနဲ့ စုံစမ်းရင်း စုံစမ်းရင်းနဲ့ မသင်္ကာစရာတွေက တိုးတိုးသာလာတော့ တယ်။ အခုတော့ဗျာ၊ ပြောရမှာ ရှက်စရာကြီးပဲ"

ဦး ။ ။ "အင်း ကောင်းခန်းရောက်ပြီ ထင်တယ်။ ကိုယ့်လူ ဆက်ပါဗျ၊ ဖြတ်မထားပါနဲ့"

ကျော် ။ ။ "ခြင်ထောင်ထဲရောက်လို့ အိပ်ပျော်မယ်ဆိုရင် ဖျပ်ခနဲလန့်နိုးရော၊ မွှေးလိုက်တဲ့ အနံ့ကလဲ စူးနေတာပဲ၊ ကျွန်တော်အိပ်တဲ့တစ်ဖက်မှာ အမြဲလူတစ်ယောက်ယောက် လာအိပ်နေသလိုပဲ ထင်ရတယ်။ ထင်ရုံတင်မဟုတ်သေးဘူး၊ တစ်ခါတလေများ လူတစ်ယောက် စောင်ခြုံအိပ်နေတာ သေသေချာချာကြီးမြင်ရတယ်။ လက်နဲ့ စမ်းကြည့်တော့လဲ ဘာမှမရှိဘူး။ ကျွန်တော်လဲ စိတ်စွဲပြီးထင်တာပါလေလို့ အေးအေးနေလိုက်တာပဲ။ ဒီလိုနဲ့ ကိုချစ်ဦးနှယ် . . . တစ်နေ့ ကျွန်တော်အိပ်ပျော်ရာက ဖျပ်ခနဲနိုးပြီး ညောင်းညောင်းရှိလို့ လက်ဝဲဘက်စောင်းအိပ်ရာက လက်ယာဘက်လှည့်လိုက်ပါတယ်။ ကတတဲဗျာ ကျွန်တော့်နံဘေးက ဆံပင်ဖါးလျားနဲ့ တစ်ဖက်ကိုလှည့်ပြီး အိပ်နေတဲ့ မိန်းမတစ်ယောက်ရဲ့ ပုံသဏ္ဌာန်ကိုတွေ့ရတာပဲ၊ ကျွန်တော်လဲ ဖြုံးဆို ထိတ်လန့်ပြီး မွှန်ထူသွားတာပဲ။ လူပျိုဘဝ အေးအေးချမ်းချမ်း လွတ်လွတ်လပ်လပ်သန့်သန့်ရှင်းရှင်းနေတဲ့လူကို ဘယ်က အပျက်ကောင်မလိုဟာက ရဲရဲရင့်ရင့် လာအိပ်ပါလိမ့်မလဲလို့ ဒေါပွပြီး အိပ်ရာက ဆပ်ခနဲထထိုင် ဆွဲထူ လက်သီးနဲ့ထိုး လွှတ်မယ်လဲလုပ်ရော မချောလဲ ဖျပ်ခနဲ ပျောက်သွားတာပဲ။

ကျွန်တော်တော့ အတော့ကိုအံ့ဩသွားတာပဲ ကိုချစ်ဦး ရယ်။ မိန်းမပုံက အလုံးအပေါက် ခပ်တောင့်တောင့်ဗျ၊ ဆံပင်ကလဲ အတော်ကောင်းပုံရတယ်၊ မျက်နှာတော့ ဟိုဘက်လှည့်နေလို့ ကောင်းကောင်းမမြင်ရဘူး"

ဦး ။ ။ "ဒါဖြင့် ခင်ဗျားပွတာပေါ့။ ဒီလိုအိပ်ရာထဲမှာ ယှဉ်တွဲပြီး ဘယ်နှခါ စက်ပျော်ကြသလဲဗျ"

ကျော် ။ ။ "ဟာ ခင်ဗျားကလဲ ကြံကြီးစီရာဗျာ၊ လူအလိုလိုမှ လန့်ပြီး မသဒီ နေရတဲ့အထဲမှာ"

ဦး ။ ။ "အလကားနောက်တာပါဗျာ၊ ကဲ ဆက်ပြောပါဦး"

ကျော် ။ ။ "တစ်ခါတလေ၊ ကျွန်တော်အိပ်ပျော်နေလို့ အိပ်ရာထနေမြင့်နေတဲ့အခါမျိုး ခြေထောက်ကို တစ်ယောက်ယောက်က ဆွဲလှုပ်နှိုးလိုက်လို့ လန့်နိုးပြီး မျက်လုံးဖွင့်ကြည့်လိုက်တာနဲ့တစ်ပြိုင်နက် ခြေရင်းဘက် တံခါးပေါက်ဆီကို ရိပ်ခနဲထွက်သွားတဲ့ မိန်းမတစ်ယောက်ပုံကို မြင်လိုက်ရတယ်။ မိန်းမက အသားဖြူဖြူ၊ အရပ်အမောင်းကောင်းကောင်း စူရတီလုံချည် စိမ်းပုတ်ပုတ်အရောင်ဝတ်ပြီး ဆံပင်ဖားလျားချလို့ဗျ။ ဆံပင်ကလဲ ကောင်းကောင်းရယ်၊ ခြေသလုံးနားဝဲလို့"

ဦး ။ ။ "အင်း လူပျိုကြီးမျက်စိဗျ၊ ခေါ်တောက ဆလံတိုက်ရတယ်။ တဒင်္ဂဟန်ကလေး လျှပ်စီးလက်သလို မြင်လိုက်တာတောင် ဘယ်အရောင် လုံချည်ဝတ်တယ်ဆိုတာနဲ့ ဆံပင်ခြေသလုံးဝဲနေတာတွေကို ခရေစေ့တွင်းကျ ပြောနိုင်တာသာ ချင့်ကြည့်တော့ ဦးတင်ဖေရေ"

ဟု သောလိုက်သောကြောင့် ဝေါခနဲပွဲကျသွားသည်နှင့် မောင်မောင်ကျော်မှာ စကားပြတ်၍ ရှုကျပ်သွားလေ၏။

ကို ။ ။ "ကဲ ဆက်ပါဦးဗျ၊ ခင်ဗျားရဲ့ အိမ်သူကညာက ကိုကိုရယ် နေမြင့်ပါပြီ၊ ထပါတော့လို့ နှိုးပြီး ဘာဖြစ်သေးသလဲ"

ကျော် ။ ။ "ဟာ ခင်ဗျားတို့က အားကြီးနောက်ထာဗျာ၊ ကျွန်တော်က သရဲခြောက်တာချင်းမတူလို့ သရဲခြောက်တာမှဟုတ်ရဲ့လားလို့ နှိုင်းယှဉ်ကြည့်ရအောင် ပြောပြနေတာပါ"

ဦး ။ ။ "ဟုတ်ပါတယ်လေ၊ ကိုဘကိုကလဲ မနောက်ပါနဲ့ဦး၊ ကောင်းခန်းရောက်မှ ဖြတ်ခနဲ ပြတ်သွားပါဦးမယ်။ ကဲ ပြောပါဗျ"

ကျော် ။ ။ "ကျွန်တော်ကလဲ ဒါကို သရဲခြောက်တယ်လို့ အယူမရှိချင်သေးဘူးဗျ။ သရဲတို့ တစ္ဆေတို့ခြောက်တယ်ဆိုတာ အများပြောသလိုဖြင့် ကြောက်စရာကောင်းအောင် မည်းမည်းကောင်ကြီး မျက်လုံးလင်းကွင်းလောက်ပြူးလို့ လျှာကြီးတွဲချလို့ ဆိုမဟုတ်လား။ အခု ကျွန်တော် တွေ့ရတာကတော့ ခပ်ယဉ်ယဉ်ပဲ။ ဒါနဲ့ သရဲခြောက်တယ်လဲ မထင်မိပါဘူးဗျာ၊ စိတ်ကတော့ မသန့်မရှင်းဖြစ်နေပြီ။ သို့ပေမယ့် အမှုမဲ့ အမှတ်မဲ့နေခဲ့တာပဲ။ ဒီလိုနေရင်းပဲ ခုတင်ပေါ် မှာအိပ်တိုင်း ခုနကပြောသလို တွေ့တွေ့နေရတယ်။ တစ်ခါတလေ ကျွန်တော့်ကိုကျောပေးပြီး ငုတ်တုတ်ကြီး ထိုင်လို့ တွေ့ရတယ်ဗျ။ တစ်ခါတလေလဲ ကျွန်တော့်ဘေးမှာ လူမမြင်ရဘဲ စောင်ကြီးဆွဲခြုံလိုက်တာ မြင်ရတယ်။ ကျွန်တော်က ခေါင်းအုံး ထပ်ထားပြီး အုံးနေရင် အပေါ် ဆုံးခေါင်းအုံးကို လူမမြင်ရဘဲ ဘေးကဆွဲယူလိုက်တယ်။ ဒီလိုနဲ့ ဒီအကြောင်း ဘယ်သူ့မှမပြောဘဲ ကြိတ်ပြီးခံလာတာ ကြာတော့ကြောက်သလိုလိုရှိတာတယ်ဗျ။ ဒါကြောင့် ဘာအကြောင်းမှ ဖွင့်မပြောဘဲနဲ့ အိမ်မှာနေတဲ့ ကျောင်းသားကလေးတွေကို ကျွန်တော့်ဘေးမှာ တစ်ည တစ်ယောက်ဆိုသလို အလှည့်နဲ့လာပြီး အအိပ်ခိုင်းရတယ်။ ကောင်ကလေးတွေလဲ ဆရာဆိုတော့ အတူယှဉ်အိပ်ရမှာ အရွံ့သားကိုး၊ ဒါပေမဲ့ ကျွန်တော့်ဘေးက အမြဲလာပြီး နှောင့်ယှက်နေတဲ့အတွက် အဖော်နဲ့အိပ်ရင်ဖြင့် သက်သာကောင်းရဲ့ဆိုပြီး အိပ်တာပဲ။ အဲဒီတော့ သာပြီးဆိုးတာကိုး ဦးတင်ဖေရဲ့။

ကျွန်တော့်ဘေးက လာအိပ်တဲ့ ကောင်ကလေးတွေဖြင့် ကောင်းကောင်းကို မအိပ်ရတော့ဘူး၊ အိပ်ပျော်မယ်လုပ်ရင် ကျောကို 'ဗျန်း'ခနဲ လက်ဝါးကြီးနဲ့ ပုတ်လိုက်၊ တစ်ခါတလေ ခြေနှစ်ချောင်း ဆောင့်ဆွဲလိုက်၊ တစ်ခါတလေ ခေါင်းဆွဲထူလိုက် တစ်ခါတလေလဲ တွန်းချလို့ ခုတင်အောက် လိမ့်ကျသွားပါရော။

ခံရတဲ့ကောင်ကလေးတွေက အကြောင်းမသိပေတဲ့၊ ကျွန်တော်ကတော့ ရိပ်မိတာပေါ့၊ နောက်တော့ ကောင်ကလေးတွေကို အိပ်မက်ထဲမှာ ဒေါသထွက်နေတဲ့ မျက်နှာကြီးနဲ့ မိန်းမကြီးတစ်ယောက်က -

"ငါ့အိပ်ရာ နင်တို့မအိပ်နဲ့ ဆင်းသွား"ဆိုပြီး နှင်နှင်နေ တယ်လို့ချည်း အိပ်မက်သတဲ့။ ကျွန်တော့်လဲ မအိပ်ဝံ့တဲ့အကြောင်း မပြောဝံ့တော့ ကြောက်ကြောက်နဲ့ အိပ်ရသတဲ့။ ခုတော့ သူတို့လဲ ကြောက်အားကြီးတာနဲ့ မအောင့်နိုင်ဘူး ဖွင့်ပြောကုန်ကြပြီ၊ ကျွန်တော်လဲ ဒီအိမ်မှာ သရဲရှိတယ်ဆိုတာ အယုံအကြည်ရှိလာပြီ။ ဒါကြောင့် ဒီနေ့ ခင်ဗျားတို့ကို ဖွင့်ပြီးပြောတာပဲ"

ဦး ॥ ॥ "ဒါကြောင့် အယူမသန်ပါနဲ့လို့ အစက ကျွန်တော်ပြော သားပဲ၊ ဒါလဲ ခပ်ယဉ်ယဉ်ကလေးခြောက်တာပေါ့ဗျ။ အရင်လူတွေကတော့ အကြမ်းတိုက်တာခံရတယ်။ ဒီနေရာမှာ ခင်ဗျားကံက အရင်လူတွေထက် ကောင်းတာပေါ့နော်"

ကို ॥ ॥ "နေဦးဗျ ဒီအကြောင်းကို ကျွန်တော် "အိပ်ကစ်ပလိန်း" လုပ်ဦးမယ်။ ဒီအိမ်မှာရှိတဲ့ သရဲက အရင်လူတွေကိုတော့ လင်မယားစုံတွဲတွေဖြစ်လို့ မြန်မြန်ဆင်းအောင် ခပ်ကြမ်းကြမ်းလုပ်လွှတ်တာပေါ့။ အခု ဦးမောင်မောင်ကျော်ကိုတော့ လူပျိုမို့ အများကြီး "ဖေဘာ" ပေးပြီး၊ ယဉ်ယဉ်ကလေးလုပ်ပြတာကလား"

ဦး ॥ ॥ "ကိုဘကိုပြောတာ မှားတယ်။ အခု ကိုမောင်မောင်ကျော်ပြောနေတဲ့ စကားထဲမှာ သူ့ကိုခြောက်တာမဟုတ်ဘူး။ "စေ့စေ့တွေး-

ရေးရေးပေါ်" တဲ့ အိပ်ရာဝင်ချိန်မှာ ခြင်ထောင်အသင့်ချထားတယ်။ အတူ လာ အိပ်တယ်၊ တပည့်ကလေးတွေလာအိပ်တာကို အိပ်မက်နဲ့ နှင်ချတယ်၊ လူကိုယ်တိုင်တွန်းချတယ်ဆိုတာတွေဟာ ဘာသဘောလဲဗျ"

ကို ။ ။ "ဟားဟား . . . ဟားဟား ရိပ်မိပြီဗျို့၊ ကျုပ်တို့ရဲ့ လူပျိုကျောင်းအုပ် ဆရာကြီး ဦးမောင်မောင်ကျော်ကို ဒီအိမ်ကသရဲမက ကြိုက်နေတဲ့ သဘောပေါ့ဗျ။ ဟဲ . . ဟဲ ကျုပ်တို့လူပျိုကြီးလဲ မစွံမစွံနဲ့ စွံမယ့်စွံတော့ သရဲမကတောင် နောက်ပိုးကျနေပြီကောဗျ"

ကျော် ။ ။ "ခင်ဗျားတို့ သိပ်ရှော်တဲ့လူတွေပဲဗျာ။ လူမှာဖြင့် ကြောက်တာနဲ့ ဒီ အိမ်မနေဝံ့လို့ အိမ်အသစ်ရှာပေးဖို့ပြောမလို့ဟာ၊ ဘယ့်နှယ်လာပြီး မတော်မတဲ့တွေ ပြောနေမှန်းမသိဘူး၊ ဘယ့်နှယ်တုံး ဦးတင်ဖေရဲ့ ဒီလူတွေကို ကြည့်ပြောစမ်းပါဦး"

ဖေ ။ ။ "နို့ ခင်ဗျားဟာမကလဲ ကဲတာကိုးဗျ၊ ဒါနဲ့ကိုမောင်မောင်ကျော် ခင်ဗျားစိတ်က စွဲလန်းလို့ ထင်မြင်နေတာများဖြစ်ချင် ဖြစ်နေပါဦးမယ်ဗျာ"

ကျော် ။ ။ "အမယ်လေးဟဲ့ မြို့ပိုင်မင်းရဲ့၊ ကျွန်တော့်စကားနဲ့ ကျွန်တော့်ကို ပြန်နှက်မနေစမ်းပါနဲ့။ စိတ်ထင်နှင့်ကြောက်တာမဟုတ်ဘူးဗျ။ တကယ့်ကိုမှ အတပ်မြင်ရတာ၊ မြင်တာကို သေသေချာချာပြောတော့လဲ ဟောဟိုလူ ကိုချစ်ဦးက ခေါ်တောမျက်စိကျသလေး ဘာလေးနဲ့ ပြောသေးတယ်"

ဖေ ။ ။ "ကျွန်တော်တော့ တယ်မယုံချင်သေးဘူးဗျ၊ ခင်ဗျားလို ကိုယ်တိုင်တွေ့ရရင်တော့၊ ယုံမလား မပြောတတ်ဘူး"

ဦး ။ ။ "အင်း မြို့ပိုင်မင်းကလာပြန်ပြီ၊ ခင်ဗျား ဒီပြင်က တစ္ဆေ၊ သရဲကို မယုံ ချင်နေ၊ ယုံချင်ယုံလေ၊ ဒီအိမ်မှာတော့ သရဲရှိတာအမှန်ပဲ"

ဖေ ။ ။ "ကျွန်တော်ကလဲ ဒီအိမ်ကသရဲကိုပဲ ကိုယ်တိုင်တွေ့ရ၊ မြင်ရမှ ယုံချင်တာပဲ"

ကျော် ။ ။ "ကဲ . . . ကဲ ခင်ဗျားယုံတာ မယုံတာကို အသာထားစမ်းပါဗျာ၊ ကျွန်တော် မြန်မြန်အိမ်ပြောင်းရအောင် အိမ်ကောင်းကောင်း တစ်လုံး ကြည့်ငှားပေးကြစမ်းပါဦးဗျာ။ ရှေ့လမှာဆို ပညာဝန် ထောက်ကျောင်းများကို လာစစ်တော့မယ်။ သူကလဲ ပညာဝန် ထောက်ဆိုပေတဲ့ ကျွန်တော်တို့နဲ့ ကျောင်းသားတည်းက ခင်နေ တဲ့လူ။ လူပျိုလဲ လူပျိုဆိုတော့ အရင်မြို့တုန်းက ကျွန်တော့် အိမ်မှာပဲလာတိုင်းတည်းနေကျမို့ ဒီမြို့ကိုလာလဲ ကျွန်တော့် နေအိမ်မှာတည်းမှာပဲ။ ဒါကြောင့် ဒီလထဲမှာ အိမ်ကောင်းကောင်း ကိုရှာပြီး ပြောင်းထားမှ နေရာကျ မှာပါပဲဗျာ"

ဖေ ။ ။ "ခင်ဗျားတို့ကြောက်ကြရင်လဲ အိမ်မရခင်စပ်ကြား ကျွန်တော့်အိမ် လာအိပ်ကြတာပေါ့ဗျာ"

ကျော် ။ ။ "ဟုတ်တယ်ဗျာ၊ ဒီပြင်အချိန်ဆိုတော့ မေ့မေ့ပျောက်ပျောက်နဲ့ ကိစ္စမရှိဘူးထားဦး၊ ညအိပ်ရာဝင်ကြရင် သိပ်ခက်တယ်ဗျာ။ နှစ်နှစ်ခြိုက်ခြိုက်အိပ်ရတယ်ပဲမရှိဘူး၊ အိပ်ပျော်နေတုန်း ငါ့ဘယ့် နှယ်များ လုပ်မလဲ၊ အူပဲဖောက်စားသွားမလားဆိုတာတွေးပြီး လန့်နေတာပဲ။ အိပ်မပျော်ခင်လဲ ကြောက်တာနဲ့ တော်တော်နဲ့ မျက်စိမမှိတ်ဝံ့ဘူး၊ မျက်စိမမှိတ်လို့ မျက်လုံးဖွင့်ထားပြန်လဲ လှာတွဲ လဲနဲ့ သရဲကောင်ကြီးများ မြင်ရမလားလို့ အလန့်သားနေရတာပဲ။ အိမ်က ကောင်ကလေးတွေလဲ ဒီအကြောင်း နည်းနည်းပါးပါးသိ လို့ အတော်ပဲကြောက်နေပုံ ရတယ်"

ဟု ညည်းညည်းညူညူပြောလိုက်ရာ တစ်ဖက်ခန်းရှိစာကြည့်စားပွဲ တွင်ထိုင်ကာ စာကြည့်ရင်း ဆရာ့စကားကို အမှတ်မဲ့နားစွင့်နေသော ကျောင်း သားများမှာ ယခုမှဇာတ်ရည်လည်ကာ ကြက်သီးများ တဖျန်းဖျန်းထ၍ နေကြ လေ၏။

***

ဆရာကြီး ဦးမောင်မောင်ကျော်မှာ အိမ်သစ်မရမီစပ်ကြားတွင် ညတိုင်းပင် မြို့ပိုင်ဦးတင်ဖေအိမ်သို့ ဆရာတပည့်အားလုံး သွားအိပ်ကာ နံနက်မှ ပြန်လာပြီးလျှင် ညနေအလုပ်ဆင်းချိန်တွင်လည်း မိမိအိမ်တွင် ရေမိုးချိုးအဝတ်အစားလဲ၊ ထမင်းစားကြရုံမျှသာ ကပ်တော့လျက် မိတ်ဆွေနှင့် မြို့ပေါ်တွင် လည်ပတ်လမ်းလျှောက်ကြရင်း အိမ်သစ်တစ်လုံးကို လိုက်လံရှာဖွေကာ အချိန်ဖြုန်းခဲ့လေ၏။

သို့နှင့် တစ်နေ့သောညနေတွင် မြို့ပိုင်ဦးတင်ဖေအိမ်၌ ဆရာကြီး ဦးမောင်မောင်ကျော်၊ ဦးတင်ဖေ၊ ကိုဘကိုတို့ အပျင်းပြေပိုကာဆွဲနေကြစဉ် ပွဲစားကိုချစ်ဦးနှင့် အခြားမိတ်ဆွေတစ်ယောက်တို့ ရောက်လာကြပြီး ကိုချစ်ဦးကပင် -

"အလိုဆရာကြီး . . . ခင်ဗျားအိမ်မှာ မိန်းမချော့သည်တစ်ယောက် ရောက်နေတယ်ဆို၊ ဘယ်ကလဲဗျ။ ခင်ဗျားတို့ဆွေမျိုးထဲကလား၊ အသိမိတ်ဆွေထဲကလား၊ သို့မဟုတ် အဆက်ထဲကလား" ဟု ရယ်ရွှန်း ပါရွှန်းနှင့် ပြောလျှင် မောင်မောင်ကျော်မှာ ဘာမှပြန်မဖြေနိုင်ဘဲ ပြုံးပြုံးကြီးကြည့်နေရာမှ -

"ခင်ဗျားလာလိုက်မှဖြင့် ချောက်မေးခွန်းတွေပါလာပြီ၊ ကျုပ်အိမ်ကျုပ်မတက်ဘဲ၊ ညတိုင်းဒီထွက်လာတာ အသိသားနဲ့ဗျာ၊ ဘယ်ကချော့သည်လာမှာလဲ"

"ဆရာကြီး ခင်ဗျား ဘာလို့ညာတာလဲ၊ ခင်ဗျားအိမ်မှာ မိန်းမချော့သည်ရောက်နေတယ်ဆိုတာ ကျွန်တော်လဲမြင်ခဲ့တယ်။ မျက်နှာချင်းဆိုင် အိမ်တွေကလဲ မြင်နေကြသားပဲ၊ ဘာပြုလို့ ညာချင်နေတာတုံးဗျာ၊ ခင်ဗျားကလဲ တယ်ပြီးဖုံးချင် ဖိချင်တာကိုး။ ကျွန်တော်တို့က လှောင်ချင်ပြောင်ချင်လို့ မေးတာမဟုတ်ပါဘူး၊ ခင်ဗျားရဲ့ ဆွေမျိုးချော့သည်ပဲဖြစ်ဖြစ်၊ အဆက်ပဲဖြစ်ဖြစ် ခုလို သရဲကြမ်းတဲ့အိမ်ကြီးမှာ တစ်ယောက်တည်း ပစ်မထားပါနဲ့လို့ ပြောချင်လို့ပါဗျာ"

"ခက်လိုက်တာဗျာ၊ ခင်ဗျားကလဲ ဇွတ်ကြီးပြောနေ ကျွန်တော့်အိမ်မှာ ဘယ်ကဧည့်သည်မှမလာပါဘူး။ ညဆိုလဲ အိမ်တံခါးပိတ်ပြီး အားလုံးတခြားသွားအိပ်ကြတာပဲ"

ကိုချစ်ဦးသည် သူနှင့် အဖော်ပါလာသောသူကို လှည့်ကြည့်ကာ-

"ဘယ့်နှယ်လဲဗျ ကိုအေးမောင် အခုညနေ ခင်ဗျားနဲ့ ကျွန်တော်နဲ့ ဆရာကြီးအိမ်ရှေ့က လျှောက်လာတော့တောင် အိမ်ရှေ့ဘက် ဝရန်တာမှာ မိန်းမတစ်ယောက်မှီထိုင်နေတာ တွေ့ခဲ့သေးမဟုတ်လား။ ကျွန်တော်ကတောင် မျက်နှာချင်းဆိုင်အိမ်ကလူတစ်ယောက်ကို မေးတော့ ကျောင်းအုပ်ကြီးအိမ်သားပဲတဲ့၊ ဧည့်သည်ထင်ပါရဲ့ဗျာ၊ ညတိုင်း အဲဒီဝရန်တာကို ထွက်ထွက်နေတာ မြင်ရတာ ၄၊ ၅ ရက်ရှိပြီတဲ့"

ဆရာကြီးဦးမောင်မောင်ကျော်မှာ အတော်ကြီး အံ့အားသင့်သွားလေ၏။

"တကယ်ပဲလား ကိုချစ်ဦး၊ သိပ်ဆန်းတာပဲဗျာ၊ ကျွန်တော်တို့အိမ်ကို ခုတလောအတွင်း ဘယ်ကဧည့်သည်မှ မလာတာအမှန်ပဲ"

"ဟင် . . . ဒါဖြင့် . . . "

"ဟုတ်ပါတယ်ကိုချစ်ဦးရဲ့၊ ဧည့်သည်လာတာ လိမ်ပြောစရာမှတ်လို့ လာ . . . လာတယ်ပြောမှာပေ့ါဗျာ၊ ခုတော့ တကယ့်ကိုမလာလို့ မလာတဲ့အကြောင်း ငြင်းနေတာပါ။ နို့ ခင်ဗျားမြင်ခဲ့တဲ့ မိန်းမဟာ ဘယ်အရွယ်လောက်ရှိပြီထင်တုံး"

"အင်း အရွယ်တော့ အစိတ်သုံးဆယ်လောက်ပဲရှိဦးမယ်၊ ဘာပြုလို့လဲဆိုတော့ ဂိုက်ကခပ်တောင့်တောင့်ကိုးဗျ၊ မျက်နှာတော့သေသေချာချာ၊ မမြင်ခဲ့ရဘူး၊ ဝရန်တာကိုမှီပြီး လမ်းဘက်ကျောပေးထိုင်နေတယ်။ ဆံပင်ကတော့ ဖားလျားချလို့ပဲ လုံချည်ကလဲ အစိမ်းပုတ်ရောင်ဗျ"

"ဟင်းဟင်း . . . လုံချည်အစိမ်းပုတ်ရောင်နဲ့ ဆံပင်ဖားလျားဆိုရင် တခြားတွေးနေရသေးသလားဗျာ၊ ဟိုမချောပေ့ါ"

"အေးဗျာ ဟုတ်မှာပါပဲ၊ ဒါနဲ့ပြောရဦးမယ်၊ နေပုံထိုင်ပုံက ခပ်မှိုင်မှိုင်ဗျ။ ခင်ဗျားအိမ်ပြောင်းမယ်လုပ်တာတစ်ကြောင်း၊ ညည အိမ်မကပ်တာတစ်ကြောင်းကြောင့် ထင်ပါရဲ့ ညနေတိုင်း ဒီလိုထွက်ထွက်ထိုင်နေတာကို အရပ်ထဲက အားလုံးမြင်ကြတယ်ဆိုပဲ ဧကန္တ ရည်းစားပူမိနေပြီထင်တယ်"

"ခင်ဗျားတော့ လုပ်ကရောမယ်"

မြို့ပိုင်ဦးတင်ဖေမှာ သရဲကိုများစွာကြည့်ချင်နေသည်နှင့်-

"လာဗျာ ကျွန်တော်တို့ လမ်းလျှောက်ရင်း တစ်ခေါက်သွားကြည့်ကြမယ်"

ဟုပြောကာ အားလုံးပင် လမ်းလျှောက်ထွက်လာကြလေ၏။

ဆရာဦးမောင်မောင်ကျော် အိမ်နားသို့ ရောက်လျှင် အခြားအိမ်များ၌ မီးခွက်များထွန်းသော်လည်း မိမိအိမ်မှာ စောစောစီးစီး ထမင်းစားပြီး သော့ခတ်ထွက်လာသောကြောင့် အိမ်တွင်းမှာ မှောင်နှင့်မည်းမည်းရှိလျက် အပြင်ဝရန်တာကလေးမှာမူ အခြားအိမ်တို့က မီးရောင်ကြောင့် လင်းသည့်အကွက်တွင်လင်း၍ မှောင်သည့်အကွက်တွင် မှောင်လျက်ရှိလေ၏။

မြို့ပိုင် ဦးတင်ဖေ၊ ဆရာကြီးဦးမောင်မောင်ကျော်နှင့်တကွ အတူလာသူများလည်း ကျောက်လမ်းပေါ်မှ အိမ်ကြီး၏ အခြေအနေကို စောင့်ကြည့်နေကြလေ၏။

"နည်းနည်းမှောင်သွားတာ ဆိုးသဗျ"

ဟု ကိုချစ်ဦးက ညည်းလိုက်သည်တွင် ဦးမောင်မောင်ကျော်က တစ်စုံတစ်ခုကို မြင်လိုက်သည်နှင့်-

"ဟောဟိုမှာ . . . ကိုတင်ဖေ ကြည့်ဗျို့၊ ဝရန်တာမှာ မည်းမည်းငုတ်တုတ်ဟာ တွေ့လား"

ဟု ပြောသဖြင့် အားလုံး ဦးမောင်မောင်ကျော် ပြရာသို့ စိုက်ကြည့်သောအခါ အလင်းရောင်ကလေးပျောက်ကြားကျနေသော ရှေ့ဘက်ဝရန်တာကို ကျောပေးလျက်ထိုင်နေသည့် မည်းမည်းသဏ္ဍာန်တစ်ခုကို တွေ့မြင်ကြရလေ၏။

သင်္ဂြိုဟ်ကား မလှုပ်မရှား ကျောက်ရုပ်များလို ငြိမ်သက်လျက်ရှိကာ ဆံပင်ဖားလျားကဲ့သို့သောအရာမှာ လေထဲတွင် အနည်းငယ် လှုပ်ရှားလျက်ရှိသည်ကို တွေ့ရလေ၏။

"ကိုင်း ဦးတင်ဖေ၊ မြင်ပြီလားဗျို့"

"မည်းမည်းတော့ မြင်တာပေါ့၊ ဒါပေမယ့် ဒီမည်းမည်းဟာ ဘာမည်းမည်းလဲ၊ မည်းမည်းမြင်တိုင်း သရဲဆိုရင် မခက်ဘူးလား၊ တကယ်လို့ ဒီဝရန်တာမှာ စောစောက အဝတ်ဖြစ်စေ အခြားအရာတစ်ခုခုဖြစ်စေ တင်ထားမယ်လေဗျာ"

"ခင်ဗျားလဲ ကျွန်တော့်လို လူစားပဲထင်တယ်၊ ဒါနဲ့ ကိုချစ်ဦး ခင်ဗျားစောစောကမြင်ထားတာ ဒီနေရာမှာပဲလား"

"ဟုတ်တယ် ဒီနေရာမှာ ဒီအတိုင်းထိုင်လို့ပဲ"

"ကိုင်း . . . သရဲမှ အစစ်ဆရာ၊ ကျွန်တော်က ဒီမြို့သားမို့ ကျောင်းကော်မတီလဲဖြစ်နေတော့ ကိုယ့်ကျောင်းကဆရာကြီးရယ်လို့ အိမ်မငှားခင်ကတည်းက ကောင်းစေချင်လို့ ဒီအိမ်မနေပါနဲ့ သရဲခြောက်ပါတယ်ဆိုတာ ခင်ဗျားတို့က ဇွတ်နေတဲ့အတွက် ကျွန်တော်ကလက်လျှော့လိုက်ရတာ၊ ခုတော့ ဘယ့်နှယ်ရှိစ ဆရာ၊ ဒီတစ်ခါ ဒီအိမ်နေဝံ့သေးရဲ့လား"

"နှစ်ထပ်ဆလံပါဆရာ၊ မနေဝံ့ပါဘူး၊ ဒါကြောင့် အိမ်သစ်တစ်လုံးရှာပေးကြပါဆိုနေတဲ့ဥစ္စာ"

"ဩော် . . . ကျွန်တော် ကိုအေးမောင်နဲ့ လာခဲ့တုန်းက အိမ်သစ်တစ်အိမ်တွေ့လို့ ပြောဖို့လာတာဗျို့၊ ဒါပေမဲ့ လမ်းမှာ ခင်ဗျားဇယ်ကြီးတွေ့လာတာနဲ့ ဒီအကြောင်းတွေပြောနေရတာနဲ့ မေ့နေတယ်။ အဲ အဲဒီအိမ်ကတော့ ကောင်းတယ်ဗျ။ ကျယ်ကကျယ်ပါဘိသနဲ့"

"ဟာ ဒါဖြင့် နေရာကျတာပဲ ကိုချစ်ဦးရယ် နက်ဖြန်အပြီးငှားဗျာ၊ တစ်ခါတည်း ရွှေ့လိုက်တော့မယ်။ ခုတော့ ကျွန်တော်တို့မှာ အိပ်တော့တစ်အိမ်၊ စားတော့တစ်အိမ်ဆိုသလိုဖြစ်နေလို့ ကောင်ကလေးတွေ ပန်းလှပြီ"

သို့နှင့် မိတ်ဆွေတစ်စုလည်း ကျောက်လမ်းပေါ်မှ စကားတပြောပြောနှင့် မြို့ပိုင်ဦးတင်ဖေနေအိမ်သို့ ပြန်ခဲ့ကြလေ၏။

နောက်တစ်နေ့တွင် ကျောင်းအုပ်ဦးမောင်မောင်ကျော်သည် အိမ်သစ်ကိုငှားရမ်းကာ အပြီးအစီး ပြောင်းရွှေ့နေထိုင်ကြလေ၏။ အိမ်ဟောင်းကြီးကား လူနေမရှိသဖြင့် တံခါးများပိတ်ကာ ရှေးကထက် တိတ်ဆိတ်မှောင်မည်းလျက် ကျန်ရစ်လေ၏။

ဦးမောင်မောင်ကျော် နောက်ထပ်ငှားနေသော အိမ်မှာ ရှေးနည်းတူ လူပျိုအရာရှိ မိတ်ဆွေများစုကြပြန်လေ၏။ ဦးမောင်မောင်ကျော်မှာ အိမ်ဟောင်းကြီးက သရဲကို အရိုးစွဲအောင် ကြောက်နေလေ၏။ မိတ်ဆွေများက -

"ခင်ဗျား ဒါလောက် သရဲကို ကြောက်မနေပါနဲ့ဗျာ၊ ခင်ဗျားကို သရဲက မုန်းလို့ ထိတ်လန့်စရာအကောင်အထည်ကြီး ပြခြောက်တာမှမဟုတ်ဘဲ၊ သူ့ခမျာ ချစ်ရှာလို့ မြူသလို၊ စသလို ကလေးလုပ်တာပဲ။ ဒါလောက် အသည်းမကြောင်စမ်းပါနဲ့"

ဟု ပြောင်လှောင်ပြောကြသောအခါများတွင် -

"အမယ်လေး မုန်းလို့ ဖြခြောက်ရင် ကျွန်တော် ဒါလောက်မကြောက်ဘူး၊ တူနှစ်ကိုယ်တွဲပြီး အိပ်ရာထဲမှာ လာလာပြနေတာကြီးကို ခေါင်းနားပန်းကြီးသွားအောင် ကြောက်လွန်းလို့ဗျာ"

ဟု ပြန်ပြောတတ်လေရာ မြို့ပိုင်ဦးတင်ဖေမှာ မကျေနပ်သလိုနှင့်-

"နေစမ်းပါဦး ကိုမောင်မောင်ကျော်ရဲ့ ခင်ဗျားဒါလောက်ကြောက်တာ တကယ်ပဲမြင်ရလို့လား"

"အမယ်လေး ကိုတင်ဖေနှယ်ဗျာ၊ ကျွန်တော်လဲ အစကအယုံအကြည်မရှိတဲ့ကောင်ပါ။ တကယ့်ကို တွေ့ရ၊ မြင်ရလို့ လန့်နေတာပါ"

"တွေ့ရတယ်ထားဦး၊ ဒီလို တစ္ဆေသရဲဆိုတဲ့အကောင်မျိုးဟာ လူကို ဘာများ ထိခိုက်ပေါက်ပြဲသွားအောင်လုပ်နိုင်သလဲ"

"လူကိုထိခိုက် ပေါက်ပြဲသွားအောင်လုပ်တာက ဆေးကုလို့ရတယ် မြို့ပိုင်မင်းရဲ့ ထိတ်လန့်ပြီး စိတ်နှလုံးကို ထိခိုက်ပေါက်ပြဲသွားအောင် ခြောက်တာက တစ်ခါတည်းသွေးပျက်ပြီး ရူးရင်ရူး မရူးရင်လဲ မာလကာပင်ခေါင်ဖျား တက်သွားတတ်တာပဲ"

"ကျွန်တော် တွေ့ချင်စမ်းလှသဗျာ"

"တွေ့ချင်ရင် မခဲယဉ်းပါဘူး၊ အဲဒီအိမ်ကြီးသွားတာပေါ့"

"သွားရင် တွေ့ရမလားဗျာ'

"တွေ့မှာပေါ့ လာသမျှခြောက်နေတာပဲ"

"ဘာလုပ်ဖို့ တွေ့ချင်တာလဲဗျာ။ ကိုမောင်မောင်ကျော်ကို အားကျလို့ သရဲမသွားပြီး လူပျိုလှည့်မလို့လား၊ ခင်ဗျားတို့ လူပျိုကြီးတွေကို ခက်ပါသေးတယ်ဗျာ။ လူ့ပြည်က လူမတွေကို ပိုးလို့အားမရတာနဲ့ တစ္ဆေပြည်က သရဲမကို သွားပိုးဦးမလို့လား၊ အူပေါက်ပြီး စေစွားမယ် ပေါက်ဖော်၊ အတင့်မရဲနဲ့"

"ကျုပ်လူဖြစ်ကတည်းက သရဲတို့၊ တစ္ဆေတို့ မတွေ့ဖူးလို့ပါဗျာ။ တစ်ခါလောက်မြင်ဖူးတယ်ဆိုရရုံ ကြည့်ချင်တာပါဗျာ"

"ကြည့်ချင်ကြွပါဗျာ၊ ဟိုကတော့ အဆင်သင့် "ဝဲလ်ကမ်း"ပါပဲ"

"သွားမယ်ဗျာ ဒါလောက်ရှိတာ၊ ဒီနေ့ညကိုကျွန်တော်တစ်ယောက်တည်းသွားအိပ်မယ်"

" ဟား . . . ဟား . . . ဟား ခင်ဗျားသွားရင် ကိုမောင်မောင်ကျော်က ကျေနပ်ပဲ့မလားဗျ။ သူ့အဆက်ကို ကြာခိုရာကျမနေသေးဘူးလား"

ဟု ကိုဘကိုကပြောင်ပြောလိုက်ရာ ဆရာကြီး ဦးမောင်မောင်ကျော်မှာ အနာပေါ် တုတ်ကျသလို မခံမရပ်နိုင်ဖြစ်လာသဖြင့် -

"ခင်ဗျားဒီလိုမပြောပါနဲ့ဗျာ၊ အလကားထိုင်ရင်းနေရင်း ကျွန်တော်နာမည်ပျက်နေပါဦးမယ်"

"ဟုတ်သားပဲကိုဘကိုရာ သူ့ခမျာ လူပျိုအသစ်စက်စက်ကလေး သွားပုတ်လေလွင့်မပြောပါနဲ့"

"ကိုင်း ခင်ဗျားတို့စကားမများနဲ့၊ ဒီည ကျွန်တော့်တစ်ယောက်တည်း သွားအိပ်မယ်"

ဟု စိတ်အားထက်သန်စွာ ဦးတင်ဖေက ပြောလိုက်လျှင် ကိုဘကိုနှင့် ကိုချစ်ဦးတို့လည်း မီးရေနှင့်သတ်သလို ငြိမ်သွားကြလေ၏။ ထို့နောက်အတည် ပေါက်နှင့် -

"တကယ်သွားမလို့လား မြို့ပိုင်မင်းရဲ့၊ ကျွန်တော်တို့က နောက်ပြော နေတာမှတ်လို့ ပြန်သောနေတာပါ။ တကယ်တော့မသွားပါနဲ့ တောင်းပန်ပါရစေ။ မတော် လန့်ဖျပ်သေသွားလို့ ခင်ဗျားကြိတ်ပိုးနေတဲ့ အပျိုတွေငိုကျန်ရစ်ပါဦးမယ်"

ဟု ပြောကာ နောက်ထပ်အမျိုးမျိုးတားသော်လည်း တစ္ဆေ သရဲဆိုသည်ကို အလွန်မြင်တွေ့လိုသော ဦးတင်ဖေမှာ တကယ်ပင်တစ်ယောက်တည်း သွားအိပ်ရန် ဆုံးဖြတ်လိုက်လေ၏။

ထို့ကြောင့် ညဉ့်ဆယ်နာရီထိုးသောအခါ အားလုံးပင် အိမ်ဟောင်းကြီးရှေ့သို့လိုက်ပို့ကြ၍ အိမ်ကြီးမှာ အိမ်ရှင်များက သော့ခတ်ထားသောကြောင့် လှေကားမှမတက်နိုင်သည်နှင့် အိမ်ရှေ့ပြတင်းပေါက်မှ ကျော်ဝင်ရလေ၏။

ဦးတင်ဖေမှာ လက်နှိပ်ဓာတ်မီးတစ်ခု ဖယောင်းတိုင်တစ်ထုပ် မီးခြစ်နှင့် စီးကရက်သံဗူးတစ်ခုကလွဲ၍ ဘာလက်နက်မှမပါချေ။ အိပ်ရန်နေရာမရှိသဖြင့် အိမ်နားနီးချင်း အသိအိမ်တစ်အိမ်မှ ခေါင်းအုံးတစ်လုံး စောင်တစ်ထည်နှင့် သင်ဖြူးတစ်ချပ်လှမ်းတောင်းယူရလေ၏။

မောင်မောင်ကျော်နှင့်တကွ လိုက်ပို့ကြသော မိတ်ဆွေများလည်း ပြန်သွားကြပြီး နံနက်ဘယ်လိုကြားရမလဲဟု တကဲကဲနားစွင့်နေကြလေ၏။

အရပ်ထဲမှာလည်း မြို့ပိုင်ဦးတင်ဖေ သရဲနှင့်တွေ့ရန် တစ်ယောက်တည်းလာအိပ်ကြောင်း တိုးတိုးတိတ်တိတ်ညတွင်းချင်း သတင်းပြန့်နှံ့သွားလေ၏။

ဦးတင်ဖေကား မှောင်အတိပြီးသော အိမ်ကြီးထဲတွင် သေတုံ့ သေနာ လင်းနေသော ဖယောင်းတိုင်မီးရောင်ကလေးနှင့် စီးကရက်တစ်လိပ်ပြီးတစ်

လိပ်သောက်ကာ အိပ်ရာတွင် လှဲရင်း သရဲအခြောက်ကိုစောင့်မျှော်လျက်ရှိလေ၏။

ဦးတင်ဖေ၏ ဆန္ဒကား တစ္ဆေသရဲကို မြင်ဖူးလိုခြင်းတစ်ခုကို အာရုံထားနေသူဖြစ်၍ ကြောက်ရွံ့ထိတ်လန့်ခြင်းမရှိ ညဥ့်နက်သန်းခေါင်ထိမျှော်လင့်နေမိလေ၏။ သို့နှင့်လည်း သရဲ၏အစအနကလေးကိုပင် မမြင်ရဘဲ ညဥ့်နက်သည်ထက်ညဥ့်နက်လာမှ အိပ်မောကျသွားလေရာ နံနက်ခြောက်နာရီထိုးမှနိုးလေ၏။

"ဘယ်မှာလဲဗျာ . . . ခင်ဗျားတို့သရဲ ရှိလဲမရှိဘဲနဲ့၊ ဒီလူတွေဟာ အလကား ကြံဖန်ပြီး ကြောက်ကြတယ်"

ဟူသော ဦးတင်ဖေစကားကို ကြားရသူများမှာ အတော်အံ့သြနေကြလေ၏။ အိမ်ပိုင်ရှင်များကလည်း မိမိတို့ အိမ်ကိုသရဲရှိသည်ဟု နာမည်ကြီးနေသည်ကို မြို့ပိုင်မင်းကိုယ်တိုင် စုံစမ်းပေးခြင်းဖြင့် သရဲမရှိကြောင်း သိရပေသည်ဟု ကျေးဇူးပင်တင်လျက်ရှိကြလေရာ ဦးမောင်မောင်ကျော်နှင့် ကိုဘကို၊ ကိုချစ်ဦးတို့လူစုမှာ မိမိတို့ဘက်မှ စကားအငြင်းမထွက်ဘဲ ငြိမ်နေကြလေ၏။

သို့နှင့် များမကြာမီရက်အတွင်းမှာပင် ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်ကျော်နေအိမ်သို့ ပညာဝန်ထောက်လာရောက်တည်းခိုလေ၏။ ပညာဝန်ထောက်မှာ ၎င်းတို့နှင့် ခင်မင်သောမိတ်ဆွေဖြစ်သည့်ပြင် အိမ်ရှင်ရော ဧည့်သည်ပါ သားမယားမရှိသည့် လူပျိုများချည်းဖြစ်သောကြောင့် တဟားတဟား တဝါးဝါးနှင့် ပျော်ပါးစားသောက်ကြကာ မြို့ပိုင်ဦးတင်ဖေ၊ ပွဲစားကိုချစ်ဦး၊ ကျောင်းကော်မတီကိုဘကိုတို့မှာလည်း ခါတိုင်းနည်းတူ လာရောက်လည်ပတ်လျက်ရှိကြလေ၏။

ပညာအုပ်နောက်မှာပါလာသော ထမင်းချက်ကုလား အစေခံမှာ မဒရာစီလူမျိုးဖြစ်၍ ကုလားပြည်မှရောက်စဖြစ်သဖြင့် မြန်မာစကားကို လုံးလုံးနားလည်သူမဟုတ်ဘဲ ကုလားစကားနှင့် အင်္ဂလိပ်စကား ချောက်ချီးချောက်ချက်လောက်သာတတ်လေ၏။ ထမင်း၊ ဟင်းအချက်အပြုတ်ကား အတော်လက်ရာကောင်းသူတစ်ယောက်ဖြစ်သည်ဟု ပညာအုပ်က မကြာခဏပြောတတ်ကာ

ထိုနေ့အဖို့မှာလည်း မိမိကုလားတပည့်လက်ရာကို ပြချင်သည်တစ်ကြောင်း အိမ်ရှင် ဦးမောင်မောင်ကျော်နှင့်တကွ မြို့ပိုင်ဦးတင်ဖေစသော မိတ်ဆွေများကို မိမိကပင် ညစာတည်ခင်းကျွေးမွေးလိုသောကြောင့် စောစောကဖိတ်ကြား ထားသဖြင့် အိမ်တွင်မိတ်ဆွေများ တော်တော်စုံလင်နေလေ၏။ ထမင်းမစားမီ စကားဝိုင်းကောင်းကာ ရယ်စရာတွေပြောပြီး တသောသောနေကြသဖြင့် တော် တော်နှင့် ညစာစားရန် သတိမရဘဲရှိနေကြရာမှာ ပညာအုပ်မှာ သတိရလာပြီး-

"အိုင်ဆေး -ကိုမောင်မောင်ကျော် ထမင်းစားဖို့ တော်ပြီထင်တယ်၊ ကုလားကိုထမင်းပြင်ဖို့သွားပြောခိုင်းပါဦးဗျာ"

ဟု ပြောသဖြင့် ဦးမောင်မောင်ကျော်လည်း တပည့်ကျောင်းသားက လေးအား ကုလားကိုထမင်းဟင်းများခူးခပ်ရန် သွား၍အကြောင်းကြားခိုင်းလိုက် လေ၏။ တပည့်ကျောင်းသားကလေးလည်း အတန်ကြာမှပြန်လာပြီး ဆရာကြီး အား -

"ကုလားဘယ်သွားမှန်းမသိဘူး ဆရာကြီးခင်ဗျာ၊ စားပွဲတော့ အသင့် ပြင်ပြီးသားပဲ၊ မီးဖိုထဲမှာ ဟင်းအိုးတွေလဲ အားလုံးချက်ပြီးပြီး ခူးရုံပဲရှိတော့တယ်"

ဟု ပြောမှ ပညာအုပ်မှာ မိမိတပည့်ကုလားအား -

"တယ် ဒီကုလား ဘယ်များထွက်သွား ပြန်ပါလိမ့်နော်၊ ဂဇော်များ သွားစုတ်လေသလား၊ ကဲကွယ်ကျောင်းသားတွေ ငါ့ကုလားလိုက်ပြီး ရှာကြည့် စမ်းပါဦး"

ဟု ဆိုသဖြင့် ကျောင်းသားများလည်း ကုလားကို တကျော်ကျော်ခေါ် ကာ ဟိုဟို ဒီဒီ လိုက်ရှာနေကြလေ၏။

ပညာအုပ်လည်း ကုလားကိုလည်ရပါမည်လားဟု တဖျစ်တောက် တောက်မြည်တွန်နေလေ၏။

ထိုအခိုက်တွင် ပြင်းထန်စူးရှသောအပုပ်နံ့ကြီးသည် ဦးမောင်မောင် ကျော်တို့ လူတစ်စု၏ နှာခေါင်းဝသို့ ထိုးဝင်လာသောကြောင့် တစ်ယောက်ပြီး တစ်ယောက်နှာခေါင်းရှုံ့ကြကာ -

"ဟာဗျာ နံလိုက်တာ၊ ဘယ့်နှယ်အနံ့ကြီးမှန်း မသိဘူး"

ဟု ရှုံ့မဲ့ရင်း တစ်ယောက်ကပြော၍ တစ်ဦးကလည်း -

"ဟင် ဟုတ်ပါရဲ့ နံလိုက်တဲ့ပုပ်စော်ကြီး"

"ဘယ်ကလာတဲ့ အနံ့လဲမသိဘူး"

"အမယ်လေး လူသေပုပ်ကြီးလိုပဲ၊ ဆိုးလိုက်တဲ့အနံ့နှယ်"

"ကြွက်သေပုပ်များလား"

"ကြွက်သေပုပ်ဖြင့်လဲ စောစောကတည်းကနံနေမှာပေါ့ဗျာ"

"ဦးတင်ဖေ ခင်ဗျားက မွှေးလို့ရှူနေသလား၊ နှာခေါင်းပိတ်ထားဗျာ၊ ဒီလိုအပုပ်နံ့မျိုးဟာ အညှော်ထက်ဆိုးတယ်"

ထိုအခိုက် အိမ်နောက်ဘေးမီးဖိုဆီမှ ဆူဆူညံညံအသံများပေါ်လာလေ၏။

"ဟော တွေ့ပြီ တွေ့ပြီ၊ ဟင်ဘာဖြစ်လို့ပါလိမ့်၊ ဟဲ့ ဆွဲယူကြည့်စမ်း၊ သေများသေနေသလား"

"မသေပါဘူး၊ မေ့နေတာပဲ"

"ဆရာ ဆရာ ထမင်းချက်ကုလား မီးဖိုအောက်မှာလဲနေတယ်"

ဟု သူငယ်တစ်ယောက်လာပြောသည်တွင် ပညာအုပ်နှင့် ဧည့်သည်တစ်စုသည် နောက်ဘေးသို့ ကပျာကယာလိုက်လာကြလေ၏။

ထမင်းချက်ကုလားကား စကားမေးမရဘဲနေရာက အမြှုပ်တစီစီနှင့်တက်နေသည်ကိုတွေ့ရလေ၏။

"ဟဲ့ ကုလား၊ ဘာများဖြစ်တာလဲ အိမ်ထဲပွေ့ယူခဲ့ကြပါကွာ"

ဟု ပြောသောကြောင့် တပည့်များလည်း ကုလားကိုပွေ့ယူလာကြပြီး နှိပ်သူနှိပ်၊ နှာနှပ်သူနှပ်နှင့်ပြာလောင်ခတ်နေကြလေ၏။ ကိုချစ်ဦးက သူငယ်တစ်ယောက်ကို ဆေးဆရာအခေါ်လွှတ်၏။ သို့သော် ကုလားမှာ ဝိုင်းအုံနှိပ်နယ်ကြသည်နှင့် အတက်ကျကာ ပြူးတိပြူးကြောင်နှင့် တောင်ကြည့်မြောက်ကြည့်ဖြစ်နေလေ၏။ ပညာအုပ်က ကုလားစကားနှင့် . . .

"မင်းဘာဖြစ်တာလဲ သတိရရဲ့လား"

ဟု မေးသည်ကိုလည်း မဖြေဘဲ တွေတွေကြီးစိုက်နေလေ၏။

ထိုအတွင်း အပုပ်နံ့ကြီးမှာ ထောင်းခနဲဝင်လာပြန်လေ၏။ အိမ်သားများလည်း ဆိုးဝါးနံစော်လှသော အပုပ်နံ့ကြီးကို မခံမရပ်နိုင်သောကြောင့် အရေးထဲ နှာခေါင်းတရှုံ့ရှုံ့နှင့် လက်ကိုင်ပဝါဖြင့် နှာဝကိုပိတ်ဆို့နေကြရလေသတည်း။

ကုလားလည်း ပြူးတိပြူးကြောင်ကြည့်နေရာမှ ဆရာကြီးဦးမောင်မောင်ကျော်ကိုမြင်သည်နှင့် တစ်ပြိုင်နက် လက်နှစ်ဖက်ကို မျက်နှာအုပ်၍ တရှုပ်ရှုပ်ငိုလေရာ . . .

ကြည့်နေသူများမှာ ကုလားငိုသည်ကို အကြောင်းသားနားထောင်နေမိလေ၏။ ထို့နောက် ကုလားသည် အားရပါးရငိုနေရာမှ မျက်နှာကလက်ဝါးများကို ခွာလိုက်ပြီး ဆရာဦးမောင်မောင်ကျော်၏ ခြေထောက်ကို လက်ဖြင့်ဖက်ကာ-

"ရှင်လေ ရှင်အင်မတန်ရက်စက်တဲ့လူပါလား၊ ကျွန်မကိုမသနားလို့ ပစ်ထားခဲ့သလားဟင် . . . ရှင်ရက်စက်ပေတဲ့ ဒီကောင်မမှာတော့ မနေနိုင်၊ မထိုင်နိုင်၊ ကြိုက်မိလို့ အရှက်မရှိလိုက်လာခဲ့ရတယ်တော့"

ဟု နှုတ်ခမ်းတလန် ပန်းတလန်နှင့် မြန်မာမိန်းမတစ်ယောက်၏အသံဖြင့် ပြတ်ပြတ်သားသားကြီးပြောလိုက်သည်တွင် အားလုံး အံ့အားကြီးသင့်ပြီး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြလေ၏။

ပညာအုပ်ကား မြန်မာစကားလုံးလုံးမတတ်သော မိမိတပည့်အား မြန်မာစကားပြတ်ပြတ်သားသားကြီးပြောလိုက်ရုံမက အသံနေ၊ အသံထား၊ လေယူလေသိမ်းမှာလည်း ကုလားသံအလျဉ်းမပါ မြန်မာမိန်းမတစ်ဦး၏ အသံထွက်ပေါ်လာသောကြောင့် အံ့သြခြင်းကြီးမက အံ့သြ၍နေကြလေ၏။

ကုလားလည်း ငိုမဲ့မဲ့မျက်နှာကလေးနှင့် မော့ကာ -

"ကျွန်မတို့အိမ်ကိုပြန်ပြောင်းခဲ့ပါရှင်၊ ရှင့်ကို ကျွန်မဘယ့်နှယ်မှမလုပ်ပါဘူး၊ ရှင်တို့အိမ်သားတွေကိုလဲ ဘယ်သူ့ကိုမှမခြောက်လှန့်တော့ပါဘူး၊ ရှင်မရှိရင် ကျွန်မအောက်မေ့လွန်းလို့ပါ အစ်ကိုရယ် . . .

အစ်ကို့ဆီကို လိုက်လာချင်ပေတဲ့ အထက်နတ်ကြီးတွေက အခွင့်မသာလို့ မလာဝံ့ဘူးနော်။ လာချင်လို့ဟောင့်နေတာကြာလှပြီ ဒီနေ့မှ ကံနိမ့်တဲ့ ကုလားကိုယ်မှာ ဝင်ပူးဖို့အခွင့်ပေါ်တော့တယ်၊ အစ်ကိုရဲ့"

ဟု ထပ်လောနေသည်တွင် အကြောင်းကိုသိပြီးဖြစ်သော လူတစ်စုမှာ "ငိုအားထက်ရယ်အားသန်"ဆိုသလို တခစ်ခစ်နှင့်ရှိကြလေ၏။ ဦးတင်ဖေကား မိမိသွားစဉ်ကမတွေ့ရဘဲ ယခုမှလာ၍ ပူးပြောနေသော သရဲမအား အံ့မဆုံးနိုင်ရှိရုံမက သရဲတစ္ဆေကိုအယုံအကြည်လည်းရှိ၍လာတော့၏။

ဦးမောင်မောင်ကျော်ကား အများရယ်သလို မရယ်နိုင် ရှက်လည်းရှက်၊ ကြောက်လည်းကြောက်နှင့် အသက်ရှူကျပ်နေလေရာ ပညာအုပ်မှာမူကား ဘာမှမသိသေးသဖြင့် ငေးတိငေးကြောင်ဖြစ်နေကာ -

"ဘာလဲဗျာ ဘာရယ်ကြတာလဲ၊ ဒီကုလားဟာ မြန်မာစကားမပြောတတ်ဘဲနဲ့ ဘာပြုလို့ ပြောနေတာပါလိမ့်၊ ပြောကြစမ်းပါဦး ခင်ဗျားတို့ဟာ"

ဟု မရမကမေးနေလေရာ ဦးတင်ဖေလည်း မနေသာသဖြင့် သရဲမအကြောင်း အတိုချုံး၍ ပြောရလေ၏။ သရဲမကား တငိုငိုတရယ်ရယ်ကိုမောင်မောင်ကျော်လည်း ရှက်ရှက်နှင့် ဒေါသထွက်လာလေ၏။

"ဟဲ့ သရဲမ သွား . . . သွား နင်ငါ့ကိုအရှက်သက်သက်လာခွဲတာ၊ ငါ့အိမ်က ခုထွက်သွား" ဟု ကြိမ်းဝါးမာန်မဲသဖြင့် -

"အမယ်လေး ရက်စက်ပါရှင် ရက်စက်ပါ၊ ရှင့်ကိုချစ်မိလို့ ရှင့်စကားနားထောင်တဲ့အနေနဲ့ ကျွန်မအိမ် ကျွန်မပြန်ပါတော့မယ်။ သနားသဖြင့်သာ ကျွန်မအိမ်ပြန်ပြောင်းခဲ့ပါ။ ကျွန်မလေ အစ်ကို့ကို နေ့တိုင်းမြင်နေရရင် ကျေနပ်ပါပြီနော်"

ဟု ပြောလျက် တစ်ချက်မျှ သန်းဝေကာ ထွက်သွားလေ၏။

ထမင်းချက်ကုလားလည်း ပကတိ အကောင်းထထိုင်လေရာ ပညာအုပ်က တပည့်အား ကုလားစကားနှင့် -

"မင်း ခုနက ဘာဖြစ်သွားသလဲ"

ဟု မေးလေလျှင် ကုလားသည် ၎င်းတို့စကားနှင့် -

"ကျွန်တော် ထမင်းပွဲပြင်မယ်လို့ အိမ်ထဲကို ကူးအလာမှာ နောက်ကျောကို ဖျပ်ခနဲရိုက်လိုက်တာနဲ့ လှည့်အကြည့် အမွေးစုတ်ဖွား လျှာကြီးတွဲ

လျှားကျနေတဲ့ သရဲကြီးကိုမြင်တာနဲ့ လန့်ပြီး မေ့သလိုဖြစ်သွားတုန်း သရဲကောင်ကြီးဟာ ဖြုံးခနဲ ကျွန်တော့်ကိုယ်ပေါ် ခွစီးလိုက်တာသာ သိလိုက်ရပါတယ်။ နောက်ဘာဖြစ်မှန်းသတိမရတော့ဘူး သခင်ရဲ့"

ဟုပြန်ပြောသည်ကို ကြားရလေ၏။

"ဘယ့်နှယ်တုံး ဦးတင်ဖေ ခင်ဗျားသွားတုန်းကတော့အတွေ့မခံဘူး၊ ခုမှ မချော ငိုသရော ရယ်သရောနဲ့ လိုက်လာတာထောက်ရင် လူပျိုချင်းအတူတူ ပေတဲ့ သူက ကိုမောင်မောင်ကျော်ကိုမှ ပိုပြီးမေတ္တာထားခဲ့တဲ့ သဘောပဲဗျ။ ဒီနေရာမှာတော့ ဦးတင်ဖေထက် ကျုပ်တို့ကျောင်းဆရာကြီးက စွံပါပေသဗျို့"

သို့နှင့် အိမ်တွင်အပုပ်နံ့ကြီး ထွက်လာတိုင်း ထမင်းချက်ကုလားမှာ မကြာခဏ သရဲပူးခံရတော့၏။ ပယောဂနိုင်သော ဘုန်းကြီးများထံမှ ရေမန်းများ၊ အဆောင်လက်ဖွဲ့များပင်ရှာထားပြီး ပူးတိုင်း ရေမန်းများနှင့် ပက်ဖျန်းသဖြင့် အတန်ငယ်သက်သာရရလေ၏။

သို့သော် အရှင်းမပျောက်ဘဲ နှစ်ရက်တစ်ခါ သုံးရက်တစ်ခါဆိုသလို ကုလားကို ပူးနေပြန်ရာ နောက်ဆုံးတွင် ပညာအုပ် ကျောင်းစစ်ပြီးပြန်သွား၍ ထမင်းချက်ကုလားပါသွားမှပင် အပူးရပ်တော့သဖြင့် မောင်မောင်ကျော်မှာ ဤ တွင်မှ အသက်ရှူခွင့်ရတော့လေ၏။

သို့ရာတွင် ပညာအုပ်ထံမှ နောက်တစ်ကြိမ်စာရောက်လာသောအခါ တွင်မူကား စာထဲတွင် -

**ဦးမောင်မောင်ကျော်ရေ . . .**

ခင်ဗျားငတိမကြီးဟာ သိပ်ရှုပ်တာပဲဗျာ။ ကျုပ်နယ်လှည့်ရာအရပ် လိုက်လာပြီး ထမင်းချက်ကုလားကို ပူးနေတယ်။ ပူးပြောတာကလဲ ကျုပ်ကို အောင်သွယ်ခိုင်းသလိုပဲ။

ပညာအုပ်မင်းရဲ့ ရှင့်လူကို ကျွန်မတို့အိမ် ပြန်ပြောင်းအောင် ပြောပေးပါ။ ကျွန်မသူ့ကိုချစ်လွန်းလို့ အမြဲမြင်နေရင် ကျေနပ်ပါပြီတဲ့ဗျာ။ ကျုပ်တော့ နား ပူလှပြီ။

ကုလားလဲ တစ်ခါတစ်ခါ အပူးခံရရင် ဖတ်ဖတ်မောကျန်ရစ်တာပဲ။

အဲဒါ ကြည့်လုပ်ဦးလေ ကိုယ့်လူ . . . ။

စသည်ဖြင့် ပါလာသောကြောင့် ကျောင်းတော်ကရန်စ မအေးသေးကြောင်းသိရလေ၏။ ဦးမောင်မောင်ကျော်မှာ အတော်အခံရခက်နေလေ၏။

ထိုအတွင်းမှာပင် မြို့ပိုင်ဦးတင်ဖေသည် ခွင့်ဆယ်ရက်ယူ၍ မန္တလေးမြို့သို့ အလည်အပတ် သွားရာတွင် ဆိုင်းတန်းရပ်(ကိုကိုလေး) ကျွန်တော်၏အိမ်သို့ မိတ်ဆွေတစ်ဦး၏ ညွှန်ကြားချက်အရ ရောက်လာပြီး အထက်ပါအဖြစ်အပျက်များကို ပြောပြသောကြောင့် ကျွန်တော်လည်း အစွဲလှန်လက်ဖွဲ့နှင့်ပယောဂခြေမန်းကွင်းများ ပေးလိုက်ရာ ဦးတင်ဖေမှာလည်း တစ္ဆေ၊ သရဲကိုအလွန်ကြည့်ချင်ကြောင်း ပြောလှသည်နှင့် ဒိဗ္ဗစက္ခု အင်းဖြင့် သရဲတစ္ဆေတို့ရှိတတ်သော နေရာကို ညွှန်ပြကြည့်ရှုစေမှ -

“ဩော် ဒီသတ္တဝါတွေဟာ လောကမှာ တကယ်ရှိပါကလား၊ ဆရာလေးရဲ့ ယုံပါပြီခင်ဗျာ၊ အခုမှ မြင်ဖူးတော့တာပဲ။ အကောင်အထည်ကို မမြင်ရခင် မြန်မာစကား အရှင်းမတတ်တဲ့ ကုလားကို ပူးပြောကတည်းက တစ်ဝက်ယုံလာတာ။ ခုလို မျက်မြင်တွေ့ရတော့ ရာလုံးပြည့် ယုံသွားတာပဲ ဆရာလေးရယ်”

ဟု ပြောကာ အကယ်ပင် စိတ်ပါလက်ပါ ယုံကြည်စွာနှင့် ပြန်သွားလေ၏။

နောက်မကြာမီ ဦးတင်ဖေထံမှ စာတစ်စောင်ရောက်လာသောကြောင့် ဖတ်လိုက်ရာ -

**ဆရာလေးခင်ဗျား . . .**

ဆရာလေး၏ လက်ဖွဲ့ခြေမန်းကွင်းများကို အစွဲဝင်နေသော ကုလားနှင့် ဦးမောင်မောင်ကျော်တို့အား ပေးလိုက်ပါပြီ။

သူတို့မှာ ထိုအကာအကွယ်များရသည့် နေ့ကစ၍ သရဲမ၏ အနှောင့်အယှက်ကို မတွေ့ရတော့ဘဲ အေးချမ်းစွာနေရသောကြောင့် ဆရာလေးအားအတိုင်းမသိအောင် ကျေးဇူးတင်လှကြောင်း ပြောနေကြပါသည်။

ကျွန်တော်လည်း သူတစ်ထူး၏အကျိုးကို ဆောင်ရွက်ပေးရာတွင် အေး ချမ်းစွာ အောင်မြင်သဖြင့် အစဉ်ပျော်ရွှင်ဝမ်းမြောက်လျက်ရှိပါကြောင်း။

ကျန်းမာ ချမ်းသာပါစေရန် ဆုတောင်းပါသည်ခင်ဗျား။

ဦးတင်ဖေ

မြို့ပိုင်-ကြံခင်း

၂၃-၅-၃၅

ဟု ပါလာသဖြင့် ကျွန်တော်လည်း ထိုအတ္ထုပ္ပတ္တိကလေးကို မှော်ဆရာ မှတ်တမ်းတွင် တစ်ခန်းတင်၍ ဖော်ပြလိုက်ရပါတော့သတည်း။

✦ ✦ ✦

# တစ္ဆေ့ဗိမာန်

(၁၉၃၇-ခုနှစ်၊ အောက်တိုဘာလတွင် ရေးသားခဲ့သည်။)

ကျွန်တော်သည် အိပ်ရာထက်၌ ပက်လက်ကလေးအသက်ဖိုလှိုက်နှင့် ဆိုက်ရောက်နေဆဲဖြစ်သော ဗျာဓိဘေးကြီးတို့ မှေးမှေးကလေးခံစား၍ နေရပါ တော့၏။ မကြာမီ မျက်မှောက်ပြုရအံ့သော မရဏနယ်ဘက်သို့ ခြေတစ်ဖက် လှမ်းလျက် ရှိလေရာ ကျွန်တော့်အား သားသားနှင့် ငယ်စဉ်ကစ၍ ယခုအချိန် အရွယ် ကျအောင်ယုယပိုက်ထွေး အချစ်သွေးဖြင့် အထပ်ထပ်ရစ်ပတ်ခဲ့ရှာ သော ကျေးဇူးရှင် မွေးသမိခင်ကြီးသည် အိုအိုမင်းမင်းနှင့် ကျွန်တော်၏ ခေါင်း ရင်းမှ ထိုင်ကာ တရှုံ့ရှုံ့ငိုကြွေးနေရှာသည်ကိုလည်း သိရလျက် အသက်နှင့် ထပ်တူ ချစ်လှစွာသော မယားသည်လည်းကောင်း၊ တွတ်တီးတွတ်တာ ပလီခ ရာမဆုံး တပြုံးပြုံးနှင့် အချစ်တုံး၊ အချစ်ခဲ မပစ်မခွဲနိုင်ရက်သော ရင်သွေးရင်နှစ် သားသမီးချစ် ကလေးများသည်လည်းကောင်း။

မလှုပ်မယှက် ငြိမ်သက်ကာ တဖိုဖို တလှိုက်လှိုက် ဖောငါးတန်ဆိုက် နေသူ ကျွန်တော့်အား တရှိုက်ရှိုက် ငိုကြွေးရင်း အနီးအနားမှ တစ်ဖဝါ၊ပကျာ

စူးစိုက်ကြည့်နေရှာသည်ကိုလည်း တစ်နည်းအားဖြင့် ကွဲကွဲပြားပြားကြီး တွေ့မြင်ရသောကြောင့် မချိတရိ ပူးဆွေမိလျက် မှာချင်၊ ထားချင်၊ ပြောကြားချင်သောစကားတွေ လည်ချောင်းတစ်ခုလုံး တရုံးရုံးတလိတ်လိတ်၊ အကြိတ်ကြိတ်အနယ်နယ် တိုးခွေ့လျက်ရှိသော်လည်း တစ်ခွန်းသော စကားကိုမျှ မပြောထွက်နိုင်၊ ရင်တစ်ခုလုံး ကြီးလေးသော အရာကြီးတစ်ခုနှင့် နှိပ်ထားသကဲ့သို့ရှိသည့်အပြင် ကျွန်တော်၏ လျှာမှာလည်း အလွန်တရာလေးလံနေဘိအလား အနည်းငယ်မျှ လှုပ်ရှားနိုင်ခြင်းငှာ မစွမ်းနိုင်ရှိနေတော့၏။ သို့သော်ကြိုးစား၍ ခွန်အားရှိသလောက် ရုန်းပါသော်လည်း ကျောက်ဖျာကြီးကဲ့သို့လေးလံသော လျှာအတွက် စကားတစ်ခွန်းမျှပင် ပီသစွာမထွက်နိုင်တော့ဘဲ ကျွန်တော်၏ အာရုံဇောမှာ လေထဲတွင် တစ်ချက်တစ်ချက် လွင့်ပါ၍ မှိုင်းမှုံရီဝေ မြူခြေဆို့နေသော တိမ်တိုက်ထဲ၌ တဝဲဝဲရစ်နေသလိုဖြစ်သွားရာကနောက်ဆုံးတွင် ကသိကအောက်နှင့် အလွန်တရာ ကျဉ်းကျပ်လေးလံလှသော မိုက်မှောင်သည့် အနှောင်အဖွဲ့အတွင်းမှ အတင်းရုန်းကန် တွန်းထိုးလိုက်ရသလို ဘွားခနဲ တစ်ဖက်သို့ ရောက်လာကာ ဟာတာတာ အေးတေးတေးဖြစ်သွားပြီး အလွန်ကျယ်ဝန်းလှသော လောကသစ် ကမ္ဘာသစ်ကြီးထဲသို့ လွန်မြောက်လာရသည်ကိုသာ လစ်ခနဲ အမှတ်ရလိုက်ပြီးနောက် အမိအဘ၊ သားမယားဟူ၍ အမှတ်မရ၊ တစ်ဖက်တွင် ကျန်ရစ်သည်ဟူ၍လည်းမထင် ကျွန်တော်၏ကိုယ်တိုင် မည်သူ မည်ဝါ ဘယ်အရပ်ကရောက်လာသည်ဟု သတိမရတော့ဘဲ ငါဘာကောင်လဲဟု မေးယူရတော့မလို ဖြစ်ခဲ့ပေ၏။

ကျွန်တော့်ကိုယ်ကို ကျွန်တော်လုံးလုံးမသိ၊ ဘယ်အရပ်ကလာ၍ ဘယ်နေရာကိုသွားရမည်ဟူ၍လည်း ရည်ရွယ်ချက်မရှိ၊ ပျင်းရိငြီးငွေ့ဖွယ်ရာ ဟာလာဟင်းလင်းပြင်ကြီးအတွင်းတွင် တိမ်တိုက်မီးခိုးပမာ လေယူရာလွင့်ပါးလာသည်ဟူ၍သာ ထင်မြင်ရရာက နောက်ဆုံးတွင် အလွန်လျင်မြန်သော အဟုန် ဖြင့် လွင့်ပါးလာခဲ့ရပြီးလျှင် လွင်တီးခေါင်နှင့် တောတောင်ရေမြေတို့ကို ရိပ်ခနဲ ရိပ်ခနဲ ကျော်ဖြတ်ပျံသန်းကာ ညှိမှိုင်းမှုံပြာသော နေရာကြီးတစ်ခုသို့

ရောက်လာမှရပ်ရတော့ရာ ကျွန်တော်၏နားထဲ၌ တဝီးဝီးတိုးခွေ့နေသည်ထင်ရသောလေများမှာ ထိုနေရာသို့ရောက်မှပျောက်ပျက်ပြီး တိတ်ဆိတ်ငြိမ်သက်ခြင်းကြီးမက တိတ်ဆိတ်ငြိမ်သက်လှသည်ကို တွေ့ရှိရပေ၏။

မည်သည့်နေရာဌာနဟူ၍ကား မသိ။ ထိုနေရာရောက်မှမရပ်မနားလွင့်ပါးလာသော ကျွန်တော့်မှာ တစ်စုံတစ်ရာစောင့်စားနေရသကဲ့သို့ ရပ်နားနေရကြောင်း သိရပေ၏။ ထိုအခိုက် ကျွန်တော့်အားတစ်စုံတစ်ယောက်တို့လည်းနှစ်ဖက်ညှပ်ကာ တစ်နေရာဆီသို့ ဆောင်ယူသွားကြောင်းသာ သိရလျက် တစ်ဖက်တစ်ချက်တွင်လည်း မည်သူ့ကိုမျှကြည့်၍မမြင်ဘဲ မရဲတရဲနှင့်သာ လိုက်ပါလာရတော့၏။

မိုက်မှောင်သောနေရာကြီးတစ်ခုမှ လွန်မြောက်လာရသည့်အဆုံး၌ ပြုးခနဲ ပြာလဲ့လဲ့ အရောင်လျှမ်းသော အခန်းကြီးတစ်ခုထဲသို့ရောက်လာပြီး ညှိသောအဆင်းဖြင့်ပြီးသည့် ကြောက်မက်ဖွယ်ရာ ကြမ်းတမ်းခက်ထန်စွာသော လူတစ်မျိုးကို တွေ့မြင်လိုက်ရသည့်ခဏတွင် ကျွန်တော့်မှာအထူးသဖြင့် ကြောက်ရွံ့ထိတ်လန့်မိကာ အလွန်အားငယ်သွားပါ၏။ လူညှိကြီးများကား လေးလုံးခြောက်ဖက်၊ ကြောက်မက်ဖွယ်အဆင်းနှင့် ဆီရောင်တဝင်းဝင်းထနေသော ကိုယ်ကာယကြီးများကို အထင်းသားဖော်ပြကာ ရဲရဲနီစွာသော နံငယ်ပိုင်းကလေးများနှင့် ခါးတောင်းမြှောင်လှအောင် ကျိုက်ထားကြပြီး ၎င်းတို့၏ ကြောက်မက်ဖွယ် မျက်နှာကြီးတို့ကား လွန်စွာအကြည့်ဆိုးဝါးလှလေ၏။

ထူအမ်းတွဲလျှရွံ့စရာပါးစပ်ကြီးတွင် သံစူးပမာချွန်မြစွာသော အစွယ်ကြီးများထွက်ပေါ်နေလျက် ပြူးပြဝိုင်းစက်၊ ရဲရဲနီတက်နေသော မျက်လုံးကြီးများကား အသစ်ရောက်လာသော ကျွန်တော့်အား စားတော့ ဝါးတော့မည့်သဏ္ဌာန်၊ ငြိုးသူရန်ဖက်ပမာ စိမ်းစိမ်းဝါးဝါးကြည့်နေကြလေရာ ကျွန်တော်ကား အားငယ်သထက်ငယ်သွားပါတော့၏။

သို့သော် ၎င်းတို့ကား ကျွန်တော့်အား လက်ဖျားနှင့် မျှမထိကြသေးဘဲ၊ ငြိမ်သက်စွာသာကြည့်နေကြသဖြင့် သက်သာရာရသေး၏။ ၎င်းတို့တစ်ကိုယ်လုံး

တွင် ရွှံစရာအကောင်းဆုံး၊ အကြည့်ရအဆိုးဆုံးကား လူကောင်ကြီးတွေနှင့် မလိုက်အောင်၊ ကြီးမားပွယောင်းလှသော နှာခေါင်းကြီးများဖြစ်လေ၏။ ကျွန်တော်လည်း ကျွန်တော့်၏ကိုယ်ကို ယခုမည်သို့သဏ္ဌာန်မျိုးရှိသည်ဟု ကြည့်၍ မမြင်နိုင်၍ မသိရသေးသည်တိုင်အောင် ဤမျှအမြင်ဆိုးရွားလှသော ကြောက်စရာအကောင်ကြီးတွေကို အခန်းကြီးနှင့် ပြည့်လုနီးပါးတွေ့လာခဲ့ရခြင်းကြောင့် ပြင်းစွာသော ထိတ်လန့်ခြင်းဖြင့် နောက်ကျိရှုပ်ထွေးကာ အားငယ်ကြောက်ရွံ့ရင်း လိုက်ပါလာခဲ့ရာက နောက်ဆုံးတွင် တစ်နေရာမှာ ပြုံးခနဲ ရပ်လိုက်မှ ရှေ့တည့်တည့်တွင်ရှိသော ခုံမြင့်နှင့် ထိုင်နေသူတစ်ဦးကို ဘွားခနဲ တွေ့ရလေရာ ကျွန်တော်၏ ကြောက်ရွံ့ထိတ်လန့် စိတ်မသန့်ဘဲ၊ နောက်ကျိရှုပ်ထွေးလာခဲ့သမျှတို့သည် ထိုသူ၏ မျက်နှာကို တွေ့မြင်လိုက်ရသည့် တစ်ခဏ၌ အေးခနဲ ကြည်လင်သွားကာ ကြည်ညိုရိုသေလိုသောစိတ်တွေလည်း ပေါ်ပေါက်လာပေ၏။

ထိုပုဂ္ဂိုလ်ထူးကား အဘယ်အမျိုးအနွယ်ဟူ၍ မသိရသော်လည်း အလွန်တရာ နူးညံ့သိမ်မွေ့လျက် မျက်နှာမှာလည်း တစ်ဖက်သားကို အမြဲသနားကြင်နာနေရှာသကဲ့သို့ ပြုံးချိုကြည်လင်လှစွာ ချစ်ဖွယ်ရာသော လက္ခဏာကို ဆောင်လျက်ရှိပေ၏။ ပြောင်လက်တောက်ပ၊ တဖိတ်ဖိတ်ကြွသော အဝတ်တန်ဆာတို့ကို ဝတ်ဆင်ထားပြီး အားလုံး၏ အကြီးအကဲပမာ မြင့်ရာအရပ်မှ ထိုင်နေသော်လည်း မျက်လုံးများမှာ ကရုဏာရှေ့ထား၍ သနားကြင်နာညှာတာပုံ လက္ခဏာတွေ များစွာပေါ်ပေါက်နေပေ၏။ ခက်ထန်ကြမ်းကြုတ်ရက်စက်လိုသော လူညိုကြီးများနှင့် များစွာ ကွာခြားလှလေ၏။ ကျွန်တော်လည်း ထိုပုဂ္ဂိုလ်အား ကြည်ညိုလှသောစိတ်ထား၊ အားထားသော ကြည့်ခြင်းဖြင့် ကြည့်မျှော်ငေး၍ နေမိလေ၏။ ထိုအခိုက်များပင် ထိုပုဂ္ဂိုလ်ထူးသည် အလွန်သာယာချိုမြလှသော အသံနှင့် ကျွန်တော်အား တစ်စုံတစ်ရာကို မေးမြန်းလေ၏။

ကျွန်တော်လည်း ထိုပုဂ္ဂိုလ်မေးမြန်းသော မေးခွန်းကို ဖြေဆိုလိုက်မိ၏။ ဘာကိုမေး၍ ဘာကိုဖြေဆိုလိုက်မိသည်ကား မသိနိုင်တော့ပြီ။ ဉာဏ်မကူ

နိုင်အောင် အစစ်အမှန်ဖြစ်သော အဖြေမျိုးကို နှလုံးအိမ်သို့မဟုတ် ဝိညာဉ်ထဲမှ တိုက်ရိုက်မေးထုတ်နုတ်ယူလိုက်သော အဖြေမျိုး ဖြစ်တန်ရာ၏ဟု စဉ်းစားမိလေ၏။ သို့ ကျွန်တော်အဖြေပြောကြားလိုက်ပြီးနောက်ကား ထူးခြားသော ပုဂ္ဂိုလ်သည် တစ်စုံတစ်ရာစကားမဆိုတော့ဘဲ ပကတိမျက်နှာအတိုင်းပင် တိတ်ဆိတ်ငြိမ်သက်စွာ နေတော့သည်ကို တွေ့ရပြီးနောက် အကောင်အထည်ကွဲပြားစွာ မမြင်နိုင်သော သူနှစ်ယောက်သည် ကျွန်တော့်အား တွဲထုတ်လာပြန်ကာ မူလနေရာအထိ ခေါ်လာပြီးနောက်၊ အတော်မြင့်မားသော နေရာတစ်ခုသို့ တက်ကာ အလွန်မြင့်မောက်သော တောင်ခါးပန်းကြီး၏ ထိပ်တစ်ခုတွင် ရပ်ကာ တလူလူလွင့်ပါးနေသော တိမ်တိုက်များအကြားသို့ ကျွန်တော့်အား တအားတွန်းလွှတ်လိုက်ခြင်းဖြင့် တဝီဝီအော်မြည်နေသော လေထဲတွင် တိမ်တိုက်၊ တိမ်သားများနှင့်အတူ လွင့်ပါးလာသည်ဟု ထင်ရပြီးနောက် အစပျောက်ကာ မေ့လျော့သွားပြန်ပါကြောင်း။

နောက်တစ်ကြိမ်အမှတ်ရသော အကြောင်းများကား၊ ဤသို့ လွင့်ပါးလာခဲ့ပြီးနောက် အဘယ်အရပ်ဒေသသို့ ရောက်လာသည်မသိ၊ ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်၍လည်း အသွင်သဏ္ဌာန်အကောင်အထည်ဟူ၍မရှိ၊ စိတ်သွားရာကိုယ်ပါ လေယူရာယိမ်းပါးလျက်၊ အလွန်တရာပေါ့ပါးသွက်လက်သော မီးခိုးလုံးလိုလို၊ မှိုင်းညိုညိုကိုယ်သဏ္ဌာန်ကိုသာ တွေ့ရပြီးလျှင် ကျွန်တော်၏ စိတ်တွေ ဟာလာ ဟင်းလင်းပြင်မှာ တဝီဝီအော်နေသော လေထဲလွင့်ပါးမနေရဲတော့သလို လုံခြုံသောချောင်တစ်ခုတွင်သာ ခိုလိုလှသဖြင့် တင့်သင့်လျောက်ပတ်သောဌာနတစ်ခုတွေ့လျှင် ခိုဝင်နားနေမည်ဟု မရပ်မနားရှာကြံခဲ့ရာ မည်သည့်ဌာနကမှ လက်မခံ၊ လျင်မြန်စွာ တွန်းထိုးထုတ်လိုက်သည်ကိုသာ ခံရသောကြောင့် တလည်လည်လွင့်လျက်သာ နေရပြန်ပါ၏။

မည်းမှောင်သော တိုက်တံခါးလိုလို အဝင်ဝမှန်လျှင် အမြန်ပြေးကပ်ကာ တိုးခွေ့ဝင်ရန် အတန်တန်ကြိုးစားခဲ့ပါသော်လည်း အချည်းနှီးသာဖြစ်ရုံမက နောက်ဆုံးတွင် တွန်းထိုးဖယ်ရှားထုတ်လိုက်သည်ကိုသာ ခံရကာ လေထဲတွင်သာ မျောချင်တိုင်းမျောနေရပါ၏။ သစ်ကိုင်းသစ်ခက်မှန်သမျှ

ခေတ္တခဏ တွယ်နားဆွဲခိုမည်ပြုတိုင်းလည်း နေခွင့်မရ၊ ယုတ်စွအဆုံး မြေဇာ မြက်ပင်ကလေးများပင် သူဆိုင်ရာ ဆိုင်ရာ ပိုင်ရှင်နှင့် အသီးသီးဖြစ်ကြ၍ တွယ်ကပ်မှီ ခွင့်မရ၊ အဓမ္မတွန်းထိုးလွှတ်လိုက်သလို မခိုနိုင်၊ မကပ်နိုင်၊ ရပ်တည်ရာမရ လွင့်ပါးလာခဲ့ရပြန်၏။

လွတ်လပ်သော နေရာဌာနကား ရှားပါးလှလေ၏။ ရပ်နားခွင့်မရ အောင် တဖျင့်တစ်ပါးလွင့်ပါးရခြင်းဖြင့်လည်း မောဟိုက်ပင်ပန်း၊ မချမ်းမသာ၊ ဗျာပါပိုနောက်၊ ကြောက်ရွံ့အားငယ်၍ တလည်လည်ဖြစ်ခဲ့ရာမှ နောက်ဆုံးတွင် ပြုံးခနဲ တစ်စုံတစ်ခုနှင့် ရင်ဆိုင်တိုက်သောကြောင့် အဘယ်အရာနည်းဟု သတိပြုလိုက်မိသောအခါ ကျွန်တော်ကဲ့သို့ လွင့်ပါးလာသော တိမ်ခိုးလုံးလိုလို အရာတစ်ခုဖြစ်ကြောင်း သိရလေ၏။

အဓိပ္ပာယ်ရှင်းရှင်းပြောရလျှင် ထိုအရာမှာကျွန်တော်ကဲ့သို့ပင် ခိုဝင် တွယ်ကပ်ရာမရဘဲ တဝဲလည်လည်လွင့်ပါးလာသော ဝိညာဉ်တစ်ခုပင်ဖြစ်လေ တော့၏။ သို့နှင့် ထိုဝိညာဉ်ကလည်း ကျွန်တော်ကဲ့သို့ပင် သိလေသည်ဟု မှတ်ထင်ရပြီး -

"အသင်မည်သူနည်း"

ဟု မေးလိုက်ကြောင်း သိရသောအခါ

"ကျွန်ုပ်မှာ ရပ်တည်ခိုကိုးရာမရသဖြင့် တစ်ပါးလွင့်ပါးလာရသော ဝိညာဉ်ပါ"

တည်းဟူသော အဓိပ္ပာယ်ကို ဖြေဆိုမိ၏။ တစ်ဖန် ၎င်းက -

"ကျွန်ုပ်မှာလည်း သင်ကဲ့သို့ ဆင်းရဲကြီးစွာဖြင့် လွင့်ပါးလာရသူပင် ဖြစ်ပါသည်။ သင်နှင့်ကျွန်ုပ်သည် ဒုက္ခသည်ချင်းအတူတူဖြစ်၍ အခြားမှီခိုမရ မီ နှစ်ဦးပူးပေါင်းကာ မှီခိုရာတစ်ခုကို ရှာကြံကြပါစို့"

ဟု ပြောရာ ကျွန်တော်လည်း သဘောတူညီလျက်

"ကောင်းပြီ"

ဟု ဝန်ခံလိုက်မိလေ၏။

ယင်းသို့ ကျွန်တော်တို့ အပြန်ပြောဆိုကြခြင်းကား မည်သည့်ဘာသာစကားဟု မသိရ၊ ကိုယ်အကောင်အထည်ကလည်း မရှိ၍ ပါးစပ်နှင့် ပြောသည်လည်း မဟုတ်ပါဘဲ တစ်ယောက်နှင့်တစ်ယောက် အဓိပ္ပာယ်ယတ္တထင်ရှားစွာနှင့် သညာနက္ခန္ဓာအားဖြင့် သိရှိမှုကိုထားရှာရပြီးလျှင် ကမ္ဘာ့စဉ်လာ၊ ဓမ္မတာသဘာဝအားဖြင့် ဖြစ်ပေါ်လာသော မာဂဓဘာသာစကားတစ်ရပ်နှင့် မေးမြန်းပြောဆိုနေကြခြင်းဖြစ်သည်ဟုသာ တွေးထင်စရာရှိပေတော့၏။ ရှင်းရှင်းပြတ်ပြတ်ပြောရလျှင် ကျွန်တော်တို့ မေးမြန်းပြောဆိုကြသော စကားများမှာ တစ္ဆေဘာသာစကားဟုပင် ထင်မှတ်ရတော့မည်ကဲ့သို့ ရှိလေသည်။

ဤကဲ့သို့ တိုင်ပင်စည်းလုံးကြပြီးနောက် နှစ်ဦးပူးပေါင်းလွင့်ပါးလာကြပြန်ရာက နောက်ဆုံးတွင် ကံအားလျော်စွာ လွတ်လပ်သော မှိုခိုရာကလေးတစ်ခုကို တွေ့ရာ နှစ်ဦးသားပင် အလျင်စလို ခိုဝင်ပြေးကပ်လိုက်ကာ ရပ်နားခွင့်ကလေးရလာပေတော့၏။ ထိုသို့ ကျွန်တော်တို့ မှီခိုရပ်နားနေသော ဌာနကားသစ်ပင်သစ်ကိုင်းများထက်ပင်၊ လုံခြုံချမ်းသာရာရလျက် အဆက်မပြတ်တဝီဝီတိုက်ခတ်သော လေဟာပြင်မှာ တလွင့်လွင့်ပါနေရသည့် ဒုက္ခကြီးမှ အပြီးတိုင်လွတ်မြောက်ချမ်းသာပြီး၊ အလွန်တရာကျယ်ဝန်းလုံခြုံသော တိုက်ဘုံဗိမာန်ကြီးတစ်ခုကို ကုသိုလ်ကံပင့်မြောက်၍ ဘုန်းကံအလျောက်တွေ့ရသကဲ့သို့ ရှိလေ၏။

အဆက်မပြတ် ဒုက္ခအထပ်ထပ်ဖြင့် ရပ်တည်ရာမရ၊ အသီးသီးသောပိုင်ရှင်တို့၏ နှင်ထုတ်ခြင်းခံရပြီး လေထဲတွင် တွယ်စရာ ကင်းမဲ့စွာ လွင့်ပါးလာရသူများဖြစ်သောကြောင့် ယခုကဲ့သို့ အလိုအလျောက်တွေ့ရသော ဗိမာန်ကြီးမှာ ပိုင်ဆိုင်သူပြန်ရောက်လာပါက မိမိတို့အား အလျင်အမြန်ထွက်သွားရန်အမှန်ပင်နှင်ထုတ်ပေတော့မည်ဟု အလီလီ တွေးတောပူပင်မိသောအခါ ဖြောင့်ဖြောင့် အေးအေး မနေနိုင်သေးအောင် သောက,ကလေးဖက်၍ နေမိလေ၏။

သို့သော် အချိန်ကာလ အတန်ကြာမျှ ရှိလာသည်တိုင်အောင် ပိုင်ဆိုင်သူအရှင်ဟူ၍ တစ်ဦးတစ်ယောက်မျှ မပေါ်လာသဖြင့် စိတ်အေးခွင့်ရပြီး ဤမျှ လုံခြုံအေးချမ်း၊ ခမ်းနားကြီးကျယ်လှသော တိုက်ခန်းဘုံဗိမာန်အတွင်း

တွင် မငြိမြငြင်ထင်သလို နေထိုင်ကြရသူ ကျွန်တော်တို့မှာ ဝမ်းမြောက်ဝမ်းသာပင်ဖြစ်မိလာလေ၏။ အစပထမ နှစ်ဦးတွေ့စဉ်ကမူ ခိုကိုးရာကင်းမဲ့လျက်၊ အတိဒုက္ခကြီးသက်သက်နှင့် လေထဲတွင် လွင့်ပါးနေရသောကြောင့် သတိမမူ အလေးမပြုနိုင်ကြဘဲ ရှိခဲ့သော်လည်း လုံခြုံခမ်းနားလှသော ဘုံဗိမာန်စံနန်းတွင် အေးချမ်းစွာ နေထိုင်လာကြရသောအခါမူ ပိုင်သူမရှိသော ဤဘုံဗိမာန်ကြီးမှာလည်း နှစ်ဦးအတူတွေ့ရ၍ နှစ်ဦးပိုင်ပစ္စည်းဖြစ်လာခဲ့ရုံမက တစ်ဦးကို တစ်ဦး အရေးတယူဖြစ်ခဲ့ကြလေ၏။

ကျွန်တော်ကား ယောကျ်ားဘဝမှ စုတေခဲ့ရပြီးလျှင် ဝိညာဉ်အဖြစ်တွင် တည်ရှိနေဆဲမှာလည်း ပုရိသဝါဒသာလျှင် စွဲလမ်းလာခဲ့သူဖြစ်ရကား ယောကျ်ားပင်ဟုအဖော်တပ်ဒအထင်အယူရှိခဲ့ကာ ကျွန်တော်နှင့် အတူနေသူ ဝိညာဉ်မှာလည်း မိန်းမဘဝမှ စုတေလာရသူဖြစ်၍ ဣတ္ထိယဝါဒပူးကပ်ပါလာခဲ့ရာ ၎င်းကလည်း မိန်းမဟု အယူသီးလျက်ရှိလေ၏။

ဤသို့နှင့်နှင့် ဝိညာဉ်အထီးအမတစ်စုံတို့သည် ဘုန်းကံပါရမီထောက်မ၍ အလိုအလျောက် ပေါ်ပေါက်လာရသော ဘုံဗိမာန်ကြီးအတွင်းတွင် ပျော်ရွှင်စွာ စံစားနေကြရာ ကမ္ဘာအစပြဟ္မာတွေ ချခဲ့သော ရာဂမျိုးစေ့ အနုသယဓာတ်ငွေ့သည် ကမြင်းနီးကလေးအစ ဧရာမဆင်ကောင်ကြီးအဆုံး အာသဝေါ ကိစ္စတုံးပြီးသော ဘုရားရဟန္တာတို့မှတစ်ပါး လူသော၊ နတ်သော တိရစ္ဆာန်သော၊ တစ္ဆေသော၊ သရဲသော၊ ဝိညာဉ်ထင်ရှားတည်ရှိသူများအား ချောက်ချားနှိုးဆွစေသော သဘာသဘောအရ ဝိညာဉ်မနှင့် ဝိညာဉ်ထီးတို့မှာ နီးစပ်ယဉ်ပါးအကြွင်ပွား၍ မကြာမီ လင်မယားဖြစ်ကြရပါတော့သတည်း။

ကိုယ်အထည် မရှိကြသူပင်ဖြစ်လင့်ကစား၊ ကမ္မဇိဒ္ဓိတန်ခိုးကလေးရှိသဖြင့် ကြည့်လိုလျှင်မြင်၊ မြင်လိုလျှင် ပြနိုင်လျက်၊ ရုတ်တရက်စိတ်သွားရာ ကိုယ်ပါ၍ လိုရာကို ရောက်နိုင်ကြကြောင်း သိရလေပြီ။ ဘုံဗိမာန်အတွယ်ကလေးကိုရလျှင်ပင် ယခင်က တစ်ဖျင့်တစ်ပါး လွင့်ပါးနေရသော ဝိညာဉ်မှာ ဟောလကြာသော် ကိုယ့်အကြောင်းကိုယ်ပေါ်လာတော့၏။ ဝိညာဉ်ဘဝမျ

မဟုတ်သေးပေ။ တစ္ဆေဘဝသို့ ရောက်နေကြလေပြီ။ ကျွန်တော်တို့ တစ္ဆေလင်မယားကား ပျော်ပါးလှ၏။ ဘေးမသီရန်မခ၊ လုံခြုံရာဌာနဖြစ်သော ဘုံဗိမာန်တွင် အဘယ်ရန်သူကိုမျှ လူမထင်စိတ်ကြီးဝင်စပြုလေ၏။

တစ္ဆေနှင့် ဝိညာဉ်မှာ ကောက်ညှင်းနှင့် ထမင်းနဲ နှစ်ခွဲနှင့်တစ်တင်းကဲ့သို့ အကောင်အထည်မရှိသော "လေကောင်၊ အငွေ့ကောင်"များသာတည်း။ သို့သော် ဝိညာဉ်ကား အတွယ်အတာမရှိမီ လွင့်ချင်တိုင်းလွင့်ပါနေရရှာလေ၏။ အတွယ်အတာရှိသည့်အချိန်တွင် အဆင့်အတန်းသင့်ရာသို့ ရောက်သွားရမြဲဖြစ်ရာ ကျွန်တော်တို့မှာလည်း လေထဲတွင်လွင့်နေရသော ဝိညာဉ်ဘဝမှ ဘုံဗိမာန်တည်းဟူသော အမှီအတွယ်ကိုရသည်နှင့်တစ်ပြိုင်နက် တစ်ချက်တည်း တစ္ဆေဘဝတည်းဟူသော အဆင့်အတန်းဘဝသို့ ရောက်ရတော့၏။

အရင်ကလိုမကြောက်တော့ပြီ။ ကျွန်တော်တို့ကပင် ခြောက်လှန့်၍ပြလိုက်ချင်သေး၏။ ကမ္ဘဇိဒ္ဓိတန်ခိုးကလေးကား တစ္ဆေမျိုးမှာပင် အားကိုးလောက်အောင် အသုံးဝင်ခဲ့၏။ မည်းမည်းကောင်ကြီးလုပ်လိုလျှင်လည်း ခေတ္တခဏဖြစ်ရ၏။ သေးသေးကောင်ကလေးလုပ်လိုလျှင်လည်း ထင်သလောက်သေးနိုင်၏။ ကိုယ့်ကိုနိုင်မည့်သူမရှိလျှင် ကိုယ့်ထက် အတန်းရင့်သော သရဲ သဘက်တို့နှင့် မတွေ့လျှင် ဝင့်ချင်တိုင်းဝင့်၍ ကျယ်ချင်တိုင်းကျယ်နိုင်၏။

သို့သော် လေပြင်းပြင်းတိုက်လျှင်ကား များစွာကြောက်တတ်၏။ ဘုံဗိမာန်အတွင်းသို့သာ ကပျာကယာပြေးဝင်လာမိ၏။ ကျွန်တော်၏ ချစ်မငြိုးဇနီးသည်မ တစ္ဆေမှာကား မိန်းမသားဖြစ်၍ အရေးရှိလျှင် ကျွန်တော်ထက်ပင် အသည်းငယ်ရှာ၏။ လေပြင်းပြင်းလာတော့မည်ဟုထင်လျှင် ဘုံဗိမာန်တွင်းသို့ ကပျာကယာပြေးဝင်သွားကာ အဝမှရပ်ပြီး . . .

"ကိုကို လေတွေတိုက်လာပြီ။ မြန်မြန်ဝင်ခဲ့လေ။ ကျွန်မ ကြောက်တယ်ကိုကိုရဲ့"

ဟု ကန္တဲ့ကရ ပြောရှာသဖြင့် ကျွန်တော်လည်း ကပျာကယာ ပြေးဝင်ရတော့ကာ . . .

"မကြောက်ပါနဲ့ မိန်းမရာ၊ ကိုကိုတို့စံမြန်းတဲ့ ဟောဒီဘုံနန်းကြီးဟာ အင်မတန်လုံခြုံခိုင်ခံ့ပါတယ်။ ကမ္ဘာပျက်တောင် ဒီဘုံဗိမာန်ကြီးဟာ မပျက်နိုင်ပါဘူး။ လေတိုက်တာလောက်တော့ အပျော့ပေါ့"

ဟု ချော့မော့ပြောသည်တွင်မှ အကြောက်ပြေကာ ပြုံးဖော်ရယ်ဖော်ရလာရှာလေ၏။

ဤမျှ ပျော်ရွှင်ချစ်ခင်စွာနှင့် နေရေး၊ ထိုင်ရေး၊ ခိုင်လုံကြသော်လည်း ကျွန်တော်တို့မှာ ဝမ်းရေးဖူလုံကြသူများမဟုတ်ပါ။ မွတ်သိပ်ဆာလောင်ခြင်းဝေဒနာကို များစွာ ခံစားရပါတော့၏။ "ပြည်ထဲရေးထက် လွမ်းရေးခက်တယ်။ လွမ်းရေးထက် ဝမ်းရေးခက်တယ်"ဆိုတာ လူတို့စကားပုံအတိုင်း ကျွန်တော်တို့လင်မယားမှာ တစ်ယောက်မျက်နှာ တစ်ယောက်မြင်ရင်း "တင်းမတိမ်သေးတယ်၊ ထမင်းမြိန်ဆေးသဖွယ်"ဆိုသော သီချင်းနှင့် လားလားမှ မတိုက်ဆိုင်အောင် ဆာလောင်မွတ်သိပ်ခြင်းက ပြင်းထန်စွာ နှိပ်စက်လှသဖြင့် မကြာခဏအပြင်ထွက်ကာ စားစရာကလေးများ ရှာဖွေစားသောက်ရသော ကိစ္စတာဝန်ကြီးကလည်း ရှိသေးသဖြင့် နေမွန်းတည့်ရှိန်ရှိန် အချိန်အခါများတွင် လင်မယားနှစ်ယောက် ရွာနီးချုပ်စပ်သို့ လျှောက်၍ အစားအသောက်ရှာဖွေရသည်မှာ အမောပင်။

ကျွန်တော်တို့ကဲ့သို့ လာရောက်ရှာဖွေစားသောက်ရသော တစ္ဆေသရဲတို့မှာလည်း မနည်းကြီးပေါများလှပေ၏။ ကဆုန်လပြည့် ရွှေတိဂုံဘုရားတွင် ညောင်ရေသွန်းပွဲလှည့်သောအခါ လူချင်းကြိတ်ကြိတ်ညှပ် တိုးနေသလို ကျွန်တော်တို့လို တစ္ဆေ သရဲတွေလည်း တတိုးတိုး တကြိတ်ကြိတ်နှင့် အိမ်တံစက်မြိတ်အနီးအပါး နောက်ဖေး နောက်ဖီနားဆီမှာ တစ်သီကြီးအစာရှာဖွေလျက်ရှိသောကြောင့် လူတို့စွန့်ပစ်ထားသည့် တော်ရုံတန်ရုံမျှသော စားလုတ်စားပေါက် ထမင်းကျန်၊ ဟင်းကျန်၊ အဖတ်အကပ်ကလေးများမှာ ဆင့်ပါးစပ်နှမ်းပက်သည့်အလား၊ များစွာသော တစ္ဆေသရဲတို့ လုယက်သည့်အထဲတွင် ကြက်ပျောက် ငှက်ပျောက် အစတုန်းပျောက်သွားရပေ၏။

ကျွန်တော်တို့ လင်မယားကား ၎င်းတို့ကဲ့သို့ ဇက်ရဲ လက်ရဲ အစားမျိုး မဟုတ်၊ ခေတ်မီသူများဖြစ်ကြသည်တစ်ကြောင်း၊ ကျွန်တော်တို့ထက် တန်ခိုးသာ၍ ဝါရင့်သောသူများနှင့် လုလားယက်လား မလုပ်ချင်ကြသည်တစ်ကြောင်း ကျွန်တော်၏ ဇနီးသည် မယ်တစ္ဆေကလည်း အတော်ပင် အရှက်အကြောက် အားကြီးသူကလေးဖြစ်၍ ခွက်စောင်းခုပ်သူတွေနှင့် ခပ်ဝေးဝေး ခပ်ရှောင်ရှောင် ချောင်ကြိုချောင်ကြား၊ ခပ်ရှင်းရှင်းနေရာများမှာသာ ရသလောက် တဖြည်းဖြည်း ချင်းရှာဖွေစားသောက်ရပါ၏။

တစ်ခါတစ်ခါလည်း ကျွန်တော်တို့ ခဲယဉ်းစွာ ရှာဖွေတွေ့ရှိထားသော ထမင်းစေ့ အပုံ့အခွဲ ကလေးတစ်ဖဲ့တစ်ခြမ်းကိုပင် အထက်တန်းကျသော ဝါရင့်နေသည့် တစ္ဆေအကြီးစားများက လာရောက်လုယက်၊ ရက်ရက်စက်စက်၊ အနိုင်ကျင့်သွားခြင်း ခံရသောအခါ ဆာလောင်မွတ်သိပ်နေရှာသော ဇနီးသည် ကလေးမှာ မျက်ရည်ကလေးတလည်လည်နှင့် အားငယ်စွာ ကြည့်နေတတ်ရှာ သောကြောင့် ကျွန်တော့်မှာ မခံမရပ်နိုင်ရှိလာကာ -

"ငါ တယ် လိုက်ထောင်းလိုက်ရ မကောင်းဘဲ နေတော့မယ်"

ဟု လက်သီးလက်မောင်းတန်းလိုက်မိလျှင်ပင် ကျွန်တော့်ကိုဖက်ကာ

"အို ကိုကို မလုပ်ပါနဲ့ ဒီကောင်ကြီးဟာ ခွန်အားဗလကကြီးပါဘိသနဲ့ ကိုကိုထက်လည်း ဝါကြီးတယ်။ ပြန်တွယ်သွားရင် ကိုကိုနာကျန်ရစ်မှာပေါ့။ မလုပ်ပါနဲ့ ကိုကိုရယ်။ ကျွန်မ မဆာသေးပါဘူး။ တဖြည်းဖြည်းထပ်ရှာကြသေး တာပေါ့"

ဟု စိုးရိမ်ရှာသောကြောင့် အလိမ္မာသဘောနှင့် ချော့ချော့မော့မော့ ပြောတတ်ရှာသော မယားကလေးစကားကြောင့် ကျွန်တော်၏ တရှူးထိုးထွက် လာမိသော ဒေါသများ ပြေပျောက်သွားကာ ထပ်မံရှာဖွေစားသောက်ကြရပြန် ပါ၏။

တစ်ခါကလည်း ကျွန်တော်တို့လင်မယားမှာ အဖော်တွေ ရှင်းရာတွင် တင့်တင့်အစာရှာဖွေနေကြစဉ် စန်းပေါ်စန်းထပ်၍ ရက်မြတ်ကာကြုံ ရတနာပုံ ဆိုက်ဘိအလား၊ သစ်ရွက်ခြောက်နှစ်ခုအကြားတွင် အဆီတဝင်းဝင်းနှင့်

ဒူးရင်းမလိုင်ပမာ၊ လွန်စွာအရသာပြည့်ဝသော ကြီးထွားလှသည့် ထမင်းလုံး အောင်အောင်မြင်မြင်ကြီးတစ်ခုကို ကံကောင်းဆိုက်၍ လာဘ်အိမ်လာဘ်ကြိုက် အလိုက်သင့်လာတွေ့ရသောအခါ လင်မယားနှစ်ယောက်မှာ ဝမ်းမြောက်ခြင်း ပီတိကြောင့် -

"အဟိ"

ဟု အသံထွက်အောင်ရယ်မိကာ -

"ရှင်မရေ . . . တစ်လစာ ဖူလုံပြီကွ၊ မင်းက တစ်ဖက်က,မ၊ ကိုကိုက တစ်ဖက်က,မမယ်၊ မြန်မြန်ယူပြီးလစ်ကြစို့၊ နို့မို့ ဟိုနိုင်ရာစားအကောင်တွေက အချောင်မိုက်ကြေးလာခွဲနေဦးမယ်"

ဟု အားရဝမ်းသာပြောကာ နှစ်ယောက်သား မနိုင့်တနိုင်နှင့် မ,ကြရာ လူ့ပြည်က လူသားများ စားသုံးသော သေးငယ်လှသည့် ထမင်းလုံးကလေးတစ်လုံးသည် ကျွန်တော်တို့ တစ္ဆေပြည်တွင် မည်မျှတန်ခိုးကြီးထွား ပါဝါများသည်ကိုကား အထူးပြောဖွယ်ရာမလို။ တိုတိုနှင့် အစီရင်ခံရမည်ဆိုပါလျှင် အင်မတန်ကြီးလေးလှသော အရာဝတ္ထုကြီးတမျှ နှစ်ယောက်အင်အားနှင့်ပင် ဖြုန်ဖြုန်မျှ မရှိသေးသောကြောင့် ကြာကြာနေကလည်း သူများတွေသိသွားဦးမည်စိုးသဖြင့် ကျွန်တော်တို့နှင့် အလွမ်းသင့်ရာ အဖော်နှစ်ယောက်ကို အမှတ်မဲ့ လက်တို့ခေါ်ခဲ့ပြီး ထမ်းစင်တစ်ခုကို အလျင်အမြန်ပြင်ဆင်ကာ ထမင်းလုံးကြီးကို ထမ်းစင်ပေါ်သို့ တုတ်နှင့်ကော်တင်ပြီး လေးဦးသား ခပ်သွက်သွက်ကလေး ထမ်းယူသယ်ပိုးလာကြပြီးနောက် ကျွန်တော်တို့ စံမြန်းနေထိုင်ရာ ဗိမာန်နန်းသို့ရောက်ကြသောအခါ အဖော်နှစ်ယောက်ကိုလည်း အထိုက်အလျောက် ထုခွဲဝေငှပေးလိုက်ကာ ကျွန်တော်တို့လင်မယားနှစ်ယောက်မှာ ထိုနေ့ကစ၍ ရက်ပေါင်းအတော်ကြာ အစာရှာမထွက်ရတော့ဘဲ စံရာဗိမာန်နန်းတွင် အေးချမ်းပျော်ရွှင်စွာဖြင့် တစ်ယောက်တစ်လှည့် ယုယကြင်နာ၍နေကြပေ၏။

ထိုအချိန် ထိုအခါက ကျွန်တော်တို့၏စိတ်ထဲ၌ နေထိုင်ရာကို အစွဲပြု၍လည်းကောင်း၊ မတောင့်မတ မွန်မြတ်လှသော ထမင်းလုံးအာဟာရတည်းဟူသော ဘောဇဉ်ကို ငြိမ်းချမ်းစွာ သုံးဆောင်ရခြင်းတို့ကြောင့်လည်းကောင်း၊ မာန

တည်းဟူသော မာန်စွယ်ကလေးများ ရစ်စပြုကြကာ လောကကြီးကိုပင် ဘာမ ထင်အောင် အာခံချင်စပြု၍လာလေ၏။ သန့်သန့်ရှင်းရှင်း ဖြူဝင်းသော ထမင်း အာဟာရကို သုံးဆောင်စားသောက်ရင်း ပတ္တမြားညိုအဆင်းဖြင့်ပြီးသော ကျွန်တော်တို့၏ ဇနီးမောင်နှံ၏စံမြန်းရာ ဘုံဆောင်နန်းကြီး၏ ကျယ်ဝန်းလှပ သော ခန်းမကြီးကိုကြည့်ရှုကာ-

"ငါတို့၏နေရာဌာနကြီးကား ရန်သူမျိုးငါးပါးဘေးကြီးမှ ကာဆီးလုံခြုံ လှစွာသော ဘုံနန်းပြာသာဒ် ရဲတိုက်ခံတပ်ကြီးပေတကား။ ငါတို့၏ ဘေးရန်ဟူ သမျှကို လုံခြုံစွာ ကာကွယ်နိုင်စေသော အမိုတကဲကြီးဖြစ်၍ ငါတို့ကား ဤခိုင် လုံလှသော အမိုတကဲကြီးအတွင်း၌ နေရသမျှ ကာလပတ်လုံး မည်သူ့ကိုမျှ အမှုထားရန်မလိုတော့"

ဟု ဗိုလ်မထားချင်သော စိတ်ကလေးများဝင်ပြီး သွေးကြီး၍နေပေ တော့၏။ ဤမျှပင် ပျော်ရွှင်အေးမြ ဘဝင်ကြွခဲ့သော်လည်း သင်္ခါရနှင့် လောကဓံတရားကြီးမှာ တစ္ဆေပြည်ကိုပင် ချမ်းသာမပေး၊ မျက်နှာမရွေးဘဲ ဘွားခနဲရောက်လာခဲ့ရာ ကျွန်တော်မှာ ထိုစဉ်အခါကျမှပင် ယခင်က စိတ်ကြီး ဝင်ခဲ့မိသည်တို့နှင့် အဆမတန် ပူပန်ဆင်းရဲ ငိုပွဲကြုံခဲ့ရပါတော့၏။ ယင်းသို့ ကျွန်တော်တို့ ဒုက္ခတွေ့ရခြင်းအကြောင်းမှာကား တစ်နေ့သော နေ့လယ်အချိန် တွင် ကျွန်တော်နှင့် ကျွန်တော်၏ဇနီးသည်ကလေးတို့သည် စိတ်အေး လက်အေး နှင့် ဘုံဗိမာန်အဝသို့ထွက်၍ တစ်ယောက်ခါး တစ်ယောက်ဖက်ပြီး ဗိမာန်ကြီး ရှေ့တွင် တွေ့မြင်ရသော ရှုမျှော်ခင်းများကို ကြည့်ရှုနေကြစဉ် ခပ်ဝေးဝေးမှ တအေးအေးမှုတ်လာသော ပုလွေသံကလေးတစ်ခုကိုကြားရပြီး ကျွန်တော်တို့ ဗိမာန်ကြီးရှိရာသို့ တဖြည်းဖြည်းနီးလာသော နွားခလောက်သံများကိုလည်း တဒုံဒုံ တဒင်ဒင်နှင့် အလျင်မပြတ် ကြားရလေ၏။

ကျွန်တော်တို့မှာ ထိုအသံများကိုကြားရသည့်အချိန်မှစပြီး အကြောင်း မဲ့သက်သက် ရင်ထဲတွင် တဒိတ်ဒိတ်ခုန်နေကာ တစ်စုံတစ်ရာသော ဘေးဥပါဒ် တစ်ခုကို တွေ့ကြရတော့မည့်ပမာ အလိုလိုစိတ်ငယ် ဝမ်းနည်းမသိုးမသန့်ကြီး

ဖြစ်၍နေပြီးလျှင် ယခင်ကြားရသော ပုလွေသံနှင့် နွားခလောက်သံများမှာလည်း တဖြည်းဖြည်း နီးသည်ထက်နီးလာလေ၏။ ကျွန်တော်လည်း အလိုအလျောက် ခေါင်းနားပန်းကြီး၍ ကြက်သီးထမိရာ မိန်းမသားဖြစ်သူ ဇနီးသည်မှာ သာ၍အား ငယ်ရှာသောကြောင့် ကျွန်တော့်အား တင်းကျပ်စွာဖက်လျက် . . .

"ကိုကိုရယ် ဒီအသံကြားရတာ နှမလေး ဘယ်လိုစိတ်မချမ်းမသာဖြစ်ရမှန်းမသိဘူး။ မျက်ခမ်းတွေကလဲ တဆတ်ဆတ်လှုပ်လိုက်တာ ဘယ်လိုဘေးအန္တရာယ်များနဲ့ တွေ့ရမလဲ၊ တထိတ်ထိတ်နှင့် စိတ်မသန့်လှဘူး မောင်ရယ်၊ ဒုက္ခတစ်ခုခုတော့ တွေ့ကြရလိမ့်မယ်ထင်တယ်"

ဟု မျက်ရည်ကလေးတလည်လည်နှင့် ပြောရှာသောအခါ ကျွန်တော့်မှာ ကြောက်လန့်စိုးရိမ်လျက်ပင်ရှိလင့်ကစား မယားကလေး အားငယ်နေရှာသည်ကို ယောက်ျားတို့ ဓမ္မတာအတိုင်း အားမပေးဘဲ မနေနိုင်အောင်ရှိလာသောကြောင့် . . .

"မပူပါနဲ့ နှမရယ်၊ မင့်ကိုကိုတစ်ယောက်လုံးရှိသေးတာပဲ ဘာကြောက်ရမှာလဲ၊ ကျုပ်တို့နေထိုင်ကြတဲ့ ဘုံဗိမာန်ကြီးဟာ ဘယ်ရန်သူမျိုးကမှ ရန်မရှာနိုင်အောင် ခိုင်ခံ့လုံခြုံတဲ့နေရာကြီးပါ။ မစိုးရိမ်ပါနဲ့ကွယ်"

ဟု ပုရစ်ကောင်ကလေးပမာ ပြူးကျယ်သောမျက်လုံးကလေးနှင့် ကြည့်နေရှာသော သူကလေးအား ခပ်နာနာဖက်၍ ကျောလက်သပ်ကာ နှစ်သိမ့်စေမိပါတော့၏။

"ဟော ကိုကိုရဲ့ အနားရောက်လာကြပြီ၊ ကြည့်ပါ၊ နွားတွေကလဲများလိုက်တာ၊ ခလောက်သံတွေ တဆူဆူနဲ့ နားပူပါဘိတော့တယ်"

ဟု ပြောသဖြင့် လှည့်ကြည့်မိရာ နွားတစ်အုပ်နှင့်တကွ နောက်ကပါလာသော နွားကျောင်းသားမှာ ပုလွေတိုကို အားရ ပါးရမှုတ်လာသည်ကို တွေ့ရလေ၏။ ၎င်းမှုတ်သော သီချင်းကား . . .

"ရွှေကျီးညိုလာရင် ဒေါသနှင့်အပြစ်တင်၊ မင့်သခင်ဘယ်မှာ ဘယ်မှာမြင်"

ဟူသော အသွားဖြစ်လေရာ ကျွန်တော်တို့မှာ ပုလွေတိုကို အားရပါးရ နာနာကြီးမှုတ်သံကြားရသလောက် သောကမီးတောက်လျက်ရှိပေ၏။ နွားများမှာလည်း ခလောက်သံတဒေါက်ဒေါက်နှင့် မြက်ခြောက်များကို တငုံ့ငုံ့စားလျက်ရှိလေရာ နွားကျောင်းသားမှာ တစ်ခါတစ်ခါ ပုလွေတိုကို ပါးစပ်မှဖြုတ်၍ မျက်မှောင်ကြီးကုတ်ကာ . . .

"ဟဲ့ အို ဟို ချိုကုတ်ဟာ ဘယ်နေရာဝင်တိုးနေတာလဲ"

ဟုလည်းကောင်း၊ တစ်ချက်ချက်လည်း . . .

"ဟဲ့ မိနက် ဘာပြုလို့ ဆူးရစ်ချုံဝင်တိုးနေရတာလဲ၊ တယ် ဒီနွားမ ငါချလိုက်ပြန်ရော့မယ်"

ဟုဆိုကာ ခါးကြားတွင် ထိုးလာသော ကြိမ်တံပြာကိုနုတ်ယူကာ ပေကပ်နေသော နွားတို့ကို တရွှမ်းရွှမ်း တုတ်စကြာကစား၍နေရာက နောက်ဆုံးတွင် ဘယ်စိတ် ဘယ်လက် ဝင်လာသည်မသိ ပုလွေတိုကလေးကို သူ့သျှောင်မှာ ထိုးပြီး တစ်ခါတည်းမမှုတ်တော့ဘဲ လက်ထဲက ကြိမ်တုတ်တိုကလေးနှင့် လက် အငြိမ်မနေ ခြေအငြိမ်မနေ တွေ့ကရာ မြင်ကရာ ကျောက်ခဲများ သစ်ပင်ငုတ်ကလေးများကို တုတ်နှင့် တရှိုးရှိုး တရွှမ်းရွှမ်း မနားတမ်းရိုက်ခတ်ကစားရင်း ကျွန်တော်တို့အပါးသို့ တဖြည်းဖြည်း နီးလာသည်ကိုတွေ့ရသောအခါ ကျွန်တော်တို့မှာ ဘီလူးသဘက်ကြီးများလာသကဲ့သို့ များစွာကြောက်ရွံ့တုန်လှုပ်လျက် တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာဖက်၍ထားမိပေ၏။

"ဘုရား ဘုရား"

နှင့် ရင်တထိတ်ထိတ်ကြိတ်၍ အောင့်နေရာက မကြာမီ ငြိမ့်ခနဲ လျှောင်လှုပ်လိုက်ဘိအလား ကျွန်တော်တို့နေထိုင်ရာ ဗိမာန်ကြီး သိမ့်ခနဲ တုန်လှုပ်ရွေ့လျားသွားကြောင်း သိလိုက်ရပြီးလျှင် -

"တယ် ဒီထန်းစေ့မှုတ်ဟာ ခလုပ်တိုက်မိအောင် ငါ့ရှေ့က ကန့်လန့်ကန့်လန့်ခံနေရသလား၊ သွားရော့လဟယ်"

ဟူသော ပြောသံတစ်ချက်ကြားလိုက်ရပြီး ရှိုခနဲ တုတ်တိုနှင့် ဂေါ်လီရိုက်သလို ရိုက်ထုတ်လိုက်ရာ ကျွန်တော်တို့မှာ ဗိမာန်ကြီးနှင့်တကွ ကမ္ဘာ

ကြီး ဒေါင်ချာစိုက်သွားသလို ဝီခနဲ လေထဲတွင် လျင်မြန်သောအဟုန်ဖြင့် လွင့်လာပြီး ပြင်းထန်လှသောအဟုန်အားဖြင့် တင်းကျပ်စွာ ဖက်ထားသော ကျွန်တော်တို့လင်မယားလည်း ဗိမာန်ကြီးအတွင်းမှ လွင့်စင်ထွက်ကျကျန်ရစ်ကာ နွားခြေရာခွက်ချိုင့်နက်ကလေးအတွင်းမှ ကြောက်ရွံ့ခြင်းပြင်းစွာဖြင့် မရဲတရဲ ကြည့်မျှော်နေမိကြပါ၏။ ထိုအတွင်း မလှမ်းမကမ်းတွင် ရောက်သွားသော ကျွန်တော်တို့၏ ဘုံဗိမာန်ကြီးအား နွားကျောင်းသားသည် အမျက်မပြေသေးသလို တစ်ချက်ကြည့်ပြီး . . .

"တယ် ဒီထန်းစေ့မှုတ်ဟာ ဝေးဝေးမရောက်သေးပါကလား၊ ငါ့ရှေ့က ခလုတ်တိုက်မိအောင် ကန့်လန့်ခံနေပြန်ပြီ၊ ကဲ ကဲ ခံဦးကွာ၊ ခံဦး၊ တိုက်လိုက်ပါဦးလား၊ ခလုတ်ကြီး၊ ကိုင်း ကိုင်း"

ဟု ဒေါနှင့်မောနှင့် ဖနှောင့်စာ နှစ်ချက် သုံးချက်ဆင့်ကျွေးလိုက်ရာကြီးကျယ်ခမ်းနား ပတ္တမြားညှိအဆင်းနှင့်ပြည့်စုံစွာ ရတနာဗိမာန်ကြီးတစ်ခုဖြစ်ပေသော ထန်းစေ့မှုတ်အဆွေးကလေးမှာ မြေပေါ်တွင် စိစိမွမွကြေသွားရှာမှ နွားကျောင်းသား ကိုယ်တော်မြတ်လည်း ကျေနပ်စွာဖြင့် ရှေ့ဆက်လျှောက်သွားကာ သျှောင်မှာထိုးထားသော ပုလွေတိုကို တစ်ဖန်ဖြုတ်၍ ရွှေကျီးညှိသီချင်းအကွက်ကို မြိုင်မြိုင်ကြီး ဆက်လက်မှုတ်သွားလေတော့၏။

ကျွန်တော်တို့လည်း ချိုင့်ခွက် ပက်ကြားအက်ကြားကလေးများမှာ ပုန်းလျှိုး ကွယ်လျှိုးနှင့်ပင် ဗိမာန်ပျက်ကြီးအနီးသို့ ပြေးကပ်သွားကြရာ သာယာခမ်းနားလှသော ကျွန်တော်တို့ခံစားနေထိုင်ရာ ဗိမာန်ပျက်ကြီးမှာ ပဲခူးလျှောင်ကြီးတွင် မရှုမလှ ရစရာမရအောင် ပျက်စီးပြိုကျသော တိုက်ကြီး အိမ်ကြီးများအလား မြေပေါ်တွင် စိစိကြေပြားနေရှာသည်တို့ကိုတွေ့ရလျှင် အလွန်တရာပင် ကြေကွဲဝမ်းနည်း အနှမျောကြီးနှမျောစုံမက်ကာ နေထိုင်ရာ ဗိမာန်ကြီးဆုံးသဖြင့် ချုံးချငိုကြွေးမိကြပါတော့၏။

"ခက်ကြပြီ၊ ခက်ကြပြီ ဒီဗိမာန်ကြီးပျက်စီးရင် ကျွန်မတို့ ဘယ်မှာ ခိုဝင်နားနေရမလဲကိုကိုရဲ့၊ ကျွန်မတို့ ကံကောင်းလွန်းလို့တွေ့ရတဲ့ ဗိမာန်ကြီး အလကားပျက်စီးရပေါ့နော်၊ ကဲ အခု ဘယ်နေရမလဲ၊ လှလှကြီးဒုက္ခတွေ့ကြပေါ့"

ဟု ဝမ်းနည်း ပမ်းနည်းနှင့် ရှိုက်ကြီးတငင် ငိုကြွေးရှာသော ဇနီးကလေးအား ပိုက်ဖက်ချော့မော့ကာ-

"ကဲ ကဲ ဖြစ်ကြလို့ရှိမှ ပူဆွေးမနေပါနဲ့တော့မိန်းမရာ၊ ကမ္ဘသကာပေါ့၊ အအေးရှိရင် အပူရှိရမယ်တဲ့၊ သုခရှိရင်လဲ ဒုက္ခတော့တွေ့ရမြဲပဲ၊ သင်္ခါရနယ်ထဲမှာ ဖြစ်လာရတဲ့သတ္တဝါတွေကလဲ လောကဓံတရားစေစားဟဲ့အတိုင်းတွေ့ကြုံခံစားရတော့မှာပေါ့။ ကိုင်း ကိုင်း ကေန်းသေ ငွေပေါ်လာလိမ့်မယ်၊ ဒီလိုငိုနေလို့လဲ ဒီဗိမာန်ကြီးပြန်ကောင်းလာတော့မှာမဟုတ်တဲ့အတူ ကျုပ်တို့နေစရာထိုင်စရာ လည်ပြီးရှာကြဦးစို့ရဲ့"

ဟု ပြောကာ နှစ်ယောက်သားမှာ-

"ကြုံသေးတယ် ကုန်ဆွေးဗျာထုကြွယ်၊ ဘယ်ရှေးကံငယ်ဖန်လာချယ်"

ဟူသော အပူတိုက်သီချင်းနှင့် တစ်လှမ်းချင်း ထွက်ခွာလာကြပြီး "တစ်တောထွက်ဝင်၊ တစ်ပင်ရိပ်နား"ဆိုသလို တငိုငိုတမဲ့မဲ့ အားနွဲ့ရှာသူကလေးကို ဖေးဖေးမမပြုကာ နေထိုင်စရာရှာဖွေလာခဲ့ရပေ၏။

ကျွန်တော်တို့ စံမြန်းခဲ့ဖူးသော ဘုံဗိမာန်နန်းကြီးမျိုးတွေလည်း ထန်းတောကြီးအနီးပတ်ဝန်းကျင်တွင် အတော်ပင်တွေ့မြင်ခဲ့ရပေ၏။ မြင်လျှင်မြင်ချင်းလည်း ဝမ်းမြောက်ခြင်းကြီး ဝမ်းမြောက်ကာ ကပျာကယာ ပြေးကပ်လိုက်မိလျှင်ပင် ဗိမာန်ရှင်နှင့် အသီးသီး အသကအသကသာဖြစ်လျက် ကျွန်တော်တို့ကို ရက်ရက်စက်စက်ကြီး ပြောဆိုနှင်ထုတ်လိုက်ကြသဖြင့် တစ်နေ့တလေမှ နားနေခွင့်မရခဲ့ရာ ဝံသာနုရက္ခိတတရားမစောင့်သော တစ္ဆေအမျိုးသားတို့အပေါ်တွင် အတော်ပင် စိတ်နာစပြု၍လာမိလေ၏။ အစက တူစုံမောင်မယ်ရွှေလည်ဖက်နွဲ့ ပျော်ပွဲဆင်ခဲ့ကြသလောက် သောကပွေနှောက် ဒုက္ခကြီးရောက်ရသောအခါ ကိုယ့်ဘဝကိုယ် ငြီးငွေ့စပြုမိတော့၏။

"တစ္ဆေဘဝ တစ္ဆေဘဝ ဘာအသုံးကျတဲ့ဘဝလဲ၊ ဒီလောက် အောက်တန်းကျတဲ့ တစ္ဆေဘဝမှာ ထန်းစေ့မှုတ်ကလေးထဲ ခိုဝင်နေရတာကိုပဲ စကြာမင်း၊ သိကြားမင်း စည်းစိမ်ကြီးလိုလို 'မမြင်ဖူး၊ မူးမြစ်ထင်'ဆိုတာလို အထင်မှားပြီး စိတ်ကြီးဝင်ခဲ့မိတယ်"

ဟု ပြန်လည်နောင်တရမိကာ စိတ်မချမ်းမသာဖြစ်မိပါ၏။ နေစရာထိုင်စရာကလည်း ရှာမရ၊ ဒုက္ခကြီးရောက်လှသည်မှာ အတော်ကြာခဲ့လေပြီ-

"ဆင်းရဲလေလေ သံဝေရရ"

တစ္ဆေဘဝကြီးကို အရွံကြီးရွံ အမုန်းကြီးမုန်းမိတော့၏။ မယ်တစ္ဆေမှာလည်း ပင်ပန်းလှလေပြီ။ ခယောင်းပတ်ကြားဟောင်းကလေးတစ်ခုကို အပန်းမှ ပြေစေတော့ဟု ခေတ္တခဏ ယာယီမျှတည်းခိုနေထိုင်ရလေ၏။ ထိုဌာနကလေးမှာ မကြာမီ မိုးလေကျလာပါက ရေပြင်တွင် တဖွေးဖွေးဖြစ်တော့မည့်အတွက် ကျွန်တော်တို့မှာ ရွှေ့အဖို့ နေရာထိုင်ခင်း များစွာခက်တော့မည်။ ရှာဖွေ၍လည်း မတွေ့သေး။ တော်တော်နှင့် မိုးမကျပါစေနှင့်ဟုသာ ဆုတောင်းနေရပါတော့၏။

ကျွန်တော်ကား မယားသည့်ကိုပင် အခါတိုင်းလောက် အားမပေးနိုင်တော့ဘဲ တငြိုးငွေ့ငွေ့နှင့် ဘဝကို မုန်းကားများစွာ မှိုင်ပုံထုတ်၍နေတတ်သောကြောင့်-

"ကိုကိုရယ် တယ်မှိုင်တာကိုး၊ ဘာများ ဒါလောက်အားငယ်နေရတာလဲ၊ အစက ကျွန်မ ငိုရင် ကိုကိုချော့နေကျ၊ အားပေးနေကျ မဟုတ်ဘူးလား။ အခုတော့ အားပေးတဲ့သူက ဒါလောက်မှိုင်နေရင် ကျွန်မ ဘယ်လိုစိတ်တင်းရမလဲကိုကိုရဲ့"

ဟု ချစ်သူက တမဲ့မဲ့ပြောသည့်တိုင်အောင် လျစ်လျူရှုတဲ့အနေနှင့် မှုံတေတေကြီးလုပ်နေမိတော့၏။ ထိုသို့ တမှိုင်မှိုင် တတွေတွေနှင့် တစ္ဆေဘဝကို ငြီးငွေ့လာရင်းမှာပင် များမကြာမီ နေ့ရက်အတွင်းမှာ တစ်နေရာသို့သွားရန် တစ်စုံတစ်ဦးက အမိန့်ပေးနေသလိုထင်၍ လာခဲ့ပြီးနောက် ကျွန်တော်လည်း ဘယ်ကိုသွားရမည်ဟု စိတ်ကူးမပေါက်တိုင်း ထိုင်၍သာမှိုင်နေခဲ့ရာက တစ်နေ့သောအခါတွင် ကျွန်တော်၏မနီးမဝေး မြေလမ်းကလေးတစ်ခုပေါ်တွင် ဖြတ်သွားကြသော မနုဿလူသား ခရီးသည် လင်မယားနှစ်ယောက်ကို မြင်လိုက်ရပြီး ကျွန်တော်၏နားထဲတွင်လည်း-

"သွား သွား အဲဒီမိန်းမနဲ့ လိုက်သွား"

ဟု တစ်စုံတစ်ဦးက စူးရှသောအာဏာနှင့် အမိန့်ပေးလိုက်သည်ကို ကြားရပြီး ကျွန်တော်လည်း ထိုင်ရာမှ ရုတ်ခနဲထကာ အဆိုပါမိန်းမ၏ ထဘီနားတွင် တွယ်ကပ်လိုက်ပါသွားမိလေ၏။

ကျွန်တော်လည်း သတိလစ်သလိုလိုနှင့် ထဘီနားစကို ခိုရင်းပါလာရာ မျှားမကြာမီပင် နောက်ဆီမှ တအီအီငိုသံနှင့်တကွ-

"ကိုကိုရဲ့ ရက်စက်တော့မလို့လား၊ ကျွန်မကိုပစ်ထားခဲ့တော့မလား၊ ချစ်တယ်ဆို။ ခုတော့ ကိုယ်ကောင်းကြံသွားတာ ကောင်းသလား၊ ကျွန်မတစ်ယောက်တည်း ဒုက္ခတွေကြားထဲ ထားပစ်ခဲ့တော့မလား မောင်ရဲ့၊ အစက ဘယ်တော့မှမခွဲဘူး၊ တဲအိုပျက်မှာနေရ နေရ၊ ထန်းစေ့မှုတ်ထဲမှာနေရ နေရ နှမနဲ့နေရရင် ရွှေဘုံပေါ်မှာနေရတာထက် ပျော်ပါသေးတယ်ဆို၊ ရှင် ယောက်ျားပီပီ နှိပ်စက်ပါကလား၊ ကျွန်မကို မသနားတော့ဘူးလား၊ ကိုကို မရှိရင် ဘယ်သူနဲ့နေရမလဲ၊ လေတွေမိုးတွေလာရင် ကြောက်ပါတယ်လို့ ဘယ်သူ့ကိုဖက်ရမလဲကိုကိုရဲ့၊ နေစရာ ထိုင်စရာလဲမရှိနဲ့ သောင်ပြင်လွှတ်တဲ့ခွေးလို ကျွန်မဘယ်လိုနေရစ်ရမှာလဲ၊ ကျွန်မကို တစ်ပါတည်းခေါ်မသွားနိုင်တော့ဘူးလား ကိုကိုရဲ့"

ဟု အူလှိုက်သည်းလှိုက်ငိုရှိုက်ကာ နောက်မှ တကောက်ကောက်ပါလာရှာသော ဇနီးသည်ကလေးကိုတွေ့ရမှ သူ့ကိုမေ့ပြီး အထက်ကအာဏာနှင့် လျင်မြန်စွာလိုက်လာရသည်ကို သတိရကာ မချိအောင်ပူဆွေးမိပါတော့၏။ သူ့ကို တစ်ပါတည်းခေါ်ချင်သော်လည်း အထက်အမိန့်က ခေါ်ဖို့အခွင့်မရ၊ ကိုယ့်ကံကိုယ်ထမ်း၍ ကိုယ့်လမ်းကိုယ်သွားရမည်ဟူသော တစ်ချက်လွှတ်အာဏာကြောင့် မချိမဆန့်ဖြစ်ရတော့ကာ-

"နှမရယ် မလိုက်ခဲ့နဲ့တော့၊ မင့်မောင်ကြီးဖြင့် အထက်ကအာဏာကြောင့် နှမကိုခွဲထွက်သွားရပြီ၊ မချစ်မကြင် ပြင်ပြင်စိမ်းတယ်လို့ အထင်မလွဲပါနဲ့ နှမရယ်၊ မောင့်အသည်းကို ခွဲပြချင်စမ်းပါဘိတယ်နော်၊ ကျုပ်နောက်ကမင်းကလေး ခုလိုတကောက်ကောက်ငိုလိုက်နေရင် ကျုပ်ရင်ကွဲရချည်ရဲ့၊

မကြည့်ရက်ဘူး၊ မမြင်ရက်ဘူး၊ အို အချစ်ရဲ့ ဖြစ်ရာဘဝမှာ ပျော်ရစ်တော့ကွယ်၊ ကျုပ် မချီတော့ဘူးနော်၊ မချီတော့ဘူး”

ဟု ပြောရင်း ရင်ထဲမှာ ဗလာကျင်း၍ ပူစနက်ခင်း လောင်မီးခွင်း သည့်နှယ် ကမ္ဘာကြီးချာချာလည်သွားသလိုထင်လိုက်ရပြီးနောက် သတိလစ် သွားရာက အလွန်တရာ ကျဉ်းကျပ်မည်းမှောင်သော အခန်းဆောင်ကြီးတစ်ခု ထဲသို့ ပြုန်းခနဲရောက်လာမှ သတိရတော့သဖြင့် ကျွန်တော်လည်း ထိတ်လန့် တကြား ကြောက်အားလန့်အားနှင့် အတင်းတိုးပြီး ဝင်မိဝင်ရာ ဝင်လိုက်မိရာ ကျဉ်းကျပ်မည်းမှောင်သောနေရာမှ ဘွားခနဲလွတ်မြောက်လာသည်ထင်ရပြီး ဧခြားတစ်ဖက်သို့ရောက်သွားကာ နူးညံ့လှသော လဲဝါဂွမ်းဆိုင်ကြီးပမာ ရဲရဲနီ ဘာသော ကမ္ဘလာပေါ်တွင် ဝင်အိပ်လိုက်ရဘိအလား ထူးခြားလှသော ပီတိ တစ်မျိုးဖြင့် အေးခနဲ နွေးခနဲဖြစ်ပြီး တစ်ခါတည်း သတိမေ့မြောသွားရပြန်ပါ တော့သတည်း။

အချိန်ကာလ မည်မျှကြာခဲ့သည်မသိ။ နောက်တစ်ဖန် သတိရ၍ ဂရုပြုမိသောအခါ ကျွန်တော့်မှာ အလွန်တရာ ကျဉ်းကျပ်သောနေရာဌာနတစ် ခုတွင် ရောက်နေကြောင်း သိရပြီး ကျွန်တော့်မှာ ထင်သလောက် လှုပ်လှုပ်ရှား ရှားမပြုသာဘဲ နူးညံ့သော ဖဲကမ္ဘလာတစ်ခုဖြင့် စည်းနှောင်ထုပ်ပိုးထားခြင်းခံရ သလို မရုန်းသာ မလွန့်သာသောအဖြစ်မျိုး ရောက်နေကြောင်းသာ တစ်ချက် တစ်ချက် သတိရမိပြီး အစာအာဟာရကိုလည်း ဆာလောင်မွတ်သိပ်သည်မရှိ လှဘဲ အမြဲအားဖြင့် ငိုက်မျဉ်းနေသကဲ့သို့သာ မှတ်ထင်မိပါ၏။ သို့နှင့် ဤ အဖြစ်မျိုးအတိုင်း အချိန်ကာလ အတော်ကြာခဲ့ရာ ကျွန်တော်၏ကိုယ်မှာလည်း အတော်ကလေး ခွန်အားဗလနှင့်ပြည့်ဝလာဘိအလား ကျဉ်းကျပ်လှသော အနှောင်အဖွဲ့အတွင်းမှ ရုန်းကန်တွန်းထိုးထွက်ရန် အားအင်စုဆောင်းကာ အခါ အခွင့်ကို မျှော်လင့်နေမိပါတော့၏။

များမကြာမီပင် တစ်နေ့သောအခါ၌ ကျဉ်းကျပ်နစ်မွန်းလှသော အလုံထောင်တိုက်ခန်းမှ အထူးတိုးထွက်လွတ်မြောက်လိုသော ဆန္ဒလည်း အခါ

တိုင်းထက် ဆထက်လွန်ကဲလာပြီးလျှင် ခွန်အားဗလတွေမှာလည်း အခါတိုင်းထက် ပိုမိုလာသလိုထင်ရကာ ကျွန်တော့်ဘေးပတ်လည်မှ အကာအရံများမှာလည်း အခါတိုင်းလို ခိုင်မာကျဉ်းကျပ်မနေဘဲ လျော့ရဲရဲနှင့် လှုပ်လှုပ်ရှားရှားဖြစ်နေသည်ဟု ထင်ရသောကြောင့် ခွင့်သာတုန်းမှ မရုန်းချင်လျှင် အရှုံးနှင့်ပြင်ရှိသေးလေလိမ့်မလား။ ခွင့်သာခိုက်မှ မလိုက်ချင်လျှင် အမိုက်နှင့်ပြင်ရှိသေးလေလိမ့်လားဟူသော ဥပဒေအတိုင်း ဓာတ်ခိုက်နှင့် နတ်ကြိုက်ဆုံတုန်းတွင် အရုန်းကြီးရုန်းရန် အားအင်တို့ကို အတင်းစု၍ အလုအယက် အရမ်းတိုးလျက် ထွက်ပေါက်ကိုကြိုးစားရှာဖွေမိပေ၏။ တစ်နေရာက တစ်နေရာ၊ စမ်းတဝါးဝါး တိုးခွေ့စုံစမ်းရင်း အတင်းမရမက ကန်ကြောက်တိုးခွေ့ပြီး ဘိုင်စကုပ်မတ်တန်း၊ အာပေါင်နီတို့ထုံးနှလုံးပြု၍ အလုအယက်နှင့် ခက်ခက်ခဲခဲကြီး တစ်ရှိန်ထိုးကန်ထွက်လိုက်ရာ ဟာခနဲအေးပြီး ကမ္ဘာလေသွေးရာ လောကကြီးထဲသို့ ဘွားခနဲရောက်လာကြောင်း သိရလေ၏။ ဒေါ်နှင့်မောနှင့် တအားထိုး၍ထွက်ခဲ့ရသဖြင့်တစ်ကြောင်း၊ မိုက်မှောင်သော ဥမင်လိုဏ်ကြီးအတွင်းမှ အလင်းရောင်ဝင်သော လောကကြီးထဲသို့ ဘွားခနဲရောက်လာခြင်းအတွက် ရုတ်တရက် ထိတ်လန့်တကြား ဖြစ်သွားမိသည်တစ်ကြောင်း၊ အကျပ်အတည်းမှ ရုတ်ခနဲလွတ်မြောက် လူ့ဘုံလောကကြီးအတွင်းသို့ပင် ရောက်လာရခြင်းကြောင့် လာရခြင်းဖြင့် ဝမ်းမြောက်ခြင်းကြီးမက ဝမ်းမြောက်မိကာ ရုတ်တရက် တွေ့ကရာစကားတွေ မနားတမ်းပြောထုတ်ချင်လှသဖြင့် ပါးစပ်ဟ၍ ကြိုးစားပါသော်လည်း ဆွံ့အသူပမာ မပြောတတ်ဖြစ်နေပြန်သောကြောင့် အားမလို အားမရ ဒေါသထွက်လာမိသည့်တစ်ခဏ၌ အတင်းအဓမ္မကြိုးစား၍ အသံကုန်ဟစ်အော်လိုက်မိသောအခါမှ -

“အူဝဲ အူဝဲ အူဝဲ”

ဟူသော အသံသာ လေးငါးဆယ်ခွန်း ဆက်တိုက်ထွက်လာပြီး ပြောလိုသောစကားများကိုလည်း ဘယ်လိုပြောရမည်ပင် အစရှာမရဘဲရှိလေတော့၏။

သို့နှင့်ပင် ကျွန်တော့်အား တစ်စုံတစ်ဦးသောသူတို့သည် ယုယပိုက်ထွေးခြင်း၊ ကျွန်ခတော်၏အာခံတွင်းသို့ ချိုသောအရသာအရည်တစ်မျိုးကို ထည့်

သွင်းကျွေးမွေးခြင်းဖြင့် နောက်နောက်က ဒုက္ခတွေကို အမေ့ကြီးမေ့ပြီး သုခထဲတွင် သာယာတပ်ငြိသော စိတ်တို့ဖြင့် နှစ်သိမ့်ကျေနပ်ကာ နေမိလေ၏။ ကျွန်တော့်အား ယုယုယယပိုက်ထွေးကြသူများကား မည်သူများပေနည်း။ ကြင်နာယုယခြင်းလွန်ကဲစွာသော ထိုသူတို့အား များစွာကျေးဇူးတင်လှသဖြင့် ကျွန်တော်၏ မှိတ်ထားသော မျက်လုံးများကိုဖွင့်ကြည့်ရန် ကြိုးစားသော်လည်း အမှောင်တိုက်ထဲမှ အလင်းရောင်အားကြီးရာသို့ ရုတ်တရက်ရောက်လာရသောကြောင့် ဖွင့်ရမှာ မဖွင့်ဝံ့ မဖွင့်ရဲ မဖွင့်နိုင်သေးဘဲ ရက်အနည်းငယ်ကြာအောင် နေခဲ့ရပြန်တော့၏။

သို့နှင့် နောက်ဆုံးတွင် ကျွန်တော့်အား ဤမျှ ယုယပိုက်ထွေးသော ကျေးဇူးရှင်အား မမြင်ရမနေနိုင် မျက်လုံးကို ဖွင့်နိုင်သည်နှင့်တစ်ပြိုင်နက်တည်း အစွမ်းကုန်ကြိုးစားဖွင့်ကြည့်လိုက်ရာ ကျွန်တော်မှာ ရခဲလှစွာသော လူ့ဘဝကြီးအတွင်း လူစာရင်းဝင်သူတစ်ယောက်အဖြစ်ဖြင့် ရောက်ရှိလာရပြီး မိခင်တည်းဟူသော ရင်ခွင်၌ အိပ်စက်ရပြီဖြစ်ကြောင်းသိရှိရကား ဝမ်းမြောက်ခြင်းတို့၏ အထွတ်အထိပ်ခေါင်ဖျားသို့ရောက်သွားတော့ကာ ပြောချင်သောစကားများကို အလုံးကွဲပြားစွာမတတ်ကျွမ်းသေးမီစပ်ကြား၌ ဝူးဝူးဝါးဝါး တဂူးဂူးနှင့် ကြည်နူးတိုင်း မာဂဓစကားတွေပြောလျက် မိခင်လက်တွင် ပျော်ရွှင်ပြုံးရယ်ခြင်းနှင့် အလိုမကျသောအခါလည်း-

"အူဝဲ . . . အူဝဲ"

ဟူသော ကန့်ကွက်သံကြီးကို အပေါက်ဆိုးမှုတ်လိုက်တတ်လေရာ မိခင်ကြီးမှာ ကျွန်တော်စိတ်တိုင်းမကျဟူ၍ မရှိရအောင် အစစနှစ်သိမ့်စေလျက် ယုယပိုက်ထွေး နို့ချိုကျွေး၍ တေးကလေးများပင်ဆို၍ ချော့မော့ရှာကာ တငြိမ့်ငြိမ့်ညင်သာစွာ ပုခက်အေးယာဉ်တွင်တင်သိပ်ကာ ကြူးရင့်ရှာခြင်းတို့ဖြင့် ကျွန်တော်ကား မိုးသိကြားစည်းစိမ်နှင့်တမျှ နှစ်သိမ့်ကျေနပ်လှသောကြောင့် နောက်နောက်က အကြောင်းတွေ ခေတ္တခဏပြည်ဖုံးကားချထားလိုက်ဘိအလား အမေ့ကြီးမေ့ပျောက်သွားပြန်ပါတော့သတည်း။

ကျွန်တော်သည် မည်မျှကြာအောင် မေ့ပျောက်ကာ ဖြစ်ရာဘ၀တွင် ပျော်ရွှင်ခဲ့သည်မသိ၊ နောက်တစ်ကြိမ် အိပ်မက်ပမာ အစအဆုံး တရိပ်ရိပ် သတိပြန်ရလာသောအခါမှာမူကား ကျွန်တော်၏အသက်သည် နှစ်ဆယ့်ငါးနှစ် ကျော်ခဲ့ပြီဖြစ်၍ ကျောင်းမှထွက်ပြီးလျှင် မိခင်၊ ဖခင်တို့နှင့်အတူ ကုန်သည်တို့ ဘ၀၊ ကူးသန်းရောင်း၀ယ်စားသောက်နေထိုင်လာသည့်အခါသမယဖြစ်လေ၏။ ငါးနှစ်ရွယ် ဆယ်နှစ်သားအသက်တို့တွင် တစ်ခါတစ်ရံ အတိတ်ဘ၀က အဖြစ် အပျက် သုခ ဒုက္ခအ၀၀တို့ကို ကွက်တိကွက်ကြား တစ်ချက်တစ်ချက် သတိ တရထင်မြင်ခဲ့သော်လည်း မထင်ရှားသော အကြောင်းအရာများဖြစ်လေရာ ဟုတ်ဟုတ်ညားညား မသိရဘဲ တစ်ကွက်တစ်ချက်လောက်မျှသာ ရိုးတိုးရိတ် တိတ်နှင့် တောင်ကတစ်ဆိပ် မြောက်ကတစ်ဆိပ်ချင်း သတိရခဲ့သောကြောင့် ထိုအကြောင်းကို မည်သူ့အားမှ ဖွင့်ဟပြောကြားမပြုမိခဲ့ဘဲ ကျွန်တော်၏စိတ်ထဲ တွင်သာ ဖျောက်ဖျက်၍ထားလိုက်မိပေ၏။

သို့နှင့် လွန်ခဲ့သော သုံးနှစ်လောက်မှ ဆီဈေး နှမ်းဈေးများ မကြာမီ ကောင်းလာမည်ဟု ကြားသိထားရသည့်အတိုင်း နှမ်းပေါ်ချိန်တွင် ကျွန်တော်တို့ မိဘများက အမြောက်အမြား၀ယ်ထားလိုသည်ဖြစ်၍ ကျွန်တော်သည် မိတ္ထီလာ သာစည်နယ်တစ်ဝိုက် တောရွာများတွင် နှမ်းယဉ်၊ နှမ်းကောင်းများ လိုက်လံ၀ယ် လျက်ရှိလေ၏။ ယင်းသို့ဖြင့် လှည်းတစ်စီးနှင့်သာ တစ်ရွာမှ တစ်ရွာသို့ကူးကာ နှမ်းရသမျှ လိုက်ကောက်နေဆဲ တစ်နေ့သော နေ၀င်ဆည်းဆာအချိန်လောက် တွင် မိတ္ထီလာနှင့် တောင်သာနယ်ကြားရှိ ညောင်သာရွာကလေးအနီးမှဖြတ်၍ လှည်းမောင်းလာစဉ် ကျွန်တော်သည် အတိတ်ဘ၀အကြောင်းများကို ရုပ်ရှင် ကားသဖွယ် နေရာဌာနနှင့်တကွ ကျကျနနကြီး တစ်ထိုင်တည်းပြန်၍ထင်မြင်မိ ခဲ့ပေ၏။

လှည်းလမ်းကလေးမှ မနီးမဝေးက ထန်းတောကလေးကိုလည်း ကောင်း၊ ဖုန်းဆိုးတောကလေးနှင့် ကမူမြင့်ကလေး ယာပျက် ယာကောသဖွယ် နွားစားကျက်ကွင်းလပ်ကျယ်ကျယ်တို့ကို တမျှော်တခေါ်မြင်ရသောအခါ လွမ်းမိသလိုလို ဆွေးမိသလိုလို မျက်ရည်စိမ့်ယိုမိမတတ်ဖြစ်လာလေ၏။ ယခင်

က ထန်းပင်ပျိုကလေးသုံးပင် ဖိုခနောက်ဆိုင်ရှိခဲ့ရာ ယခုအခါ မော်ကြည့်ရသော ထန်းပင်ရှည်ကြီးသုံးပင်ဖြစ်နေတော့လျက် တစ်ဖက်က ခင်တန်းကလေးပေါ်တွင် ထန်းပင်ကြီးတစ်ပင်ကို ညောင်ပင်ကလေးတစ်ပင်က မျိုစပြုနေသည်မှာလည်း ဧရာမ ညောင်ပင်ကြီးဖြစ်တော့လျက် အလယ်က မျိုထားသော ထန်းပင်ကြီးမှာ အိုမင်းရင့်ရော် ပိန်ညှော်ချိနဲ့နေလေပြီ။

ကျွန်တော်တို့ တစ္ဆေလင်မယား စံစားပျော်ရွှင်ခဲ့သည့် ထန်းစေ့မှုတ်ဗိမာန်ကြီးတည်ရာဌာနကား ထန်းသုံးပင်နှင့် ညောင်မျိုသော ထန်းပင်စပ်ကြားတွင် တည်ရှိခဲ့သောကြောင့် ကျွန်တော်၏စိတ်အာရုံထဲ၌ ရုပ်ရှင်ရိုက်ကူးပြထားဘိအလား စီကာစဉ်ကာ အတိတ်ဘဝကအဖြစ်တော်ပေါင်းတွေကို သေချာဂနပြန်လည်စဉ်းစားမိရပါတော့၏။ ယခု ကျွန်တော် မောင်းလာခဲ့သော လှည်းလမ်းကြောင်းကလေးပေါ်မှာပင် ကျွန်တော်သည် မနုဿလူသားများနောက်သို့ ကောက်ကောက်ပါလာခဲ့ရာ အချစ်တည်းဟူသော သုခကိုခံစားရာ ခံစားဖက်ချစ်သက်နှံ့ မယ်တစ္ဆေကလေးမှာ နောက်ဆီမှ တငိုငိုတရယ်ရယ်လိုက်ပါလာဖူးရှာသေး၏။ ကျွန်ုပ်က လူအဖြစ်နှင့် ဘဝသစ်နှင့် ဤနေရာသို့ တစ်ခေါက်တစ်ဖန် ရောက်လာပြန်ချေပြီ။

ဟို ဆီအခါက ကြင်ယာမယား ချစ်သက်ထားကလေးကား ယခုအခါဘယ်ဆီဘယ်အရပ်တွင် ဘယ်ဇာတ်ဘယ်အမျိုးနှင့်ရှိရှာလေမည်နည်း။ ခရီးကြုံကြိုက် အကြောင်းဆိုက်က ခေတ္တခဏဖြစ်စေ၊ တွေ့လို မြင်လိုလှသေးတော့၏။ ချစ်သူသက်ဝေ မယ်တစ္ဆေ အဘယ်နေရာတွင်ရှိရှာသနည်း။ ကျွန်တော်၏ စိမ်းကားရက်စက်စွာ ခွဲခွာလာမှုကြောင့် သူ့ခမျာကလေးမှာ စိတ္တဇဝေဒနာနှင့်ပင်သည်းအူပြတ်ကြွေ သေလွန်ရှာလေပြီလော။ မူလဘဝမှာပင် ကျွတ်မြောက်ခွင့်မရသေးဘဲ သရဲရာထူးနှင့် စည်းစိမ်ယစ်မူးနေရှာဆဲပင်ဖြစ်လေသလား။ ဘဝဇာတ်ခြားအရပ်တစ်ပါး၌ လူသားဖြစ်၍ပင်နေရှာပေပြီလောဟု တွေးတောစဉ်းစား အပူပွားလျက် လွမ်းမျက်ရည်တဝဲဝဲနှင့်ပင် လှည်းပေါ်တွင်လိုက်ပါလာခဲ့ရလေ၏။

အချိန်မှာ နေဝင်ရိုးရီဖြစ်ရာက တစ်စတစ်စနှင့် မှောင်စပြုလေပြီ။ လှည်းကလေးမှာ ဖုံထူသောလမ်းတွင် ရုန်းရရှာသောကြောင့် တအီအီမြည်ကာ ပျင်းရိငြီးငွေ့စရာကောင်းလှပေ၏။ လှည်းဆရာ ဦးကြီးဘိတ်ကား လှည်းဦးတွင် ငုတ်တုတ်ကြီး မှိန်းလျက် တစ်ချက်ချက် နွားများကို တံပြာနှင့် မတို့ချင်တို့ချင် တို့ရင်း လိုက်ပါလာခဲ့ရာ နဂိုက စိတ်လေး စိတ်အိုက် စိတ်ထိခိုက်လာသူ ကျွန်တော့်မှာ သာလွန်ထိုင်းမှိုင်းလာသကဲ့သို့ ထင်ရတော့၏။ သို့နှင့် လှည်းတအီအီနှင့် ဖင့်နွှေးလေးလံစွာလာရင်းပင် နေလုံးကွယ်ပျောက် အမှောင်ဘက် ရောက်ခဲ့တော့ကာ အရှေ့ဘက်ဝဠာမှာ တထိန်ထိန်သာထွက်လာသော လစကြာကြီး၏ အလင်းရောင်ခြည်ကိုအားပြုကာ ရောက်ခဲလှသော ပန်းညိုပင်ရွာကလေးကို ရှေးရှုမောင်းလာရပြန်ပါ၏။

“ဘကြီးဘိတ်ကဲ့ ပန်းညိုပင်ရွာကလဲ ရောက်ခဲလိုက်တာနော်၊ အစက နေမဝင်ခင်ရောက်မယ်ဆိုပြီး အခု လထွက်နေတာတောင် ရွာနဲ့တူတာ မတွေ့ရသေးပါကလား၊ လမ်းများလဲ မှားလာရော့သလား ဘကြီးရယ်”

ဟု မေးလိုက်သောအခါမှ အိပ်ငိုက်လာသော အဘိုးကြီးလည်း ခေါင်းထောင်ကာ မှုံစီမှုံမွှားဖြစ်နေသော ဇင်းမျက်လုံးပေမှေးကလေးကို ပွတ်သပ်ကြည့်ရင်း-

“အင်း လမ်းကတော့ ဒီလမ်းပါပဲ မောင်ရင်လေးရဲ့၊ ဘယ့်နှယ်ကြောင့် ရွာမရောက်သေးတယ် မသိပါဘူး၊ မနှစ်က ဘိုးကျော်စိမ့်တို့သွားချင်တယ်ဆိုလို့ တစ်ခေါက်လိုက်ပို့တော့လဲ အစောကြီးပဲရောက်သားဟာ၊ ဟဲ့နွား သွားလဟ မြန်မြန်”

ဟု နွားများကို နှေးသည်ထင်ပြီး မာန်မဲကာ ခပ်သွက်သွက်မောင်းနှင်ရှာပြန်တော့၏။ ကျွန်တော်လည်း စိတ်ပျက်ပျက်နှင့် သက်ပြင်းကြီးရှူချလိုက်မိလေ၏။

သို့နှင့် တစ်ခဏကြာသောအခါ ခရီးသွားလူသံများကို ကြားရ၍ ရှေ့သို့ မျှော်ကြည့်လိုက်ရာ ဆေးလိပ်မီးတရဲရဲဖွာရင်း ရင်ဆိုင်ရောက်လာကြသော

ခရီးသွား ယောက်ျား၊ မိန်းမ သုံးလေးဦးကိုတွေ့ရသောကြောင့် ကျွန်တော်လည်း အနည်းငယ်အားတက်လာပြီးလျှင် တွေ့မြင်ရသူများကို လှမ်းတဲ့ကာ-

“ဗျို့ ဗျို့ ဒီမှာ၊ ပန်းညိုပင်ရွာကို ဒီလမ်းအတိုင်းသွားရသလားခင်ဗျာ”

ဟု မေးလိုက်မိရာ ၎င်းတို့ထဲမှ မိန်းမခပ်ကြီးကြီးတစ်ယောက်က-

“ဟာ မောင်ရင်တို့ လမ်းမှားပြီး ရှေ့လျှောက်သွားနေကြတာကိုး၊ ပန်းညိုပင်ရွာဟာ ဒီအနောက်ဘက်တောတန်းကလေးကွေ့လိုက်ရင် ရွာကြီးမှ မီးတွေဝင်းထိန်နေတာကပဲ၊ ကြီးဒေါ်တို့လဲ အဲဒီရွာကို ပွဲရှိတာနဲ့သွားကြည့်မယ်လို့ကဲ လာလာ မောင်ရင်တို့ ရှေ့လွန်သွားတော့မလို့ နည်းနည်းလိုတော့တယ်၊ ကြီးဒေါ်တို့ နောက် လှည်းဦးလှည့်ပြီးလိုက်ခဲ့ကြ”

ဟု ဖော်ဖော်ရွေရွေနှင့်ပြောလေရာ ယခုမှ မျက်လုံးကြီးကျယ်လာကာ-

“ဟင် ဟုတ်လား၊ အဲဒါကြောင့် အရင်တစ်ခါသွားတုန်းက နေမဝင်ခင် ရောက်ပါတယ်ဆိုမှ”

ဟု တစ်ယောက်တည်း ညည်းညူကာ လှည်းကို ပြန်ကွေ့ပြီး ခရီးသွားတွေနောက်မှ နွားငေါက်ကာ မောင်းလိုက်ကြရပေ၏။ နွားများမှာ ဦးဘိတ်က ရုတ်တရက် နဖားကြိုးတင်းခြင်းအတွက် ရှူးရှူးရှဲရှဲ ထထကြွကြွဖြစ်ကာ ဆုတ်ကန် ဆုတ်ကန်နှင့်ပင် ရုန်းသွားရှာကြ၏။ ရှေ့ကလူများလည်း စိုက်စိုက်စိုက်စိုက်နှင့်သွားကြ၍ ၎င်းတို့ပြောသည့်အတိုင်း တောတန်းကလေးကိုတွေ့မိလိုက်လျှင်ပင် မီးတထိန်ထိန်ထွန်းထားသော ပန်းညိုပင်ရွာကြီးကိုတွေ့ရမှ ရင်ထဲတွင် စိတ်ချလက်ချ အေးသွားရပေတော့၏။

ရွာတွင် ထိုညအဖို့ ပွဲရှိသောကြောင့် ရွာလယ်ပွဲခင်းမှာ တစ်ရွာလုံးရှိ ရွာသူရွာသားတွေ စုဝေးနေကြပြီဖြစ်၍ ကျွန်တော်တို့ တည်းခိုရန်အိမ်ရှိရာကိုပင် မရှာဖွေနိုင်သေးဘဲ ပွဲခင်းသို့ ခေတ္တဆင်းပြီး ဘကြီးဘိတ်နှင့်အတူ မုန့်ပဲသရေစာများ ဝယ်ချမ်းစားသောက်ကြရတော့၏။ တောရွာစရိုက်ဖြစ်၍ မီးလင်းဖိုကြီးတွေ တထိန်ထိန်၊ ရေနံချေးမီးအိမ်ကြီးတွေ တရှဲရှဲနှင့် ပွဲဈေးသည်တို့နှင့် ပွဲကြည့်

ပရိသတ်တို့မှာ သနပ်ခါးဘဲကြားရိုက် ပန်းတွေဝေလှအောင်ပန်ထားကြပြီး ပျော်ပျော်ပါးပါး ပြုံးပြုံးကြီး တွေ့မြင်ရသကဲ့သို့ ယောကျ်ားတွေမှာလည်း ဝတ်သစ်စားသစ်များနှင့် ကြွားဝါပျော်ပါး ကာလသားဘဝ ပိုးကြ ပန်းကြသည်ကိုတွေ့ရလျှင် ကျွန်တော်ပင် ပျော်ရွှင်လာတော့၏။ ပွဲကလည်း ဆိုင်းများတီး၍ ပတ်မကြီးတထိန်ထိန်နှင့်ရှိလေပြီ။ ပရိသတ်များကလည်း ပွဲထွက်တော့မည်ဖြစ်၍ တရှုန်းရှုန်းဖြစ်လာကြလေ၏။ ကျွန်တော်လည်း ဘကြီးဘိတ်နှင့်အတူ မုန့်လေပွေစားရာမှ အနားကလူတစ်ယောက်ကို . . .

"ဗျို့ ဒါဘယ်သူ့ဇာတ်လဲ"

ဟု မေးလိုက်ရာ ထိုလူက ကျွန်တော့်ကို ခပ်ပြုံးပြုံးကြည့်ပြီး . . .

"မရဏာသောင်းစိန်နဲ့ သရဲမ မအေးကြည်တို့ဇာတ်တဲ့ခင်ဗျ"

ဟု ပြောလိုက်သောကြောင့် ကျွန်တော့်မှာ အတော်ပင်အံ့သြသွားကာ . . .

"ခင်ဗျားတို့ဟာကလဲဗျာ ကြံကြီးစည်ရာ၊ ဒီနာမည်တွေ ကျုပ်မကြားဖူးပါဘူး"

ဟု ပြောလိုက်သောအခါ . . .

"ဟာ ဒီဟာ ဇာတ်သစ်ဗျ၊ ဒီနှစ်မှထောင်တာ၊ မြို့ဘက်မှာ ကျုပ်တို့ကြားဖူးပါတယ်ဗျာ၊ သရဲအောင်စိန်ဆိုတဲ့နာမည်နဲ့စာရင် သရဲမ မအေးကြည်ဟာလဲ မရိုင်းလှပါဘူး၊ ဟံမဒါမောင်ညွန့်တို့၊ အမယ်ကြီးအိုအောင်စိန်တို့နဲ့စာရင် မရဏာသောင်းစိန်လဲ မှည့်ထိုက်တဲ့နာမည်မျိုးပါပဲ"

ဟု ဆင်ခြေလဲနေပြန်သောကြောင့် ကျွန်တော်လည်း ဘာမျှမပြောတော့ဘဲ ပြုံးကာ ထွက်မည့်ဆဲဆဲရှိနေသော ပွဲဆီသို့သာ ကြည့်နေမိပါ၏။

ထိုအခိုက်တွင် ကျွန်တော်၏ပခုံးပေါ်သို့ တစ်စုံတစ်ယောက်၏ နူးညံ့လှသော လက်ကလေးတစ်ခု တင်လာသဖြင့် လှည့်ကြည့်လိုက်ရာ အလွန်လှပသော ချစ်စရာမိန်းမပျိုကလေးတစ်ယောက်သည် ကျွန်တော့်အား ပြုံးချိုစွာကြည့်နေရှာသည်ကို တွေ့ရသောကြောင့် ကျွန်တော့်မှာ ယခုအရွယ်တိုင် လူပျိုကြီးဖြစ်နေရသည့် လူနုံကြီးတစ်ယောက်ဖြစ်ရကား များစွာအံ့အားသင့်နေကာ

အဆိုပါမိန်းမပျိုကလေးကိုပင် ငေးငေးကြီးစိုက်ကြည့်နေမိပါ၏။ မိန်းမပျိုလည်း ပြုံးချိုသောမျက်နှာကလေးနှင့်ကြည့်ကာ-

"မောင်"

ဟု မြိန်ရေရှက်ရေကြီး ခေါ်လိုက်ပြီး-

"မောင် မမှတ်မိဘူးလား၊ မောင် ရက်ရက်စက်စက်ထားခဲ့တဲ့ အချစ်ကလေးလေ၊ မမှတ်မိသေးဘူးလား မောင် ချစ်မောင်နဲ့ ထန်းစေ့မှုတ်ဗိမာန်ထဲမှာ အချစ်ပွဲခံခဲ့တဲ့ အချစ်ဟောင်းကလေးရယ်လေ၊ မောင်လူဖြစ်နေပြီး မကြာခင် အချစ်ကလေးမှာလဲ လူဝင်စားလာဖြစ်နေပြီး မောင်က မမှတ်မိပေတဲ့ မောင့်အချစ်ကလေးကတော့ မြင်မြင်ချင်း မှတ်မိတယ်၊ ဒါကြောင့်မို့ မရှက်နိုင် မကြောက်နိုင် မောင့်ကိုလာပြီးကိုင်တာပေါ့"

ဟု ပြုံးတော့မလိုလို၊ ငိုတော့မယောင်ယောင် ကန္တဲ့ကယ အရှုအရှိုက် အပိုက်အပြုံး ကြာဗျာပါကလေးတွေသုံးပြီး ညှလုံးကလေးဆွယ်၍ မျက်လုံးကလေး ကလည်ကလည်လုပ်လိုက်သောအခါ ဘသားချောကျွန်တော်မှာ အချစ်ဟောင်းကလေး၏ ရူပါရုံ၊ သဒ္ဒါရုံ၊ ခရာပုံတာပုံတွေကြောင့် ဂရာမြုံထပ်ကြွ၊ တဏှာအုံအပ်ဆွပြီး၊ ရာဂုမ္မတ္တကကြီးဖြစ်သွားရကား ဘာမပြော ညာမပြော ဝမ်းသာတဲ့ဇောနှင့် သူကလေးကို တအားပွေ့ပြီး ထင်သလိုကစား၍ပစ်လိုက်မိလေ၏။ သူကလေးကား ပြုံးပြုံးကလေးနှင့်ကျေနပ်၍ ပေကလပ် ပေကလပ် လုပ်နေသော်လည်း ကျွန်တော့်မှာ ရုတ်တရက် လက်လွှန်သွားမိသဖြင့် အနီးအနားကလူများကို ရှက်အားနှင့်ကြည့်လိုက်မိရာ လူတွေမှာ ကျွန်တော်တို့ကို အရေးတစ်ခုလုပ်၍ မကြည့်ကြဘဲ ပွဲဆီသို့သာ အာရုံစူးစိုက်နေကြကုန်၏။ ဘကြီးဘိတ်ကို ကြည့်လိုက်ပြန်ရာလည်း မုန့်လေပွေသည် သူငယ်မကလေးနှင့် ဘာကိုလေပေးဖြောင့်နေကြသည်မသိ တခိခိ တပြုံးပြုံးဖြစ်နေသည်ကိုတွေ့ရသောကြောင့် စိတ်မလုံမိသည်တို့ ဖျောက်ဖျက်ကာ သူကလေးကို ထပ်ခါပွေ့ပြီး-

"တွေ့ရတာ ဝမ်းသာလိုက်တာကွယ်။ မင်းကလေးနော် ဟင်း သိပ်ချစ်စရာကောင်းနေတာပဲ၊ ကျုပ် မင့်ကို တစ်ခါတည်း တစ်ခါတည်း ဟောသလို ဟောသလို ညှစ်ညှစ်ပြီး ဟီး . . ."

ဟု အားမလို အားမရကြီး လေးပဲတန်တက်ခေတ် ဝတ္ထုရေးဆရာတွေ ကြမ်းသလို ခပ်ရမ်းရမ်းဖက်ပွေ့ကျီစား ချစ်အားသန်လိုက်မိလေ၏။

"အို သူအင်မတန်ကဲချင်တယ်၊ လာလာ ဒီမှာလူတွေနဲ့၊ အိမ်ကိုလိုက်ခဲ့၊ အိမ်မှာဘယ်သူမှမရှိဘူး၊ အားလုံး ပွဲကြည့်နေကြပြီ"

ဟု မနီးမဝေးရှိ သူ၏အိမ်ဆီသို့ခေါ်လာခဲ့ရာ ကျွန်တော့်မှာ မြေပြင်ကို ခြေတင်ရမှန်းမသိ၊ အူထဲကယားကျိယားကျိနှင့် နှစ်ပါးကလိရမည့်အခင်းသွားကို စဉ်းစားမျှော်တွေးရင်း ပီတိတွေတဖျင်းဖျင်း ကမြင်းကြောတထောင်ထောင်-

"အချောင်ပွပေါက်တိုးလေခြင်း၊ တိုးလေခြင်း"

ဟု မြည်တမ်းကာ သူကလေးအိမ်သို့ ရောက်လာလေ၏။

"မောင် . . . ထိုင်လေ၊ ကဲ ဒီမှာပြောစရာရှိတာတွေ အေးအေးပြောပါ"

ဟု ပြုံးစစနှင့် ဘုံးမဲ့အကြံရိပ်မိသည့်အလျား ဖျပ်လပ်သွက်လက်သောမျက်နှာထားကလေးနှင့်ကြည့်ကာ ပြောလေ၏။ ကျွန်တော်ကား လူလည်ကြီးပေတည်း။ စာချုပ်ပေထဲနှင့် နာမည်လွှဲပေးနေသည်ကိုပင် ပိုင်မှပိုင်ပါ့မလားထင်ပြီး မရဲတရဲနှင့် သူ့လက်ကလေးဆွဲရုံနှင့်ပင် တစ်ကိုယ်လုံး ကျွန်တော့်ရင်ခွင်ထဲရောက်လာပြီး ပြုံးချိုသောမျက်နှာကလေးနှင့် ရက်ရက်ရောရောနှမျောတွန့်တိုခြင်းမရှိ သဒ္ဓါစိတ်တွေပြည့်လျှံမောက်ဖြိုး အချစ်မိုးကြီးစွေနေရှာတော့၏။

"မင်း သိပ်ချစ်စရာကောင်းတယ်၊ လှလဲသိပ်လှတယ်၊ နို့ မင်းနာမည်ကလေးကို သိပါရစေကွယ်"

ဟု မျက်နှာချင်းကပ်ပြီး ပြုံးပြုံးကြီးမေးလိုက်ရာ-

"အို မောင်ကလဲ ချစ်လဲချစ်၊ လှလဲလှရင် မချစ်လှလို့ပဲခေါ်လိုက်ပါတော့လား"

ဟု ပါးခွက်ကလေးပေါ်အောင်ပြုံးပြီး ကလိကမာမျက်လုံးကလေးနှင့်ကြည့်ကာ ကျွန်တော်၏ရင်ခွင်ထဲတွင် ခရာချင်တိုင်းခရာ၍နေရှာတော့၏။

ကျွန်တော်လည်း ချစ်၍မဆုံးသော အချစ်တုံး အချစ်ခဲကလေးအား စိတ်ရှိလက်ရှိ တအားဖျစ်ညှစ် ချစ်ချစ်တူးအောင်ချစ်ရင်းမှာပင် ချစ်ချင် ချစ်ချင်လာပြန်ကာ-

"ဟောဒီချစ်စရာမကလေးနဲ့ တစ်မိနစ် တစ်စက္ကန့်မှ မခွဲနိုင်အောင် ဂဟေစွဲပြီး အသေအလဲချစ်ချင်လာသဖြင့် ချစ်တာ ချစ်တာ နင့်ချစ်တာနဲ့ ငါတော့အချစ်နာကျပြီး သေရတော့မယ်ဟ၊ ချစ်စရာမကလေးရ"

ဟု အချစ်မာန်ဒေါသနှင့် လောဘတကြီးပြောကာ -

"မောင်ပြန်ရင် မချစ်လှ လိုက်ခဲ့နော်၊ မောင်ကတော့ မျက်တောင်တလှစ်ကြာတာကို ရှစ်ကမ္ဘာကွဲနေရသလောက်ထင်နေပြီ၊ ဒီတော့ မောင်နဲ့မခွဲရအောင် တမ်ခါတည်းလိုက်ခဲ့ပါနော်"

ဟု လေချိုကလေးနှင့်တစ်မျိုး တောင်းပန်မိရာ-

"အို မောင်ကလဲမောင်ရာ၊ လာတဲ့အခါ ခပ်ကြာကြာကလေးနေဦးမှပေါ့၊ ခုတွေ့ခုပြန်လို့ ဘယ်ဟန်မလဲ၊ မချစ်လှလဲ ဒီမှာ ဆွေနဲ့မျိုးနဲ့ ပြုံးခနဲခွဲလာလို့ဘယ်ဖြစ်မလဲ၊ ဖြည်းဖြည်းတော့ ကြည့်ကြံကြတာပေါ့၊ မသကာ မောင် ဒီလာနေမယ်ဆိုလဲ ကောင်းတာပါပဲ၊ အို ဒါတွေက နောက်မှတိုင်ပင်ပါ၊ တွေ့တဲ့အခါအားရပါးရ ဝဝကြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေပါရစေ၊ ပြုံးခနဲပြန်ဖို့ စိတ်မကူးပါနဲ့ဦး မောင်ရဲ့"

ဟု ကန္တဲ့ကရနှင့် သူ၏နူးညံ့လှသော လက်ကလေးများနှင့် ကျွန်တော်၏ပါးကို ပွတ်သပ်ကစားကာ ရင်ခွင်ထဲမှ မထဘဲ ဇွတ်လှဲ၍နေရှာသောကြောင့် ကျွန်တော်မှာလည်း တမေ့တမြော သဘောတွေ့ မနောခွေ့ပြီး သူ၏ကိုယ်လုံးအိအိစက်စက်ကလေးကို ပွေ့ချင်တိုင်းပွေ့၊ မွှေ့ချင်တိုင်းမွှေ့၍ အတွေ့အာရုံကာမဂုဏ်ရေကြောတွင် အမျောကြီးမျော၍နေမိလေ၏။

အချိန်မည်မျှကြာသည်မသိ နောက်တစ်ကြိမ် သတိရသောအခါလည်း ပြုံးချိုသောမျက်နှာကလေးကိုသာ တစိမ့်စိမ့် တအိမ့်အိမ့်နှင့် နှစ်သိမ့်စွာစိုက်ကြည့်နေမိပါတော့၏။ ထိုအခိုက်တွင်-

"မောင်ရင်၊ ဟေ့ မောင်ရင်"

ဟု ဘကြီးဘိတ်၏ ထိတ်လန့်တုန်လှုပ်စွာ အော်ခေါ်လိုက်သောအသံကြီးသည် ကျွန်တော်၏ ဘိန်းမှိန်းသကဲ့သို့သော အချစ်စည်းစိမ်ကြီးကို ဖျက်ဆီးလိုက်သော မိုးကြိုးထစ်သံကြီးပမာ တုန်ဟည်းစွာပေါ်လာမှ ဘွားခနဲသတိရပြီး-

"ဟော ဘကြီးဘိတ်လိုက်ရှာနေပြီ၊ ခေါ်လိုက်ပါဦးမယ် မချစ်လှရဲ့"

ဟု ပြောသည့်တိုင်အောင် -

"ဟင့်အင်း ဟင့်အင်း ထဘူး၊ ခေါ်နဲ့၊ ဒီအဘိုးကြီး သိပ်ရှုပ်တယ်၊ သာသနာဖျက်ကြီး၊ ခေါ်လို့သေသေ နေပေစီ"

ဟု ကလေးဆိုးကြီးများ နွဲ့သလို ကပ်ဖွဲ့လုပ်နေရာ ကျွန်တော့်မှာ အဘိုးကြီး တကျော်ကျော်အော်ခေါ်နေသည်ကို ထူးသော်မှမရတော့ဘဲ သူကလေး၏သဘောကို လိုက်လျောပြီးနေလိုက်ရပါတော့၏။ ဦးကြီးဘိတ်၏အသံမှာ ဆက်ကာဆက်ကာ တုန်ရီစွာအော်ခေါ်နေရှာရာမှ နောက်တစ်ကြိမ်ကား-

"မောင်ရင်ရေ . . . ဟေ့ မောင်ရင်ရဲ့၊ ငါကြောက်လှပြီကွယ့်။ ငါ့ကိုကြောက်အောင် ခြောက်ပြကုန်ကြပြီ၊ ဒီဟာ ရွာမဟုတ်ဘူးတဲ့၊ ကျတ်တစ္ဆေတွေ နေတဲ့နေရာ၊ အမယ်လေးဗျ"

ဟု အော်ရင်း အသံပျောက်သွားရှာတော့မှ ကျွန်တော်လည်း ခေါင်းနားပန်းကြီး ကြက်သီးတွေထလာကာ ရင်ခွင်ထဲက မူခွဲဆိုးနွဲ့နေသော မချစ်လှကလေးကို ငုံ့ကြည့်လိုက်မိရာ မူလပိုက်ဖက်ထားစဉ်ကလို ချောချောလှလှ ချစ်စရာ့ရုပ်ကလေးမဟုတ်တော့ဘဲ ဖူးရောင်ပေါက်ပြဲ လျှာတွဲလွဲနှင့် လူသေကောင်ပုပ်ကြီးဖြစ်နေသဖြင့် . . .

"အမယ်လေးဗျ"

ဟု လက်ထဲကလွှတ်ချပြီး ရုတ်တရက် ထခုန်မိလိုက်ပြီးနောက် အကြောက်ကြီးကြောက်သွားသဖြင့် လုံးလုံးသားသား သတိမရတော့ဘဲ မြောမေ့လဲကျသွားလေတော့သတည်း။

နောက်တစ်ကြိမ် သတိရသောအခါမှာ ကျွန်တော်သည် မူလတည်းခိုရာ တဘက်ဆွဲရွာသို့ရောက်နေလျက် ကျွန်တော့်အား ဝိုင်းအုံပြုစုနေကြသော ရွာသူရွာသားတွေနှင့်တကွ ပယောဂနိုင်သော ဘုန်းကြီး ဦးဥတ္တမကိုပါ ခေါင်းရင်း

တွင် တွေ့ရပါ၏။ ကျွန်တော်၏မိဘများလည်း သားအတွက်ရောက်လာကြကာ ပျာပျာသလဲပြုစုနေရှာကြောင်း သိရပါ၏။ ကျွန်တော်လည်း သတိရလျှင်ရချင်းပင်-

"ဘကြီးဘိတ်ကော၊ ဘကြီးဘိတ်ဘယ်မလဲ"

ဟု မေးမိရာ ပြုစုသူများက -

"ဘကြီးဘိတ်လဲ သတိရပါပြီ၊ ကိစ္စမရှိပါဘူး"

ဟု ပြောပြီး ကျွန်တော်တို့စီးသွားကြသော ဘကြီးဘိတ်၏ လှည်းနှင့် နွားများသည် ညတွင်းချင်းပင် ကြောက်လန့်တကြားနှင့် ရွာထဲသို့ပြန်ပြေးရောက်လာကြသဖြင့် လူမပါဘဲ လှည်းအိမ်ကြီး နွားများနှင့်ပြန်လာသည်ကို မသင်္ကာကြသဖြင့် ရွာသားနှင့်သူကြီးပါ မီးတုတ်မီးစည်းများဖြင့် လှည်းလမ်းအတိုင်းလိုက်ရှာလာကြရာ မနီးမဝေးမှ ဘကြီးဘိတ် အော်ခေါ်သံ-

"အမယ်လေးဗျ"

ဟု အော်လိုက်သံများကြားရပြီး ချက်ချင်းအစပျောက်သွား၍ တောနင်းရှာကြရာ ကျတ်တွင်းကလေးတွေပေါ်တွင် ဘကြီးဘိတ်နှင့် မောင်ရင်တို့နှစ်ယောက် မှောက်လျက်ကြီးတွေ မြောမေ့နေသည်ကိုတွေ့၍ ရွာသို့ယူလာပြီး ဘုန်းကြီး ဦးဥတ္တမနှင့် ကုမ,ချွတ်လွှဲနေရကြောင်းများ ပြန်လည်ပြောပြ သိရှိရပါ၍ တစ္ဆေ၊ သရဲ၊ စုန်း၊ ပယောဂ၊ နာနာဘာဝတို့အကြောင်းကို မှော်ဆရာမှတ်တမ်းလက်ကိုင်နှင့် မြိုင်မြိုင်ကြီးရေးသားနေပါသော ဦးကိုကိုလေးထံသို့ ကျွန်တော် မှတ်မိသလောက် အဖြစ်အပျက်များကို အကြမ်းအားဖြင့် ရေးသားပေးပို့လိုက်ရပါတော့သည်။ အစီအစဉ်နှင့် စကားချောအောင် ဦးကိုကိုလေးသဘောအလျောက် ဖြည့်စွက်ပြင်ဆင်ပြီး ယဉ်ယဉ်ကြီးရေးသားလိုက်ပါတော့ခင်ဗျားဟူ၍ အကြမ်းအားဖြင့် ရောက်လာသော မောင်ညဏ်ရင်၏ ကိုယ်တွေ့အဖြစ်အပျက်များကို စကားချောအောင် ပြင်ဆင်ရေးသားပြီး မှော်ဆရာမှတ်တမ်းထဲတွင် ကြားဖြတ် ဇာတ်တစ်ခန်းဖွင့်လိုက်ရပါတော့သတည်း။

· ကိုကိုလေး